

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်
ပထမအကြိမ် အုပ်ရေ−၄၀၀
တန်ဖိုး ၁၀၀/−ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွာ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅− လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



## အရိုက်အရာ

အေးမြလတ်ဆတ်သော နံနက်ခင်းလေပြည်သည် ပြတင်းပေါက်ကို ကျော်ဖြတ်ကာ အခန်းတွင်းသို့ တိုးဝှေ့ဝင်ရောက်လာ၏။

မာထင်းက အင်္ကျီရင်ဘတ်ကို ခပ်တင်းတင်း ဆွဲစေ့လိုက်၏။ သမားတော်ကြီးက သူ့အား အိပ်ရာထက်ဝယ် အနားယူနေရန် ညွှန်ကြားထား၏။

တွေးတောစဉ်းစားခြင်း၊ အလုပ်ပြင်းပြင်းထန်ထန်လုပ်ခြင်းတို့ကို ဝေးဝေးရှောင်ရမည်ဟု ဆို၏။

ယခု သူ၏ရင်ထဲဝယ် စိုးရိမ်ကြောင့်ကြမှုများ ပြင်းထန်စွာ ဖြစ်ပေါ်နေသည်။

မားရှောင်သည် ညနေစောင်းအချိန်တွင် ထွက်သွားပြီး နံနက်မိုးစင်စင်လင်းသည့်တိုင် ပြန်ရောက်မလာချေ။

မားရှောင်တစ်ယောက် အဘယ်ကြောင့် ဤမျှ ခြေရှည်နေရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မားရှောင်သည် သူ၏ တစ်ဦးတည်းသော သားဖြစ်၏။

သူ၏ဇနီး ကွယ်လွန်သွားပြီးနောက်ပိုင်း မားရှောင်ကို ပို၍ ချစ်မြတ်နိုးခဲ့လေသည်။

မားရှောင်ကလည်း သူ့အား အလွန်ချစ်ခင်ရိုသေကြောင်း နားလည်ပါ၏။

မားရှောင်သည် ထက်မြက်သောလူငယ်တစ်ယောက် ဖြစ်၏။ ဖခင်ခြေရာကို နင်းမည့်သူဖြစ်သည်ဟု အများက ကြိုဆိုကြ၏။

သို့သော် မားရှောင်ထက် ပို၍ အတွေ့အကြုံ ကြွယ်ဝသည့် စုအိမ်းအား ဂိုဏ်းချုပ်ရာထူးကို ဆက်ခံမည့်သူအဖြစ် ရွေးချယ်ခဲ့လေသည်။

မားရှောင်သည် ကန့်ကွက်ခြင်းမပြုခဲ့ပါ။ ဖခင်၏ သဘောသည် မည်သည့်ကိစ္စတွင်မဆို အတည်ဖြစ်သည်ဟု ယူဆထားသူ ဖြစ်ပေသည်။

ယခု မားရှောင်တစ်ယောက်သည် ဘယ်ရပ်ဘယ်ဝယ် ရောက်နေပြီနည်း။

အဘယ်ကြောင့် ယခုတိုင် ပြန်ရောက်မလာရပါသနည်း။ မာထင်း သက်ပြင်းချလိုက်သည်။

ပြတင်းပေါက်ဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။



ထိုစဉ် …

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"မားရှောင်လား"

သူ၏စကားသံနှင့် တစ်ဆက်တည်းပင် အဖြေက ထွက်ပေါ်လာလေသည်။

"ကျွန်တော်ပါ အစ်ကိုကြီး"

မာထင်း သက်ပြင်းရှိုက်လိုက်ပြန်သည်။

"ဪ … ညီလေးစုအိမ်းကိုး ဝင်ခဲ့လေ"

တံခါး ကျွီခနဲမြည်ကာ ပွင့်သွားသည်။ သပ်ရပ်စွာ ဝတ်ဆင်ထားသည့် စုအိမ်း အခန်းတွင်းသို့ လှမ်းဝင်လာသည်။

စုအိမ်းသည် စောစောစီးစီး သူ့ထံသို့ ရောက်လာလေ့မရှိပါ။

ညဥ့်နက်ခံကာ အလုပ်လုပ်တတ်ပြီး နေမြင့်မှထသူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် စုအိမ်း အဘယ်ကြောင့် စောစောစီးစီးရောက်လာရသနည်းဟု တွေးကာ မာထင်း မျက်မှောင်ကြုတ်သွားသည်။

"ထိုင်"

www.burmeseclassic.com

www.burmeseclassic.com



မာထင်းက ပြောပြောဆိုဆို ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

စုအိမ်းကလည်း သူနှင့်မျက်နှာချင်းဆိုင်ဝင်၍ ထိုင်ချလိုက်လေသည်။ မာထင်းက …

"ညီလေး … စောစောစီးစီးရောက်လာရတာ ဘယ်လိုအကြောင်းထူးများ ရှိနေလို့လဲ … ပြောစမ်းပါဦး"

စုအိမ်း၏မျက်နှာ တည်ကြည်လေးနက်နေသည်။ မာထင်းကို ကြည့်ကာ …

"အစ်ကိုကြီး … ကျွန်တော် ညက သေသေချာချာ တွေးတောစဉ်းစားပြီးပြီ၊ အခုအတိုင်း ဆက်သွားမယ်ဆိုရင် မကြာခင် မိုးမြေဂိုဏ်း ပျက်စီးတော့မှာပဲ"

စုအိမ်းမှာ တစ်နေ့ထက်တစ်နေ့ ယုတ်လျော့လာသော မိုးမြေဂိုဏ်း၏ ဝင်ငွေအတွက် အမြဲစိုးရိမ်ပူပန်နေသူ ဖြစ်သည်။

မာထင်း ပြုံးလိုက်သည်။

"ကြိုပ်ပွဲနယ် အေးချမ်းသာယာနေပြီပဲ၊ မိုးမြေဂိုဏ်းရှိနေဖို့တောင် မလိုအပ်တော့ဘူးလို့ ကျုပ်ထင်တယ်"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် စုအိမ်း ပါးစပ်



အဟောင်းသားဖြစ်သွားလေသည်။ မာထင်းက ဆက်ပြောလိုက်၏။

"ကျုပ်တို့ဟာ အများအကျိုးဆောင်ရွက်ဖို့ စုစည်းနေကြတာပဲ၊ ကျုပ်တို့ တာဝန်ကျေအောင် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပြီးပါပြီ၊ ဒါကြောင့် မိုးမြေဂိုဏ်းကို ဖျက်သိမ်းပစ်လိုက်ဖို့တောင် ကျုပ်စဉ်းစားနေတာ"

စုအိမ်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ စုအိမ်း လက်မခံနိုင်ပါချေ။

"အစ်ကိုကြီး … မိုးမြေဂိုဏ်းကို ဘယ်နည်းနဲ့မှ ဖျက်သိမ်းလို့မဖြစ်ဘူး၊ ဝင်ငွေနည်းသွားတာနဲ့ ကာမိအောင် တချို့မလိုအပ်တဲ့လူတွေကို ပယ်ထုတ်လိုက်တာပေါ့"

မာထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ … တို့ မြုန်းစားကြီး ဖျက်သိမ်းလိုက်လို့ ဘယ်ဖြစ်ဦးမလဲ၊ မလိုတော့တဲ့လူတွေကို လောက်ပံ့ကြေးပေးပြီး တာဝန်က ရပ်စဲလိုက်မယ်၊ သူတို့ တခြားတစ်နေရာရာမှာ အခြေကျသွားတဲ့အခါ ဒုတိယအသုတ် လူထပ်လျှော့မယ်၊ ဒီလို တစ်ဆင့်ချင်း လုပ်သွားရင် မိုးမြေဂိုဏ်း ဖျက်သိမ်းလိုက်ပေမယ့် ဖရိုဖရဲဖြစ်စရာ အကြောင်း မရှိတော့ဘူးပေါ့"

မာထင်းက ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါတွက်ချက်ထားတဲ့အတိုင်းဆိုရင် ညီလေးဟာ မိုးမြေရဲ့ဂိုဏ်းချုပ်အဖြစ် တာဝန်ယူပြီး ငါးနှစ်အကြာမှာပဲ မိုးမြေဂိုဏ်းကို အောင်အောင်မြင်မြင် ဖျက်သိမ်းပြီး ဖြစ်လိမ့်မယ်"

စုအိမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ မိုးမြေဂိုဏ်း၏ သက်တမ်း နောက်ထပ် ဆယ်နှစ်ထက်မပိုတော့ဟု သတ်မှတ်ပေးလိုက်ခြင်း ခံနေရပြီ မဟုတ်ပါလား။

အာခေါင်ခြောက်လာဟန်ဖြင့် ချောင်းဆိုးလိုက်၏။ မာထင်းက ...

"ညီလေး ... အရက်သောက်လေ၊ ကျုပ်အတွက်လည်း တစ်ခွက်ငှဲ့လိုက်ပါ"

ထိုစကားကို စုအိမ်း စောင့်မျှော်နေခြင်းဖြစ်သည်။ သူရောက်လာတိုင်း မာထင်းက အားဆေးအရက်တစ်ခွက် တိုက်လေ့ရှိစမြဲပင်။

စုအိမ်းကလည်း လိုလိုလားလား လက်ခံသောက်သုံးခဲ့၏။ စုအိမ်းက ထရပ်ပြီး အရက်အိုးထဲမှ အရက်ကို ခွက်နှစ်ခွက်ထဲ ငှဲ့ထည့်လိုက်၏။

အရက်ငှဲ့နေစဉ် သူ၏လက်တစ်ဖက်မှ အလွန်လျှို့ဝှက်သော လှုပ်ရှားမှုတစ်ရပ်ကို မာထင်း သတိမပြုမိလိုက်ချေ။



စုအိမ်းက အရက်တစ်ခွက်ကို မာထင်းထံ ရိုသေစွာ ကမ်းပေးလိုက်သည်။ သူကိုယ်တိုင် တစ်ခွက်ယူကာ သောက်ချလိုက်လေသည်။ မာထင်းက ...

"ဒါထက် မားရှောင်တစ်ယောက်ကို မတွေ့မိဘူးလား။ သူ မနေ့ညကတည်းက ထွက်သွားတာ ခုထိ ပြန်မရောက်လာသေးဘူး။ ဘယ်များ ခြေရှည်နေသလဲ မဆိုနိုင်ဘူး"

စုအိမ်း၏မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

"သူ ရှိပါတယ်"

"ဟေ ... သူရှိတယ် ... ဟုတ်လား"

"ဟုတ်ပါတယ်၊ မကြာခင်မှာ သူ့ကို တွေ့ရမှာပါ"

မာထင်း သက်ပြင်းမှုတ်ထုတ်လိုက်သည်။

"တော်တော်ဆိုးတဲ့ကောင်လေး၊ ကျုပ်ကတော့ သူ့အတွက် စိတ်ပူလို့ တစ်ညလုံး အိပ်မပျော်ဘူး၊ နေပါစေ ... လာမှ ဆူပူကြိမ်းမောင်းလိုက်ဦးမယ်"

စကားဆုံးလျှင် အရက်ကို မော့သောက်လိုက်၏။ စုအိမ်းလေမှုတ်ထုတ်လိုက်၏။ အစစအရာရာ အောင်မြင်သွားပြီဖြစ်သည်။

သူ၏ရှေ့မှ အခက်အခဲများ၊ အတားအဆီးများကို တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မကျန် ဖယ်ရှားနိုင်ခဲ့ပြီ မဟုတ်ပါလား။ သူ ကြာကြာစောင့်ရမည် မဟုတ်ပါ။

"အင့်"

မာထင်း၏အသံ ထွက်ပေါ်လာသည်။ မာထင်း မျက်လုံး ပြူးထွက်လာသလို ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် ဖိလိုက်၏။ စုအိမ်း ပျာပျာသလဲဖြင့် ...

"အစ်ကိုကြီး ဘာဖြစ်လို့လဲ"

မေးရင် ဖေးမရန်ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် မာထင်း သည် ခုံပေါ်၌ ထိုင်နေနိုင်စွမ်း မရှိတော့ပါ။

'ဝုန်း'

ကြမ်းပြင်ပေါ်သို့ လူကော ကုလားထိုင်ပါ လဲကျသွားလေ တော့သည်။

သူဌေးကြီးနန်းကုန်းသက် မျက်မှောင်ကြုတ်သွား၏။ လက် ထဲမှ အစီရင်ခံစာကို နားမလည်နိုင်စွာ ကြည့်ပြီး ...

"ထူးတော့ထူးတယ်"

ဟု တီးတိုးညည်းညူလိုက်၏။ ထို့နောက် အစီရင်ခံစာကို နောက်တစ်ကြိမ် ထပ်ပြီး ဖတ်ကြည့်လိုက်လေသည်။



*'မိုးမြေဂိုဏ်းတွင် ထူးခြားသော အပြောင်းအလဲများ ဖြစ် ပေါ်နေသည်ဟု ယူဆစရာရှိပါသည်။ ဂိုဏ်းချုပ်၏သား မားရှောင် ပျောက်ဆုံးနေသည်။ ဂိုဏ်းချုပ်မာထင်းမှာလည်း ကျန်းမာရေး အခြေအနေကြောင့် မည်သူ့ကိုမျှ အတွေ့မခံတော့ဘဲ ကိစ္စအဝဝကို ဒုဂိုဏ်းချုပ်စုအိမ်းက တာဝန်ယူထားသည်။ မကြာမီ မိုးမြေဂိုဏ်းတွင် အပြောင်းအလဲများ ပြုလုပ်လိမ့်မည်ဟု သတင်းရပါသည်။ မည်သို့ သော အပြောင်းအလဲဖြစ်သည်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေ ပါသည်။ မကြာမီ စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ ပြည့်စုံစွာ အစီရင်ခံပါမည်။*

*လီဆင်း*

နန်းကုန်းသက်သည် သက်ပြင်းချရင်း အစီရင်ခံစာကို စားပွဲ ပေါ်ချထားလိုက်၏။

သူ၏စိတ်အစဉ် ရှုပ်ထွေးနေ၏။ ကြူပော်ီးနယ်သည် သူ့ အတွက် မြောက်မြားစွာသော အမြတ်ငွေရရှိရာ အရပ်ဒေသဖြစ် သည်။

ယခု သူ၏စီးပွားရေးလုပ်ငန်းများသည် အမြစ်တွယ်နေခဲ့ နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ လောင်းကစားဝိုင်းများ၊ အပျော်ဂေဟာများ လှုထောင်နိုင်မည်ဆိုလျှင် အမြတ်ငွေသည် ဆယ်ဆခန့် တိုးတက်လာမည်ဖြစ်၏။

သူ့ စိတ်တိုင်းကျ မလုပ်ဆောင်နိုင်အောင် မိုးမြေဂိုဏ်းက ပိတ်ဆို့ထား၏။

ထို့ကြောင့် မိုးမြေဂိုဏ်း အင်အားချည့်နဲ့သွားစေရန် ပထမဦးဆုံး ထိုးနှက်ချက်အနေနှင့် မိုးမြေဂိုဏ်းအတွက် ကူညီထောက်ပံ့မှုများအနက် အချို့ကိုလျှော့ချလိုက်သည်။ အချို့ကို လုံးဝဖြတ်တောက်လိုက်သည်။

ငွေကြေးအခက်အခဲရှိလာလျှင် မိုးမြေဂိုဏ်းသည် ကြံ့ကြံ့ခံနိုင်တော့မည် မဟုတ်ပါ။

ထို့ထက်ပို၍ ဖိအားပေးနိုင်မည်ဆိုလျှင် မိုးမြေဂိုဏ်းပျက်စီးပြိုကွဲသွားပေလိမ့်မည်။

သို့သော် မိုးမြေဂိုဏ်း လုံးဝပျက်စီးပြိုကွဲ သွားမည်ကိုလည်း မလိုလားပါ။

သူ အလိုလားဆုံးကား မိုးမြေဂိုဏ်း၌ သူ၏ဩဇာကို နာခံမည့် ဂိုဏ်းချုပ်တစ်ယောက် ထွက်ပေါ်လာရေးပင်ဖြစ်သည်။

ထိုအခါ သူက မိုးမြေဂိုဏ်း မပျက်စီးရအောင် ငွေကြေးဖြင့်



ကျွေးကန်ပေးထားပြီး တစ်ဖက်မှလည်း လောင်းကစားဝိုင်းများ၊ အပျော်ဂေဟာများ ဖွင့်လှစ်ကာ စီးပွားရှာမည်ဖြစ်သည်။

သူလုပ်သမျှကို မိုးမြေဂိုဏ်းက လျှစ်လျူရှုကာ မမြင်ဟန်ဆောင်နေဖို့သာ ဖြစ်ပေသည်။

ယခုလောလောဆယ်တွင် သူ၏ဆန္ဒ ပြည့်ဝနိုင်ဦးမည် မဟုတ်ပါ။ သူ့အတွက် အဆင်ပြေစေမည့်အခွင့်အရေးများကို ဖန်တီး၍ လည်းကောင်း၊ ပေါ်ပေါက်လာသည့်အထိ စောင့်ဆိုင်းခြင်းဖြင့် လည်းကောင်း လက်ပိုက်ကြည့်နေရမည် ဖြစ်ပေသည်။

"အားထုံ"

နန်းကုန်းသက်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တစ်ခဏအတွင်းပင် လူထွားကြီးအားထုံ လှမ်းဝင်လာလေသည်။ နန်းကုန်းသက်အား ဦးညွတ်ရင်း ...

"အမိန့်ရှိပါ ဆရာ"

"လီဆင်းဆီကို ဆက်သားတစ်ယောက် လွှတ်လိုက်ပါ။ ကျုပ်ဆီကို အမြန်ဆုံးလာခဲ့ဖို့ ပြောခိုင်းလိုက်"

"ကောင်းပါပြီ သခင်ကြီး"

အားထုံက လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

"နေဦး"

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းသက်က ဟန့်တားလိုက်သဖြင့် အားလုံး ရပ်တန့်သွားသည်။

နန်းကုန်းသက်က လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"ငါပြောတာတွေ မေ့ပစ်လိုက်တော့၊ မင်းလည်းသွားနိုင်ပြီ"

အားလုံးသည် ကြောင်အမ်းအမ်းဖြစ်နေပါ၏။ နန်းကုန်းသက်ကို အရိုအသေပြုကာ ထွက်သွားလေသည်။

နန်းကုန်းသက်သည် စိတ်အပြောင်းအလဲ အလွန်မြန်သူဖြစ်ကြောင်း သူနားလည်ထားသည် မဟုတ်ပါလား။

❒

ရင်ထဲ တထိတ်ထိတ် ခုန်ပြီး ခြေလက်များ မလှုပ်နိုင်အောင် ပျော့ခွေနေသဖြင့် ...

"ငါ ငါ ဘယ်လိုဖြစ်တာလဲ"

မာထင်း အထိတ်ထိတ်အလန့်လန့် တွေးမိသည်။ လဲလျောင်းနေရာမှ လူးလိမ့်ထရန် ဟန်ပြင်လိုက်သည်။

သို့သော် လှုပ်ရှားလိုက်မှ ဦးခေါင်းများ ပို၍ မူးနောက်ရီဝေလာသည်။ ရင်ခုန်နှုန်းမြန်ကာ ရင်ထဲ ဟာလှပ်လှပ် ဖြစ်လာသည်။

ထို့ကြောင့် ခုတင်ပေါ် ပြန်လည် လှဲချလိုက်ရလေသည်။



သူ၏မျက်လုံးများကား ပြူးကျယ်နေ၏။

ခေါင်မိုးမျက်နှာကြက်ကိုကြည့်မိလျှင် သူ၏အခန်းမဟုတ်သည်ကို ချက်ချင်းသတိပြုမိလိုက်၏။

"ငါ ဘယ်ရောက်နေတာလဲ"

သူက စိတ်လှုပ်ရှားမှုကို ကြိုးစားထိန်းချုပ်လိုက်သည်။ ထို့နောက် အဖြစ်အပျက်များကို တစ်ခုစီ တစ်ခုစီ ပြန်လည်စဉ်းစားလိုက်သည်။

မားရှောင်သည် သူ့ထံမှ ထွက်သွားပြီး ပြန်ရောက်မလာတော့ပါ။

မားရှောင်အစား စုအိမ်းရောင်လာသည်။ စုအိမ်းနှင့်အတူ အရက်တစ်ခွက် သောက်လိုက်ပြီးချိန်ဝယ် မာထင်းမှာ အဖြစ်မှန်ကို နားလည်သဘောပေါက်သွားလေတော့သည်။

"စုအိမ်း"

သူ၏နှုတ်ဖျားမှ စကားသံ အက်ကွဲစွာ ထွက်ပေါ်လာ၏။ မရှေးမနှောင်းမှာပင် ...

"ကျုပ်ရှိပါတယ်ဗျာ"

တစ်ဆက်တည်းတွင် ရုပ်တိုက်လာသော ခြေသံနှင့်ကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



စုအိမ်းက သူ့အား အပေါ်စီးမှ ကြည့်နေသည်ကို တွေ့ရလေသည်။

"မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

မာထင်းက မေးလိုက်သည်။ စုအိမ်းက ...

"သံမဏိရှည်ကြာနေပြီဖြစ်တဲ့ မိုးမြေဂိုဏ်း ကျဆုံးသွားမှာကို မလိုလားလို့ပေါ့ဗျာ"

"မင်းမှားပြီ"

"ကျုပ် မမှားဘူး၊ မှားနေတာက ခင်ဗျား"

စုအိမ်း၏အသံ ပြောင်းလဲသွား၏။ သူကပင် ဆက်ပြောလိုက်သည်။

"မိုးမြေဂိုဏ်း ဆက်ပြီး တည်တံ့နေရမယ်ဗျ၊ အခုထက်တောင် ပိုပြီး တိုးတက်ကြီးပွားလာရဦးမှာ။

မာထင်း ပြုံးလိုက်သည်။ စုအိမ်း အဘယ်ကြောင့်ပြောင်းလဲသွားသည်ဆိုခြင်းကို ကောင်းစွာ နားလည်လိုက်ပြီ ဖြစ်သည်။

စုအိမ်းသည် ရသမျှနှင့် ကျေနပ်ရောင့်ရဲနိုင်ခြင်းမရှိတော့ပါ။ ထို့ကြောင့် စုအိမ်းက သူ၏ဆန္ဒကို ပြတ်သားစွာ ဖော်ထုတ်လိုက်ခြင်း ဖြစ်ပေသည်။

မာထင်းက သက်ပြင်းချလိုက်၏။



"မင်း လှေပျက်ကြီးကို စီးနေမိပြီလို့ မထင်ဘူးလား"

စုအိမ်း ခေါင်းယမ်းလိုက်သည်။

"မထင်ပါဘူး၊ ကျုပ်က လှေပျက်ကို ကောင်းကောင်းကြီး ထိန်းသိမ်းနိုင်မှာပါ"

"ဟုတ်ပါ့မလား"

"သေချာတာပေါ့ဗျာ"

"မင်း ဘယ်လိုလုပ်မယ်ဆိုတာ ငါ့ကိုပြောပြနိုင်မလား၊ ငါ မကယ်တင်နိုင်တော့ဘူး၊ ဒါကြောင့် မင်း ဘယ်လိုကယ်တင်မလဲ ဆိုတာ တအံ့တသြနဲ့ နားထောင်ချင်တယ်လေကွာ"

ခါတိုင်း အနည်းငယ် လှုပ်ရှားပြောဆိုရုံဖြင့် မောပန်းနေတတ်သည့် မာထင်းမှာ ယခု စကားဖောင်ဖွဲ့နေသော်လည်း မောပန်းမှု မခံစားရချေ။

ပြောင်းလဲမှုက သူ့အား ခံစားချက်အားလုံး ကင်းမဲ့သွားစေခဲ့ပြီ ဖြစ်သည်။

စုအိမ်းသည် ကျေနပ်စွာ ပြုံးလိုက်သည်။

"လွယ်ပါတယ်ဗျာ၊ ကျုပ်တို့မှာ ငွေရေး ကြေးရေးအခက်အခဲ ရှိနေတာကြောင့် ဂိုဏ်းကြီးတစ်ခုလုံး ပြိုကွဲပျက်စီးသွားရမလို ဖြစ်နေတယ်၊ ငွေရေး ကြေးရေးကိစ္စ ဖြေရှင်းနိုင်ရုံ မိုးမြေဂိုဏ်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ပြိုကွဲစရာ အကြောင်းမရှိဘဲ ဆက်ပြီး ရပ်တည်နေနိုင်မှာပဲ မဟုတ်လား"

"ဟုတ်ပါပြီလေ ... မင်း ဘယ်လိုဖြေရှင်းမယ်ဆိုတာသာ ငါက သိချင်တာပါ"

"ကျုပ်ပြောပြီးပြီပဲ ... ဖြေရှင်းလို့ လွယ်ပါတယ်၊ ကျုပ်တို့ ရစရာရှိတဲ့ကြွေးတွေ တောင်းလိုက်ရင် မိုးမြေဂိုဏ်းရဲ့အခက်အခဲ ပြေလည်သွားမယ့်အပြင် အခု အနေအထားထက် နှစ်ဆပိုပြီး တိုးတက်အောင် တိုးချဲ့နိုင်ဦးမယ်"

"အကြွေး ... ဟုတ်လား"

"ဟုတ်တယ်"

"မင်းကို တစ်ယောက်ယောက်က နောက်ပြောင်လိုက်ပြီထင်တယ်၊ တို့ကသာ သူများကို အကြွေးပေးရမှာ၊ တို့ ရစရာအကြွေးဆိုလို့ တစ်ပြားတစ်ချပ်မှ မရှိဘူးကွ"

"ဟား ဟား ဟား"

စုအိမ်း သဘောကျစွာ ရယ်မောလိုက်လေသည်

"ကျုပ်တို့က သူများတွေအတွက် နှစ်ပေါင်းများစွာ အကျိုးကျေးဇူးပြုခဲ့တယ်၊ ကျုပ်တို့ကြောင့် ကြီးပွားချမ်းသာနေတဲ့သူတွေ သက်ညှိုးထိုးလို့ မလွဲနိုင်ဘူး၊ ခုအချိန်မှာ သူတို့အလှည့် ပြန်ရောက်ပြီး



သူတို့ အေးအေးချမ်းချမ်း လုပ်ကိုင်စားနိုင်အောင် ကူညီစောင့်ရှောက်ခဲ့တဲ့ ကျုပ်တို့ရဲ့ကျေးဇူးဟာ သူတို့အပေါ် အကြွေးဘင်နေတယ်၊ အဲဒီအကြွေးကို သူတို့ ပြန်ဆပ်ကြရလိမ့်မယ်"

"ဘာကွ"

မာထင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"မိုးမြေဂိုဏ်းဟာ လာဘ်လာဘ မမက်မောဘူးဆိုတာ လူတိုင်းသိတယ်၊ မင်းက သူခိုးဓားပြဆန်ဆန် မိုးမြေဂိုဏ်းကို ချောက်ထဲတွန်းချတော့မှာလား"

စုအိမ်းက ...

"မိုးမြေဂိုဏ်းဟာ ချောက်ထဲကျနေပါပြီဗျာ၊ ကျုပ်က ဆွဲတင်ဖို့ ကြိုးစားနေတာပါ"

"မင်းလုပ်ချင်တိုင်း လုပ်လို့ရမယ်မျှား ထင်နေသလား"

စုအိမ်း ခေါင်းညိတ်လိုက်သည်။ မာထင်းက စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားဟာ မိုးမြေဂိုဏ်းချုပ်ပဲ၊ အခွင့်အာဏာအားလုံး ခင်ဗျားဆီမှာရှိတယ်၊ ကျုပ် ဖြစ်စေချင်တာတွေ အားလုံး ခင်ဗျားက တာဝန်ယူပြီး လုပ်ပေးရလိမ့်မယ်"

"ဟေ့ ... ငါ ဘယ်တော့မှ သူခိုးဓားပြအလုပ်မျိုး မလုပ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ မင်း ငါ့ရှေ့က မြန်မြန်ယွက်သွားစမ်း"

"ဟား ဟား ဟား"

စုအိမ်း သဘောကျစွာ ရယ်မောလိုက်ပြီးမှ ...

"ခင်ဗျားဟာ ပျက်စီး ကျဆုံးတော့မယ်ဆိုတာ သိလျက်နဲ့ ဝုဏ်သိက္ခာဆိုတာကြီးကို အသေဆုပ်ကိုင်ထားပြီး မိုးမြေဂိုဏ်းတစ်ဂိုဏ်းလုံး ချောက်ထဲကျအောင် ဆွဲခေါ်သွားချင်တာ မဟုတ်လား"

မာထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။ စုအိမ်းက ဆက်ပြောလိုက်၏။

"ကြူဟွီးနယ်မှာရှိတဲ့ စီးပွားရေးသမားတွေအားလုံး ကျုပ်တို့ဂိုဏ်းအတွက် လစဉ် ငွေကြေးထောက်ပံ့ရမယ်၊ ငွေကြေးပမာဏကို သတ်မှတ်ပေးရမယ်၊ ကျုပ်တို့က အကူအညီတောင်းတာ မဟုတ်ဘူး၊ အမိန့်ပေးနေတာ မိုးမြေဂိုဏ်းရဲ့ ဂစ်ချက်လွှက်အမိန့်ကို သတ်ပြန်ရမယ်၊ ခင်ဗျားက ဂိုဏ်းချုပ်အဖြစ် လက်မှတ်ရေးထိုးပြီး လက်စွပ်တံဆိပ် ခတ်နှိပ်ပေးရလိမ့်မယ်"

မာထင်း မဲ့ပြုံးပြုံးပြီး စုအိမ်း၏မျက်နှာကို မော့ကြည့်ကာ

"ငါ ဘယ်တော့မှမလုပ်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေတော့သည်။

❒



ကိုယန်ဝိုး၊ ဝမ်းဖုံးနှင့် ကွမ်းကြိုးယန်တို့ ငြိမ်သက်စွာ ထိုင်နေကြ၏။ သူတို့သည် မိုးမြေဂိုဏ်း၏ ဌာနမှူးများဖြစ်ကြ၏။

သူတို့၏မျက်လုံးများသည် လက်နှစ်ဖက် နောက်ပစ်ကာ ကျောခိုင်းရပ်နေသည့် စုအိမ်းအား မမိုတ်မသုန် ကြည့်နေကြလေသည်။

ယခုဆိုလျှင် မိုးမြေဂိုဏ်းချုပ်မာထင်းသည် ကျန်းမာရေးအခြေအနေကြောင့် အနားယူနေသည်ဟု ကြူဟွီးတစ်နယ်လုံးသတင်းပျံ့နှံ့သွားခဲ့ပြီဖြစ်၏။

မားရှောင်ကား သေဆုံးခဲ့ချေပြီ။ မာထင်း၏အနီး၌ ရှိနေခဲ့ကြသော မားရှောင်၏လူများကိုလည်း နည်းအမျိုးမျိုးဖြင့် သုတ်သင်ဖယ်ရှားခဲ့ပြီဖြစ်သည်။

အဆိပ်မိထားသည့် မာထင်းအား ဝမ်းဖုံး၏လူများက တင်းကျပ်စွာ စောင့်ကြပ်နေကြ၏။

မာထင်းသည် လွတ်မြောက်ရန် မျှော်လင့်ချက်မရှိသလို ခုခံနိုင်သည့် စွမ်းပကားလည်း မရှိတော့ပါ။

စုအိမ်း၏ လက်ခုပ်ထဲမှာရေ ဖြစ်နေလေပြီ။ စုအိမ်းက ကိုယန်ဝိုးဘက်သို့ လှည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့လည်း မားရှောင်ဟာ ကျူပ်လက်ထဲရောက်နေပြီ၊ မားရှောင် ဒုက္ခမရောက်စေချင်ရင် ကျူပ်ခိုင်းတာလုပ်ရမယ်လို့ ခြိမ်းခြောက်လိုက်ရတယ်၊ ဒီတော့မှ သူက လျှော့ပေးလိုက်တော့တာ"

မာထင်း အလျှော့ပေးလိုက်သည်ဆိုသည်နှင့် သူတို့ အောင်မြင်မှုရပြီဖြစ်ကြောင်း ထင်ရှားနေပြီ မဟုတ်ပါလား။ ကျိုယန်ငိုးတို့ ဝမ်းသာပျော်ရွှင်သွားကြလေတော့၏။

သို့သော် သူတို့၏ ပျော်ရွှင်မှုသည် ပြည့်စုံသောပျော်ရွှင်မှု မဟုတ်ကြပါချေ။ ဝမ်းဖုံးက မအောင့်အည်းနိုင်ဘဲ ပြောလေသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား … မာထင်းကို သုတ်သင်ရှင်းလင်းပစ်ဖို့ကောင်းပြီလို့ ကျွန်တော်ထင်ပါတယ်၊ မာထင်းဟာ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ကို ဒုက္ခပေးလာနိုင်ပါတယ်၊ သူ့ကို ထိန်းသိမ်းထားတာထက် ရှင်းပစ်တာက ပိုကောင်းမယ်လို့ ထင်ပါတယ်"

စုအိမ်း ပြုံးလိုက်သည်။

"မာထင်း အသက်ရှင်နေတာထက် သေသွားတာက ပိုပြီးအေးတယ်လို့ မင်းတို့ယူဆထားကြတယ် … ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းတို့တွေးတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမဲ့



အလုံးစုံမှန်တာ မဟုတ်ဘူး၊ သူ အသက်ရှင်နေတာဟာ သေသွားတာထက် ပိုပြီး အသုံးဝင်တယ်ကွ၊ တစ်နေ့ သူသေရမှာပဲ၊ အခုတော့ မဟုတ်သေးဘူးပေါ့လေ"

"သူ့ကို ဘာကြောင့်"

ဝမ်းဖုံး၏စကားမဆုံးမီ စုအိမ်းက ကြားဖြတ်ပြောလိုက်လေသည်။

"တို့ရဲ့လုပ်ငန်းဟာ မိုးမြေဂိုဏ်းရဲ့ အစဉ်အလာကနေပြီး သွေဖည်သွားပြီဆိုတာ အားလုံးက ဝေဖန်လာကြလိမ့်မယ်၊ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုပြီး စုံစမ်းလာကြမယ်၊ မျက်လုံးဒေါက်ထောက်ကြည့်လာမယ်၊ ငါပြောတာ မှန်ရဲ့လား"

ကျိုယန်ငိုး၊ ဝမ်းဖုံးနှင့် ကွမ်းကြူးယန်တို့ စိတ်မသက်သာဖြင့် ခေါင်းညိတ်လိုက်ကြလေသည်။

"မှန်ပါတယ်"

စုအိမ်းက ဆက်ပြောလိုက်၏။

"အများက ဝိုင်းပြီးလက်ညှိုးထိုးရင် ဘယ်သူ့ကိုထိုးမလဲ"

"မိုးမြေဂိုဏ်းရဲ့ ခေါင်းဆောင်ကိုပဲ ပြစ်တင်ဝေဖန်ကြမှာသေချာပါတယ်"

"မှန်တယ် … ခေါင်းဆောင်ပိုင်းကို ကဲ့ရဲ့အပြစ်တင်လာကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတော့ မင်းတို့အပြောခံမလား၊ ဒါမှမဟုတ် ငါက အပြောခံရမလား"

ဝမ်းဖုံးတို့ ပါးစပ်ပိတ်ထားလိုက်ကြသည်။ စုအိမ်းက ...

"မင်းတို့လည်း အပြစ်တင်မခံရဘူး၊ ငါလည်း မဟုတ်ဘူး၊ အများလက်ညှိုးထိုးပြီး အပြစ်တင်ခံရမယ့်လူဟာ မာထင်းပဲ"

ယခု စုအိမ်း၏ ကွက်ကျော်မြင်တတ်မှုအပေါ် ဝမ်းဖုံးတို့ ကောင်းစွာ နားလည်သဘောပေါက်သွားကြပြီ ဖြစ်လေသည်။

မာထင်းအား ပိတ်လှောင်ထားပြီး ဖြစ်ပေါ်လာသမျှ အပြစ်အားလုံး မာထင်း၏ခေါင်းပေါ် ပုံချရန်ပင် မဟုတ်ပါလား။

စုအိမ်းက ...

"တို့က အခြေအနေကို ထိန်းသိမ်းနိုင်ပြီ၊ ဒါမှမဟုတ် မိုးမြေဂိုဏ်းအတွက် ငွေကြေးအခက်အခဲ မလိုအပ်တော့ဘူးဆိုတာနဲ့ မာထင်းကို ရှင်းပစ်လိုက်မယ်၊ ပြီးရင် ရှေးအစဉ်အတိုင်း အများအကျိုး ဆောင်ရွက်ကြမယ်၊ မာထင်းကို ဖယ်ရှားလိုက်တဲ့အတွက် ဘယ်သူကမှ အပြစ်တင်ကြတော့မှာမဟုတ်ဘူး၊ တို့ကိုတောင် လက်ကမ်းကြိုဆိုကြမှာ သေချာတယ်"

ဝမ်းဖုံး၊ ကျိုယန်ပိုးနှင့် ကွမ်းကြိုးယန်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။



တို့နောက် စုအိမ်းဘက်သို့လှည့်ကာ ဦးညွှတ် ဂါရဝပြုလိုက်ကြပြီး ...

"ဂိုဏ်းချုပ်ကြီး"

ဟု တညီတညွတ်တည်း ခေါ်လိုက်ကြလေသည်။ စုအိမ်းလက်ကာပြလိုက်သည်။

"မင်းတို့သုံးယောက် လုပ်စရာတွေ အများကြီးရှိနေပြီ၊ ကွမ်းကြိုးယန် မင်းက ဒီနယ်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့စာရင်းစုံကို ပြုစုပါ၊ သူတို့ရဲ့လုပ်ငန်းအခြေအနေ ဘယ်လိုရှိတယ်, အမြတ်ငွေ ဘယ်လောက်ရတယ်ဆိုတာ တိတိကျကျ စုံစမ်းပါ။ မင်းရဲ့တင်ပြမှုကို သုံးရက်အတွင်း ငါလိုချင်တယ်"

"စိတ်ချပါခင်ဗျာ ... ကျွန်တော် အခုချက်ချင်း စပြီး ဆောင်ရွက်လိုက်ပါ့မယ်"

စုအိမ်းက ဝမ်းဖုံးကိုကြည့်ကာ ...

"ဝမ်းဖုံး ... မင်းကတော့ မိုးမြေဂိုဏ်းထဲမှာ မာထင်းရဲ့လူတွေ ရှိ၊မရှိ စုံစမ်းပါ၊ မိုးမြေဂိုဏ်းရဲ့သဘောထား ပြောင်းလဲမယ်ဆိုတာကို လက်မခံဘဲ ငြင်းပယ်နိုင်တဲ့လူတွေကို စာရင်းပြုစုထားပါ"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

စုအိမ်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျိုယန်ဝိုး ... မင်းရဲ့လူတွေထဲက လက်ရွေးစင်ဆယ်ယောက်လောက် ရွေးပါ၊ သူတို့ဟာ မုန်တိုင်းဂိုဏ်းသားတွေအဖြစ်ဟန်ဆောင်ပြီး ကြူဟွီးနယ်ထဲမှာ လှုပ်ရှားပါစေ"

ကျိုယန်ဝိုး အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွား၏။ စုအိမ်းတွင် ထူးခြားသော အကြံအစည်တစ်ခုခု ရှိနေမည်ဖြစ်ကြောင်း ရိပ်မိလိုက်၏။ ထို့ကြောင့် ...

"သူတို့က ဘယ်လိုပစ်မှတ်ကို ဦးတည်ချက်ထားပြီး လှုပ်ရှားရမယ်ဆိုတာ အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

စုအိမ်းက ...

"ကြူဟွီးနယ်မှာ အခြေချတဲ့ စီးပွားရေးလုပ်ငန်းတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် အနှောင့်အယှက်ပေးဖို့ပဲ"

ကျိုယန်ဝိုး ပါးစပ်ပိတ်ထားလိုက်၏။ အန္တရာယ်က စားပွဲအတွင်းသို့ မုန်တိုင်းဂိုဏ်းကို သွင်းတော့မည်ဖြစ်ကြောင်း နားလည်လိုက်သည် မဟုတ်ပါလား။

မုန်တိုင်းဂိုဏ်းသည် ကြူဟွီးနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ချိတ်ဒေသတစ်ဖက်တွင် အခြေချထားသော သိုင်းအဖွဲ့အစည်းဖြစ်၏။

မုန်တိုင်းဂိုဏ်း၏ အရှိန်အဝါသည် တစ်နေ့တခြား တိုးတက်



လာပြီး မိုးမြေဂိုဏ်းနှင့် ပခုံးချင်းယှဉ်နိုင်သည့် အဆင့်အတန်းသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

မိမိအနီးတွင် အင်အားကြီးသူတစ်ယောက် ရှိနေသည်ကို မည်သူမျှ သဘောကျကြမည်မဟုတ်ပါ။

သို့သော်လည်း မုန်တိုင်းဂိုဏ်းချုပ်လုကောက်နှင့် စုအိမ်းတို့မှာ အလွန်ချစ်ခင်ကြသည့် သူငယ်ချင်းများဖြစ်ကြသည်ကို သိထား၍ ကျိုယန်ဝိုး အံ့ဩနေရလေတော့သည်။

စုအိမ်းက ကျိုယန်ဝိုး၏ အံ့ဩမှုကို အသိအမှတ်ပြုပုံမရပါ။ အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

"ကဲ ... မင်းတို့သုံးယောက် သွားကြပေတော့၊ အခုအချိန်ကစပြီး သုံးရက်အတွင်း ကိုယ့်တာဝန်ကိုယ် ပြီးပြတ်အောင် ဆောင်ရွက်ကြပေတော့"

ဝမ်းဖုံးတို့လည်း စုအိမ်းအား ဂါရဝပြုပြီး အခန်းတွင်းမှ ထွက်သွားကြလေတော့သည်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com



## ကျွတ်ကျလာသော မျက်နှာဖုံး

လုကောက်သည် အခက်အခဲ ဒုက္ခအဖုံဖုံကို ကျော်လွှားပြီးမှ မုန်တိုင်းဂိုဏ်းချုပ်ဟူသော အဆင့်အတန်းသို့ ရောက်ရှိလာခဲ့သူ ဖြစ်သည်။

ယခု သူ့အတွက် အခက်အခဲဒုက္ခဟူသည် သူနှင့်ဘာမျှ မဆိုင်သလို ရှိနေတော့၏။ သူသည် ချမ်းသာကြွယ်ဝပြီး စေလိုရာစေနိုင်သည့် အခြေအနေကို ပိုင်ဆိုင်နေပြီ မဟုတ်လား။

"ဂိုဏ်းချုပ်ကြီးခင်ဗျား ... ဆရာယိုယွဲ့ ရောက်လာပါတယ်"

မုန်တိုင်းဂိုဏ်းချုပ်သားတစ်ယောက်က သူ၏ရှေ့တွင် ဒူးထောက်ကာ အရိုအသေပြုလိုက်ပြီး အစီရင်ခံလိုက်လေသည်။ လုကောက် မတ်တတ်ရပ်လိုက်၏။

ယိုယွဲ့မှာ သူ၏စိတ်အချရဆုံး၊ အယုံကြည်ရဆုံး လူယုံတော်တစ်ယောက် ဖြစ်၏။

ယိုယွဲ့ထက် ပိုပြီး ယုံကြည်ရမည့်သူကို ယနေ့တိုင် သူ ရှာ



မတွေ့ခဲ့သေးချေ။

"သူ့ကိုလွှတ်လိုက်"

အစောင့်ကဦးညွှတ်ကာ ခပ်သွက်သွက် ထွက်သွား၏။ လုကောက်က ယိုယွဲ့အကြောင်း တွေးတောစဉ်းစားမိပြန်သည်။

ယိုယွဲ့သည် မုန်တိုင်းဂိုဏ်းဩဇာလွှမ်းထားသည့် နယ်မြေဒေသအတွင်းသာမက သိုင်းလောကကိုပါ လှည့်လည်ကျက်စားနေသူဖြစ်၏။

သူသည် မုန်တိုင်းဂိုဏ်းအတွင်း အဆိုးအကောင်း ဖြစ်ပေါ်လာနိုင်သောကိစ္စများမှလွဲပြီး ဘာကိုမှ စိတ်ဝင်စားသူမဟုတ်ချေ။

ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဖြုန်းစားကြီး ရောက်လာခြင်းကြောင့် အကြောင်းထူး တစ်ခုခုရှိရမည်ဟု လုကောက် တွေးမိသည်။

သူတွေးတောနေစဉ် ပေါ့ပါးဖျတ်လတ်သော ခြေသံများနှင့်အတူ အသက်သုံးဆယ့်ငါးနှစ်အရွယ်ခန့်ရှိ လူရွယ်တစ်ယောက် အခန်းတွင်းသို့ လှမ်းဝင်လာသည်ကို တွေ့ရလေ၏။

ထိုလူရွယ်ကား လုကောက်အားကိုးသော ယိုယွဲ့ဖြစ်သည်။

"မင်းရောက်လာလိမ့်မယ်လို့ ငါမထင်မိဘူး"

ယိုယွဲ့၏မျက်နှာ တည်ကြည်လေးနက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ကျွန်တော်တို့ကို တစ်ယောက်ယောက်က အကောက် ကြံနေပြီ"

လုကောက် မျက်မှောင်ကြုတ်သွား၏။

"ဘာကွ၊ ငါတို့ကို တစ်ယောက်ယောက်က အကောက်ကြံနေပြီ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဘယ်သူလဲ ... ဘယ်သူအကောက်ကြံတာလဲ"

"မနေ့က ကြူဟွီးနယ်ထဲကို ကျွန်တော်တို့ မုန်တိုင်းဂိုဏ်းသားတစ်စုဝင်သွားကြတာကို တွေ့တဲ့လူတွေက တွေ့လိုက်ကြတယ်"

"ဘာ"

လုကောက်၏စကားသံ ဟိန်းထွက်လာသည်။ ယိုယွဲ့က ဆက်ပြောလိုက်သည်။

"ကျွန်တော့် လူတစ်ယောက်က သူတို့ကိုသွားပြီး နှုတ်ဆက်လိုက်တယ်၊ အဲဒီလူတွေက ကျွန်တော့်လူကို တိုက်ခိုက်ပြီး ကြူဟွီးနယ်ထဲ ဝင်ပြေးသွားကြတယ်"

လုကောက် ဝို၍ မျက်လုံးပြူးကျယ်သွားသည်။

"ဘာကွ ... သူတို့က ကိုယ့်အချင်းချင်း ပြန်ပြီးတိုက်ခိုက်ကြတယ် ... ဟုတ်လား"



"ကိုယ့်အချင်းချင်း မဟုတ်ပါဘူး။ မုန်တိုင်းဂိုဏ်းသားအဖြစ် ဟန်ဆောင်ထားကြသူတွေပါ၊ သူတို့ဟာ တိုက်ခိုက်ရေးသမားတွေဖြစ်တာ သေချာတယ်၊ ကျွန်တော်တို့လူတွေ အတော့်ကို ခံလိုက်ရတယ်၊ ကျွန်တော့်ကို သတင်းပို့ပြီးတာနဲ့ သေသွားတယ်"

"ဘယ်လိုဖြစ်ကုန်ပြီလဲ၊ ငါတို့လူတွေကို ကြူဟွီးနယ်ထဲ မဝင်ရဘူးလို့ အမိန့်ထုတ်ထားတယ် မဟုတ်လား"

"ဒါကြောင့် တစ်ယောက်ယောက်က အကောက်ကြံနေပြီလို့ ပြောတာပါ။ ကျွန်တော်တို့လူတွေဟာ အမိန့်ကို လွန်ဆန်ပြီး ဝင်သွားကြမှာ မဟုတ်ပါဘူး"

"ဒါဖြင့် မုန်တိုင်းဂိုဏ်းသားတွေအဖြစ် ဟန်ဆောင်ထားကြတဲ့ လူတွေဟာ ဘယ်သူတွေ"

"သူတို့ဟာ မိုးမြေဂိုဏ်းသားတွေပဲ ဖြစ်ကြပါလိမ့်မယ်"

"ဘာကွ"

လုကောက် ထခုန်မိမတတ် ထိတ်လန့်သွားလေသည်။ ယိုယွဲ့က တည်ငြိမ်သောလေသံဖြင့် ...

"ကျွန်တော် စုံစမ်းလို့ရသမျှဆိုရင် မိုးမြေဂိုဏ်းချုပ် မာလင်းဟာ နာမကျန်းဖြစ်နေလို့ ဘယ်သူနဲ့မှ အတွေ့မခံတော့ပါဘူး၊ မိုးမြေဂိုဏ်းနဲ့ ပတ်သက်တဲ့ ကိစ္စအဝဝကို လက်ထောက်ဂိုဏ်းချုပ် စုအိမ်းက

www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆောင်ရွက်နေပါတယ်၊ စုအိမ်းဟာ မိုးမြေဂိုဏ်းကို အကြီးအကျယ် ပြုပြင်ပြောင်းလဲ ပစ်ချင်တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ် နေပါတယ်"

"အဲဒါ တို့နဲ့ ဘာဆိုင်လို့လဲကွ"

"ကျွန်တော်တို့နဲ့မဆိုင်ပါဘူး၊ ဒါပေမဲ့ မိုးမြေဂိုဏ်းအတွက် လိုအပ်နေတဲ့ ငွေကြေးရနိုင်ဖို့ ကြူဟွီးနယ်မှာရှိတဲ့ သူဌေးကြီးတွေ၊ ကုန်သည်ကြီးတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် လုပ်ရပါလိမ့် မယ်၊ မုန်တိုင်းဂိုဏ်းသား ဟန်ဆောင်ထားတဲ့ မိုးမြေဂိုဏ်းသားတွေ ဟာ ကြူဟွီးနယ်ထဲမှာ အဖျက်လုပ်ငန်းတွေ လုပ်ကြမယ်ဆိုရင်"

ယိုယဲ့က စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်၏။ လုကောက်၏မျက်နှာတွင် အံ့ဩသည့် အရိပ်အယောင်များ ပေါ် လွင်လာသည်။

"စုအိမ်းက ဒီလိုတော့ လုပ်မယ်မထင်ဘူး"

"ဒီကိစ္စ အမှန်အတိုင်း ပေါ်ပေါက်လာအောင် ဆရာက ဒု ဂိုဏ်းချုပ်စုအိမ်းနဲ့ဆက်သွယ်ပြီး စုံစမ်းကြည့်စေချင်ပါတယ်၊ မုန်တိုင်း ဂိုဏ်းသားအဖြစ် ဟန်ဆောင်ထားသူတွေ ကြူဟွီးနယ်ထဲ ကျူးကျော် ဝင်ရောက်သွားတယ်လို့ သတင်းပေးလိုက်ပါ။ ကျွန်တော်ကိုယ်တိုင် လည်း ရပ်ဖျက်ပြီး လိုက်စုံစမ်းပါ့မယ်"



"ဟော့ ... ကြူဟွီးနယ်ထဲ ဝင်သွားမလို့လား"

လုကောက်က အထိတ်တလန့် မေးလိုက်မိ၏။

မှန်ပေသည်။ မုန်တိုင်းဂိုဏ်း ကြူဟွီးနယ်ထဲ လုံးဝ ခြေမချ စေရဟု စုအိမ်းအား လုကောက်က အာမခံထား၏။

သူတို့ချင်း ညီရင်းအစ်ကိုပမာ ခင်မင်ရင်းနှီးကြသည် ဖြစ် သော်လည်း မုန်တိုင်းဂိုဏ်းနှင့် မိုးမြေဂိုဏ်း၏ ရပ်တည်ချက်ခြင်းမတူ သဖြင့် ရှုပ်ထွေးမှုမရှိစေရန် ကြိုတင်သတ်မှတ်ထားခဲ့ခြင်း ဖြစ်ပေ သည်။

ထို့ကြောင့် ယိုယဲ့ ကြူဟွီးနယ်သို့ သွားမည်ဆိုသောအခါ လုကောက် ရင်ထိတ်သွားရခြင်း ဖြစ်လေသည်။

"ဆရာ ... မုန်တိုင်းဂိုဏ်းသား ဟန်ဆောင်ထားသူတွေက ကြူဟွီးနယ်ထဲမှာ ဒုစရိုက်မှုတွေ လုပ်ကြမယ်ဆိုရင် ကျွန်တော် ရုပ် ဖျက်ဝင်သွားတာထက် ပိုပြီးဆိုးရွားတဲ့ကိစ္စ ဖြစ်ပေါ်လာနိုင်ပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ခွင့်ပြုဖို့ တောင်းပန်ပါတယ်"

"မင်းက"

"သူတို့ ဘာကြောင့် အခုလို မကောင်းကြံကြတယ်ဆိုတာကို ကျွန်တော် စုံစမ်းဖော်ထုတ်မှာပါ"

လုကောက် သက်ပြင်းချလိုက်သည်။ ယိုယဲ့ပြောသည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မှန်ကန်သည်ဆိုလျှင် ဆိုးရွားသော အဖြစ်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဖြစ်၏။

သူသည် ယိုယွဲ့အား ယုံကြည်စိတ်ချ၏။ ထို့ကြောင့် ...

"ကောင်းပြီ ... ငါ ခွင့်ပြုတယ်၊ ထူးခြားမှုတစ်ခုခု တွေ့ရပြီဆိုတာနဲ့ ငါ့ဆီကို သတင်းပို့ပါ"

ယိုယွဲ့ ဝမ်းသာသွား၏။ လုကောက်က ဆက်ပြောသည်။

"စုအိမ်းနဲ့ ဆက်သွယ်ဖို့လည်း လိုလိမ့်မယ်၊ ဒါကြောင့် မင်းအခန်းထဲက ထွက်သွားတာနဲ့ အတော်ဆုံး မြေမြန်မောင်တစ်ယောက် ငါ့ဆီကို လွှတ်လိုက်ပါ"

"ကောင်းပါပြီ ဆရာ"

ယိုယွဲ့သည် လုကောက်အား ဂါရဝပြုပြီး ခပ်သွက်သွက် ထွက်သွားလေတော့၏။

❐

သုံးရက် ...။

သုံးရက်အတွင်း မမျှော်လင့်သော ပြောင်းလဲမှုများ ဖြစ်ပေါ်လာလေတော့သည်။

မှန်တိုင်းဂိုဏ်းသားများသည် ကြူဟွီးနယ်သို့ ကျူးကျော်



ကာ လုယက်တိုက်ခိုက်ကြသည့်သတင်းများ ဟိုးလေးတကျော် ထွက်ပေါ်လာသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး မိုးမြေဂိုဏ်းသည် မှန်တိုင်းဂိုဏ်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ တရားခံများအား ဖော်ထုတ်ပေးရန်နှင့် ဖြစ်ပျက်ခဲ့သမျှအတွက် တောင်းပန်ရန် ဖိအားပေးမည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်လာလေသည်။

ကြားရသည့်သတင်းတိုင်းသည် မှန်တိုင်းဂိုဏ်းအတွက် အမင်္ဂလာသတင်းများသာ ဖြစ်နေ၏။

ကုန်သည်ပွဲစားများသည် မိုးမြေဂိုဏ်းသို့သွားကာ အကူအညီတောင်းကြသည်။

မည်မည်ရရ လုပ်စရာမရှိတော့သည့် မိုးမြေဂိုဏ်းမှာ ယခုမှ ပြန်လည်အသက်ဝင်လာသလို ရှိနေ၏။

ကြိုတင်အခြေအနေကြားထားခြင်းကြောင့် စုအိမ်းရောက်လာသည့်အခါ လုကောက် အံ့ဩမနေတော့ပါ။

ကောင်းမွန်စွာ ဆီးကြိုဧည့်ခံခဲ့ရလေသည်။ လုကောက်၏ မျက်နှာပြုံးရွှင်နေသော်လည်း စုအိမ်းကား ခပ်တည်တည်ဖြစ်နေ၏။

"သူငယ်ချင်း ... အရက်သောက်ပါဦး"

လုကောက်က အရက်တစ်ခွက်ယူကာ ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



စုအိမ်းက အရက်ခွက်ကို မယူဘဲ ...

"ဒီအချိန် ကျူပ် ပျော်ပျော်ပါးပါး စားသောက်နေမယ်ဆိုရင် ကျူပ်ကို ဘယ်လိုပြောကြမယ်ဆိုတာ ခင်ဗျားစဉ်းစားမိရဲ့လား"

ဟု ပြန်ပြောလိုက်၏။ ထိုစကားကြားလျှင် လုကောက် စိတ်မကောင်းဖြစ်သွား၏။

စုအိမ်းသည် ဝယ်ပေါင်းများဖြစ်သည်ကို လျစ်လျူရှုကာ သူစိမ်းဆန်ဆန် ဆက်ဆံလိုက်သည် မဟုတ်ပါလား။ လုကောက် သက်ပြင်းချလိုက်ပြီး ...

"သူငယ်ချင်း ဘာတွေဖြစ်နေတယ်ဆိုတာ ပြောစမ်းပါဦးကွာ၊ အခုတစ်လော ဖြစ်ပေါ်နေတဲ့သတင်းတွေက"

သူ၏စကားမဆုံးမီ စုအိမ်းက ကြားဖြတ်ပြောလိုက်လေသည်။

"လုကောက် ... မင်းက မသိချင်ဟန်ဆောင်မနေစမ်းပါနဲ့ကွာ၊ မင်းရဲ့လူတွေဟာ ကြူဟွီးနယ်ထဲဝင်ပြီး ထင်တိုင်းကြဲသွားတာ ဟိုမှာ ဆူဆူညံညံတွေ ဖြစ်ကုန်ပြီ၊ ဒီကိစ္စ မင်းမှာ တာဝန်ရှိနေတယ်၊ မင်းက အားလုံးကျေနပ်တဲ့အထိ ဖြေရှင်းပေးရလိမ့်မယ်"

လုကောက် သက်ပြင်းချလိုက်ပြန်သည်။ စုအိမ်းကိုကြည့်ကာ လေသံအေးအေးဖြင့် ရှင်းပြလေသည်။



"သူငယ်ချင်း ... ငါ့လူတွေ ကြူဟွီးနယ်ထဲ ခြေမချရဘူးလို့ တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားတယ်၊ ဒါကြောင့် ဘယ်သူမှ အမိန့်ကို ဖီဆန်ပြီး မသွားရဲဘူးကွ"

"ဘာ ... မင်းက ပြောင်ပြောင်းတာပေါ့ ... ဟုတ်လား၊ မင်းလူတွေ ကျူးကျော်လာတာ အထင်အရှားပဲ"

"သူတို့ဟာ ငါ့လူတွေမဟုတ်ပါဘူး၊ မှန်တိုင်းဂိုဏ်းသား အဖြစ် ဟန်ဆောင်နေကြသူတွေပါကွာ"

"ဘာ ... အဲဒီလူတွေက မုန်တိုင်းဂိုဏ်း နာမည်ပျက်အောင် သက်သက်ဟန်ဆောင်ပြီး လုပ်ကြတာလို့ မင်းဆိုလိုချင်တာလား"

"ဟုတ်တယ်"

"မင်းက"

"သူငယ်ချင်း ... မင်း မယုံရင် ငါ သက်သေအထောက်အထားတွေ ပြနိုင်ပါတယ်ကွာ"

"ဟေ"

စုအိမ်းမျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

အမှန်တော့ လုကောက်က သူ၏လူယုံတော်တို့ရဲ့ ပြောပြသည့် အချက်အလက်များကို လက်ကိုင်ထားပြီး သက်သေပြနိုင်မည်ဟု ဆိုလိုက်ခြင်းဘည်း။

www.burmeseclassic.com

www.burmeseclassic.com



စုအိမ်းက သက်သေပြနိုင်းလျှင် တိကျနိုင်လုံသော အထောက်အထားပြသနိုင်မည်မဟုတ်ဘဲ ရှင်းရှုံရှင်းပြနိုင်မည် ဖြစ်သည်။

ရုပ်ဖျက်ကာ ကြူပြှိုးနယ်ထဲသို့ ဝင်သွားသည် ယိုယွဲ ပြန်လည် ရောက်ရှိလာလျှင် သက်သေအထောက်အထား ပါကောင်းပါလာနိုင်သည်ဟုလည်း ယူဆသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် စုအိမ်းမှာ သူ၏အကြံအစည်ကို လုကောက် ရိပ်မိနေပြီဟု ထင်မှတ်မိလိုက်၏။

အပြစ်ရှိသူတစ်ယောက်သည် အပြစ်ကင်းစင်သူ၏ ရှေ့ဝယ် မိမိကိုယ်ကို မလုံမလဲ ဖြစ်နေတတ်သည့် သဘောတည်း။

စုအိမ်း၏မျက်နှာထား လျော့ကျသွား၏။ လေသံလည်း ပြောင်းလဲသွားလေသည်။

"အင်း ... ဒီပြဿနာကြောင့် ငါလည်း အတော့်ကို ခေါင်းခဲသွားရတယ်၊ မိုးမြေဝိုဏ်း နာမည်ပျက်မယ့်ကိစ္စမျိုး ဘယ်တော့မှ အဖြစ်ခံမှာ မဟုတ်ဘူး၊ အခုကိစ္စမှာ မသမာသူတွေက မုန်တိုင်းဝိုဏ်းကို နာမည်ပျက်စေဖို့ ကြိုးစားတာဆိုရင်တော့ ကြူပြှိုးနယ်မှာ ငါ ဖြေရှင်းလို့ ရပါတယ်၊ မင်း ဘာမှ စိတ်မပူပါနဲ့"

ထိုစကားကြားလျှင် လုကောက် စိတ်သက်သာရာ ရသွားလေသည်။



"ငါ တကယ်ပြောတာပါကွာ ... ငါ့လူတွေ မဟုတ်ပါဘူး"

"ကောင်းပြီလေ ... မသမာသူတစ်စုက မင်းတို့ကို ခုက္ခပေးချင်လို့ မဖွယ်မရာကြံစည်ခဲ့တယ်လို့ ငါက ထုတ်ဖော်လိုက်မယ်၊ မင်းကလည်း မှန်တယ်ဆိုတဲ့အကြောင်း လူသိရှင်ကြား သတင်းထုတ်ပြန်လိုက်ပေါ့"

လုကောက် ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ငါလည်း မုန်တိုင်းဂိုဏ်း နာမည်ပျက်သွားတဲ့ ကိစ္စမျိုးကို လက်ပိုက်ကြည့်မနေနိုင်ပါဘူး၊ အားလုံးသိသွားရအောင် ဖြေရှင်းချက် ထုတ်ရမှာပဲ"

စုအိမ်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။ လုကောက်ကိုကြည့်ကာ ...

"လုကောက် ... ဒီကိစ္စကို ကြီးကြီးကျယ်ကျယ် ဖြစ်သွားအောင် လုပ်ဖို့တော့ မလိုဘူးလို့ ငါထင်တယ်၊ မင်းနဲ့ငါဟာ သူငယ်ချင်းတွေ ဖြစ်ကြတယ်ဆိုတာ လူတိုင်းသိတာပဲ၊ တို့နှစ်ယောက်ကြားမှာ သွေးကွဲအောင် ဖန်တီးချင်တဲ့လူတွေကို ဆုံးမနိုင်ရင် ပြီးတာပဲ မဟုတ်လား၊ ဒီလူတွေအတွက် ငါတာဝန်ယူမယ်၊ မင်းလဲ ကြူပြှိုးနယ်ထဲ ဝင်သွားသူတွေဟာ မုန်တိုင်းဂိုဏ်းသားတွေ မဟုတ်ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ပြင်းရုံနဲ့တင် လုံလောက်ပါပြီ”

လုကောက်၏စိတ်ထဲ ပေါ့ပါးသွားသည်။ စုအိမ်းက သူ့အပေါ် စိတ်ဆိုးပြေသွားပြီဟု ထင်မှတ်မိ၏။

ငယ်သူငယ်ချင်းများ ဖြစ်နေခြင်းကြောင့် စုအိမ်း၏ဆန္ဒအတိုင်း ဆောင်ရွက်ရန် ဝန်မလေးချေ။

“ကောင်းပြီလေ ... မင်းပြောသလိုပဲ ငါလုပ်လိုက်ပါ့မယ်”

စုအိမ်းသည် လုကောက်ထံဝယ် နေ့ဝက်နီးပါး နေသွားသည်။

သူတို့သည် ငယ်စဉ်အချိန်ကအကြောင်းများ မိတ်ဆွေသင်္ဂဟအကြောင်းများ ရောက်တတ်ရာရာ ပြောဆိုကြသည်။

ထို့နောက် စုအိမ်းက နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားသည်။

လုကောက်ထံမှအပြန်ခရီးဝယ် စုအိမ်း၏ရင်ထဲ၌ အမြန်ဆုံးဆောင်ရွက်ရမည့် အဓိကကိစ္စရပ်များ ကိန်းအောင်းပါရှိလာခဲ့လေသည်။

“မင်း ဘာပြောမလဲ လီဆင်း”

နန်းကုန်းသက်က လီဆင်းကို စေ့စေ့ကြည့်ကာ မေးလိုက်လေသည်။ လီဆင်း မျက်နှာတည်သွား၏။ ထိုင်ရာမှထကာ ...



“မိုးမြေဂိုဏ်းဟာ ပြန်ပြီး အသက်ဝင်လာပါပြီ၊ မကြာသေးခင်က ဖြစ်ပျက်ခဲ့တဲ့ လုယက်တိုက်ခိုက်မှုတွေမှာ မသမာသူတွေက မုန်တိုင်းဂိုဏ်းသားတွေအဖြစ် ဟန်ဆောင်ပြီး ကျူးလွန်ခဲ့ကြတယ်ဆိုတာကို မုန်တိုင်းဂိုဏ်းနဲ့ မိုးမြေဂိုဏ်းက ပူးတွဲကြေညာခဲ့ပါတယ်၊ မကြာခင်မှာပဲ မသမာသူဆယ်ယောက်ကို ထုတ်ဖော်ရမိပြီး သုတ်သင်ပစ်လိုက်ပါတယ်”

သူက စကားကိုရပ်ကာ နန်းကုန်းသက် စိတ်ဝင်စားမှု ရှိမရှိ အကဲခတ်ကြည့်လိုက်လေသည်။

နန်းကုန်းသက် စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရမှ ဆက်ပြောလိုက်လေသည်။

“ပြဿနာတွေ အားလုံးပြီးသွားပါပြီ၊ ဒါပေမဲ့ နောက်ထပ်ပြဿနာတွေ ပေါ်ပေါက်လာမယ်ဆိုရင် ကာကွယ်ပေးဖို့ မိုးမြေဂိုဏ်းဆက်ပြီးတည်ရှိနေဖို့ လိုပါတယ်”

နန်းကုန်းသက် ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် ... မိုးမြေဂိုဏ်း ဆက်ပြီးရှိနေရမှာပဲ၊ သူတို့ရှိမှ လူဆိုးဓားပြတွေ ခေါင်းမထောင်ရဲတော့မှာပေါ့၊ တို့တစ်တွေလည်း အေးအေးဆေးဆေး စီးပွားရှာလို့ရမယ်လေ၊ ဒါထက် အခုပေါ်ပေါက်ခဲ့တဲ့ ပြဿနာမှာ ဘယ်သူအထိခိုက် အနစ်နာဆုံးလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ လီဆင်းက မဆိုင်းမတွ ပင် ခေါင်းညိတ် အဖြေပေးလိုက်၏။

"ကျွန်တော်တို့ပါပဲ၊ မသမာသူတွေရဲ့လက်ချက်ကြောင့် ကျွန်တော့်ရဲ့အအောက်အအုံ အတော်များများ ဖျက်ဆီးခံခဲ့ရပါတယ်၊ မျက်စီးဆုံးရှုံးသွားတဲ့ စုစုပေါင်းတန်ဖိုးဟာ ငါးသိန်းနီးပါးလောက် ရှိပါလိမ့်မယ်"

နန်းကုန်းသက် သက်ပြင်းချလိုက်လေသည်။

"အင်း ... ကြူပွီးနယ်မှာ တို့နှစ်စဉ်ရနေတဲ့ အမြတ်ငွေရဲ့ ငါးပုံတစ်ပုံလောက် ရှိတာပေါ့"

"ဟုတ်ပါတယ်၊ ကြူပွီးနယ်မှာ မတည်မငြိမ်ဖြစ်နေတယ်ဆိုရင်တော့ လုပ်ငန်းတွေ တိုးချဲ့ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

"မိုးမြေဂိုဏ်းကကော"

"သူတို့ကို ကူညီထောက်ပံ့မှုတွေ တိုးပေးပြီး ကျားကန်ထားမယ်ဆိုရင်တော့ တည်ငြိမ်မှုရမှာပါ"

နန်းကုန်းသက် မကျေမနပ် ဖြစ်သွားလေသည်။

"မိုးမြေဂိုဏ်း သက်ဆိုးရှည်နေမယ်ဆိုရင် တို့က ငွေ မြိုးမြိုးမြက်မြက်ရမယ့်လုပ်ငန်းတွေ ဘယ်လိုလုပ် တိုးချဲ့နိုင်တော့မှာလဲ"

မှန်ပေသည်။ သူတို့အတွက် ဆုပ်လည်းစူး စားလည်းရှူး



အခြေအနေနှင့် ရင်ဆိုင်နေရသည် မဟုတ်ပါလား။

မိုးမြေဂိုဏ်းသည် သူတို့အတွက် မရှိမကောင်း၊ ရှိမကောင်းသော အရာဖြစ်နေ၏။

လီဆင်းသည် မည်သို့ အကြံပေးရမှန်းမသိ ဖြစ်သွားလေတော့သည်။ နန်းကုန်းသက်က ...

"အင်း ... ဒီအတိုင်းဆို ကြူပွီးနယ်မှာ တည်ငြိမ်မှု မြန်မြန်ပြန်ရမှဖြစ်မယ်၊ လီဆင်း ... မင်းကမိုးမြေဂိုဏ်းကို ငွေနည်းနည်းထောက်ပံ့လိုက်ပါ၊ အခုတစ်လော လှုပ်ရှားမှုတွေမှာ သုံးစွဲဖို့ လုံလောက်ရင် တော်ပြီ၊ သူတို့ကို အရှည်သဖြင့် တည်တံ့နေအောင်ထောက်ပံ့မှုမျိုးတော့ မဖြစ်စေနဲ့"

ဟု ပြောလိုက်၏။ လီဆင်း ဦးညွှတ်လိုက်သည်။

"စိတ်ချပါခင်ဗျာ"

"မိုးမြေဂိုဏ်းနဲ့ မုန်တိုင်းဂိုဏ်းရဲ့ အခြေအနေတွေကို တိတိကျကျ ငါသိချင်တယ်၊ ငွေကုန်ချင်သလောက် ကုန်ပါစေ၊ မိုးမြေဂိုဏ်းထဲမှာ တို့လူတစ်ယောက်လောက် သစ်လျှိုထားနိုင်ရင် ပိုကောင်းမယ်၊ လုပ်ရည်ကိုင်ရည်ရှိတဲ့လူ ရှာပါ၊ သူ့အတွက် လိုလေသေးမရှိအောင် ထောက်ပံ့လိုက်ပါ"

နန်းကုန်းသက်၏ သဘောထားကို လီဆင်း ကောင်းစွာ

www.burmeseclassic.com



နားလည်မိလေသည်။ ထို့ကြောင့် ဦးညွှတ်လိုက်ပြီး ...

"စိတ်ချပါ ဆရာ ... ကျွန်တော် မဖြစ်မနေ ကြိုးစားဆောင်ရွက်ပါ့မယ်"

"ကောင်းပြီ ... မင်း အမြန်ဆုံး ပြန်ပေတော့"

လီဆင်းသည် နှမ်းကုန်းသက်အား နှုတ်ဆက်ကာ ခပ်သွက်သွက် ထွက်သွားလေတော့သည်။

❒

စုအိမ်း၏မျက်နှာ ခက်ထန်နေ၏။ ထို့ကြောင့် ကျိုယန်ဝိုး၊ ဝမ်းဖုံးနှင့် ကွမ်းကြိုးယန်တို့ ခေါင်းငုံ့နေလိုက်ကြလေသည်။

စုအိမ်းက သူတို့အား စေ့ကြည့်လိုက်သည်။ ပြီးလျှင် ...

"ဝမ်းဖုံး"

ဟု ခေါ်လိုက်၏။ ဝမ်းဖုံး ခေါင်းထောင်လာသည်။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"မင်းရဲ့လက်ရွေးစင်ဆယ်ယောက်က အားကိုးရပါတယ်၊ သူတို့က တို့လိုချင်တဲ့အတိုင်း ပိပိရိရိ လုပ်နိုင်ခဲ့ကြတာပဲ၊ ဒါပေမဲ့ မုန်တိုင်းဂိုဏ်းဟာ သူတို့လူတွေမဟုတ်ပါဘူးဆိုပြီး သက်သေပြစရာတွေ ရှိနေခဲ့တယ်၊ ဒါကြောင့် မင်းရဲ့လူဆယ်ယောက်ကို လက်လွှတ်



ရတာပဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းရဲ့ရင်ထဲမှာ မရှင်းမလင်း ဖြစ်နေတယ်ဆို"

စုအိမ်း၏စကားကြောင့် ဝမ်းဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

သူ၏လက်ရွေးစင် သိုင်းသမားဆယ်ယောက်သည် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသော်လည်း စုအိမ်းက သူတို့အား ချီးမြှင့်မြှောက်စားခြင်း မပြုသည့်အပြင် သူ၏လုပ်ရပ် ပေါ်ပေါက်ခြင်း မရှိစေရန် နှုတ်ပိတ်သည့်သဘောဖြင့် သုတ်သင် ရှင်းလင်းလိုက်လေသည်။

ထို့ကြောင့် ဝမ်းဖုံး စိတ်မကောင်းဖြစ်ခဲ့ရ၏။ ယခု စုအိမ်းက တိုက်ရိုက်မေးလာပြီဖြစ်ရာ သူ့ကိုလည်း ဖယ်ရှားပစ်တော့မည်လောဟူသည့်အတွေးဖြင့် တုန်လှုပ်ချောက်ချားသွားရခြင်း ဖြစ်ပေတော့သည်။

"ကျွန် ကျွန်တော်က ဒီသဘောမျိုး မဟုတ်ပါဘူး၊ ယုံကြည်စိတ်ချရတဲ့ လက်ရွေးစင်တွေ ရှာဖွေရတာ မလွယ်တဲ့အတွက်"

ကပျာကယာ ရှင်းပြရန် ဟန်ပြင်လိုက်၏။ သို့သော် သူ၏စကားမဆုံးမီ စုအိမ်းက ကြားဖြတ်ပြောလိုက်လေသည်။

"ထားလိုက်စမ်းပါ၊ တို့က နောက်ထပ် လူတော်တွေရှာလို့ ရပါ

www.burmeseclassic.com



တယ်၊ မင်းရဲ့လူဆယ်ယောက် လျှော့သွားလို့ စိတ်မကောင်းဖြစ်နေရင် မိုးမြေဂိုဏ်းအတွက် အလိုရှိတယ်ဆိုပြီး ကြေညာလိုက်ပါ။ မင်းက ငွေကြေးများများ ပေးမယ်ဆိုရင် မင်းဆီကို အရည်အချင်းရှိတဲ့လူတွေ လိုမှပြီး ဝင်လာလိမ့်မယ်"

"ကျွန် ကျွန်တော် ဒီလိုလုပ်ဖို့"

"ငါ ခွင့်ပြုတယ်၊ မင်း စိတ်ကြိုက်ရွေးတဲ့လူတွေအတွက် ငွေ အကန့်အသတ်မရှိ ပေးနိုင်တယ်၊ မင်းသဘောပဲ"

မိုးမြေဂိုဏ်းသည် ပြုံးကြွဲလုလု ဖြစ်နေချေပြီ။ မက်လောက်သော လစာငွေပေးကာ သူ့ ထပ်မံစုဆောင်းမည်ဆိုလျှင် တစ်ခဏအတွင်း ရနိုင်၏။

သို့သော် တကယ်တမ်း ထောက်ပံ့မည့်ငွေကြေး မည်သည့်နေရာမှ ရရှိလိမ့်မည်နည်း။

ဝမ်းဖုံး၏အတွေးကို စုအိမ်း ဆက်ပြောလိုက်သည့်စကားက ဖြေရှင်းပြီးသား ဖြစ်သွားလေတော့သည်။

"အခုအချိန်ကစပြီး ကိုယ့်တစ်တွေ လှုပ်ရှားကြတော့မယ်၊ ကဲ ကွမ်းကြိုးယန် ... မင်းစုဆောင်းထားတဲ့ သတင်းအချက်အလက်တွေ ပြောပြစမ်းပါဦး"

ဝမ်းဖုံး ထိုင်ချလိုက်၏။ ကွမ်းကြိုးယန်က ထရပ်လိုက်လေ



သည်။ စုအိမ်းကို ဂါရဝပြုလိုက်ပြီး ...

"ကြူဟွီးနယ်မှာ ရှိကြတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အမျိုးအစား အကွဲကွဲအပြားပြား ရှိနေကြပေမယ့် လုပ်ငန်းအားလုံးရဲ့ ငါးပုံလေးပုံလောက်ဟာ အဖွဲ့အစည်းတစ်ခုရဲ့ လက်အောက်မှာပဲ ရှိနေပါတယ်၊ ဝင်ငွေအများဆုံးရတဲ့ လုပ်ငန်းတွေ အကုန်လုံးလိုလိုပါပဲ"

"ဘယ်အဖွဲ့လဲ"

"ကြူဟွီးဖွဲ့ဖြိုးမှု အကျိုးဆောင်အဖွဲ့ပါ"

စုအိမ်းက စိတ်ထဲမှ တေးမှတ်ထားလိုက်ပြီး လက်ဝှေ့ယမ်းပြလိုက်၏။

ကွမ်းကြိုးယန်က ဆက်ပြောလိုက်လေသည်။

"အဲဒီအဖွဲ့ဟာ ကြူဟွီးမြို့လယ်မှာတည်ရှိပြီး တစ်နယ်လုံးက စီးပွားရေးလုပ်ငန်းတွေကို ချုပ်ကိုင်ထားပါတယ်၊ သူတို့ရဲ့ အမြတ်ငွေဟာ တစ်နှစ် သိန်းပေါင်းများစွာ ရှိနေပါတယ်"

"ကောင်းပြီ၊ သူတို့က မိုးမြေဂိုဏ်းအတွက် ဘယ်လောက်ကူညီထောက်ပံ့သလဲ"

"တစ်နှစ်ကို ယွမ်ငွေတစ်သောင်း ထောက်ပံ့ပါတယ်"

"ဟွို"

စုအိမ်း တံတွေးထွေးလိုက်လေသည်။ ကွမ်းကြိုးယန် ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ စုအိမ်းက ...

"ကြူပွဲနယ်မှာ သူတို့ထက်ပိုပြီး ကြီးမားတဲ့အဖွဲ့ မရှိတော့ဘူးလား"

ဟု မေးလာသည်။ ကွမ်းကြိုးယန် ခေါင်းယမ်းလိုက်သည်။

"မရှိတော့ပါဘူး"

"ဒါဆိုရင် သူတို့ဟာ ကြူပွဲတစ်နယ်လုံးရဲ့ စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ထားတာပါ"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကောင်းပြီ ... တို့မိုးမြေဂိုဏ်းဟာ လက်ရှိ အခြေအနေအတိုင်းဆိုရင် တစ်နှစ်ကို ငွေကြေး ဘယ်လောက်လိုအပ်မလဲ"

ကွမ်းကြိုးယန်က စဉ်းစားနေစရာ မလိုပါချေ။ သူကျွမ်းကျင်သည့် ကိစ္စဖြစ်သည့်အတိုင်း ခပ်သွက်သွက် ပြောလိုက်လေသည်။

"လက်ရှိအခြေအနေအတိုင်းဆိုရင် တစ်နှစ်ကို ငွေတစ်သိန်းလောက်ရရင် ဖြိုးဖြိုးဖြဲဖြဲ လည်ပတ်သုံးစွဲရပါတယ်"

စုအိမ်း၏မျက်နှာ တည်ကြည်လေးနက်သွားပြီး ...

"တို့က အဆောက်အအုံအသစ်တွေတိုးချဲ့မယ်၊ လူအင်အားကိုလည်း တိုးမယ်၊ အစားအသောက်, အသုံးအဆောင်ကအစ ပထမတန်းစားတွေချည်း ဖြစ်စေရမယ်၊ အဖွဲ့သားတွေအတွက်လည်း ငွေ



ကြေး ဖောဖောသီသီ သုံးစွဲရမယ်ဆိုရင်ကော တစ်နှစ် ဘယ်လောက်ကုန်နိုင်မလဲ"

ကွမ်းကြိုးယန်က ...

"အစားအသောက်တွေ, အရက်တွေ, အသုံးအဆောင်တွေကို ပထမတန်းစားတွေချည်းပဲ စီစဉ်မယ်ဆိုရင် တစ်နှစ်အတွက် အနည်းဆုံး သုံးသိန်းလောက် ကုန်ပါလိမ့်မယ်"

"ဒါက အခုလက်ရှိ လူအင်အားအတိုင်းပဲလား"

"ဟုတ်ပါတယ် ... နောက်ထပ် လူအင်အားတိုးသွားမယ်ဆိုရင် ထပ်ပြီးကုန်ကျမှာပါ။ အဆောက်အအုံတွေအတွက်ဆိုရင်လည်း အနည်းဆုံး သိန်းပေါင်းငါးဆယ်လောက် ကုန်ကျလိမ့်မယ်"

စုအိမ်းက ...

"တကယ်လို့ မင်းရဲ့လက်ထဲမှာ သိန်းပေါင်းတစ်ရာလောက်ရလာမယ်ဆိုရင် ငါတို့ရဲ့အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ပါ့မလား"

"တစ်လအတွင်း ဖြစ်စေရမယ်လို့ အာမခံပါတယ်"

စုအိမ်း ကျေနပ်သွား၏။

"ကောင်းပြီ၊ တို့လက်ထဲ ငွေရောက်လာဖို့ပဲ လိုတော့တယ်၊ တို့လိုအပ်သမျှငွေကို ကြူပွဲအကျိုးဆောင်အဖွဲ့က ပေးရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းဖုံး ... မင်းက သူတို့ဆီသွားပြီး ဆွေးနွေးပါ၊ ဟောဒီမှာ ဝိုက်ထ်းချုပ်မာထင်းရဲ့အမိန့်စာ"

ပြောရင်း စာရွက်တစ်ရွက်ထုတ်ယူကာ ပေးလိုက်သည်။ ဝမ်းဖုံးက ရိုသေစွာ ယူလိုက်၏။ စုအိမ်းက ...

"သူတို့နဲ့ဆက်ဆံတဲ့အခါ မေတ္တာရပ်ခံတဲ့သဘောထက် အမိန့်ပေးတဲ့သဘောဖြစ်ပါစေ၊ ကြူပင်္ဂီးနယ်မှာ သူတို့စီးပွားရှာနိုင်တာ တို့ကြောင့်ဆိုတာလည်း သိသွားပါစေ၊ တကယ်လို့ တို့က လက်ပိုက်ကြည့်နေမယ်ဆိုရင် သူတို့ရဲ့လုပ်ငန်းအားလုံး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပျက်စီးသွားနိုင်တယ်ဆိုတာ သူတို့ နားလည်သဘောပေါက်သွားရင် မင်းကို ချက်ချင်းကူညီကြလိမ့်မယ်"

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။ ဝမ်းဖုံး၊ ကျိုယန်ပိုးနှင့် ကွမ်းကြိုးယန်တို့မှာ သူတို့၏ဘဝ မြင့်မားလာမည့်အချိန် မဝေးတော့ဟု နားလည်လိုက်ကြ၏။

သူတို့သည် ချမ်းသာကြွယ်ဝသူများထက် ပို၍ ချမ်းသာသူများ ဖြစ်လာကြတော့မည် မဟုတ်ပါလား။

❑❑❑



## မိုးမြေဂိုဏ်း၏ ပထမခြေလှမ်း

လီဆင်းက လက်ထဲမှ ဖိတ်စာကို ဖတ်ကြည့်လိုက်သည်။

ဖိတ်စာထဲ၌ ...

*မိတ်ဆွေ ...*

*ကြူပင်္ဂီးနယ်ရှိ မိတ်ဆွေ၏ စီးပွားရေးလုပ်ငန်းများနှင့် မိုးမြေဂိုဏ်း၏ ဆက်သွယ်မှုကို တိုးချဲ့ရန် ပို၍ တည်တံ့ခိုင်မြဲစေရန် ဆွေးနွေးမည်ဖြစ်ပါသည်။ ထို့ကြောင့် မိုးမြေဂိုဏ်းသို့ မပျက်မကွက် ဆက်ဆက် အရောက်လာရပါမည်။ လဆန်း ငါးရက်နေ့ မွန်းတည့်ချိန်တွင် ဆွေးနွေးပွဲ ကျင်းပမည်။ ဆွေးနွေးပွဲသို့ ရောက်မလာလျှင် ဖြစ်ပျက်သမျှ အလုံးစုံသည် မိတ်ဆွေ၏တာဝန်သာ ဖြစ်သည်။*

*ပုံ ... မာထင် (မိုးမြေဂိုဏ်းချုပ်)*

လီဆင်း သက်ပြင်းချလိုက်သည်။ ထိုကဲ့သို့ အလားတူ ဖိတ်စာများစွာ သူ၏ရှေ့၌ ရှိနေ၏။

သူ၏လက်အောက်၌ရှိနေသော စီးပွားရေးလုပ်ငန်း အသီး

www.burmeseclassic.com

www.burmeseclassic.com



သီးမှ ခေါင်းဆောင်ငယ်များက သူ့ထံ အကြောင်းကြားပေးပို့လိုက်ကြခြင်းဖြစ်၏။

ထူးခြားသော ပြောင်းလဲမှု စတင်အသက်ဝင်လာပြီဖြစ်ကြောင်း စုအိမ်း နားလည်လိုက်မိလေသည်။

ထို့ကြောင့်လည်း ကြူဟွီးနယ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းသို့ ရောက်နေကြသော ချန်ကျူးနှင့်မုဝမ်းတို့အား မိုးမြေဂိုဏ်းသို့ လဆန်းငါးရက်နေ့တွင် အရောက်လာရန် အကြောင်းကြားလိုက်ပြီး သူကိုယ်တိုင်လည်း မွန်းတည့်ချိန်မတိုင်မီ လာခဲ့ခြင်းဖြစ်၏။

ယခု မိုးမြေဂိုဏ်းမှ အစောင့်တစ်ယောက်က ခန်းမဆောင်အတွင်းသို့ လမ်းပြခေါ်ဆောင်သွားနေသည် မဟုတ်ပါလား။

"အတွင်းဘက် ဝင်သွားပါ ခင်ဗျာ"

အစောင့်က ခန်းမဆောင်တံခါးရောက်လျှင် ရိုရိုသေသေ ပြောလိုက်လေသည်။ လီဆင်းက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် အတွင်းဘက် လှမ်းဝင်လိုက်၏။

သူတို့သည် မိုးမြေဂိုဏ်းအား နှစ်ပေါင်းများစွာ ကူညီထောက်ပံ့လာခဲ့ကြသူများ ဖြစ်ပေသည်။

ထို့ကြောင့် သူတို့အား တလေးတလား ဆက်ဆံမှုရှိခဲ့၏။ ယခုတစ်ကြိမ်၌မူ ဖိတ်ကြားချက်မှ မလာမနေရဟု အမိန့်ပေးခြင်းနှင့်



တူလှသည်ဟု တွေးနေမိ၏။

ခန်းမအတွင်းသို့ ရောက်ရှိသွားလျှင် ချန်ကူးနှင့်စုအိမ်းတို့ ရောက်နှင့်နေကြသည်ကို တွေ့ရ၏။ ကြူဟွီးနယ်တွင် အခြေစိုက်ထားကြသည့် စီးပွားရေးလုပ်ငန်းပိုင်ရှင် နှစ်ဆယ်ခန့်လည်း ရှိနေ၏။

ထိုလူများသည် လီဆင်းတို့အား အားကျသော၊ ကြည်ညိုသောအကြည့်များဖြင့် ကြည့်နေကြ၏။ လီဆင်းက သူတို့အား အရေးမစိုက်ဘဲ ချန်ကူးနှင့်မုဝမ်းတို့ ထံ ခပ်သွက်သွက် လှမ်းသွားလေသည်။

မုဝမ်းနှင့်ချန်ကူးက သူ့အား ဆီးကြိုလိုက်ကြသည်။

"တော်ပါသေးရဲ့၊ မွန်းတည့်ချိန်နီးနေပြီ၊ မင်း ရောက်မလာမှာကို ငါ စိုးရိမ်နေတာကွ"

မုဝမ်းက ပြောလိုက်လေသည်။ လီဆင်း ပြုံးလိုက်သည်။

"မလာတဲ့သူ တာဝန်ရှိတယ်ဆိုတော့ လာဖြစ်အောင် လာရမှာပေါ့၊ ဒါထက် မင်းတို့ ဘာကြားသေးလဲ၊ မိုးမြေဂိုဏ်းက တို့လိုလူစားမျိုးတွေကို အခုလိုဖိတ်ခေါ်တာ ဒါ ပထမဆုံးအကြိမ်ပဲ မဟုတ်လား"

ဤတွင် ချန်ကူးက ဝင်ပြောလေသည်။

"မိုးမြေဂိုဏ်းကို ကြီးကြီးကျယ်ကျယ် ပြောင်းလဲပစ်မယ်လို့ ပြောသံကြားတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းက …

"ဂိုဏ်းချုပ်မာထင်းက ကျန်းမာရေးအခြေအနေကြောင့် ထွက်လာနိုင်မှာမဟုတ်ဘူး။ ဒုဂိုဏ်းချုပ်စုအိမ်းက သူ့ကိုယ်စား ဆောင်ရွက်ပေးမယ်လို့လည်း ပြောနေတယ်"

လီဆင်း သက်ပြင်းချလိုက်သည်။

"အင်း … အခုတစ်လော မိုးမြေဂိုဏ်းနဲ့ပတ်သက်သမျှ ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားစရာ ကောင်းနေတာချည်းပါလား"

သူ၏မှတ်ချက်ချသံနှင့် မရှေးမနှောင်းမှာပင် …

"မိုးမြေဂိုဏ်းရဲ့ဒုဂိုဏ်းချုပ် ကြွလာပါပြီ၊ အားလုံး မတ်တတ် ရပ်ပြီး ဂါရဝပြုပါ"

အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဆူညံ ညံထွက်ပေါ်နေသောစကားသံများ ရုတ်ခြည်း တိတ်ဆိတ်သွား၏။

လူတိုင်းကိုယ်စီ မတ်တတ်ထရပ်လိုက်ကြလေသည်။ ထိုအခါ ခန်းမတစ်ဖက်မှ ငယ်သားဆယ်ယောက်ခန့် ခြံရံလျက် ဂိုဏ်းချုပ် စုအိမ်း ထွက်လာသည်ကို တွေ့ရ၏။

စုအိမ်းနှင့် အနီးကပ်ဆုံးလိုက်လာသူမှာ ဝမ်းဖုံးကျိ၊ ယန်ဝိုး နှင့် ကွမ်းကြိုးယန်တို့ ဖြစ်ကြလေသည်။

စုအိမ်းက ကျောမှီပါသော ကြိမ်ကုလားထိုင်ကြီးဝယ် ဟန်



ပါပါ ထိုင်ချလိုက်၏။ သူ၏မျက်နှာ ခက်ထန်နေသည်။ သူ၏မျက်လုံး များ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပြောင်နေသည်။

လီဆင်းက …

"သားရဲတစ်ကောင်လိုပဲ"

ဟု တီးတိုးပြောလိုက်သည်။ ချန်ကူးနှင့်မုထင်းတို့လည်း ခေါင်းညိတ်လိုက်ကြသည်။ အတွေ့အကြုံရင့်ကျက်သူပီပီ စုအိမ်းအား မျက်ခြည်မပြတ် အကဲခတ်ကြည့်နေကြ၏။

ထိုစဉ် တစ်ယောက်က … ''မိုးမြေဂိုဏ်း အစွန့်ရှည်ပါစေ"

ဟု အော်ပြောလိုက်၏။ ခန်းမအတွင်းသို့ ရောက်နေသူ အားလုံး ထိုစကားကို သံပြိုင် အော်ပြောလိုက်ကြသည်။

စုအိမ်း ပြုံးလိုက်သည်။ လက်တစ်ဖက် မြှောက်ယမ်းပြလိုက်ပြီး

"ထိုင်ကြပါ"

ဧည့်သည်အားလုံး ပြန်လည်ထိုင်ချလိုက်ကြလေသည်။ စုအိမ်းက ထရပ်လိုက်သည်။ အားလုံးကို ဝေ့ကြည့်လိုက်ပြီး …

"ခင်ဗျားတို့အားလုံးဟာ ကြုံဖူးနေယ်မှာ အခြေစိုက်ပြီး စီးပွားရှာနေကြသူတွေဆိုတာ ကျုပ်သိပြီးပါပြီ၊ ခင်ဗျားတို့ အေးအေး ချမ်းချမ်း စီးပွားရှာနိုင်အောင် မိုးမြေဂိုဏ်းက မားမားမတ်မတ် ရပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အကာအကွယ်ပေးနေတယ်ဆိုရင် ခင်ဗျားတို့ ငြင်းကြမလား”

သူ၏လေသံ မာကျောလှပေသည်။ ဧည့်သည်များလည်း တောင်သာသည့်အလျှောက် ...

“မငြင်းပါဘူး ... ဒုဂိုဏ်းချုပ်ကြီးပြောတာ မှန်ပါတယ်”

ဟု ပြန်လည်ဖြေကြားလိုက်ကြလေသည်။ လီဆင်းက ...

“တစ်စိတ်တစ်ဒေသ မှန်ကန်ပါတယ်၊ ကုန်ပစ္စည်းတွေက အရှုံးပေါ်ပြီး အရင်းပြုတ်သွားကြတဲ့လူတွေကို ဘယ်လိုပြောမှာလဲ”

ဟု တီးတိုးရေရွတ်လိုက်သည်။ မုဝမ်းနှင့်ချန်ကူးတို့က သူ့အား တိတ်တိတ်နေရန် မျက်ရိပ်မျက်ကဲ ပြလိုက်ကြ၏။

လီဆင်း မကျေမနပ် ဖြစ်နေသော်လည်း ဘာမှ မပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

စုအိမ်း၏စကားသံ ထွက်ပေါ်လာပြန်သည်။

“ကျုပ်တို့က မိုးမြေဂိုဏ်းက ကျွမ်းကျင်သူတွေရဲ့ တွက်ချက်မှုအရ ကြူဟွီးနယ်မှာ စီးပွားရှာနေတဲ့ လူတွေဟာ တစ်နှစ်ကို အနည်းဆုံး အမြတ်ငွေ ငါးသိန်းကနေ သိန်းလေးငါးရာမက ရနေတယ်လို့ သိနေပါတယ်၊ အဲဒီလို အကျိုးအမြတ်ရအောင် ဆောင်ရွက်နိုင်သူတွေကို ကျုပ်က လေးစားပါတယ်၊ ချီးကျူးပါတယ်၊ ကျုပ်တို့ကို ကူညီထောက်ပံ့ခဲ့ကြတာတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ အခု ကျုပ်က



ဘာကြောင့် ဖိတ်ခေါ်ရတယ်ဆိုတာ ပြောပြပါ့မယ်”

သူက စကားကိုရပ်ကာ အားလုံးကို ဝေ့ကြည့်လိုက်ကြ၏။ ဧည့်သည်အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြ၏။

သတင်းထူးတစ်ခု ကြားရတော့မည်ဖြစ်ကြောင်း နားလည်သဘောပေါက်ထားကြလေသည်။

စုအိမ်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

“မိုးမြေဂိုဏ်းကြောင့် ကြူဟွီးနယ်မှာ ခြောက်ချပြီး စီးပွားရှာနိုင်ခဲ့ကြတယ်၊ စီးပွားဖြစ်ခဲ့ကြတယ်၊ ဒါပေမဲ့ ဘယ်သူမှ ကျေးဇူးမသိတတ်ကြဘူးဆိုတာ ထောက်ပံ့တဲ့ မဆိုစလောက် ငွေကြေးလေးက သက်သေခံနေပါတယ်”

ထိုစကားကြားလျှင် ဧည့်သည်အားလုံး မျက်နှာပျက်သွားကြလေသည်။

စုအိမ်းသည် မည်သူ့ကိုမျှ ထောက်ထားခြင်းမရှိဘဲ အားမနာတမ်း ပြောလိုက်ပြီဖြစ်၏။ ဧည့်သည်အားလုံး မျက်နှာအထားရခက်သွားကြလေတော့သည်။

အခန်းတွင်းဝယ် အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွား၏။ စုအိမ်းက အားလုံးကို ဝေ့ကြည့်လိုက်ပြီး ဆက်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးမြေဂိုဏ်းအပေါ် ကျေးဇူးသိတတ်လာကြမလားဆိုပြီး ကျုပ်တို့ စောင့်ကြည့်နေခဲ့တာကြာပါပြီ၊ ကျေးဇူးသိတတ်ဖို့ မပြောနဲ့ တချို့က ထောက်ပံ့မှုတွေကိုတောင် လျှော့ချလိုက်ကြသေးတယ်၊ ဂိုဏ်းချုပ်ကြီးဟာ ကျေးဇူးမသိတတ်တဲ့ ခင်ဗျားတို့အပေါ် ဆက်ပြီး သည်းခံမနေနိုင်တော့ပါဘူး၊ ဒါကြောင့် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်ပါတယ်"

အားလုံးက စုအိမ်း ဆက်ပြောမည့်စကားကို နားစွင့်နေကြ၏။

စုအိမ်းပြောသလို ဖြစ်နေသည်မို့ မည်သူမျှ စကားမဟ နိုင်ကြချေ။ စုအိမ်းက ...

"မိုးမြေဂိုဏ်း ဆက်ပြီးရပ်တည်နေနိုင်မှ ခင်ဗျားတို့ရဲ့ ဘေးအန္တရာယ်တွေကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်၊ မိုးမြေဂိုဏ်းသားတွေဟာ နှစ်ပေါင်းများစွာ ဒုက္ခဆင်းရဲခံပြီး အများအကျိုး ဆောင်ရွက်ခဲ့ကြပါတယ်၊ ဒါကြောင့် ကျုပ်တို့အလှည့် ရောက်ပါပြီ၊ ခင်ဗျားတို့ တစ်တွေ မိုးမြေဂိုဏ်းကို ဆတက်ထမ်းပိုး တိုးပြီး ကူညီထောက်ပံ့ရမှာ ဖြစ်တယ်၊ ခင်ဗျားတို့ရဲ့ ထောက်ပံ့မှုနဲ့ မိုးမြေဂိုဏ်းဟာ ဆက်ပြီး ရပ်တည်နေနိုင်မယ်၊ ကြီးကျယ် တိုးတက်လာမယ်"

ဤတွင် ဧည့်သည်တစ်ယောက်က ထ၍မေးလိုက်သည်။



"ဒုဂိုဏ်းချုပ်ကြီးခင်ဗျား ... ကျုပ်တို့က ထောက်ပံ့မှုတွေ တိုးပေးရမယ်ဆိုတာကို ယေဘုယျအနေနဲ့ သဘောတူပါတယ်၊ ဘယ်လိုတိုးပေးရမယ်, ဘယ်လောက်ပေးရမယ်ဆိုတာ သိချင်ပါတယ်"

ထိုလူသည် စုအိမ်း၏ပြောစကားများ မှန်ကန်သည်၊ မိုးမြေဂိုဏ်းအား လျစ်လျူရှုထားသလို ရှိနေသည်ဟု ယူဆထားပုံရကြောင်း အားလုံးတွေးမိလိုက်ကြ၏။

ထိုလူ၏အမေးသည် ဆက်ပြောလိုသော စုအိမ်းအတွက် အားလုံး အံဝင်ခွင်ကျ ဖြစ်သွားစေတော့သည်။

စုအိမ်း၏မျက်နှာ ပို၍ တည်သွားသည်။ အားလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"ဘယ်လောက်ပေးရမယ်ဆိုတာက အမြတ်ငွေအပေါ်မှာ မူတည်ပါတယ်၊ အမြတ်များများရသူက များသလို ပေးရမှာပါပဲ၊ လစဉ်ပေးရမယ့် ငွေကို နောက်မှဆက်ပြီး ဆွေးနွေးကြတာပေါ့၊ အခုလောလောဆယ်မှာ ကျုပ်တို့ မိုးမြေဂိုဏ်ဟာ တိုးချဲ့ဖွံ့စည်းပြီး ပြောင်းလဲမှုတွေ လုပ်မှာဖြစ်တယ်၊ ဒါ့ကြောင့် အဆောက်အအုံ အသစ်တွေ ဆောက်ရလိမ့်မယ်၊ အသုံးအဆောင်ပစ္စည်းတွေ တစ်ပုံတစ်ပင်ကြီး လိုလိမ့်မယ်၊ လိုအပ်တာအားလုံးကို ခင်ဗျားတို့က အချိုး

www.burmeseclassic.com

www.burmeseclassic.com



ဖျ ဆည့်ဝင်ကျခံကြရမှာဖြစ်တယ်”

“ဟာ”

ညှို့သည်များ၏ မကျေမနပ် စကားသံများ ထွက်ပေါ်လာလေတော့သည်။

မိုးမြေဂိုဏ်းသည် ကြီးကျယ်ခမ်းနားပြုပြင်ပြောင်းလဲတော့မည် ဖြစ်ပေသည်။

မိုးမြေဂိုဏ်း၏ ပြောင်းလဲကုန်ကျမှုအတွက် ကုန်ကျငွေနည်းမည်မဟုတ်ဟု အားလုံး တွက်ဆမိကြ၏။

အချိုးကျ အကုန်ခံရမည်ဆိုလျှင် စီးပွားရေးလုပ်ငန်းများစွာ လုပ်ကိုင်နေကြသူများသည် ပို၍ ထည့်ဝင်ကြရမည်ဖြစ်၏။

ဤတွင် ထိုနယ်အကျိုးဆောင်လုပ်ငန်းမှ ခေါင်းဆောင်များဖြစ်ကြသည့် လီဆင်း၊ မုဝမ်းနှင့် ချန်ကျူးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

လီဆင်းက မတ်တတ်ရပ်လိုက်ပြီး …

“ဒုဂိုဏ်းချုပ်ကြီးခင်ဗျား … ဒီကိစ္စဟာ အင်မတန် နက်နဲသိမ်မွေ့လှပါတယ်၊ မိုးမြေဂိုဏ်း တိုးတက်များပြားလာတာကို ကျုပ်တို့ တွေ့ချင် မြင်ချင်ပါတယ်၊ တတ်စွမ်းနိုင်သလောက်လည်း ကူညီချင်ပါတယ်၊ ဒါပေမဲ့ မိုးမြေဂိုဏ်းအတွက် လိုအပ်ချက်ဟူသမျှကို



ကျုပ်တို့ခေါင်းပေါ် ပုံချထားလို့တော့ မဖြစ်ပါဘူး။ ကျုပ်တို့က လိုအပ်လာတိုင်း ကူညီနိုင်မှာ မဟုတ်ပါဘူး၊ ကျုပ်တို့ စေတနာရှိသလောက်”

သူ၏စကားမဆုံးမီ စုအိမ်းက ကြားဖြတ်ပြောလိုက်၏။

“ခင်ဗျားတို့ ကြူဟွီးအကျိုးဆောင်အဖွဲ့ဟာ နှစ်စဉ် နှစ်တိုင်း အမြတ်ငွေ သိန်းပေါင်းများစွာ ရနေပါလျက်နဲ့ ကျုပ်တို့ကို ကူညီထောက်ပံ့ဖို့ စဉ်းစားမယ်၊ တွန့်ဆုတ်နေမယ်ဆိုတာ မကောင်းပါဘူး။ ခင်ဗျားတို့ကို ဆက်ပြီး အေးအေးချမ်းချမ်း စီးပွားရှာနိုင်အောင် ကျုပ်တို့ အတတ်နိုင်ဆုံးကူညီပါ့မယ်၊ ခင်ဗျားတို့က မြို့လယ်မှာရှိတဲ့ ပန်းဥယျာဉ်ထဲမှာ မိုးမြေဂိုဏ်းအတွက် အဆောက်အအုံတစ်လုံး ဆောက်ပေးဖို့နဲ့ တစ်နှစ်ကို ထောက်ပံ့ငွေငါးသိန်း မှန်မှန်ပေးသွားဖို့ ဂိုဏ်းချုပ်ကြီးက သတ်မှတ်ထားပါတယ်”

“ဘာဗျ”

လီဆင်း၏စကားသံ ဟိန်းထွက်လာသည်။ စုအိမ်းသည် သူတို့အား လည်မျိုညှစ်နေပြီဖြစ်ကြောင်း ကောင်းစွာနားလည်သွား၏။

စုအိမ်း၏အကြံအစည်ကို သိသွားပြီးနောက် လူတိုင်း လူတိုင်း မကျေမနပ် ဖြစ်ကုန်ကြတော့သည်။ စုအိမ်းက …

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အပေါ် ကျေးဇူးတုံ့ပြန်ဖို့ ဝန်လေးနေကြမယ်ဆိုရင် ကြူပတ္တီးနယ်က အိပ်ရာလိပ်ပြီး ထွက်သွားကြရုံပဲ ရှိပါတယ်၊ ခင်ဗျားတို့ထက် ပိုပြီး ကူညီထောက်ပံ့နိုင်မယ့်လူတွေ၊ ကျုပ်တို့ရဲ့စည်းကမ်းကို လိုက်နာသဘောတူမယ့်လူတွေ ရောက်လာကြပါလိမ့်မယ်"

လီဆင်း ပါးစပ်ပိတ်သွားလေသည်။ အနယ်နယ် အရပ်ရပ်မှ သူဌေးသူကြွယ်များသည် ကြူပတ္တီးနယ်အား မျက်စိကျနေကြသည် မဟုတ်ပါလား။ စုအိမ်းက ...

"ကဲ ... ခင်ဗျားတို့ပြန်သွားတာနဲ့ တစ်ပြိုင်နက် ဂိုဏ်းချုပ်ကြီးသတ်မှတ်ပေးလိုက်တဲ့အတိုင်း စတင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊အားလုံးဟာ မိုးမြေဂိုဏ်း တိုးတက်အောင်မြင်တာကို တွေ့မြင်လိုကြမယ်လို့ ကျုပ်ထင်ပါတယ်၊ အားတက်သရော ဝိုင်းပြီးကူညီကြမယ်၊ ပေးစရာရှိတာတွေကို မှန်မှန်ကန်ကန်ပေးမယ်လို့ ကျုပ်ယူဆတယ်၊ ခင်ဗျားတို့က မလေးမစားလုပ်လာရင်တော့ ကျုပ်တို့လည်း ပြတ်ပြတ်သားသား လုပ်ကိုင်သွားမယ်ဆိုတာ သတိပေးလိုက်ပါတယ်၊ ကဲ ... အားလုံး ပြန်နိုင်ပါပြီ"

ဧည့်သည်များသည် ဝရန်းသုန်းကား ထရပ်လိုက်ကြသည်။ စုအိမ်းကိုပင် နှုတ်မဆက်နိုင်ဘဲ အခန်းတွင်းမှ ကတိုက်ကရိုက် ထွက်သွားကြ၏။



စုအိမ်းက ယခုမှ ပြုံးလိုက်သည်။ သူ့အနီးသို့ရောက်လာသည့် ဝမ်းဖုံး၊ ကျိုယန်ပိုးနှင့် ကွမ်းကြူးယန်တို့အား ကြည့်ကာ ...

"ကြူပတ္တီးအကျိုးဆောင်အဖွဲ့ကလူတွေ အတော့်ကို မခံချိမခံသာ ဖြစ်သွားကြတယ်၊ ကျုပ်တို့က ဒီလိုဖြစ်နေတာ အကြာကြီးပဲ၊ အခု သူတို့အလှည့်ပေါ့၊ ဝမ်းဖုံး ... သူတို့ကို မျက်ခြည်မပြတ်စောင့်ကြည့်ထား"

ဟု အမိန့်ပေးလိုက်လေတော့သည်။

❒

စာပေးပြီးသည်နှင့် အားထုံက အခန်းတွင်းမှ ထွက်သွားလေသည်။

စာပို့ခိုဖြင့် ရောက်လာသည့် စာဖြစ်ပေရာ လွန်စွာ အရေးကြီးသော လျှို့ဝှက်စာဟု နန်းကုန်းသက် နားလည်မိ၏။ ထို့ကြောင့် စာကို အလျင်အမြန် ဖောက်ဖတ်လိုက်သည်။ စာထဲ၌ ...

*မိုးမြေဂိုဏ်းမှ ဒုဂိုဏ်းချုပ်စုအိမ်းသည် ဂိုဏ်းချုပ်မာထင်း၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းယူထားပုံရသည်။ မိုးမြေဂိုဏ်းအား တိုးချဲ့ရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ကြူပတ္တီးနယ်၌ စီးပွားရေးလုပ်ငန်းလုပ်သူအားလုံးက သိန်းပေါင်းမြောက်မြားစွာ ဆက်သစေ*

www.burmeseclassic.com

www.burmeseclassic.com



*မှန် အမိန့်ထုတ်လိုက်သည်။ ဆက်သခြင်းမပြုလျှင် ၎င်းနယ်မှ ကန်ထုတ်မည်ဟု ခြိမ်းခြောက်ထား၏။ ယခုလောလောဆယ်တွင် ကျွန်တော်တို့ထံ ငွေဆယ်သိန်းတောင်းထားသည်။ ယနေ့ပင် ပေးရမည်၊ ဆရာနှင့်ကျွန်တော် အမြန်ဆုံးလာတွေ့ပါမည်။*

*လီဆင်း*

"တောက်"

နန်းကုန်းသက် တက်ခေါက်လိုက်သည်။ စုအိမ်း ခြေလှမ်းကြဲနေသည်ကို သူတို့ရိပ်မိထားပြီဖြစ်၏။

ယခု စုအိမ်းက စတင်ထိုးနက်တိုက်ခိုက်လာပြီဖြစ်သည်။ စုအိမ်းသည် လောဘရမ္မက် ကြီးမားသူဖြစ်ပြီး သူ့အား ဒုက္ခရောက်အောင် ကြိုးစားနေသည်ဟု ယူဆမိ၏။

ထို့ကြောင့် နန်းကုန်းသက်က စာတစ်စောင် အမြန်ဆုံးကောက်ရေးလိုက်သည်။

❒

ဝမ်းဖုံးက မျက်မှောင်ကုတ်သွားသည်။ ဝင်လုဆဲဆဲ နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးကို သာသာယာယာ ရှိစေခဲ့သည်။

သို့သော် ဝမ်းဖုံးကိုမူ စိတ်ကြည်လင်လာအောင် ပြုလုပ်နိုင်



ခဲ့ခြင်း မရှိပါချေ။

ဝမ်းဖုံးသာမက လီဆင်းလည်း စိတ်ရှုပ်ထွေးနေ၏။ ယခုသူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြသည်မဟုတ်ပါလား။ ဝမ်းဖုံးက ...

"မိုးမြေဂိုဏ်းအတွက် လိုအပ်သမျှ ချက်ချင်း ဆောင်ရွက်ပေးရမယ်လို့ ဂိုဏ်းချုပ်ကြီး အမိန့်ချထားတာကို ခင်ဗျားတို့က ပျက်ရယ်ပြုတာလား"

လီဆင်း ခေါင်းယမ်းလိုက်သည်။

"ကျုပ်က ကြူပ္ပှီးအကျိုးဆောင်အဖွဲ့မှာ တာဝန်ရှိတာ မှန်ပေမယ့် တကယ့်ပိုင်ရှင် အစစ်အမှန်ဟာ သူဌေးကြီးနန်းကုန်းသက်ပါ၊ ဒုဂိုဏ်းချုပ်ကြီးပြောတဲ့စကားတွေကို ကျုပ်က စာပို့ခိုနဲ့ သူဌေးကြီးဆီကို အစီရင်ခံလိုက်ပါတယ်၊ သူဌေးကြီးက ခွင့်ပြုတယ်ဆိုရင် ချက်ချင်းဆောင်ရွက်ပေးရုံပါပဲ၊ ဒါပေမဲ့"

"ဘာလဲ ... ခင်ဗျားတို့သူဌေးကြီးက ခွင့်မပြုဘူး မဟုတ်လား"

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ သူဌေးကြီးရဲ့စာကို ဖတ်ကြည့်ပါဦးဗျာ"

လီဆင်းက စာတစ်စောင် ထုတ်ပေးလိုက်သည်။ ဝမ်းဖုံးက

www.burmeseclassic.com

စာကို ဖတ်ကြည့်လိုက်လေသည်။

*လီဆင်း ...*

*မိုးမြေဂိုဏ်းဟာ အစဉ်အလာကို ဖျက်ဆီးပစ်လိုက်ပြီ၊ ဂိုဏ်းချုပ်နဲ့တွေ့ပြီး အကျိုးအကြောင်းမေးပါ။ မိုးမြေဂိုဏ်းအတွက် တကယ်လိုအပ်တယ်ဆိုရင်တောင်မှ တို့က စေတနာရှိသလောက်ပဲ ပေးနိုင်မယ်။ ဘယ်ငွေ ဘယ်မျှမှ ပေးရမယ်ဆိုပြီး သတ်မှတ်တာကို လုံးဝလက်မခံဘူးလို့ အကြောင်းပြန်လိုက်ပါ။ တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖျက်သိမ်းလိုက်ရင် တို့အတွက် နစ်နာမှာဖြစ်သလို ကြူပျှီးနယ်ရဲ့ တိုးတက်မှုလည်း ဆုတ်ယုတ်သွားလိမ့်မယ်။ မိုးမြေဂိုဏ်းက အရေးပါသလို တို့လည်းအရေးပါတယ်ဆိုတာ ရှင်းပြလိုက်ပါ။*

*နန်းကုန်းသက်*

စာဖတ်ပြီးသည်နှင့် ဝမ်းဖုံး ဝုန်းခနဲထရပ်လိုက်လေသည်။ ဒေါသကြောင့် သူ၏မျက်နှာကြီး နီရဲနေ၏။

လီဆင်းက လေသံအေးအေးဖြင့် ပြောလေသည်။

"သူဌေးကြီးက ခွင့်မပြုတဲ့အတွက် ကျုပ်လည်း ဘာမှ မတတ်နိုင်ခဲ့ပါဘူး၊ တစ်ခုတော့ရှိတယ် ...ကျုပ်ကို ဂိုဏ်းချုပ်ကြီးမာထင်းနဲ့ တွေ့ပြီး ဆွေးနွေးခွင့်ပြုပါ၊ နှစ်ဖက်စလုံးအတွက် အဆင်ပြေအောင် ညှိနှိုင်းပေးနိုင်ပါလိမ့်မယ်"



"ခင်ဗျားရဲ့တောင်းဆိုချက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဂိုဏ်းချုပ်ကြီးဟာ မမာမကျန်းဖြစ်နေလို့ ဘယ်သူနဲ့မှ မတွေ့နိုင်ဘူး။ ခင်ဗျားတို့ လက်မခံဘူးဆိုရင်လည်း ရတယ်၊ နောက်မှ မိုးမြေဂိုဏ်းကို အပြစ်မဆိုနဲ့"

ပြောပြီး ဝမ်းဖုံးက ချာခနဲ လှည့်ထွက်သွားလေ၏။

လီဆင်းက ဟန့်တားခြင်းမပြုပါချေ။ ဝမ်းဖုံးထွက်သွားသည်နှင့် သူ၏တပည့်တစ်ယောက်အား ကြူပျှီးနယ်မှ အချိန်မရွေး တိတ်တဆိတ်သွားနိုင်စေရန် မြင်းလှည်းတစ်စီး စီစဉ်ခိုင်းလိုက်လေတော့သည်။

❒

နန်းကုန်းသက်က အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

သူ ပြတ်ပြတ်သားသားငြင်းပယ်လိုက်သည်နှင့် မိုးမြေဂိုဏ်းကလည်း လက်ပိုက်ကြည့်မနေကြောင်း ထင်ရှားစွာ ပြသလာပေတော့သည်။ လီဆင်း၏အစီရင်ခံစာများ တဖွဲဖွဲရောက်ရှိလာ၏။

နေရာအနှံ့အပြား၌ တည်ရှိနေသော သူတို့၏စီးပွားရေးလုပ်ငန်းများ အနှောင့်အယှက်နှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း အစီ

www.burmeseclassic.com

www.burmeseclassic.com



ရင်ခံခြင်း ဖြစ်လေသည်။

အဆောက်အအုံများ မီးလောင်ပျက်စီးကုန်သည်၊ ပစ္စည်းများ လုယက်ခြင်းခံရ၏၊ အရေးပါသော ခေါင်းဆောင်များ လူမသိသူမသိစေရန် အစဖျောက်ခြင်းခံရသည်၊

နှစ်ရက်ဟူသော အချိန်အတွင်း ကြူပွီးအကျိုးဆောင်ဌာန၏ စီးပွားရေးလုပ်ငန်း ထက်ဝက်ခန့်မှာ လုံးဝ သုံးမရအောင် ဖျက်ဆီးခံခဲ့ရလေသည်။

နောက်ထပ်နှစ်ရပ်ကြာသောအခါ ကြူပွီးအကျိုးဆောင်ဌာန၏ လုပ်ငန်းအားလုံးလိုလို ရပ်တန့်သွားတော့၏။

အရှေ့ပိုင်းတွင် မုဝမ်း အသတ်ခံလိုက်ရသည်၊ မြောက်ပိုင်းတွင် ချန်ကူးသေဆုံးသွား၏။ သူတို့နှစ်ယောက်စလုံး မတော်တဆမှုများ ဖြစ်ပွားကာ အသက်ဆုံးရခြင်းဖြစ်ပေသည်။

မိုးမြေဂိုဏ်း၏ ကြမ်းတမ်းသောလုပ်ရပ်ကြောင့် လီဆင်းသည် ကြူပွီးနယ်၌ မနေဝံ့တော့ချေ။ စီးပွားရေးလုပ်ငန်းများ အားလုံးကို လက်လွှတ်ကာ ကြူပွီးနယ်မှ ကိုယ်လွတ်ရုန်း ထွက်လာခဲ့ရလေတော့၏။

❒ ❒ ❒



## တုံ့ပြန်ခြင်း

အခန်းတွင်းဝယ် လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေ၏။ ထိုသူတို့မှာ နန်းကုန်းသက်၊ လီဆင်းနှင့် အားထုံတို့ ဖြစ်ကြလေသည်။ သူတို့သည် မည်သို့သောကိစ္စများ တိုင်ပင်ဆွေးနွေးနေကြပါသနည်း။

နန်းကုန်းသက်၏ မျက်နှာတည်နေ၏။ လီဆင်းလည်း ငြိမ်ငြိမ်လေး ထိုင်နေ၏။ အားထုံကား သူတို့ထက်ပင် ပို၍တည်ငြိမ်နေသည်။

ပထမဦးစွာ စကားစလိုက်သူမှာ နန်းကုန်းသက်ဖြစ်သည်။ နန်းကုန်းသက်က လီဆင်းကိုကြည့်ကာ ...

"လီဆင်း ... သူ့ကို ကြူပွီးနယ်က အခြေအနေတွေ ပြောပြလိုက်ပါ"

လီဆင်း ခေါင်းညိတ်လိုက်၏။

"ကြူပွီးနယ်မှာ ကျုပ်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ရာနဲ့ချီပြီး ရှိခဲ့ပါတယ်၊ တစ်နှစ် တစ်နှစ် အမြတ်ငွေကလည်း သိန်းပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာပါပဲ၊ ဒါပေမဲ့ မကြာသေးခင်က မိုးမြေဂိုဏ်းမှာ အပြောင်းအလဲတွေ ဖြစ်ခဲ့တာကြောင့် ကျုပ်တို့ရဲ့လုပ်ငန်းတွေအားလုံး ဆုံးရှုံးသွားခဲ့ပါတယ်၊ ဒီလိုဖြစ်ရတာဟာ မိုးမြေဂိုဏ်းရဲ့ တာဝန်ရှိပါတယ်"

လီဆင်းသည် မိုးမြေဂိုဏ်းမှ ဒုဂိုဏ်းချုပ် စုအိမ်း၏လုပ်ရပ်များကို ရှင်းလင်းပြောပြလိုက်လေသည်။ အားထုံက ကြားဖြတ်ပြောခြင်း၊ မေးမြန်းခြင်း မပြုဘဲ ငြိမ်သက်စွာ နားထောင်နေလေသည်။

လီဆင်း၏စကားဆုံးမှ အားထုံက နန်းကုန်းသက်ဘက်သို့ လှည့်ကာ ...

"ဆရာ ဒီအကြောင်းတွေ ကျုပ်ကိုပြောပြတာ အကြောင်းတစ်ခုခုရှိမယ်ထင်တယ်"

နန်းကုန်းသက် ခေါင်းညိတ်လိုက်၏။

"သိပ်ရှိတာပေါ့ကွာ၊ စုအိမ်းက လုပ်ချင်တိုင်းလုပ်ခဲ့လို့ တို့တစ်တွေ ထိခိုက်နစ်နာခဲ့ရတယ်၊ စုအိမ်းဟာ ငါ့ရဲ့ အမိကရန်သူပဲ"

အားလုံး ခေါင်းညိတ်လိုက်သည်။ နန်းကုန်းသက်ဆိုချင်သည့် အဓိပ္ပာယ်ကို နားလည်သွားပြီ ဖြစ်သည်။ နန်းကုန်းသက်က ဆက်ပြောလိုက်သည်။

"စုအိမ်းသာမရှိရင် မိုးမြေဂိုဏ်းရဲ့သဘောထားတွေ ပြောင်းလဲသွားနိုင်တယ်၊ ဒါကြောင့် စုအိမ်းကို ရှင်းပစ်ရလိမ့်မယ်"



"ကောင်းပြီ ... စုအိမ်းကိုရှင်းပစ်ဖို့ ကျုပ်တာဝန်ယူတယ်"

အားထုံသည် နန်းကုန်းသက်ခေါင်းလျှင် မရေတွက်နိုင်အောင် သို့ပင် သွားမည်သူဖြစ်သည်။ နန်းကုန်းသက် လက်ကာပြလိုက်၏။

"မင်း စိတ်မလောနဲ့ဦး၊ သူ့ကို အခုချက်ချင်း သုတ်သင်ရှင်းလင်းပစ်ရမှာ မဟုတ်သေးဘူး"

နန်းကုန်းသက်၏စကားကြောင့် အားထုံ အံ့သြသွား၏။

"သူ့ကို သုတ်သင်ရှင်းလင်းပစ်ဖို့ ဆိုင်းထားရဦးမယ် — ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"စုအိမ်းဟာ လမ်းပေါ်ကလူတစ်ယောက် မဟုတ်ဘူး။ သူ့အမိန့်ကို တစ်သဝေမတိမ်းနာခံမယ့် မိုးမြေဂိုဏ်းသား တစ်ထောင်လောက်ကို အုပ်ချုပ်နေတာ၊ မိုးမြေဂိုဏ်းဟာ ကြူ့ဟွီးဒေသမှာ အမြစ်တွယ်နေပြီ၊ သူ့ကို ရန်ပြုမယ်လို့ သတင်းရသွားတာနဲ့ ကြူ့ဟွီးနယ်ထဲက မင်း ထွက်လို့ရတော့မှာ မဟုတ်ဘူး"

အားထုံက ဘာမှမပြောဘဲ နေလိုက်၏။ နန်းကုန်းသက်က ဆက်ပြောလိုက်သည်။

"စုအိမ်း သွားလာတတ်ပုံတွေ သူ့အတွက် ဂုဏ်ပြုရေး ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လို စီစဉ်ထားတယ်၊ သူ့ရဲ့အားနည်းချက် ဘယ်လိုရှိတယ်ဆိုတာတွေကို အရင်ဆုံး စုံစမ်းရမယ်၊ တို့ စုံစမ်းနေတဲ့အချိန်မှာ မင်းက သိုင်းပညာ လေ့ကျင့်ထားပါ"

အားထုံ၏မျက်လုံးများ အရောင်ဖျော့သွား၏။ သူသည် နန်းကုန်းသက်၏သက်တော်စောင့်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်သည်။ ငါးနှစ်အတွင်း ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရသည်ဟု တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူးချေ။

ယခု နန်းကုန်းသက်၌ အခက်အခဲ ကြုံလာသောအခါ သူ၏အစွမ်းအစ ထုတ်ဖော်ပြဖို့ အခွင့်အရေးရပြီဟု ယူဆကာ ကျေနပ်မိသည်။ သို့သော် နန်းကုန်းသက်က ဆိုင်းငံ့ထားရန် ပြောနေခြင်းကြောင့် စိတ်ပျက်သွားလေတော့သည်။

ထိုစဉ် လီဆင်း၏စကားသံ ထွက်ပေါ်လာလေ၏။

"မိုးမြေဂိုဏ်းက ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေကို ဖျက်ဆီးဖို့ သူတို့ကိုယ်သူတို့ မသမာသူတွေအဖြစ် ရုပ်ဖျက်ပြီး တိုက်ခိုက်ခဲ့ကြတယ်၊ မိုးမြေဂိုဏ်းရဲ့ လက်ချက်ဆိုတာ သိပေမယ့် ဘယ်လိုမှ လက်ဆုပ်လက်ကိုင် သက်သေမပြနိုင်ခဲ့ဘူး၊ တကယ်လို့ ကျွန်တော်တို့က လုပ်ငန်းတွေကို ကာကွယ်ဖို့ ကြေးစားသိုင်းသမားတွေ မွေးမြူထားမယ်ဆိုရင် အခုလို အထိနာမှာမဟုတ်ဘူး"



နန်းကုန်းသက်ရော အားထုံပါ လီဆင်းကို စိုက်ကြည့်ကြလေသည်။ အားထုံက ပြုံးနေသည်။

ထိုစကားမျိုးကို သူလည်း ပြောပြခဲ့ဖူးသည် မဟုတ်လား။ နန်းကုန်းသက်က ကြေးစားသိုင်းသမားများနှင့် မပတ်သက်လိုဟု ဆိုကာ ခါးခါးသီးသီး ငြင်းပယ်ခဲ့လေသည်။

အားထုံက နန်းကုန်းသက်ဘက် လှည့်လိုက်၏။ ယခုတစ်ကြိမ် နန်းကုန်းသက် စိတ်ဝင်စားနေဟန် ရှိသည်ကို တွေ့ရသဖြင့် ကျေနပ်သွားလေတော့သည်။

"ငါကသာ ကြေးစားသိုင်းသမားတွေကို မွေးမြူထားမယ်ဆိုရင် ငါ့ရဲ့ လုပ်ငန်းတွေကို ကာကွယ်နိုင်မယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ... မိုးမြေဂိုဏ်းက မသမာသူတွေဟာ ကျွန်တော်တို့အနား ဘယ်လိုမှကပ်နိုင်မှာ မဟုတ်ပါဘူး"

နန်းကုန်းသက် လက်ကာပြလိုက်သည်။

"နေဦး ... မင်း အခုလိုပြောတာ မပြည့်စုံသေးဘူးထင်တယ်၊ မင်းမှာ နောက်ထပ် ဘာပြောစရာ ရှိသေးလဲ"

လီဆင်းက ...

"ဟုတ်ပါတယ် ... ကျွန်တော်တွေးမိတာက စုအိမ်းကို လွယ်လွယ်နဲ့ သုတ်သင်ရှင်းလင်းလို့ မရဘူးဆိုတာပါပဲ၊ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



က လူတစ်ယောက်ကည်းလျှက်ပြီး လူတစ်ထောင်ကျော်နဲ့ ရင်ဆိုင်ခိုင်းတာဟာ အဓိပ္ပာယ်မဲ့တဲ့ လုပ်ရပ်ပါ”

“ဘာကွ”

လီဆင်း စကားဆုံးသည်နှင့် အားထုံ ဒေါသတကြီး အော်ငေါက်ကာ ထိုင်ရာမှ ခုန်ထလိုက်လေသည်။

“ဘာလဲ ... ခင်ဗျားက ကျုပ်ကိုစော်ကားတာလား”

လီဆင်းက နန်းကုန်းသက်ကို ကြည့်လိုက်လေသည်။ နန်းကုန်းသက် သက်ပြင်းချလိုက်သည်။

“အားထုံ ... မင်း ပြန်ထိုင်လိုက်စမ်းပါ”

အားထုံ၏နွှာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ သူက တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ဘာမှမပြောတော့ဘဲ ထိုင်ချလိုက်လေသည်။ နန်းကုန်းသက်က လီဆင်းဘက်လှည့်ကာ ...

“မင်းမှာ ပြောစရာရှိရင် ဆက်ပြောပါဦး”

လီဆင်းက တည်ကြည်သောမျက်နှာထားဖြင့် ...

“ကျွန်တော်တို့ဟာ သိုင်းပညာထူးချွန်တဲ့ ကြေးစားသိုင်းသမားတွေကို မက်မောလောက်တဲ့ငွေပေးပြီး စည်းရုံးသိမ်းသွင်းထားဖို့ လိုပါလိမ့်မယ်”

“ကြေးစားအဖွဲ့တစ်ဖွဲ့ပေါ့ ... ဟုတ်လား”



“ဟုတ်ပါတယ် ... သူတို့ဟာ ငွေရမယ်ဆိုရင် ဘာမဆိုလုပ်မယ့် လူတွေ ဖြစ်ရပါလိမ့်မယ်၊ အဲဒီလိုလူစားမျိုးတွေကို မိတ်ဆွေကြီးအားထုံကပဲ ထိန်းသိမ်းကွပ်ကဲနိုင်ပါလိမ့်မယ်”

နန်းကုန်းသက် ထောက်ခံလိုက်လေသည်။

“ဟုတ်တယ် ... ဒီလုပ်ငန်းမျိုးဟာ သူနဲ့အသင့်တော်ဆုံးပဲပေါ့၊ ကဲ ... ဆက်ပြောပါဦး”

လီဆင်းအားတက်လာသည်။

“ကျွန်တော်တို့ရဲ့လူတွေဟာ အမြဲတမ်း အဆင်သင့် ဖြစ်နေရပါလိမ့်မယ်၊ စုအိမ်းရဲ့အခြေအနေသိရပြီဆိုတာနဲ့ ဘယ်လို သုတ်သင် ရှင်းလင်းနိုင်မယ်ဆိုတာ စီစဉ်လို့ရပါပြီ”

နန်းကုန်းသက်က အားထုံကို လှမ်းကြည့်လိုက်၏။ အားထုံ ပါးစပ်ပိတ်ထားလိုက်သည်။ လီဆင်းက ဆက်ပြော၏။

“ကျွန်တော့်လူတစ်ယောက်ကို မိုးမြေဂိုဏ်းထဲ လျှို့လျှို့ဝှက်ဝှက်ဝင်ပြီး စုံစမ်းခိုင်းထားပါတယ်၊ အခုဆိုရင် သူဟာ မိုးမြေဂိုဏ်းမှာ အရေးပါတဲ့လူ ဖြစ်မှန်းမသိဖြစ်နေပါပြီ၊ စုအိမ်းကို သုတ်သင်ရှင်းလင်းပစ်နိုင်တဲ့ အခွင့်အရေးမှာ သတင်းပို့ပေးပါလိမ့်မယ်”

လီဆင်း၏ လုပ်ရည်ကိုင်ရည် အကြံအစည်ကို အားထုံကော နန်းကုန်းသက်ပါ ကျေနပ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အားထုံသည် လီဆင်းအပေါ် ရန်လိုစိတ်များ ကွယ်ပျောက်သွားလေတော့သည်။ နန်းကုန်းသက်က ...

"လီဆင်း ... မင်းရဲ့လူနဲ့ ဘယ်လိုလုပ် ဆက်သွယ်မှာလဲ"

"ဒီကိစ္စအတွက် ကျွန်တော့်မှာ အစီအစဉ်ရှိပါတယ်၊ ထူးခြားမှုတစ်ခုခုဖြစ်ပေါ်လာတာနဲ့ သူ့ဆီက သတင်းရောက်လာမှာပါ၊ ကျွန်တော်တို့က စုအိမ်းကို သုတ်သင်ရှင်းလင်းပစ်နိုင်မယ့် အခွင့်အရေးကိုစောင့်ရင်း ကိုယ့်ဘက်က အဆင်သင့်ဖြစ်နေအောင် ကြိုတင်စီစဉ်ထားဖို့ပဲ အရေးကြီးပါတယ်"

နန်းကုန်းသက် နားလည်သဘောပေါက်သွားဟန်ဖြင့် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

"စုအိမ်းကို သုတ်သင်ရှင်းလင်းပြီးတာနဲ့ မင်းတို့နှစ်ယောက်ကို ငါက ထိုက်ထိုက်တန်တန် ဂုဏ်ပြုရမှာပေါ့၊ လီဆင်း ... စုအိမ်းရဲ့ သတင်းကို မျက်ခြည်မပြတ်စေနဲ့၊ အားထုံ ... မင်းကလည်း ကြေးစားအဖွဲ့တစ်ဖွဲ့ ဖြစ်လာအောင် အစွမ်းကုန် ကြိုးစားပေတော့၊ ငွေကြေးကို အကန့်အသတ်မရှိ သုံးနိုင်တယ်"

သူတို့သည် အန္တရာယ်များမှန်းသိလျက် ရင်ဆိုင်ရန်ကြိုးစားနေကြပြီဖြစ်သည်။

❒ ❒ ❒



## သူ့လူ ကိုယ့်ဘက်သား

ရှမ်းချစ်သည် မိုးမြေဂိုဏ်းသို့ ရောက်လာခဲ့သည်မှာ အချိန်ကာလ ကြာမြင့်လှသေးသည် မဟုတ်ပါ။

သို့သော် သူ၏အစွမ်းအစကို ပြသနိုင်ခဲ့သဖြင့် နေရာပေးခြင်းခံနေရပြီ ဖြစ်လေသည်။

မိုးမြေဂိုဏ်းသည် ကြူဟွီးအကျိုးဆောင်အဖွဲ့၏ လက်အောက်ခံစီးပွားရေးလုပ်ငန်းများကို တိတ်တဆိတ် တိုက်ခိုက်ဖျက်ဆီးပစ်ခဲ့လေသည်။

ဤတွင် ဝမ်းဖုံးအသစ်ဖွဲ့စည်းထားသော အဖွဲ့၌ သူ ပါဝင်ခဲ့ရ၏။ တိုက်ခိုက်လုယက်ရာ၌ လက်စွမ်းပြနိုင်ခဲ့သလို ဝမ်းဖုံးအတွက် ငွေအမြောက်အမြား၊ အဖိုးတန်ရတနာများ လုယက်ပေးနိုင်ခဲ့၏။

ထို့ကြောင့် ဝမ်းဖုံး၏လှူယုံတော်ဘဝသို့ နေ့ချင်းညချင်း ရောက်လာခဲ့ရပေသည်။ ထို့အပြင် ဝမ်းဖုံးက သူ့အား အိမ်ဟောင်း၌ တာဝန်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဟောင်းဆိုသည်မှာ မိုးမြေဂိုဏ်း၏ အဆောက်အအုံအဟောင်းဖြစ်၏။ မိုးမြေဂိုဏ်းဌာနချုပ်သည် မြို့လယ်တွင်ရှိသည့် အဆောက်အအုံအသစ်သို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ကျန်ရစ်ခဲ့သော အဆောက်အအုံကို မိုးမြေဂိုဏ်းသားများက အိမ်ဟောင်းများ ခေါ်ကြ၏။ ကြူဟွီးအကျိုးဆောင်အဖွဲ့သည် ဖရိုဖရဲဖြစ်ကာ ထိုနယ်ကို စွန့်ခွာသွားခဲ့ပြီဖြစ်သည်။

ရှမ်းချစ်အတွက် တိုက်ပွဲများ ပြီးဆုံးသွားခြင်းတည်း။ ထိုအခါ ဝမ်းဖုံးက သူ့အား အိမ်ဟောင်း၌ တာဝန်ချပေးခဲ့၏။ သူ့အား ချောင်ထိုးထားခြင်း ဖြစ်သည်ဟု ရှမ်းချစ် ယူဆမိ၏။

သို့သော် ယနေ့တွင် သူ၏အတွေး တက်တက်စင်မှားနေပြီဖြစ်ကြောင်း သိလိုက်ရလေတော့သည်။ အိမ်ဟောင်းတွင် မည်သူမျှ ဝင်ရောက်ခြင်း မပြုရဟု သက်မှတ်ထားသည့် နေရာတစ်ခု ရှိလေသည်။

ထိုနေရာပတ်လည်တွင် အစောင့်အကြပ်များ တင်းကျပ်စွာချထား၏။ ထိုအစောင့်အကြပ်များအား ဝမ်းဖုံးက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲရလေသည်။

ထိုနေရာက အစောင့်များသည် ဝမ်းဖုံး၏ အမိန့်မှလွဲပြီး အခြားမည်သူ၏ အမိန့်ကိုမျှ နာခံစရာ မလိုချေ။



ရှမ်းချစ်သည် အိမ်ဟောင်း၌ အခြေချထားသော ဝမ်းဖုံးလူယုံတော်များတွင် တစ်ယောက်အပါအဝင် ဖြစ်သော်လည်း တားမြစ်ထားသည့် နေရာသို့ သွားခွင့်မရှိပါ။

ယနေ့မှ ရှမ်းချစ်က သတိကြီးစွာထားရင်း တစ်လှမ်းချင်းလှမ်းသွားနေ၏။ သူ၏အနောက်ဘက်တွင် ဝမ်းဖုံးလိုက်ပါလာသည်။

ဝမ်းဖုံး၏အနောက်ဘက်တွင်မှ သက်တော်စောင့် နှစ်ယောက် လိုက်လာကြလေသည်။ ဝမ်းဖုံးသည် အိမ်ဟောင်းသို့ ရောက်သည်နှင့် သူ့အား ချက်ချင်းခေါ်တွေ့လေသည်။

တစ်ပတ်လျှင်တစ်ကြိမ် ဝမ်းဖုံးရောက်လာတတ်သည်ဖြစ်ရာ ရှမ်းချစ်က ဆီးကြိုရသည့်အဖွဲ့တွင် ခေါင်းဆောင်ကြီးဝမ်းဖုံး သတိပြုမိအောင် နေပြခဲ့သည် မဟုတ်လား။

ဝမ်းဖုံးကလည်း သူ့အား တွေ့မြင်သွားသည်နှင့် မှတ်မိသွားပြီး ချက်ချင်း ခေါ်ယူလိုက်၏။ ထို့နောက် သူနှင့်အတူ အိမ်ဟောင်း၏ တားမြစ်ထားသောနေရာသို့ လိုက်မည်ဖြစ်ကြောင်း အမိန့်ပေးခဲ့၏။

ဤတွင် ရှမ်းချစ်သည် သူစိစဉ်ထားသည့်အတိုင်း အံဝင်ခွင်ကျ ဖြစ်လာပြီဟု နားလည်လိုက်သည်။

အကြောင်းကား ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဟောင်း၏ထူးခြားချက်ကို သူက ကြိုး ကိုင်ထားသူထံ လျှို့ဝှက်စွာ သတင်းပို့လိုက်ရာ ကြိုးကိုင်ထားမိသူက သူ့အား တားမြစ်ထားသောနေရာဆီသို့ ထိုးဖောက် ဝင်ရောက်စုံစမ်းရန် အမိန့်ပေးလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

ရှမ်းချစ်သည် ကြိုးကိုင်သူ၏အမိန့်ကို တစ်သဝေမတိမ်း နာခံသူဖြစ်၏။ တားမြစ်ထားသော နေရာအနီးသို့ မယောင်မလည် ချဉ်းကပ်ခဲ့၏။

ဤသို့ဖြင့် သုံးရက်မြောက်သောနေ့တွင် တားမြစ်ထားသည့် နေရာ၌ စောင့်ကြပ်နေသော အစောင့်အကြပ်များ၏ ခေါင်းဆောင်နှင့် မျက်မှန်းတန်းမိလာသည်။

နောက်နှစ်ရက်ကြာသောအခါ သူတို့နှစ်ယောက် ညီရင်းအစ်ကိုသဖွယ် တစ်ဝိုင်းတည်းထိုင်ကာ အရက်သောက်ဖြစ်ကြတော့၏။

အစောင့်ခေါင်းဆောင်နှင့် ခင်မင်မှုရလျှင် ထိုလူအား ဖယ်ရှားရန် မခဲယဉ်းတော့ချေ။

ထိုလူသောက်သည့် အရက်ခွက်ထဲ ဆေးတစ်မျိုးထည့်ပေးလိုက်ရုံဖြင့် ထိုလူသည် အိပ်ရာမှမထနိုင်သော လူမမာတစ်ယောက် ဖြစ်သွားရ၏။



ထိုအချိန်၌ သူက ဝမ်းဖုံးမြင်သာအောင်နေလိုက်သည်နှင့် ဝမ်းဖုံးက သူ့အား လစ်ဟင်းသွားသော အဖွဲ့ခေါင်းဆောင်အဖြစ် ချက်ချင်း ရွေးချယ်လိုက်၏။

ယခုသူသည် ဝမ်းဖုံးနှင့်အတူ တားမြစ်ထားသော နေရာသို့ သွားနေပြီဖြစ်သည်။

မကြာမီ ထိုတားမြစ်ထားသောနေရာ၌ သူက တာဝန်ယူရပေတော့သည်။ သူ၏ ခြေလှမ်းရပ်လိုက်၏။ တားမြစ်ထားသော နေရာဆီသို့ ရောက်လာပြီတည်း။

ရှမ်းချစ်က ဝမ်းဖုံးအား လှည့်ကြည့်လိုက်လေသည်။ အစောင့်အကြပ်များသည် ဝမ်းဖုံးအား အရိုအသေပြုနေကြ၏။ ဝမ်းဖုံးက အားလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"အခြေအနေ ဘယ်လိုလဲဟေ့"

ဟု အသံဝါကြီးဖြင့် မေးလိုက်၏။ ထိုအခါ ခန္ဓာကိုယ် ဝဖိုင့်ဖိုင့်ရှိသူတစ်ယောက် ရှေ့သို့ လှမ်းထွက်လာ၏။ ထိုလူက ဦးညွှတ်လိုက်ပြီး ...

"အခြေအနေအားလုံးကောင်းပါတယ်ခင်ဗျာ၊ နေမကောင်းဖြစ်နေတယ်တဲ့ ဆရာ"

သူ၏စကားမဆုံးမီ ဝမ်းဖုံးက လက်ဝှေ့ယမ်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အနားပေးလိုက်တော့ ညှိုးသည်နေရာကို ရှမ်းချစ်က ခေါင်းဆောင်ပြီး တာဝန်ယူလိမ့်မယ်"

ရှမ်းချစ်အား ညွှန်ပြရင်း ပြောလိုက်၏။ ရှမ်းချစ်က ထိုလူအား ဖြီးပြလိုက်၏။ ထိုလူကလည်း ရှမ်းချစ်အား ဂါရဝပြုလိုက်လေသည်။ ဝမ်းဖုံးက ...

"ကဲ ... အထဲဝင်ကြည့်ကြရအောင်"

ဟု ပြောလိုက်၏။ ဝဝဖိုင့်ဖိုင့်ရှိသူက ခါးမှ ချိတ်ထားသော သော့တွဲကို ဖြုတ်ယူကာ သော့တစ်ချောင်း ရွေးချယ်ပြီး ပိတ်ထားသည့်တံခါးကို ဖွင့်လိုက်၏။

တံခါးပွင့်သွားသည်နှင့် အတွင်းဘက်ဝယ် သန့်ရှင်းသပ်ရပ်သော အခန်းငယ်တစ်ခန်း ရှိနေသည်ကို တွေ့ရလေသည်။ ဝမ်းဖုံးက

"ရှမ်းချစ်လက်ထဲ သော့တွဲအပ်လိုက်၊ ကဲ ... ငါ့နောက်လိုက်ခဲ့"

ရှမ်းချစ်က ဝဝဖိုင့်ဖိုင့်ရှိသူထံမှ သော့တွဲကို လက်ခံယူလိုက်သည်။ ထို့နောက် ဝမ်းဖုံးနောက်သို့ လိုက်သွား၏။

အတွင်းဘက်ရောက်လျှင် ခုတင်တစ်လုံးပေါ်၌ အရိုးပေါ် အရေတင် ပိန်လှီးချည့်နဲ့နေသည် လူမမာတစ်ယောက် လှဲလျောင်းနေသည်ကို တွေ့မြင်ရလေသည်။



ထိုလူသည် ပြူးကြောင်ကြောင်မျက်လုံးများဖြင့် ဝမ်းဖုံးကို ကြည့်နေ၏။

"ဂိုဏ်းချုပ်ကြီး ... နေလို့ကောင်းရဲ့လားဗျ"

ဝမ်းဖုံးက နှုတ်ဆက်လိုက်သည်။ ထိုစကားကြားလျှင် ရှမ်းချစ်၏နားထဲ အုံးခနဲမြည်သွားသည်ဟုပင် ထင်မှတ်လိုက်လေသည်။ ထိုလူသည် မိုးမြေဂိုဏ်းချုပ် မာထင်းဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည် မဟုတ်ပါလား။

မာထင်းသည် အဘယ်ကြောင့် လူမမာတစ်ယောက်ပမာ ဖြစ်နေရသနည်း။ အဘယ်ကြောင့် အစောင့်အကြပ်များစွာ စောင့်ကြပ်နေသည့် အခန်းတွင်း၌ ပိတ်လှောင်ထားခြင်း ခံနေရပါသနည်း။

မာထင်းအား စုအိမ်းက ဖမ်းဆီးချုပ်နှောင်ထားခြင်း ဖြစ်သည်ဟု ရှမ်းချစ် တွက်ဆမိလာ၏။ သူ လုံးဝ မျှော်လင့်မထားသည့်ကိစ္စပင်။

ဝမ်းဖုံးက မာထင်းကိုကြည့်ကာ သရော်ပြုံး ပြုံးလိုက်ပြီး ...

"ဂိုဏ်းချုပ်ကြီး ... မိုးမြေဂိုဏ်း ဘယ်လောက်တိုးတက်နေသယ်ဆိုတာ မြင်စေချင်လိုက်တာဗျာ၊ ဘယ်သူမှ ခေါင်းမော့မကြည့်ဝံ့သည်ထိ ဘယ်သူမှ အပြစ်မပြောရဲဘူး၊ ကျုပ်တို့အားလုံး လက်မှား

www.burmeseclassic.com

www.burmeseclassic.com



ငွေသီးနေကြတာပဲ၊ ခင်ဗျားလို မိုက်မဲတဲ့လူတစ်ယောက်ရဲ့ လက်ထဲမှာသာဆိုရင် မိုးမြေဂိုဏ်း ပျက်စီးပြီပေါ့၊ အခုတော့ ဂိုဏ်းချုပ်ကြီးနဲ့အိမ်းက အားလုံးကို လူနဲ့သူနဲ့တူအောင် လုပ်ပေးနိုင်ခဲ့ပြီလေ၊ မကြာခင်မှာ မိုးမြေဂိုဏ်းဟာ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး ဖြစ်လာရတော့မှာပေါ့ဗျာ ... ဟား ဟား ဟား"

သူ၏စကားသံနှင့် ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ သို့သော် မာထင်းသည် ဘာဆို ဘာမျှမကြားရသည့်အလား မျက်လုံးပြူးကြီးများဖြင့် ကြည့်နေ၏။

ဝမ်းဖုံးက ရှမ်းချစ်ဘက်သို့လှည့်ကာ ...

"ရှမ်းချစ် ... မင်းကို ငါက အရူးတစ်ယောက်ကို စောင့်ကြပ်ခိုင်းရမှာ စိတ်မကောင်းစရာဘဲ၊ ဒါပေမဲ့ မပူပါနဲ့ကွာ၊ မင်းသာ တာဝန်ကျေပါစေ၊ မင်းအတွက် ဆုကြေးကောင်းကောင်း ချီးမြှင့်မယ် ... ဟုတ်ပြီလား"

"ကျေးဇူးပါပဲခင်ဗျာ"

ရှမ်းချစ်က အလွန်ကျိုးနွံသောအမူအရာများဖြင့် ပြောလိုက်၏။

"ကဲ ... ငါသွားမှဖြစ်မယ်၊ ကုန်သည်ကြီးတွေရဲ့ လူယုံတော်တွေ ဒီကနေ့ရောက်လာကြလိမ့်မယ်၊ သူတို့ ငြိုးငြိုးငြက်ငြက် ပေး



မယ်ဆိုရင် ကြျပ်ဖွားနယ်ထဲမှာ ဘာမဆိုလုပ်ခွင့်ပေးရမှာပဲ"

ဝမ်းဖုံးက ပြောလိုက်၏။ ထို့နောက် အပြင်ဘက် လှမ်းကြည့်လိုက်၏။ ယခုတစ်ကြိမ် အခန်းတံခါးကိုပိတ်ကာ သော့ခတ်လိုက်သူမှာ ရှမ်းချစ်ဖြစ်လေသည်။

ရှမ်းချစ်သည် တားမြစ်ထားသောနေရာအား စောင့်ကြပ်ရသည့်အဖွဲ့၏ ခေါင်းဆောင်ဖြစ်လာပြီတည်း။ ရှမ်းချစ်က အိမ်ဟောင်း အပြင်ဘက်သို့တိုင် ဝမ်းဖုံးအား လိုက်လံပို့ဆောင်ပေးခဲ့၏။

ဝမ်းဖုံးက အိမ်ဟောင်းမှ ထွက်သွားခါနီး၌ ...

"ရှမ်းချစ် မသင်္ကာစရာကောင်းတဲ့လူတွေ့ရင် ငါ့ဆီကို ချက်ချင်း အကြောင်းကြားပါ"

"ကောင်းပါပြီခင်ဗျာ"

ရှမ်းချစ်ကလည်း လွန်စွာမှပင် တည်ကြည်သောမျက်နှာထားဖြင့် ကတိပေးလိုက်လေသည်။

❒

လှကောက် သက်ပြင်းချလိုက်သည်။ သူ၏ရှေ့သို့ ရောက်ရှိလာသည့် ယိုယွဲ့အား အားရကျေနပ်စွာ ကြည့်လိုက်လေသည်။ မမျှော်လင့်သောအချိန်တွင် သူ့ထံရောက်လာခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိုယွဲရောက်လာသည်နှင့် ရင်မောစရာစကားများ ကြားလိုက်ရလေတော့သည်။

"မုန်တိုင်းဂိုဏ်းကလူတွေလို ဟန်ဆောင်ပြီး ကြူပွှီးနယ်ထဲမှာ မွှေနှောက်ခဲ့တာဟာ မိုးမြေဂိုဏ်းရဲ့ လက်ချက်ပါပဲ"

"မာထင်းက ဘယ်လိုလုပ်ပြီး စိတ်ထားပြောင်းလဲသွားရတာလဲ၊ သူဟာ ဘဝတစ်လျှောက်လုံးမှာ ကောင်းတဲ့အလုပ်တွေချည်း လုပ်ခဲ့တာပဲ၊ အခုလို ဘာကြောင့်လုပ်ရတာလဲ"

လုကောက်က ပြန်လည်မေးခွန်းထုတ်မိလေသည်။ ယိုယွဲက ...

"မာထင်းရဲ့လက်ချက် မဟုတ်ပါဘူး၊ လက်ထောက်ဂိုဏ်းချုပ် စုအိမ်းရဲ့ အကြံအစည်တွေပါ၊ ဝမ်းဖုံး၊ ကျိုယန်ငှီးနဲ့ ကွမ်းကြူးယန်တို့ကလည်း တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ပါဝင်ခဲ့ကြပါတယ်၊ အခုဆိုရင် သူတို့ဟာ ဌာနချုပ်နေရာအဟောင်းကို စွန့်ပယ်ပြီး မြို့လယ်မှာ ဌာနချုပ်အသစ် ဖွင့်လိုက်ပါတယ်၊ မိုးမြေဂိုဏ်းဟာ မျက်လှည့်ပြလိုက်တယ်ထင်ရအောင် အပြောင်းလဲကြီး ပြောင်းလဲသွားပါတယ်၊ ထူးခြားတာက စုအိမ်းဟာ မိုးမြေဂိုဏ်းကို မုန်တိုင်းဂိုဏ်းထက်သာအောင် ကြိုးစားနေတာပါပဲ၊ သူက မုန်တိုင်းဂိုဏ်းကို တစ်နေ့မဟုတ် တစ်နေ့ ဒုက္ခပေးလာမှာ သေချာပါတယ်"



"ဟာ ... မဖြစ်နိုင်တာ"

လုကောက် ခါးခါးသီးသီး ငြင်းဆန်လိုက်လေသည်။ ယိုယွဲ ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်၏။ လုကောက်က ...

"ယိုယွဲ ... မင်း သေချာရဲ့လား"

"ကျွန်တော့်ကို အချိန်သုံးလလောက်ပေးပါ ဆရာ၊ သူတို့ရဲ့ အကြံအစည်ကို ကျွန်တော် သက်သေအထောက်အထားနဲ့ ဖော်ထုတ်ပြပါ့မယ်"

ယိုယွဲသည် သူ့အတွက် အသက်စွန့်ရန် ဝန်မလေးသူ ဖြစ်သည့်အလျောက် ယိုယွဲ၏စကားကို အလေးအနက်ထားရမည်ဟု ဆင်ခြင်မိသည်။ ထို့ကြောင့် ...

"ကောင်းပြီလေ ... မင်းကို အချိန်ပေးလိုက်မယ်၊ ဒါပေမဲ့ မျက်နှာပျက်စရာတွေ မဖြစ်အောင်တော့ ဂရုစိုက်ရလိမ့်မယ်"

"စိတ်ချပါ ဆရာ"

"စုအိမ်းက ဘယ်လိုလုပ် ဒီလောက်တောင် ပြောင်းလဲသွားရတာလဲ"

လုကောက်က ညည်းညူလိုက်သည်။ ယိုယွဲက ...

"ဆရာက သူ့ကို အလည်ခေါ်လိုက်တာကြောင့် ထင်ပါတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



“ဟေ”

လုကောက် မျက်လုံးပြူးသွား၏။

“ငါက သူ့ကို အလည်ခေါ်လိုက်လို့ ... ဟုတ်လား”

“ဟုတ်ပါတယ်၊ သူဟာ မိုးမြေဂိုဏ်းမှာ ဒုဂိုဏ်းချုပ်ဆိုပေမယ့် အင်မတန် ဆင်းဆင်းရဲရဲ နေခဲ့ရပါတယ်၊ ဒါကြောင့် သူ့ရဲ့စိတ်ထားက ပြောင်းလဲသွားတာ ဖြစ်ပါလိမ့်မယ်”

လုကောက် ငိုင်သွား၏။ စုအိမ်း၏သဘောထား ပြောင်းလဲသွားရခြင်းမှာ အဘယ်ကြောင့်ဆိုသည်ကို သူစဉ်းစား၍ မရနိုင်ခဲ့ပါ။ ယခု နားလည်သဘောပေါက်သလို ရှိလာ၏။

တစ်ဆက်တည်းပင် စိုးရိမ်စိတ်များ ဖြစ်ပေါ်လာသည်။ ယိုယွဲ၏စကားမှန်လျှင် စုအိမ်းသည် မုန်တိုင်းဂိုဏ်းအား ချေဖျက်ရန် ဝန်လေးမည်မဟုတ်ပါ။ လုကောက် အာခေါင်ခြောက်ကပ်လာ၏။

“ယိုယွဲ”

“အမိန့်ရှိပါ ဆရာ”

“စုအိမ်းမှာ ဘယ်လိုအကြံအစည်ရှိတယ်ဆိုတာ အမြန်ဆုံး သိရအောင် ကြိုးစားပါ”

“စိတ်ချပါ ဆရာ”

“ကောင်းပြီ ... မင်းသွားတော့”



ယိုယွဲသည် လုကောက်အား ဂါရဝပြုကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

❒

စုအိမ်း၏မျက်နှာ ညိုမည်းသွားသည်။ ကွမ်းကြိုးယန်ကို မကျေမနပ် ကြည့်လိုက်လေသည်။ ကွမ်းကြိုးယန် ခေါင်းငုံ့သွား၏။

ဝမ်းဖုံးနှင့် ကျိုယန်စိုးတို့လည်း နေမထိထိုင်မသာ ဖြစ်သွားကြလေသည်။

“ကွမ်းကြိုးယန် မအောင်မြင်ဘူးဆိုတာ အမှန်ပဲလား”

စုအိမ်းက မေးလိုက်လေသည်။ ကွမ်းကြိုးယန် တံတွေးမျိုချလိုက်ပြီး ...

“ဟုတ် ဟုတ်ပါတယ် ဆရာ”

“ကဲ ... မအောင်မြင်ရတဲ့အကြောင်းတွေကို ပြောစမ်းပါဦး”

ကွမ်းကြိုးယန်လည်း မတတ်သာဘဲ ရှင်းပြရလေသည်။

“မနက်က အနယ်နယ်အရပ်ရပ်က ကုန်သည်ကြီးတွေရဲ့ လူယုံတော်တွေ ရောက်လာခဲ့ကြပါတယ်”

“ဒါကို ငါသိတယ်၊ ဘာကြောင့် မအောင်မြင်ခဲ့ရသလဲ ဆိုတာလည်း ငါသိချင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရဲ့ စည်းကမ်းချက်တွေကို လက်မခံနိုင်ကြလို့ပါ"

"ဘာကွ"

စုအိမ်း၏အသံ ဟိန်းထွက်လာပြန်သည်။ ယခုတစ်ကြိမ် ကွမ်းကြိုးယန် ခေါင်းငုံ့သွားခြင်း မရှိတော့ဘဲ ဆက်၍ ရှင်းပြလိုက်သည်။

"ကျွန်တော်တို့က ကြူးဟွီးနယ်မှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ခွင့်ပြုမယ်၊ ဒါပေမဲ့ ကျွန်တော်တို့ကို တစ်နှစ် ငွေ ဆယ်သိန်း ထောက်ပံ့ရမယ်၊ ကြားထဲမှာ ကိစ္စရှိလို့ လိုအပ်ရင်လည်း ထောက်ပံ့ရမယ်၊ တချို့လုပ်ငန်းတွေမှာ ကျွန်တော်တို့နဲ့ စပ်တူ ပါဝင်လုပ်ကိုင်မယ်ဆိုတဲ့ စည်းကမ်းချက်တွေကို သူတို့က လက်မခံခဲ့ပါဘူး"

စုအိမ်း ငြိမ်နေ၏။ ကွမ်းကြိုးယန်က ဆက်ပြောသည်။

"သူတို့က စည်းကမ်းချက်တွေကို တစ်ခုမှ လက်မခံပါဘူး။ မိုးမြေဂိုဏ်းဟာ မကြာသေးခင်က ဖြစ်ခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ယုံကြည်ကိုးစားဖို့ ခက်တဲ့အကြောင်းကို ဦးတည်ပြောပြီး သူတို့ကို ဘယ်လိုမှ အန္တရာယ်မဖြစ်စေရပါဘူးဆိုတဲ့ ကတိရတာတောင်မှ ငါးနှစ်လောက် စမ်းသပ်လုပ်ကိုင်ကြည့်မယ်၊ ငါးနှစ်ပြည့်မှ ဆက်လုပ်ဖြစ်ရင် အကျိုးအမြတ်ပေါ် မူတည်ပြီး ဆယ်ပုံတစ်ပုံလောက်



ထောက်ပံ့မယ်လို့ တညီတညွတ်တည်း ပြောကြပါတယ်"

"သူတို့အားလုံး ကြိုတင်ညှိနှိုင်းလာကြတာ ဖြစ်မယ်"

"သေချာပါတယ် ဂိုဏ်းချုပ်ကြီး။ ကြူးဟွီးအကျိုးဆောင်အဖွဲ့ ဖရိုဖရဲဖြစ်သွားတာဟာ မိုးမြေဂိုဏ်းရဲ့ လက်ချက်လို့ သူတို့ သံသယမကင်းဖြစ်နေပါတယ်"

"ဒါဆိုရင် ကြူးဟွီးနယ်မှာ စီးပွားရေးလုပ်ငန်း လာလုပ်ချင်တဲ့လူ မရှိတော့ဘူးပေါ့"

ကွမ်းကြိုးယန် ပါးစပ်ပိတ်ထားလိုက်သည်။ စုအိမ်း သက်ပြင်း ချလိုက်သည်။

သူ့အကြံအစည်များသည် အံဝင်ခွင်ကျ ဖြစ်မြောက်အောင်မြင်ခဲ့သည်။ ယခု မိုးမြေဂိုဏ်းနှင့်ကြူးဟွီးနယ်သည် သူ၏ လက်ခုပ်ထဲသို့ရောက်လာပြီဖြစ်သည်။

ထိုအခါမှ ကြူးဟွီးနယ်ရှိ စီးပွားရေးလုပ်ငန်းများမှ ရရှိမည့်ငွေကို လက်လွှတ်ဆုံးရှုံးရမည့်အဖြစ်မျိုးနှင့် ကြုံတွေ့နေရပြီ ဖြစ်သည်။

စီးပွားရေးလုပ်ငန်း ကြီးကြီးကျယ်ကျယ် လာရောက်လုပ်ကိုင်မည့်သူမရှိလျှင် ကြူးဟွီးနယ်၏ တိုးတက်မှုအရှိန်အဟုန် လျော့ကျသွားပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမြေဂိုဏ်းအတွက်လည်း ငွေတနင့်တပိုး ရစရာအကြောင်း မရှိတော့ပါ။ စုအိမ်း မျက်နှာပျက်နေ၏။ ကြုံတွေ့ရမည့် အခြေအနေဆိုးမှ လျှင်မြန်စွာ ရုန်းထွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် ကွမ်းကြိုးယန်ကို စိုက်ကြည့်ကာ ...

"တို့ဆီကို လာချင်တဲ့လူ မရှိတော့ဘူးတဲ့လား"

ကွမ်းကြိုးလင်းက ...

"ကုန်သည်ကြီးတွေ အားလုံးကတော့ ခေါင်းမာမာနဲ့ တင်းခံနေကြပါတယ်၊ ကုန်သည်လေးတွေကို စည်းရုံးသိမ်းသွင်းရင်တော့ ရနိုင်ကောင်းပါတယ်"

စုအိမ်း ခေါင်းယမ်းလိုက်သည်။

"ငါက ငါးကြီးကြီးပဲလိုချင်တာ"

"ဒါဆိုရင်တော့ ကျွန်တော်တို့ရဲ့စည်းကမ်းချက်တချို့ကို ပြန်ပြီးပြင်ဆင်ရမှာ ဖြစ်ပါတယ်"

ထိုအချက်ကို စုအိမ်း လက်မခံနိုင်ပါချေ။

"မဖြစ်ဘူး ... စည်းကမ်းချက်တွေ ပြင်လိုက်တာနဲ့ မိုးမြေဂိုဏ်းဟာ လူကဲ့ရဲ့စရာကြီး ဖြစ်သွားလိမ့်မယ်၊ တခြားနည်းလမ်းတစ်မျိုး အမြန်ဆုံးရအောင်ရှာပါ"



ကွမ်းကြိုးယန်က ဝမ်းဖုံးနှင့်ကျိုယန်ဝိုးတို့အား လှမ်းကြည့်လိုက်လေသည်။ သူတို့လည်း စိတ်ပျက်နေကြသည်ကို တွေ့ရ၏။ ကွမ်းကြိုးယန် သက်ပြင်းချလိုက်ပြီး ...

"ကောင်းပါပြီ၊ ကျွန်တော့်ကို သုံးလလောက် အချိန်ပေးပါ။ အကောင်းဆုံး နည်းလမ်းရှာဖွေပြီး တင်ပြပါ့မယ်"

သုံးလဟူသောအချိန်မှာ များလွန်းသည်ဟု စုအိမ်း ယူဆမိ၏။ သို့သော် ကွမ်းကြိုးယန်သည် အမှန်တကယ် လိုအပ်၍သာ အချိန်တောင်းခြင်းဖြစ်ကြောင်း စဉ်းစားမိ၏။

"ကောင်းပြီ ... ဒီကနေ့ကစပြီး သုံးလတင်းတင်းပြည့်တဲ့နေ့မှာ မင်းဆီက အကောင်းဆုံးနည်းလမ်းကို ငါသိချင်တယ်"

ကွမ်းကြိုးယန် ယခု အသက်ရှူချောင်သွား၏။ စုအိမ်းက လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... သွားကြတော့"

ကွမ်းကြိုးယန်၊ ဝမ်းဖုံးနှင့် ကျိုယန်ဝိုးတို့မှာ လှောင်ချိုင့်မှ လွတ်သော ငှက်ကလေးများပမာ ခပ်သွက်သွက် ထွက်လာခဲ့ကြ၏။

❑

လီဆင်း၏မျက်နှာ ပြုံးရွှင်နေလေသည်။ [illegible]ရွက်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် သူ၏လက်မှာ တုန်တုန်ယင်ယင် ဖြစ်နေ၏။ နန်းကုန်းသက်၏ အခန်းတွင်းသို့ ကြိုတင်ခွင့်တောင်းခြင်း မပြုမိဘဲ ပြေးဝင်သွားမိ၏။

ထို့ကြောင့် အားထုံက သူ့အား ဟန့်တားလိုက်လေတော့သည်။

"ခင်ဗျားရပ်လိုက်ရင် ကောင်းမယ်"

လီဆင်းမှာ အားထုံ၏ဟန့်တားမှုကြောင့် ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားလေသည်။ အားထုံကို ပါးစပ်အဟောင်းသားဖြင့် တစ်ချက်ကြည့်လိုက်ပြီးမှ ...

"ကျုပ်ရဲ့ လူယုံတော်ဆီက စာရောက်လာတယ်၊ အရေးကြီးတဲ့သတင်း ပါလာလို့ သူဌေးကြီးကို သွားတွေ့မလို့"

အားထုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ဒီမှာခဏစောင့်ပါ"

စကားဆုံးလျှင် အတွင်းဘက်ဝင်သွား၏။ မကြာပါချေ ပြန်ထွက်လာပြီး ...

"ဝင်ခဲ့ပါ"

လီဆင်း အတွင်းဘက်သို့ ဝင်သွားသောအခါ အားထုံလည်း ထပ်ကြပ်မကွာ လိုက်ပါလာလေသည်။ နန်းကုန်းသက်က အဆင်သင့် စောင့်ကြိုနေသည်ကို တွေ့ရ၏။



"လီဆင်း ... အရေးကြီးတဲ့ သတင်းရတယ်ဆို"

"ဟုတ်ပါတယ် ဆရာ"

"ဘယ်လိုသတင်းများလဲ ... ပြောစမ်းပါဦး"

"ကျွန်တော်လွှတ်ထားတဲ့ လူယုံတော်ဟာ မိုးမြေဂိုဏ်းထဲကို ထိုးဖောက်လို့ အတော်ကြီးခရီးရောက်နေပါပြီ၊ မကြာခင်က မိုးမြေဂိုဏ်းဟာ အနယ်နယ်အရပ်ရပ်က ကုန်သည်ကြီးတွေကို ဖိတ်ကြားပြီး ကြူပွီးနယ်မှ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ ပြောတယ်"

ထိုစကားကြားလျှင် နန်းကုန်းသက် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

လီဆင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ နန်းကုန်းသက်ကို နားမလည်နိုင်စွာ ကြည့်လိုက်၏။ နန်းကုန်းသက်က ...

"လီဆင်း ... ငါ ဘာကြောင့် ရယ်တယ်ဆိုတာ မင်း အံ့ဩနေတာလား၊ ရယ်စရာကောင်းလို့ပေါ့ကွ၊ ကြူးပွီးနယ်မှာ ငါ့ရဲ့ လုပ်ငန်းတွေ ဆုံးရှုံးသွားရပြီးတဲ့နောက် ဘယ်သူကသွားပြီး လုပ်ရဲပါ့မလဲ၊ ငါ့မိတ်ဆွေတွေကို ငါက ကြူပွီးနယ်မသွားဖို့ ပြောထားသေးတာပဲ"

ကုန်သည်ကြီးများ ကြူပွီးနယ်အား လက်ရှောင်ကြရသည့် အကြောင်းရင်းကို သခုမှ လီဆင်းနားလည်လိုက်၏။ နန်းကုန်းသက်

www.burmeseclassic.com

www.burmeseclassic.com



တ လက်ဖွေ့ယမ်းပြလိုက်ပြီး ...

"ကဲ ... ဆက်ပြောစမ်းပါဦးကွာ"

လီဆင်းက ...

"ပိုပြီး ထူးခြားတဲ့သတင်းကတော့ မိုးမြေဂိုဏ်းရဲ့ လုပ်ရပ်တွေဟာ ဒုဂိုဏ်းချုပ်စုအိမ်းရဲ့ သဘောထားတွေချည်း ဖြစ်နေတယ် ဆိုတာရယ်၊ စုအိမ်းက သူ့လုပ်ရပ်ကို သဘောမတူတဲ့ ဂိုဏ်းချုပ်ကြီး မာထင်းကို ဖမ်းဆီးချုပ်နှောင်ထားတယ်ဆိုတာပါပဲ"

ယခုတစ်ကြိမ် အကြီးအကျယ် အံ့သြသွားရသူမှာ နန်းကုန်းသက် ဖြစ်လေသည်။ လီဆင်းကို မယုံကြည်နိုင်သလိုကြည့်ကာ ...

"ဘာ ဘာကွ ... စုအိမ်းက မာထင်းကို ဖမ်းချုပ်ထားတယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ... အိမ်ဟောင်းလို့ခေါ်တဲ့ သူတို့ရဲ့ဌာနချုပ်ဟောင်းမှာ အစောင့်အကြပ်တွေချပြီး ချုပ်နှောင်ထားတာပါ၊ အပြင်လူတွေ မသိနိုင်အောင် မာထင်းဟာ ကျန်းမာရေးမကောင်းလို့ ဘယ်သူနဲ့မှ မတွေ့နိုင်ဘူးလို့ သတင်းလွှင့်ထားပါတယ်"

"စုအိမ်းက မာထင်းကို ချုပ်နှောင်ထားပြီး သူလုပ်ချင်ရာတွေ လျှောက်လုပ်နေတယ်ဆိုတဲ့ သဘောပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ"



နန်းကုန်းသက်က လက်တစ်ဖက် ဖွေ့ယမ်းလိုက်ပြီး ...

"သူက ငါတို့ကို အလဲထိုးခဲ့တယ်၊ ငါတို့ကလည်း သူ့ကို အလဲထိုးနိုင်တော့မှာပေါ့ကွာ"

"ဆရာက"

"သူ့ရဲ့လုပ်ရပ်တွေကို ဖော်ထုတ်လိုက်မယ်ဆိုရင် စုအိမ်းဟာ လမ်းဘေးရေမြောင်းထဲက ကြွက်စုတ်တစ်ကောင်ဘဝကို ချက်ချင်း ရောက်သွားလိမ့်မယ်"

သူသည် စုအိမ်းအား လုံးဝ မကျေနပ်သူ မဟုတ်ချေ။ ထို့ကြောင့် အခွင့်အရေးရသည်နှင့် ပြတ်ပြတ်သားသား တိုက်ခိုက်တော့မည်ဖြစ်ကြောင်း လီဆင်းနားလည်ထား၏။ နန်းကုန်းသက်က ...

"မင်းရဲ့လူယုံဆီက ရတဲ့သတင်းတွေကို ဖြန့်ချိလိုက်မယ်ဆိုရင် စုအိမ်းရဲ့လုပ်ရပ်တွေ ဘွားဘွားကြီးပေါ်လာပြီး လုံးဝ နလန်ထူနိုင်တော့မှာ မဟုတ်ဘူးကွ"

ယခုတစ်ကြိမ် လီဆင်းက သဘောမတူနိုင်ဘဲဖြစ်သွားလေသည်။ ရရှိထားသော လျှို့ဝှက်သတင်းသည် အရေးပါသည်ဆိုသော်လည်း စုအိမ်း၏ဘဝ ပြောင်းလဲသွားစေနိုင်လောက်အောင် ထိုးနက်တိုက်ခိုက်နိုင်မည် မထင်ပါ။

စုအိမ်းအားတိုက်ခိုက်ရန် အထောက်အကူပြုသည့် တစ်

www.burmeseclassic.com

www.burmeseclassic.com



စိတ် တစ်ဒေသသာလျှင် ဖြစ်ပေလိမ့်မည်။ နန်းကုန်းသက်က ...

"လီဆင်းတို့က သူ့ကို သုံးမလို့ရဖြို မဟုတ်လား"

လီဆင်း ခေါင်းယမ်းလိုက်သည်။

"မလုံလောက်သေးဘူးလို့ ထင်ပါတယ်"

"ဘာဖြစ်လို့လဲ"

နန်းကုန်းသက်၏လေသံတွင် မကျေနပ်ခြင်း၊ စိတ်မရှည်ခြင်း၊ အားမလိုအားမရဖြစ်ခြင်း စသည့် အဓိပ္ပာယ်များက ကပ်ငြိနေ၏။ လီဆင်းက ...

"ကျွန်တော်တို့ရထားတဲ့ သတင်းတွေကို ဖော်ထုတ်လိုက်မယ်ဆိုရင် သူကလည်း မဟုတ်မမှန်သတင်းတွေသာ ဖြစ်ပါတယ်လို့ ချက်ချင်းချေဖျက်ပစ်လိုက်မှာပဲ၊ အဆိုးဆုံးကတော့ အတွင်းကျကျ သစ္စာဖောက်တစ်ယောက် ရှိနေတယ်ဆိုတာ သိသွားမှာပဲ၊ ကျွန်တော်တို့ဘက်က ဘယ်လိုမှ အမြတ်ထွက်စရာမရှိပါဘူး"

နန်းကုန်းသက် စိတ်ပျက်သွား၏။ ခုံတစ်လုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ လီဆင်းက အခြေအနေကို စောင့်ကြည့်နေသည်။

သူ၏လူယုံထံမှ သတင်းရသည်နှင့် စုအိမ်းအား ထိုးနှက်တိုက်ခိုက်ရန် အကောင်းဆုံးသောအကြံအစည်ကို တွေးတောစဉ်းစား



မိငြိဖြစ်သည်။

ယခုအချိန်သည် ... သူ၏အကြံအစည်ကို ဖွင့်ပြောရန် အကောင်းဆုံးအချိန် ဖြစ်သည်ဟု တွေးမိသည်။ ထို့ကြောင့် ...

"ဆရာ ... စုအိမ်းကို ထိုးနှက်တိုက်ခိုက်ဖို့ အကောင်းဆုံးနည်းလမ်းတစ်ခု ကျွန်တော် စဉ်းစားမိထားပါတယ်"

ဟု ပြောလိုက်၏။ နန်းကုန်းသက်၏ မျက်လုံးများ ဝင်းလက် တောက်ပြောင်လာသည်။ လီဆင်းကို စိုက်ကြည့်လိုက်ပြီး ...

"ပြောစမ်းပါဦးကွ"

"ကျွန်တော်တို့ရထားတဲ့ သတင်းအတိုင်းဆိုရင် မာထင်းဟာ အခက်ကျနေပါတယ်"

"မာထင်း ... ဟုတ်လား၊ ငါတို့ကို ဒုက္ခပေးနေတာ စုအိမ်းကွ"

"မှန်ပါတယ် ... ဒုက္ခပေးတာက စုအိမ်းပါ၊ မာထင်း မဟုတ်ပါဘူး"

"မာထင်းမဟုတ်လည်း ဘာထူးလို့လဲ၊ စုအိမ်းက သူ့ကို တောင် ဖမ်းချုပ်ထားပြီး လုပ်ချင်ရာ လျှောက်လုပ်နေတာပဲ မဟုတ်လား"

လီဆင်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက မာထင်းကို ဖမ်းချုပ်ထားတယ်ဆိုတော့ သူ့ရဲ့လုပ်ရပ်တွေကို မာထင်းက သဘောမတူဘူးဆိုတာ ထင်ရှားနေတာပေါ့"

"ထင်ရှားတော့ကော ဘာတတ်နိုင်မှာလဲကွာ"

"မိုးမြေဂိုဏ်းမှာ မာထင်းဟာ ဂိုဏ်းချုပ်ပါ။ အခုအချိန်အထိလည်း ဂိုဏ်းချုပ်ပါပဲ၊ သူ အသက်ရှင်နေသေးသရွေ့ ဂိုဏ်းချုပ်ဖြစ်နေဦးမှာပါ"

နန်းကုန်းသက် မျက်မှောင်ကြုတ်သွား၏။ လီဆင်းကို တစ်ချက်ကြည့်လိုက်ပြီး ...

"မင်းဆိုလိုတာက"

ဟု စကားထောက်ပေးလိုက်၏။ လီဆင်းက ...

"မာထင်းက စုအိမ်းဟာ ဘယ်လိုဘယ်ပုံ အကောက်ကြံခဲ့တယ်ဆိုတာ ထုတ်ဖော်ပြောနိုင်မယ်ဆိုရင် စုအိမ်းဟာ အလိုလို ပျက်စီး ဆုံးရှုံးသွားရမှာပဲ၊ ကျွန်တော်တို့ လျှို့ဝှက်သတင်းကို ဖော်ထုတ်လိုက်တာထက် အဆပေါင်းများစွာ ပိုပြီး ထိရောက်ပါလိမ့်မယ်"

နန်းကုန်းသက် ခေါင်းယမ်းလိုက်သည်။

"မင်းကလည်း မဖြစ်နိုင်တာတွေ ပြောနေပြန်ပြီ၊ မာထင်းကို သူက ဖမ်းထားတာပဲ၊ မာထင်း ဘယ်လိုလုပ် လူသိရှင်ကြားရှင်းပြနိုင်မှာလဲကွ"



လီဆင်း ပြုံးလိုက်သည်။

"မာထင်းဟာ မကြာခင် လွတ်မြောက်လာမှာပါ"

"ဟေ"

နန်းကုန်းသက် ထိုင်ရာမှထလိုက်သည်။ လီဆင်းအား မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ ...

"မင်း"

"ဟုတ်ပါတယ်၊ ကျွန်တော်ရဲ့လူယုံကြီးဆီတွေနေပြီး မာထင်းကို ဘယ်လိုချုပ်နှောင်ထားတယ်၊ အစောင့်အကြပ်တွေ ဘယ်လိုများထားတယ်ဆိုတာ သိရပါလိမ့်မယ်၊ ကျွန်တော်တို့က လက်ရွေးစင်တစ်စုရှာပြီး အိမ်ဟောင်းမှာ အဖမ်းခံနေရတဲ့ မာထင်းကို ကယ်တင်လိုက်မယ်ဆိုရင်"

နန်းကုန်းသက် လက်ဝှေ့ယမ်းပြလိုက်သည်။

"ကောင်းပြီ အခုချက်ချင်း မာထင်းကို သွားကယ်ပေတော့"

ဟု ပြောလိုက်သည်။ လီဆင်း ပြုံးလိုက်ပြန်သည်။

"ဒီကိစ္စဟာ ဖြုန်းစားကြီး ထလုပ်လို့မရတဲ့ကိစ္စတစ်ခုပဲ၊ ကျွန်တော်တို့ အချိန်ယူရပါလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့က လက်ရွေးစင်တွေကို စနစ်တကျရွေးချယ်ရ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပြီးရင် အိမ်ဟောင်းကို လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်နိုင်အောင် လေ့ကျင့်ရမယ်၊ ကျွန်တော်တို့ကလည်း အိမ်ဟောင်းကနေပြီး ဆီးကြိုကူညီရပါလိမ့်မယ်၊ ဟာကွက် လွတ်ထွက်မရှိ ထောင့်စေ့အောင် ကြိုတင်စီစဉ်ပြီးမှ ဆောင်ရွက်တာဟာ ကောင်းပါလိမ့်မယ်၊ တကယ်လို့ လောကြီးပြီး သွားကယ်မယ်ဆိုရင် မအောင်မြင်ဖို့က များပါတယ်၊ စုအိမ်းအတွက် အိမ်ဟောင်းကို ဂရုစိုက်ဖို့ သတိပေးလိုက်သလို ဖြစ်သွားပါလိမ့်မယ်၊ ဒါဆိုရင် မာထင်းကို ကယ်တင်ဖို့နောက်ထပ် ဘယ်လိုမှ ကြိုးစားလို့ရတော့မှာ မဟုတ်ဘူး”

နန်းကုန်းသက်သည် လီဆင်း၏ အရည်အချင်းကို သိမြင်သွားပြီ ဖြစ်လေသည်။ ထို့ကြောင့် အကောင်းဆုံးသော ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။

“လီဆင်း … ဒီကိစ္စတွေအားလုံး မင်းပဲ တာဝန်ယူဆောင်ရွက်ပါ၊ ကျုပ်ကို ခွင့်တောင်းနေစရာ မလိုဘူး၊ မင်းကြိုက်သလို စီစဉ်နိုင်တယ်၊ ကုန်ကုန်ပြောရရင် အားလုံးကတောင် မင်းရဲ့စကားကိုနားထောင်ရလိမ့်မယ်”

လီဆင်းက အားတုံ့အား ကြည့်လိုက်သည်။ အားထုံ ခေါင်းငုံ့သွားလေတော့သည်။ နန်းကုန်းသက်က …

“လီဆင်း … မင်းဟာ ဒီကိစ္စကို ဘယ်တော့စမလဲ၊ အောင်



မြင်တဲ့အထိ အချိန်ဘယ်လောက်ကြာမလဲ ငါသိချင်တယ်”

ဟု မေးလိုက်သည်။ လီဆင်းက …

“အများဆုံး သုံးလပါ၊ သုံးလအတွင်း သေချာပေါက် အောင်မြင်ရမယ်လို့ ကျွန်တော် အာမခံပါတယ်”

နန်းကုန်းသက် သဘောကျသွား၏။

“ကောင်းတယ်၊ တို့တစ်တွေ စုအိမ်းကို ကောင်းကောင်းကြီး ဆုံးမကြသေးတာပေါ့”

ပြောပြီး ရယ်မောလိုက်သည်။ လီဆင်းလည်း ရယ်မောလိုက်လေသည်။ သူ၏ မျက်လုံးထဲဝယ် ကြူဟွီးနယ်မှ လုပ်ငန်းများကို ပြန်လည်မြင်ယောင်နေမိလေသည်။

ထိုစဉ်က အမြတ်ငွေများကို နန်းကုန်းသက်ထံ ပို့ပေးရသည့်အပြင် သူ့အတွက်လည်း မည်သူမျှ မသိအောင် တိတ်တဆိတ် ဝှက်ယူထားနိုင်ခဲ့သည် မဟုတ်လား။

စုအိမ်း၏ လျှပ်တစ်ပြက် ထိုးနှက်မှုခံလိုက်ရသောအခါ သူပိုင်ဆိုင်သမျှအားလုံး စွန့်လွှတ်ကာ ကိုယ်လွတ်ရုန်းပြေးလာခဲ့ရ၏။ ကြူဟွီးနယ်သို့ ပြန်သွားလိုသည့်ဆန္ဒ ပြင်းထန်နေသည်။

စုအိမ်းအား ချိုးဖျက်နိုင်မှသာ ကြူဟွီးနယ်သို့ ပြန်လာနိုင်မည်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နန်းကုန်းသက်၏ သဘောတူညီမှုရသည်နှင့် မာထင်အား ကယ်တင်မည့် အကြံအစည်ကို အကောင်အထည်ဖော်ရန် စိုင်းပြင်းလေတော့သည်။

❒

နန်းကုန်းသက်ကား အနားယူနေပြီဖြစ်လေသည်။ လီဆင်းနှင့် အားထုံတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ အားထုံသည် လီဆင်း၏အမိန့်ကို နာခံရမည်ဟု နန်းကုန်းသက်က အမိန့်ချလိုက်သောအခါ မကျေမနပ် ဖြစ်သွားဟန် ရှိ၏။

သို့သော် လီဆင်းသည် အရည်အချင်းပြည့်ဝသူ တစ်ယောက်ဖြစ်ကြောင်း သိထား၍ ဘာမှမပြောဘဲ နေလိုက်လေသည်။ လီဆင်းက ...

"မိတ်ဆွေ ... ကျုပ်က သူဌေးကြီးရဲ့ ဆုံးရှုံးသွားတဲ့ ပစ္စည်းဥစ္စာတွေအတွက် အလျော်ပြန်ရဖို့ အစွမ်းကုန် ကြိုးစားမယ်၊ ကျုပ်ကို ကူညီပါဗျာ"

ဟု ပြောလိုက်လေသည်။ အားထုံ ခေါင်းညိတ်လိုက်သည်။

"မိတ်ချွ ... ကျုပ် ဘယ်လိုကူညီရမလဲဆိုတာ ပြောပါ"

"ကျုပ်က စီးပွားရေးလုပ်ငန်းပိုင်း ကျွမ်းကျင်ပါတယ်၊ တိုက်



ခိုက်မှုကို လုံးဝနားမလည်ဘူး၊ ဒါကြောင့် စုအိမ်းရဲ့အိမ်ပေါင်းကို စီးနင်းတိုက်ခိုက်မှု ဖန်တီးတဲ့အခါ မိတ်ဆွေက အကြံဉာဏ်တွေ ရယူရမှာ ဖြစ်ပါတယ်၊ မိတ်ဆွေရဲ့အကြံဉာဏ်တွေဆိုတာ သူဌေးကြီးကို တင်ပြပေးမှာလည်း ဖြစ်ပါတယ်"

တာန်းတူရည်တူ အခွင့်အရေးပေးမည့်အကြောင်း ပြောပြလိုက်သောအခါ အားလုံးပို၍ ကျေနပ်သွားတော့၏။ အကြံအစည် အောင်မြင်လျှင် နှစ်ယောက်စလုံး ချမ်းသာကြွယ်ဝသည့်ဘဝကို ပိုင်ဆိုင်လာရလိမ့်မည်ဟု ယုံကြည်မိ၏။

ထို့ကြောင့် အားထုံက အားတက်သရော ထောက်ခံပြောဆိုလိုက်လေသည်။

"စိတ်ချပါဗျာ ... ကျုပ်က အစွမ်းကုန် ပူးပေါင်းဆောင်ရွက်မယ်လို့ ကတိပေးပါတယ်"

သူတို့နှစ်ယောက် မိတ်ဆွေရင်းခြာများပမာ ဖြစ်သွားကြလေတော့သည်။ အားထုံက ...

"ခင်ဗျားမှာ အကြံအစည်တစ်ခုခုတော့ ရှိတယ်မဟုတ်လား"

ဟု စကားစလိုက်၏။ လီဆင်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦးဗျာ"

"ကျုပ်တို့က ကြေးစားသိုင်းသမားတွေကို ငှားရမ်းရမယ်၊ သူတို့ဟာ မိုးမြေဂိုဏ်းရဲ့ အိမ်မှယောင်းကို တိုက်ခိုက်ပြီး ဟာထင်းကို ကယ်တင်ရလိမ့်မယ်"

အားထုံ ပြုံးလိုက်သည်။

"ဒီကိစ္စဟာ အပြောလွယ်သလောက် အလုပ်ခက်လိမ့်မယ်၊ ကြျုဟွီးနယ်မှာ မိုးမြေဂိုဏ်းသားတွေ လက်ညှိုးထိုးလို့ မလွယ်နိုင်ဘူး။ မာထင်းကိုကယ်မယ်ဆိုရင် ကြိုတင်အကွက်ချပြီး အစီအစဉ်တွေ ရေးဆွဲရမယ်၊ မြန်မြန်ဝင်တိုက် မြန်မြန်ဝင်ကယ်ပြီး မြန်မြန်ပြန်ထွက်လာအောင် လုပ်ကြရလိမ့်မယ်"

လီဆင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ဒီကိစ္စမှာ ခင်ဗျားကျွမ်းကျင်လိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်ဗျာ"

ထိုစကားကြားလျှင် အားထုံ ခေါင်းယမ်းလိုက်သည်။

"ကျုပ်က သိုင်းပညာတတ်တာ မှန်တယ်၊ ရန်သူနဲ့ သူသေကိုယ်သေ တိုက်ခိုက်ရဲတာမှန်တယ်၊ အခုလုပ်ရမယ့်အလုပ်ဟာ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်ကြရုံ မဟုတ်ဘူး။ သိပ်ကို နူးညံ့သိမ်မွေ့လွန်းတယ်"



"ခင်ဗျား မလုပ်နိုင်ဘူးလို့တော့ ကျုပ်မထင်ပါဘူး"

လီဆင်းက သွေးတိုးစမ်းသလို ပြောလိုက်လေသည်။ အားထုံ ပခုံးတွန့်လိုက်သည်။

"ခင်ဗျားမှားပြီ၊ ကျုပ်က တစ်စိတ်တစ်ဒေသလောက်ပဲ လုပ်ပေးနိုင်လိမ့်မယ်၊ ဒီကိစ္စအောင်မြင်အောင် အတွေ့အကြုံရင့်ကျက်တဲ့ လူတစ်ယောက်လိုလိမ့်မယ်ဗျ။ အဲဒီလူဟာ ကျုပ် မဟုတ်ဘူးနော်"

"ခင်ဗျားဆိုလိုတာက"

"ကြေးစားတွေပေါ့၊ တချို့ကြေးစားတွေဟာ တိုက်ခိုက်ဖို့လောက်ပဲ သိကြတယ်၊ ဒါပေမဲ့ တချို့ကတော့ ဉာဏ်ပညာပါ ပြည့်စုံကြတယ်၊ အဲဒီလိုလူမျိုးကျတော့ ဈေးများများ ပေးရလိမ့်မယ်"

လီဆင်း ပြုံးလိုက်သည်။

"ကျုပ်တို့ အစီအစဉ်နဲ့ လိုက်ဘက်ညီတဲ့လူကို စဉ်းစားမိလို့လား"

ဟု မေးလိုက်သည်။ အားထုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် စဉ်းစားမိတဲ့လူတစ်ယောက်ရှိတယ်"

"ဘယ်သူလဲ"

"ပိုးဖလံ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

လီဆင်း အံ့ဩသွားလေသည်။ အားထုံက ...

"ပိုးဖလံဟာ ကျုပ်တို့လုပ်ငန်းနဲ့ အသင့်တော်ဆုံးပါပဲဗျာ"

"နေပါဦး ... သူက ဘယ်လိုလူစားမျိုးလဲ"

အားထုံ ရယ်မောလိုက်သည်။

"နာမည်ကြောင့် ခင်ဗျားမေးနေတာလား၊ ပိုးဖလံဆိုတာ ပူမှန်းသိလျက်နဲ့ မီးကိုတိုးပြီး သေပွဲဝင်ကြတယ်လေဗျာ၊ အန္တရာယ်များမှန်းသိလျက် မကြောက်မရွံ့ ရှေ့တိုးရဲတဲ့လူမျိုးကို ပိုးဖလံလို့ ခေါ်ကြတာ မှားနေသလားဗျာ"

လီဆင်း ပါးစပ်ပိတ်ထားလိုက်လေသည်။ အားထုံက ဆက်ပြောလိုက်သည်။

"ပိုးဖလံဟာ သစ္စာရှိတယ်၊ ကတိတည်တယ်၊ သူ့အတွက် အခကြေးငွေ ထိုက်ထိုက်တန်တန်ရမယ်ဆိုရင် ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းဖြစ်အောင် လုပ်လိမ့်မယ်"

"သူ့ကို စိတ်ချရပါ့မလား၊ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါ့မလား"

လီဆင်းက သံသယစိတ်ဖြင့် မေးလိုက်၏။

အားထုံက ...



"ဒီမေးခွန်းကို သူ့ရှေ့မှာ သွားမမေးမိဖို့ ခင်ဗျားကို ကြိုတင်ပြောထားရမှာပဲ"

လီဆင်း မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

"အနည်းဆုံး ခင်ဗျားရဲ့သွားသုံးချောင်းလောက်တော့ ကျိုးသွားနိုင်တယ်ဗျ"

လီဆင်းမှာ ယောင်ယမ်းပြီး ပါးစပ်ကို လက်ဖြင့် အုပ်ထားလိုက်လေသည်။ အားထုံက ...

"သူက ဘယ်သူမှ မလုပ်ရဲတဲ့အလုပ်မျိုးကိုမှ ရွေးပြီးလုပ်တယ်၊ အခုအချိန်အထိ မအောင်မြင်ဘူးဆိုတာ တစ်ခါမှ မရှိသေးဘူး"

လီဆင်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီ ... သူ့ကိုခေါ်လိုက်ပါ"

အားထုံ ခေါင်းယမ်းလိုက်သည်။

"သူ့ကိုခေါ် ချင်တိုင်းခေါ်လို့ ရမှာမဟုတ်ဘူး၊ အနည်းဆုံး ငါးရက်လောက်တော့ အချိန်ပေးရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ကျုပ် ကြိုးစားကြည့်ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လီဆင်းသည် ပိုးဖလံဆိုသူကို အလိုလို မနှစ်မြို့နိုင်ဘဲ ဖြစ်သွားလေသည်။ သို့သော် အားထုံက တိတိကျကျ ပြောနေသဖြင့် ခွင့်ပြုလိုက်ရလေတော့သည်။

"ကောင်းပြီလေ ... ခင်ဗျားအတွက် အချိန်ပေးနိုင်ပါတယ်"

အားထုံက ထိုင်ရာမှထလိုက်သည်။

"ခင်ဗျားခွင့်ပြုတယ်ဆိုရင် ကျူပ်သွားမှဖြစ်မယ်၊ ကဲ ... ကျူပ်ကို ခွင့်ပြုပါဦး"

စကားဆုံးလျှင် အားထုံက ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။ လီဆင်း သက်ပြင်းချလိုက်သည်။

"ပိုးဖလံ"

ဟူ၍လည်း တိုးတိုးရေရွတ်လိုက်သည်။ ပိုးဖလံသည် အမည်နှင့်လိုက်အောင် အန္တရာယ်မီးကို ဆော့ကစားနေသူလော။

❒❒❒



## ပိုးဖလံ

မိုးသားတိမ်လိပ်ကင်းစင်ပြီး သာယာသောည ဖြစ်လေ၏၊ ကျင်းရှောင်သည် အမှောင်ရိပ်ကြီးစိုးနေသည့် လမ်းကလေးအတိုင်း မြောက်ဘက်သို့ ဦးတည်လျှောက်လာခဲ့၏။

သူ၏အမူအရာမှာ ပျင်းရိလေးတွဲ့သူတစ်ယောက်နှင့် တူလှ၏။ ခြေလှမ်းကို မသယ်လိုသည့်အလား တစ်လှမ်းချင်း တစ်လှမ်းချင်း ဖြည်းညင်းစွာ လျှောက်လာခြင်း ဖြစ်၏။

သူသည် မြောက်ဘက်သို့ ဦးတည်သွားနေခြင်းဖြစ်၏၊ လမ်းကလေး၏အဆုံးတွင် မီးရောင်ထွက်ပေါ်နေသည့် တဲအိမ်ကလေးတစ်လုံး ရှိနေသည်။

ထိုအိမ်ကလေးသည် ကျင်းရှောင် ညစဉ်ညတိုင်း သွားနေကြ အရက်ဆိုင်ဖြစ်လေသည်။ အရက်ဆိုင်ကလေးနှင့် နီးလာတော့မှ ကျင်းရှောင်၏ခြေလှမ်းများ သွက်လက်လာသည်။

ဆိုင်ထဲ လှမ်းဝင်လိုက်သည်နှင့် မျက်လုံးတစ်ဖက် ပျက်စီး

www.burmeseclassic.com



နေသည့် တစ်ဖက်လပ်ကြီးက သူ့အား လှမ်းပြီး နှုတ်ဆက်လိုက်သည်။

"မင်း ဒီကနေ့ နောက်ကျပါလား"

ထိုတစ်ဖက်လပ်ကြီးသည် အရက်ဆိုင်ကလေး၏ ပိုင်ရှင်လည်း ဖြစ်ပေသည်။ ကျင်းရှောင် ပြုံးလိုက်သည်။ ဆိုင်ထဲဝယ် တစ်ဖက်လပ်ကြီးမှလွဲပြီး အခြင်းအရက်သောက်သူဟူ၍ ရှိမနေပါချေ။

ကျင်းရှောင်က ဆိုင်အပေါက်ဝကို ကျောပေးကာ စားပွဲတစ်လုံး၌ နေရာယူလိုက်ပြီး ...

"အင်း ... ဒီကနေ့ တစ်နေ့လုံးစာဖတ်ကောင်းနေလို့ဗျ၊ စာအုပ်ကို လက်ကမချနိုင်တာနဲ့ ဒီကိုလာဖို့တောင် နောက်ကျသွားတယ်"

ဟု ပြောလိုက်၏။ တစ်ဖက်လပ်ကြီး အံ့ဩသွား၏။

"အရက်သောက်ဖို့တောင် မေ့နေရလောက်အောင် မင်း ဘယ်လိုစာအုပ်မျိုး ဖတ်နေတာမို့လဲ"

ကျင်းရှောင်က ...

"ဇရာဆိုတဲ့ စာအုပ်ပါဗျာ၊ လူတစ်ယောက် မွေးဖွားလာတဲ့ အချိန်ကစပြီး ဘာတွေလုပ်ခဲ့လုပ်ခဲ့ အသက်ကြီးလာလို့ ဇရာပိုင်း ရောက်လာပြီဆိုမှ ကိုယ်လုပ်ခဲ့တာတွေ မှားသလား မှန်သလား ဆို



တာ ပြန်လည်သုံးသပ်စစ်ဆေးတဲ့ လူ့သဘောကို ရေးထားတာပါ"

တစ်ဖက်လပ်ကြီး နှာခေါင်းရှုံ့လိုက်သည်။

"တော်တော်လေး စိတ်ဝင်စားစရာကောင်းမယ့်စာအုပ်ပဲ"

သူက ပြက်ရယ်ပြုလိုက်ခြင်းဖြစ်သည်ကို ကျင်းရှောင် ရိပ်မိသော်လည်း ဘာမှမပြောဘဲ နေလိုက်သည်။ သူသည် အသက် လေးဆယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ မဟုတ်ပါလား။

မကြာမီ သူသည်လည်း ဇရာ၏ဖိနှိပ်ခြင်း ခံရပေတော့မည်။ တစ်ဖက်လပ်ကြီးက သူ့ထက်ပို၍ အသက်ကြီးပါသည်။ သို့သော် ဇရာ၏သဘောကို နားလည်စွမ်းဟန် မတူသေးပါချေ။

ထို့ကြောင့် ကျင်းရှောင်က ဘာမှမပြောဘဲ နေလိုက်ခြင်းဖြစ်လေသည်။ တစ်ဖက်လပ်ကြီးနှင့်လည်း အချေအတင် စကားမများလိုပါ။

တစ်ဖက်လပ်ကြီးသည် သူ၏ တစ်ဦးတည်းသော စကားပြောဖော်အဖြစ် ရှိနေခဲ့သည်မှာ အတန်ကြာသွားပြီ မဟုတ်ပါလား။ တစ်ဖက်လပ်ကြီးက သူ၏ရှေ့သို့ အရက်တစ်အိုးနှင့် မြေပဲဆန်တစ်ပွဲ လာချပေးလေသည်။

ကျင်းရှောင်က အရက်ငုံ့သောက်လိုက်၏။ ညစဉ်ညတိုင်း တစ်ဖက်လပ်ကြီး၏ဆိုင်တွင် အရက်တစ်အိုးသောက်၊ မြေပဲဆန် တစ်

www.burmeseclassic.com

www.burmeseclassic.com



ပွဲ ကုန်အောင်စားပြီး သူက အိမ်ပြန်လေ့ရှိပေသည်။

အိမ် …။

အိမ်ဟူသောစကားလုံးသည် ကျောင်းရှောင်အတွက် ရယ်စရာကောင်းသော ဝေါဟာရတစ်ခုဖြစ်ခဲ့ပေသည်။ လူမှန်းသူမှန်း သိတတ်ချိန်ဝယ် သူသည် လမ်းပေါ်တွင် ရောက်ရှိနေပြီ ဖြစ်လေသည်။

ခြေသလုံးအိမ်တိုင် ကျင်လည်ခဲ့သည်။ စားကြွင်းစားကျန်များ စားခဲ့ရသည်။ လမ်းဘေး သစ်ပင်ရိပ်အောက်၌ အိပ်ခဲ့ရသည်။ အိမ်ဟူသောဝေါဟာရသည် သူနှင့် လုံးဝ မသက်ဆိုင်သလိုရှိနေခဲ့၏။

သူနှင့်မဆိုင်သည့် အခြားဝေါဟာရ အတော်များများ ရှိနေလိမ့်မည် ဖြစ်ပေသည်။ သို့သော် ယခုတော့ သူသည် လမ်းပေါ်အိပ် အိမ်ပေါ်စားသည်ဘဝမှ ကင်းလွတ်ခဲ့ပြီ ဖြစ်သည်။

သူ၏ဘဝသည် ကျောင်းရှောင်က အတွေးကိုဖြတ်တောက်ကာ အရက်သောက်လိုက်၏။ အရက် သုံးလေးခွက် သောက်ပြီးချိန်ဝယ် တစ်ဖက်လပ်ကြီးက သူ၏အနီးသို့ ရောက်ရှိလာလေသည်။

"ကျောင်းရှောင် ဒီကနေ့ ငါ့ရဲ့ဆိုင်ကို လူစိမ်းတွေရောက်လာကြတယ်ကွ"

ဟု ပြောလေသည်။ ကျောင်းရှောင်က စိတ်မဝင်စားဟန်ဖြင့်

"ဒီလို မကြာခဏ ရောက်လာနေကျပဲ မဟုတ်လား"



"သူတို့က ဒီမြို့ပြင်လူတွေနဲ့ မတူဘူးကွ"

"ဘယ်လိုများ ထူးဆန်းနေလို့လဲ"

တစ်ဖက်လပ်ကြီးက …

"သူတို့ဟာ လူဆိုးဓားပြတွေ ဖြစ်နိုင်တယ်"

ကျောင်းရှောင် ငြိမ်ကျသွားလေသည်။ တစ်ဖက်လပ်ကြီးကိုလည်း မသိမသာ အကဲခတ်ကြည့်လိုက်သည်။ တစ်ဖက်လပ်ကြီးက …

"တို့မြို့ကလေးဟာ တောမြို့ကလေးပါကွာ၊ လူစိမ်း တစ်ယောက် ရောက်လာပြီဆိုတာနဲ့ ချက်ချင်းသိနိုင်တာပဲ၊ အဲဒီလူစိမ်းဟာ ဘယ်လိုလူစားမျိုးလည်းဆိုတာတောင် သိနိုင်သေးတယ်"

"ဟုတ်တာပေါ့ဗျာ၊ ဟုတ်တာပေါ့"

ကျောင်းရှောင်သည် စိတ်ထဲမှပါ ဟုတ်မှန်ကြောင်း ဝန်ခံနေမိလေသည်။

သူရောက်လာစကလည်း ထိုနည်းအတိုင်းပင် မဟုတ်ပါလား။ သို့သော် သူက တစ်ဖက်လပ်ကြီး၏ခင်မင်မှုကို ရရှိခဲ့သည်နှင့် တစ်မြို့လုံးက သူ့အား ဤမြို့ဇာတိသားတစ်ယောက်ကဲ့သို့ပင် သဘောထားလိုက်ကြပေတော့သည်။

နောက်ထပ်တစ်ချက်မှာ ဤမြို့ကလေး၌ သတင်းထူး ဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင် တစ်ခဏအတွင်း ကူးစက်ပျံ့နှံ့သွားခြင်း ဖြစ်ပေသည်။ ကျင်းရှောင်က အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။

ဤအတိုင်းဆိုလျှင် အရက်တစ်အိုးသည် ကွမ်းတစ်ရာညက်ခန့်ပင် မကြာဘဲ ကုန်သွားလိမ့်မည် ဖြစ်ပေသည်။ တစ်ဖက်လပ်ကြီးက ...

"အားလုံးငါးယောက် ရောက်လာကြတယ်၊ သူတို့မှာ လက်နက်တွေ ဆောင်လာကြတယ်ဆိုတာ ဘယ်လိုပဲ ဖုံးဖိထားပေမယ့် မရဘူး။ လူတွေ ရိပ်မိသွားကြတာပဲ"

"သူတို့ ဘာလာလုပ်ကြတာလဲဗျ"

"လူတစ်ယောက်ကို လိုက်ရှာနေကြတာလို့ ပြောတယ်"

"သြော်"

ကျင်းရှောင်က မထူးဆန်းသလို ရွှေ့တ်လိုက်၏။ တစ်ဖက်လပ်ကြီးက ဆက်ပြောလိုက်သည်။

"သူတို့က ပိုးဖလံကို လိုက်ရှာနေကြတယ်လို့ ပြောတယ်၊ သူတို့အချင်းချင်း တိုင်ပင်ပြောဆိုနေကြတာကို ကြားတဲ့လူက ကြားလာတယ်လေ"

"သြော်"

ကျင်းရှောင်က အရက်တစ်ခွက် ငှဲ့သောက်လိုက်ပြန်သည်။



တစ်ဖက်လပ်ကြီးက ...

"မင်းလည်း အရက်မြန်မြန်သောက်တာ ကောင်းတယ်၊ မဝသေးရင် အိမ်ရောက်မှသောက်ဖို့ အရက်တစ်အိုး ယူသွားပေါ့၊ ညဉ့်နက်ရင် မကောင်းဘူး"

သူ့အား စိုးရိမ်စွာ သတိပေးခြင်းဖြစ်သည်ဟု ကျင်းရှောင် နားလည်၏။ တောမြို့ကလေး ဖြစ်သည်နှင့်အညီ မိုးချုပ်သည်နှင့် လမ်းများပေါ်ဝယ် လူသူကင်းရှင်းသွားတတ်သည် မဟုတ်ပါလား။

လူရှင်းသောလမ်းပေါ်ဝယ် အန္တရာယ်တွေ့နိုင်သည်ဟု ယူဆထားပုံရလေသည်။ ကျင်းရှောင် ပြုံးလိုက်သည်။

"ကျုပ်ကို ဘယ်သူက ဒုက္ခပေးမှာလဲဗျာ"

ဟု ပြောလိုက်၏။ တစ်ဖက်လပ်ကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... မင်းလို အရက်သမားတစ်ယောက်ကို ဘယ်သူမှ ဒုက္ခပေးကြမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ငါက ဆိုင်ကို ညဉ့်နက်တဲ့အထိ ဖွင့်ထားဖို့ စိတ်မကူးဘူးကွ"

"ဟား ဟား ဟား"

ကျင်းရှောင်က သဘောကျစွာ ရယ်မောလိုက်သည်။ ရယ်သံဆုံးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ၊ ကျုပ်ကို အရက်တစ်အိုးသာ ပေးပါ၊ ကျုပ်ပြန်ပါတော့မယ်"

တစ်ဖက်လပ်ကြီးလည်း သဘောကျသွားသည်။ ချက်ချင်းပင် အရက်တစ်အိုး ယူပေးလေသည်။ ကျင်းရှောင်က ကျသင့်ငွေပေးချေကာ အရက်အိုးကို လက်မှဆွဲရင်း ထွက်လာခဲ့လေတော့သည်။

❒

ညဉ့်နက်လာပြီဖြစ်သည်။ လမ်းပေါ်ဝယ် လူသွားလူလာ မဆိုထားနှင့် ခွေးလေခွေးလွင့်များပင် မတွေ့ရပါချေ။ လခြမ်းပွဲကလေး၏ အလင်းရောင်မှာ ပို၍အားကောင်းသလို ရှိလာ၏။

တိုက်ခတ်လာသော လေပြည်တွင် အေးမြမှု ပိုကဲလာသည်။ ကျင်းရှောင်က လမ်းကြားကလေးအတိုင်း လျှောက်လာခဲ့လေသည်။

တစ်ဖက်လပ်ကြီး၏ အရက်ဆိုင်ကလေးမှာ အနောက်ဘက် အတော်ဝေးဝေး၌ ကျန်ရစ်ခဲ့ပြီဖြစ်၏။ ကျင်းရှောင်က မြို့စွန်တောင်ကုန်းတစ်ခုဆီသို့ ဦးတည်ကာ လျှောက်လာခဲ့သည်။

မြို့စွန်ရှိ တောင်ကုန်းပေါ်ဝယ် အဆောက်အအုံတစ်လုံး ရှိနေ၏။ ထိုအဆောက်အအုံမှာ ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သော





လည်း ကျင်းရှောင်က ပိုင်ရှင်လက်ထဲမှ ဝယ်ယူလိုက်ပြီး နေထိုင်၍ရအောင် ပြုပြင်ထားခဲ့သည်။

ထိုအဆောက်အအုံသည် ဘဝတစ်သက်တာဝယ် ပထမဦးဆုံးအိမ် ဖြစ်လာလေတော့သည်။ ကျင်းရှောင်က ခြေသုံးလှမ်းခန့် လှမ်းပြီးတိုင်း အရက်တစ်ငုံ မော့သောက်လိုက်သည်။

တစ်ဖန် ရပ်နားကာ အရက်တစ်ငုံ မော့သောက်လိုက်ပြန်သည်။ ဤသို့ဖြင့် မြို့စွန်သို့ ရောက်မှန်းမသိ ရောက်ရှိလာလေတော့သည်။

မလှမ်းမကမ်းရှိ တောင်ကုန်းပေါ်ဝယ် သူ့အိမ်ရှိနေ၏။ ယာယီနီးနားစရာ အိမ်တစ်လုံးသာဖြစ်ကြောင်း သူကိုယ်တိုင်မှလွဲပြီး မည်သူမျှ နားလည်နိုင်မည်မဟုတ်ပါချေ။

ကျင်းရှောင်က ခြေလှမ်းရပ်တန့်ကာ အရက်မော့သောက်လိုက်၏။ ထိုစဉ်မှာပင် ...

'ရွမ်း'

အရက်အိုး အစိတ်စိတ်အမြွှာမြွှာ အက်ကွဲကြေမွသွားလေတော့သည်။ အရက်များသည် ကျင်းရှောင်၏တစ်ကိုယ်လုံး စွတ်စိုသွား၏။

အရက်နံ့များ တထောင်းထောင်းထလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင် ခေါင်းယမ်းလိုက်၏။ ထိုစဉ်မှာပင် လမ်းဘေးတစ်ဖက် တစ်ချက်မှ လူရိပ်လေးခု ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ကျောင်းရှောင် ရင်ထိတ်သွား၏။

"ဟော့ ... မင်းတို့ ဘယ်သူတွေ"

သူ၏စကား ဆုံးအောင် မပြောလိုက်ရပါချေ။ အကြောင်းမှာ အမှောင်ရိပ်ထဲမှ ထွက်လာသူ လေးယောက်က သူ့အား ဓားဖြင့် ချိန်ရွယ်ထားကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။ တစ်ယောက်က ...

"ပိုးဖလံ ... မင်း ဟန်ဆောင်မနေနဲ့ ငါတို့လက်က ဘယ်လိုမှ ပြေးမလွတ်နိုင်တော့ဘူးဆိုတာ မှတ်ထားပါ"

ဟု ပြောလိုက်၏။ ကျောင်းရှောင်က ...

"ပိုးဖလံ ... ဟုတ်လား"

"ဟုတ်တယ် ... မင်းဟာ ပိုးဖလံဆိုတာ ငါတို့သိတယ်၊ ဟန်ဆောင်မနေနဲ့ ... အပိုပဲကွ"

ကျောင်းရှောင် သက်ပြင်းချလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

သူ၏စကားသည် သူ ပိုးဖလံဖြစ်ကြောင်း ဝန်ခံလိုက်သကဲ့သို့ ရှိနေ၏။ ထိုအခါ ပိုင်းရံထားသူလေးယောက်သည် စကားပြော



မနေကြတော့ဘဲ ဓားများ ဝှေ့ယမ်းကာ တရကြမ်းတိုက်ခိုက်လိုက်ကြလေတော့သည်။

ကျောင်းရှောင်မှာ ဖျင်းရိုလေးတွဲသည့်အမှုအရာများ ရုတ်ခြည်း ကွယ်ပျောက်သွားပြီး ကျားသစ်တစ်ကောင်ကဲ့သို့ လျင်မြန်သွက်လက်မှုမျိုး ပေါ်ပေါက်လာသည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

ရူးရှကျယ်လောင်သောအသံများနှင့်အတူ မှောင်ရိပ်ထဲမှ ထွက်ပေါ်တိုက်ခိုက်လာသူ လေးယောက်အနက် သုံးယောက်မှာ လွင့်စဉ်သွားကြလေတော့၏။

ကျန်တစ်ယောက်မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။ သို့သော် ထိုလူသတိဝင်မလာမီ ကျောင်းရှောင်၏ခြေထောက် ကန်ချက်က သူ၏ရင်ဝသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားရာ ...

"အား"

ထိုလူ လွှတ်ခနဲတစ်ချက် အော်လိုက်ပြီး နောက်ပြန်လဲကျသွား၏။ ကျောင်းရှောင်က အရေးမစိုက်တော့ပါ။ ရှေ့သို့ လှမ်းထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လဲကျနေသူများနှင့် လွှတ်လွှတ်ကင်းကင်းဖြစ်အောင် ရှောက်သွားပြီးမှ ...

"မင်း ဘာလုပ်နေတာလဲ"

ဟု ပြောလိုက်၏။ ကျင်းရှောင်၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

"ဝိုးဖလဲ ... နှစ်တွေကြာညောင်းသွားပေမယ့် မင်းက ဘာမှ မပြောင်းလဲသေးပါလား"

တစ်ဆက်တည်းပင် အမှောင်ရိပ်ထဲမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရ၏။ ထိုလူအား သရောင်ဖြင့် ကောင်းစွာ တွေ့မြင်နေရပါ၏။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။ ခါး၌ ဓားတစ်လက် ချိတ်ဆွဲထားလေသည်။

"ဆားထင်းချို"

ကျင်းရှောင်က လွှတ်ခနဲ ခေါ်လိုက်ရာ ထိုသူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းရှောင် ပခုံးတွန့်လိုက်သည်။



"ငါက မင်းကို သေသွားပြီလို့ ထင်နေတာ"

"ငါတို့က အသက်ရှင်အောင် ဘယ်လိုနေရမယ်ဆိုတာ အပြင်းအထန် လေ့ကျင့်ထားခဲ့ကြတယ်လေ၊ မင်း မေ့နေပြီလား၊ ငါက မင်းလောက်မကျွမ်းကျင်ပေမယ့် အသက်ရှင်အောင်တော့ နေနိုင်ခဲ့တယ်လေကွာ"

"မင်း အသက်ရှင်နေနိုင်တယ်ဆိုတာ ငါတွေးမိပါတယ်၊ ဒါပေမဲ့ ဘာထူးတော့မှာလဲကွ"

"ဟုတ်တယ် ... ဘာမှမထူးဘူး၊ မင်းနေရာမှာ ငါဆိုရင်လည်း မင်းကိုထားပစ်ခဲ့မှာပဲ"

ဆားထင်းချိုက ဆက်ပြောသည်။

"သူတို့က ငါ့ကို ဖမ်းမိသွားကြတယ်လေကွာ၊ ဒါပေမဲ့ ငါ့ရဲ့ ဒဏ်ရာတွေကို ကုသပေးခဲ့ကြတယ်၊ ပြီးတော့ ငါ့ကို ငွေပိုပေးတယ်လေကွာ"

"ဒီတော့ မင်းက ဘက်ပြောင်းလိုက်တာပေါ့"

"ဒါဟာ ငါ့အတွက် အကောင်းဆုံးပဲ မဟုတ်လား"

ကျင်းရှောင်သည် လွန်ခဲ့သောငါးနှစ်ခန့်က အဖြစ်အပျက်တစ်ခုကို ပြန်လည်သတိရလာလေသည်။

ထိုစဉ် သူနှင့်ဆားထင်းချိုသည် မိက်ချွေသခါး ခင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခု လုပ်ခဲ့ကြလေသည်။ သူတို့သည် ငွေမြိုးမြိုးမြက်မြက် ရသဖြင့် အာမခံဌာနတစ်ခုအား စီးနင်းတိုက်ခိုက်ရန် တာဝန်ယူခဲ့ကြ၏။

တကယ်တမ်း တိုက်ခိုက်ခဲ့ရာဝယ် အဖွဲ့သားအတော်များများ သေဆုံးခဲ့ရသည်။ ကျောင်းရှောင်တစ်ယောက်သာလျှင် အာမခံဌာန ခေါင်းဆောင်အား လုပ်ကြံကာ ဘေးမသီရန်မခ ထွက်ပြေးလွတ်မြောက်သွားနိုင်ခဲ့၏။

ဆားထင်းဆိုမှာ ဒဏ်ရာရကာ ရန်သူများလက်ဝယ် ကျန်ရစ်ခဲ့သည်။ ထို့နောက်ပိုင်း လုံးဝမတွေ့ရတော့သဖြင့် သေဆုံးသွားပြီဟု ထင်မှတ်ခဲ့လေသည်။

သို့သော် ဆားထင်းချို အသက်ရှင်သန်နေသည်ကို ယခု တွေ့လိုက်ရပြီဖြစ်၏။ သူတို့သည် ကြေးစားများဖြစ်ကြသည်။ သူတို့ အကြိုက် ငွေကြေးပမာဏရလျှင် ဘာမဆိုလုပ်ကြမည့်သူများ ဖြစ်၏။ သေသည်ရှင်သည်ဆိုခြင်းကား သူတို့နှင့် မသက်ဆိုင်သလို ရှိနေသည်။

"အခု မင်းက"

ကျောင်းရှောင်၏စကား မဆုံးမီ ...

"ငါ့ကို သူတို့ အသက်ချမ်းသာခွင့်ပေးလိုက်တာ ဘာကြောင့်



လို့ ထင်သလဲ"

"ဪ ... သူတို့က ငါ့ကို လိုချင်နေတာကိုး"

ဆားထင်းချို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ဘယ်"

ကျောင်းရှောင် သက်ပြင်းချလိုက်၏။ ရန်သူတို့သည် သူတို့နှစ်ယောက်အား ပြန်လည်ရန်တိုက်ပေးလိုက်ပြီဖြစ်သည်။

သူနှင့်ဆားထင်းချိုသည် နှစ်ပေါင်းများစွာ လက်တွဲခဲ့ကြသည် ဖြစ်သလို တစ်ယောက်အကြောင်း တစ်ယောက်သိကြသူများလည်း ဖြစ်၏။

ယခု သူတို့နှစ်ယောက်မှာ ထိပ်တိုက်ရင်ဆိုင်ရန်မှတစ်ပါး ရှောင်လွှဲစရာမရှိတော့ပြီ။

"မင်းက ငါးနှစ်လုံးလုံး သူတို့ဆီမှာ"

ကျောင်းရှောင်၏စကားမဆုံးမီ ဆားထင်းချိုက ကြားဖြတ် ဝင်ပြောလိုက်လေသည်။

"မင်းနဲ့ရင်ဆိုင်နိုင်အောင် သူတို့က ကူညီခဲ့ကြတယ်၊ ငါးနှစ်လုံးလုံး ငါဟာ အကောင်းဆုံးအစားအစာတွေစားရတယ်၊ အကောင်းဆုံး အရက် သောက်ရတယ်၊ ပြီးတော့ သိုင်းပညာ လေ့ကျင့်နေတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါလား"

"မင်းကော"

"ငါက ဒီမှာလာပြီး အရက်သောက်နေခဲ့တယ်လေ"

ဆားထင်းချီက ခါးမှဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။ ကျင်းရှောင် ပြုံးလိုက်သည်။

"ငါ့မှာလည်း ဓားတစ်လက်လောက်ရှိနေရင် သိပ်ကောင်းမှာပဲ"

"မင်းလက်ထဲ ဓားရောက်သွားရင် ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ငါသိတယ်၊ ငါက မင်းနဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့ လာခဲ့တာမှ မဟုတ်ဘဲ"

ဆားထင်းချီ၏စကားအဓိပ္ပာယ် ရှင်းလှသည်။ သူ့အား သုတ်သင်ရှင်းလင်းပစ်ရန်လာခြင်းဖြစ်ပြီး မည်သည့်နည်းလမ်းကို မဆို အသုံးပြုမည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လေသည်။

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"ငါက မင်းကို ထားပစ်ခဲ့ရတာကို စိတ်မကောင်းဘူး၊ ဒါပေမဲ့ ငါ့အပြစ်မဟုတ်ဘူးဆိုတာ မင်းသိပါတယ်လေ"

"ပြီးတာတွေ ပြီးပါစေတော့ကွာ၊ မင်းသာ ငါ့ကို ခွင့်မလွှတ်ပါနဲ့"



စကားဆုံးလျှင် ဆားထင်းချီက ရုတ်တရက် ရှေ့သို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။ ကျင်းရှောင် မလှုပ်ရှားမီ လက်ဦးမှုယူကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ဆားထင်းချီသည် ကျင်းရှောင်နှင့် ရင်းရင်းနှီးနှီး လက်တွဲခဲ့သူဖြစ်၏။ ထို့ကြောင့် ကျင်းရှောင်၏ အမူအကျင့်များနှင့် တိုက်ပွဲနှင့် ရင်ဆိုင်သည့်အခါ မည်သို့မည်ပုံ လှုပ်ရှားတတ်ကြောင်း ကောင်းစွာ နားလည်ထားလေသည်။

ကျင်းရှောင်အား သုတ်သင်ရှင်းလင်းလည်းရမည် ဆိုကတည်းက မည်သို့တိုက်ခိုက်ရမည်ကို ကြိုတင်ကြံဆကာ လေ့ကျင့်ခဲ့သည်။ သေသေချာချာ အကွက်ချစီစဉ်လာသူဖြစ်ရာ မလွဲမသွေ နိုင်ရမည်ဟု ယုံကြည်ထား၏။

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေတော့သည်။ ကျင်းရှောင်သည် လုံးဝရှောင်တိမ်းခြင်းမပြုဘဲ လက်တစ်ဖက် ဖွေ့ယမ်းလိုက်၏။

တစ်ယောက်နှင့်တစ်ယောက် လွန်စွာမှနီးကပ်နေပြီဖြစ်ရာ ဆားထင်းချီ သတိထားမိလိုက်ချိန်ဝယ် နောက်ဆုတ်၍မရတော့ချေ။ ထိုအလင်းရောင်တန်းကလေးများကို ထိုးဖောက်ကာ ကျင်းရှောင်ထံသို့ တိုးဝင်သွားရန်သာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆားထင်းချို အံတင်းတင်းကြိတ်ကာ လက်ထဲမှဓားနှင့် လှမ်းခုတ်သည်။ သို့သော် ကျင်းရှောင်သည် မူလရပ်နေသည့်နေရာတွင် မရှိတော့ချေ။ အခြေအနေမဟန်မှန်း ဆားထင်းချို ရိပ်မိလိုက်သည်။

သူက အန္တရာယ်ကိုမမှုဘဲ ထိပ်တိုက်ရင်ဆိုင်တိုးလိုက်သော်လည်း ကျင်းရှောင်က အနီးသို့ရောက်လာမှ ပွတ်ကာသီကာ ရှောင်တိမ်းသွားသည်။

ဤတွင် သူ့အတွက် နောက်ကျသွားပြီဖြစ်ကြောင်း ဆားထင်းချို ရိပ်မိလိုက်လေတော့၏။ တစ်ဆက်တည်းပင် စူးရှနာကျင်သော ခံစားမှုတစ်ခု ဖြစ်ပေါ်လာ၏။

ကျင်းရှောင်၏လက်နက်ပုန်းများသည် သူ၏ခန္ဓာကိုယ်သို့ စိုက်ဝင်ခဲ့ပြီ မဟုတ်လား။ ကျင်းရှောင်က မလှမ်းမကမ်း၌ ရပ်နေသည်။ ဆားထင်းချိုက ကျင်းရှောင်ကို လှမ်းကြည့်လိုက်ပြီး ...

"မင်း မင်းဟာ ဘယ်တုန်းကမှ လက်နက်ပုန်း မသုံးခဲ့ဘူး၊ အခု"

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"တကယ်လို့သာ ငါ့ကို ဓားအသုံးပြုခွင့်ပေးမယ်ဆိုရင် ငါက လက်နက်ပုန်း သုံးစရာမလိုဘူးပေါ့"



"မင်း မင်းက"

"တို့တစ်တွေဟာ ကိုယ်ပေါ်မှာ လက်နက်တစ်ခုခု ရှိနေရင် အဝတ်အစားမပါသလို စိတ်ထဲမလုံမလဲ ဖြစ်တတ်ကြတယ်ဆိုတာ မင်း မေ့နေတာကိုး"

ဆားထင်းချို နားလည်သဘောပေါက်သွားပြီ ဖြစ်လေ၏။ ကျင်းရှောင်က ဆားထင်းချိုအား စိုက်ကြည့်လိုက်ပြီး ...

"ငါစိတ်မကောင်းဘူး၊ ဒီနေရာမှာနေရတာ ငါ သဘောကျတယ်၊ အခု ငါ ဒီကထွက်သွားရတော့မယ်"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေသည်။ ဆားထင်းချိုကို လှည့်မကြည့်ပါ။ လှည့်ကြည့်စရာလည်း မလိုတော့ချေ။

တအိအိ ပြိုလဲကျသွားသောအသံကို ကြားလိုက်ရသည် မဟုတ်ပါလား။ နောက်တစ်နေ့ညနေတွင် တစ်ဖက်လပ်ကြီး၏ အရက်ဆိုင်သို့ ကျင်းရှောင် ရောက်မလာတော့ပါ။

နောက်ရက် နောက်ရက်များတွင်လည်း ရောက်မလာတော့ပါချေ။ ကျင်းရှောင်သည် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီဖြစ်လေသည်။ ကျင်းရှောင် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

❒

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်သည် လမ်းကလေးတစ်ဖက်တစ်ချက်ရှိ အိမ်ကလေးများကို အကဲခတ်ကြည့်သွား၏။ မကြာပါချေ အိမ်ရှေ့တံခါးရွက်အား ဆေးအနီသုတ်ထားသည့် အိမ်တစ်လုံးကို တွေ့မြင်လိုက်ရ၏။

ကျင်းရှောင် ပြုံးလိုက်သည်။ အိမ်ရှေ့သို့ လှမ်းသွားပြီး တံခါးကို တခေါက်ခေါက် ခေါက်လိုက်လေသည်။ မရှေးမနှောင်းမှာပင် ...

"လာပါပြီခင်ဗျာ ... လာပါပြီ"

အတွင်းဘက်မှ စကားသံထွက်ပေါ်လာပြီး တံခါးပွင့်သွားသည်။ အိမ်ဖော်လုလင်တစ်ယောက် ထွက်လာသည်ကိုလည်း တွေ့မြင်လိုက်ရသည်။ ထိုလုလင်က ...

"အမိန့်ရှိပါခင်ဗျာ၊ ဒီအိမ်ဟာ ဆရာကြီးအားထုံရဲ့ အိမ် ဖြစ်ပါတယ်"

ထိုလုလင်သည် ကျင်းရှောင်အားတွေ့သည်နှင့် ရပ်ဝေးမှလာသူဖြစ်ကြောင်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ရှည်ရှည်မွှန်မွှန်နှင့် ပြောဆိုဆက်ဆံလိုက်ခြင်း ဖြစ်ပေသည်။ ကျင်းရှောင်က ...

"အားထုံ ဘယ်မှာလဲ၊ ကျုပ် သူနဲ့တွေ့ချင်တယ်"



"ဆရာအားထုံ မရှိပါဘူးခင်ဗျာ၊ ခရီးထွက်သွားတာ တစ်ပတ်လောက်ရှိပါပြီ"

ကျင်းရှောင်၏မျက်နှာ စိတ်ပျက်သည့်အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။ သို့သော် ချက်ချင်း ပြန်လည်ကွယ်ပျောက်သွား၏။

"သူ ဘယ်တော့ ပြန်ရောက်မလဲ"

"ဆရာဘယ်တော့ ပြန်ရောက်လာမယ်ဆိုတာ ပြောမသွားပါဘူး ခင်ဗျာ၊ ဘယ်လိုကိစ္စများ ရှိနေလို့လဲ၊ ကျွန်တော့်ကိုမှာထားခဲ့ပါလား၊ ဆရာပြန်ရောက်ရင် ကျွန်တော် ပြောပြလိုက်ပါ့မယ်"

"ထွေထွေထူးထူးမရှိပါဘူး၊ ကျုပ်က ခရီးသွားရင်း လမ်းကြုံလို့ ဝင်လာခဲ့တာပါ၊ ဒီမြို့မှာ သုံးရက်လောက်တော့ နေဦးမယ်လို့ စိတ်ကူးထားတယ်၊ ဒီကြားထဲ အားထုံပြန်ရောက်ရင် ကျုပ်က မြို့လယ်မှာရှိတဲ့ ပန်းမြို့တော်ဟည်းခိုခန်းမှာ တည်းခိုနေတယ်ဆိုတာ ပြောပြလိုက်ပါ"

လုစိမ်းချည့်သည် အိမ်ပိုင်ရှင်ကို အားထုံဟု ရင်းရင်းနှီးနှီး ခေါ်နေ၏။ ထို့ကြောင့် အိမ်ပိုင်ရှင်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေဖြစ်ရမည်ဟု တွေးမိလိုက်သည်။

ကျင်းရှောင်ပြောသည့် စကားများကိုလည်း သေသေချာချာ မှတ်သားထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်သည် ကျင်းရှောင်အား မျက်လုံးထဲမှ ပျောက်မရအဲ အားထုံ ပြန်ရောက်လာလျှင် ချက်ချင်း အစီရင်ခံရန် နိုးနိုးကြားကြား ဖြစ်နေလေတော့သည်။

❒

နန်းကုန်းသက် သက်ပြင်းချလိုက်သည်။ သူ၏ရင်ထဲဝယ် အားမလိုအားမရ ဖြစ်နေမိ၏။ ကြူဟွီးနယ်မှ မိုးမြေ့ဂိုဏ်းချုပ် မာထင်းအား အမြန်ဆုံး ကယ်တင်လိုစိတ်များ ဖြစ်ပေါ်လာသည်။

မာထင်းအား ကယ်တင်နိုင်လျှင် စုအိမ်းကို နာလန်မထူနိုင်အောင် အလဲထိုးနိုင်လိမ့်မည် ဖြစ်ပေသည်။ စုအိမ်းကြောင့် သူ၏ ကုန်သွယ်ရေးလုပ်ငန်းများ ပျက်စီးရသလို ငွေအမြောက်အမြား ဆုံးရှုံးခဲ့ရသည်။

ကြူဟွီးနယ်မှ ဖရိုဖရဲ ထွက်ပြေးခဲ့ရသည်ကို အခြားသော ကုန်သည်ကြီးများက ကွယ်ရာတွင် ကျိတ်၍ ရယ်မောကြမည် ဖြစ်ပေသည်။

စုအိမ်းသည် သူ့အား ငွေအမြောက်အမြား နစ်နာစေသည့်အပြင် ဂုဏ်သိက္ခာကိုပါ ကျဆင်းစေခဲ့သူဖြစ်သည်။ ထို့ကြောင့် စုအိမ်းအား လက်စားပြန်ချေရန် ဆန္ဒပြင်းပြနေ၏။



စုအိမ်းအား ဆုံးမနိုင်မည်ဆိုလျှင် မည်သည့်နည်းလမ်းကို မဆို သူက အသုံးပြုရန် ဝန်လေးမည်မဟုတ်ပါ။ သို့ဖြစ်၍လည်း လီဆင်းပြောပြသည့် အကြံအစည်ကို ချက်ချင်း သဘောတူလိုက်ခြင်း ဖြစ်ပေသည်။

လီဆင်းသည် အားထုံနှင့်တိုင်ပင်ကာ စုအိမ်းအား အလဲထိုးမည့် အစီအစဉ်ကို ရေးဆွဲခဲ့သည်။ ယခု အားထုံသည် မာထင်းအား ကယ်တင်ရန် ကြေးစားသိုင်းသမားများကို လိုက်လံစုစည်းနေပြီတည်း။

နန်းကုန်းသက် ဒုတိယအကြိမ်မြောက် သက်ပြင်းချလိုက်၏။ ထို့နောက် ငြိမ်သက်စွာ ထိုင်နေသည့် လီဆင်းကိုကြည့်ကာ —

"အားထုံထွက်သွားတာ ဆယ်ရက်ရှိပြီ၊ သူ့ဆီက ဘာသတင်းမှလည်း မကြားရပါလား"

လီဆင်း သက်ဝင်လှုပ်ရှားလာ၏။

"ဟုတ်ပါတယ်၊ တကယ်ဆိုရင် အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သတင်းပို့ဖို့တော့ ကောင်းပါတယ်"

အကယ်၍ အမှားအယွင်းတစ်စုံတစ်ရာ ဖြစ်ပေါ်လာလျှင် အားထုံ အဖြစ်သာဖြစ်ပြီး သူနှင့် ဘာမျှမသက်ဆိုင်သည့်အနေမျိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ထိုစဉ်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သတင်းပို့တာထက် လူကိုယ်တိုင် ပြန်လာပြီး ပြောပြတာက ပိုကောင်းတယ် ယူဆထားလို့ပါဗျာ"

ထိုစကားသံကြောင့် နန်းကုန်းသက်နှင့်လီဆင်းတို့ လှည့်ကြည့်လိုက်ကြ၏။ အခန်းတွင်းသို့ လူတစ်ယောက် ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ သူတို့မျှော်လင့်စောင့်စားနေကြသည့် အားထုံပင် ဖြစ်နေပေသည်။

အားထုံအာ မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရခြင်းကြောင့် နန်းကုန်းသက်နှင့် လီဆင်းတို့ အံ့သြဝမ်းသာ ဖြစ်သွားကြလေသည်။

"အားထုံ"

အားထုံက လီဆင်းကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် နန်းကုန်းသက်ရှေ့သို့ လျှောက်သွားပြီး လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်လေသည်။

နန်းကုန်းသက်က စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင်တော့ဘဲ

"အားထုံ ... မင်း ဘယ်ပျောက်နေတာလဲ"

အားထုံက ...

"ကျုပ် ပိုးဖလံကို လိုက်ရှာနေတာပါ၊ သူရှိနေနိုင်တဲ့နေရာတွေကို စုံစမ်းပြီး ကြိုးကြိုးစားစား ရှာဖွေခဲ့ပါတယ်၊ ဒါပေမဲ့ အချိန်



ဆယ်ရက်က ကုန်ဆုံးသွားတယ် သူ့ကို မတွေ့ခဲ့ရပါဘူး"

ထိုစကားကြားလျှင် နန်းကုန်းသက် စိတ်ပျက်သွားလေတော့သည်။

"ရှာလို့မတွေ့ဘူး ... ဟုတ်လား၊ ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ဗိုလ်က အချိန်တွေ သက်သက်မဲ့ဖြုန်းတီးပစ်သလို ဖြစ်နေပြီ"

ဤတွင် လီဆင်းက ထိုင်ရာမှထကာ ...

"ပိုးဖလံကို ရှာလို့မတွေ့ဘူးဆိုရင်လည်း တခြားကြေးစားသိုင်းသမားတွေကို ငှားရမ်းအသုံးပြုလို့ရပါတယ်၊ ဒီကိစ္စဟာ သိပ်ပြီး ခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး၊ ပိုးဖလံကလွဲပြီး ဘယ်သူမှလုပ်လို့မရတဲ့အလုပ်လည်း မဟုတ်ပါဘူး"

အားထုံ၏မျက်နှာ တည်သွား၏။ လီဆင်းကို စိုက်ကြည့်လိုက်ပြီး ...

"ဒီကိစ္စ လွယ်ကူတယ်ထင်ရင် ခင်ဗျားပဲဦးဆောင်ပြီး လုပ်ပေတော့၊ ခင်ဗျားကိုယ်တိုင် ကြေးစားတွေရှာပါ၊ ပြီးတော့ မာထင်းကို သွားကယ်ပေါ့"

လီဆင်း ငြိမ်ကျသွား၏။ အားထုံက နန်းကုန်းသက်ဘက် ပြန်လှည့်သည်။ နန်းကုန်းသက်က ...

"ခနပါဦး ... ပိုးဖလံကို ငှားလို့ရမှ ဒီကိစ္စအောင်မြင်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မင်းက ယုံကြည်ထားလို့လား"

အားထုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"သူ့ကို ရှာလို့မှ မတွေ့"

"သူ့ကို တွေ့ထားပါပြီ"

အားထုံက ကြားဖြတ်ပြောလိုက်၏။

"ဟေ"

နန်းကုန်းသက် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ လီဆင်းလည်း မျက်နှာပျက်သွားလေသည်။ အားထုံက ဆက်ပြောလိုက်သည်။

"ကျုပ် သူ့ကို လိုက်ရှာနေတဲ့အချိန်မှာ သူဟာ ခရီးထွက်ရင်း ဒီမြို့ကိုရောက်တော့ ကျုပ်အိမ်ကို ဝင်လာခဲ့ပါတယ်"

"လက်စသတ်တော့ လူချင်းလွဲနေတာကိုး၊ တိုက်ပဲတိုက်ဆိုင်လွန်းတယ်"

နန်းကုန်းသက်က မှတ်ချက်ချလိုက်လေသည်။

အားထုံက ...

"သူဟာ မြို့လယ်က ပန်းမြို့တော်တည်းခိုခန်းမှာ တည်းခိုနေပါတယ်၊ သူ့ကို ကျုပ်က"



"သွား သွား ... သူ့ကို အမြန်ဆုံးခေါ်လိုက်ပါ"

အားထုံ ပြုံးလိုက်သည်။

"သူ့ကိုခေါ်တဲ့နေရာမှာ သူဟာ တခြားကြေးစားတွေလို မဟုတ်ဘဲ သတိပြုစရာအချက်နှစ်ချက် ရှိတယ်ဆိုတာ ကျုပ်ပြောဖို့ မေ့သွားပါတယ်၊ ဒါကြောင့် သူနဲ့သွားမတွေ့ခင် ပြောပြချင်လို့ လာခဲ့တာပါ"

နန်းကုန်းသက် မျက်မှောင်ကြုတ်သွားပြီး ...

"ပြောစမ်းပါဦး ... ဘယ်လိုအချက်တွေလဲ"

အားထုံက ...

"မာထင်းကို သွားပြီး ကယ်တင်မယ့်အဖွဲ့မှာ သူကပဲ ဦးဆောင်ပါလိမ့်မယ်၊ သူတို့ ဒီကထွက်သွားပြီး ပြန်လာတာနဲ့ မာထင်းပါလာမှာ သေချာတယ်၊ နောက်တစ်ခုကတော့ သူ့အတွက် အနည်းဆုံး ငွေတစ်သိန်း ပေးရလိမ့်မယ်"

နန်းကုန်းသက်က ...

"ငွေတစ်သိန်းပေးရမယ်ဆိုတာက အကြောင်းမဟုတ်ပါဘူး။ သူက ဦးဆောင်မယ်ဆိုတာ ဘာသဘောလဲ"

အားထုံက ရှင်းပြ၏။

"မာထင်းကို ကယ်တင်ပေးဖို့ပြောလိုက်တာနဲ့ ဘယ်နည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပုံ ကယ်တင်မယ်ဆိုတာကို သူ့ဘာသာ စီစဉ်ပါလိမ့်မယ်၊ သူ့အတွက် လိုအပ်တာအားလုံး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်"

"ဟာ ... ဒါတော့ မဖြစ်နိုင်ဘူးဗျ"

လီဆင်းက ကြားဝင်ကန့်ကွက်လိုက်လေသည်။ နန်းကုန်းသက်ကော အားထုံပါ လှည့်ကြည့်လိုက်ကြလေသည်။

လီဆင်းက ...

"ကျုပ် သဘောမတူနိုင်ဘူး။ ပိုးဖလ်က ဦးဆောင်ပြီး သူလုပ်ချင်ရာလုပ်တာကို ဘယ်လိုမှ သဘောမတူနိုင်ဘူး"

"ဘာဖြစ်လို့လဲဗျ"

"သူ့ကို ခွင့်ပြုလိုက်ရင် သူ့သဘောနဲ့သူ လုပ်ချင်ရာလုပ်မှာပေါ့။ ကျုပ်တို့အမိန့်ကို သူကနာခံတော့မလား"

အားထုံ ပြောသည့်အတိုင်း သဘောတူလိုက်မည်ဆိုလျှင် သူ့အား ဘေးဖယ်ထားခြင်း ခံရတော့မည်ဟု တွက်မိသဖြင့် လီဆင်းက အကြောက်အကန် ကန့်ကွက်လိုက်ခြင်း ဖြစ်ပေသည်။ အားထုံက

"သူက မာထင်းကို သွားကယ်မယ်၊ မာထင်းကိုခေါ်ပြီး ဒီကို ပြန်လာမယ်၊ ဒီလိုလုပ်တဲ့အတွက် မကျေနပ်စရာအကြောင်း ဘာမှ မရှိပါဘူး။ ကျုပ်တို့က မာထင်းကို လိုချင်နေကြတာပဲ မဟုတ်လား"

ထိုစကားကို နန်းကုန်းသက်က ထောက်ခံလိုက်လေသည်။



"ဟုတ်တယ်၊ မာထင်းကိုရဖို့ အဓိကပဲ"

လီဆင်း ခေါင်းငိုက်စိုက်ကျသွား၏။ နန်းကုန်းသက်က ...

"အားထုံ ... မင်း ပိုးဖလံနဲ့သွားတွေ့ပါ။ ငွေကုန်ချင်သလောက် ကုန်ပါစေ၊ မာထင်းကို အသက်ရှင်လျက်ရရင် တော်ပြီလို့ ပြောပြလိုက်"

အားထုံ ပြုံးလိုက်သည်။ ဆုံးဖြတ်ချက်ချနိုင်သူမှာ နန်းကုန်းသက် ဖြစ်လေသည်။ နန်းကုန်းသက်က သဘောတူသည်ဆိုလျှင် အတားအဆီးရှိနိုင်တော့မည် မဟုတ်ပါ။

လီဆင်းသည် အဆိပ်မရှိသော ရေမြွေတစ်ကောင်ဖြစ်သွားချေပြီ။

အားထုံက နန်းကုန်းသက်အား ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ... ပိုးဖလံကို လက်ခံလာအောင် ကျုပ်စည်းရုံးသိမ်းသွင်းပါ့မယ်၊ သူက လက်ခံပြီဆိုရင် မာထင်းဟာ သူ့ရွှေးကြီးလက်ထဲကို ရောက်လာပြီလို့ မှတ်လိုက်ပါတော့"

နန်းကုန်းသက် လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"ကဲ ... မင်းသွားတော့၊ သုံးလထက် အချိန်ပိုမပေးနိုင်ဘူးဒါပြောတာ မှတ်မိတယ်နော်"

"မှတ်မိပါကယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အားထုံသည့် နန်းကုန်းသက်အား နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

❒

“ငါ ဆယ်ရက်လုံးလုံး အချိန်ကုန်ခံခဲ့ရတယ်ကွ”

အားထုံက ဝမ်းသာအားရ ပြောလိုက်လေသည်။ ကျင်းရှောင် ရယ်မောလိုက်သည်။

“ဒီလိုမှန်းသိရင် ငါ ဒီကိုတောင် မလာပါဘူးကွာ၊ တစ်နေရာရာမှာ ပုန်းပြီး မင်း ဘယ်လောက်စိတ်ညစ်နေမလဲဆိုတာ ချောင်းကြည့်နေတာပေါ့ ... ဟား ဟား ဟား”

အားထုံလည်း ရယ်မောလိုက်လေသည်။ သူတို့နှစ်ယောက်က ယခုလို မျက်နှာချင်းဆိုင်ထိုင်ကာ ရယ်မောခြင်း မပြုရသည်မှာ ကာလအတန်ကြာပြီ မဟုတ်ပါလား။ အားထုံက ...

“အလုပ်ကိစ္စတစ်ခုပေါ်လာတယ်၊ ငါကလည်း မင်းကို ချက်ချင်း သတိရလိုက်တယ် ဒါကြောင့်”

ကျင်းရှောင်က လက်ကာပြလိုက်ခြင်းကြောင့် အားထုံစကား တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။ ကျင်းရှောင်က ...

“သူငယ်ချင်း ... ဆားထင်းချိုကို သတိရသေးရဲ့လား”



အားထုံ မျက်မှောင်ကြုတ်သွားကာ ...

“ဆားထင်းချို ... ဟုတ်လား၊ သူက သေလုမျောပါးဒဏ်ရာကြီးနဲ့ ရန်သူ့လက်ထဲမှာ ကျန်ရစ်ခဲ့တယ်လေကွာ၊ သေသွားဖို့က လွဲပြီး ဘာများရှိဦးမှာလဲ”

“သူ မသေဘူးကွ၊ ရန်သူတွေက သူ့ကို ဖမ်းမိသွားတော့ ဆေးကုပေးတယ်၊ ကောင်းကောင်းကျွေးတယ်၊ သူ ပေါ့ကောင်းဖြစ်လာတဲ့အခါ ငွေတွေပုံပေးပြီး ငါ့ဆီကို လွှတ်လိုက်တယ်”

“ဘာ ... မင်းဆီကိုလွှတ်လိုက်တယ် ... ဟုတ်လား”

“ဟုတ်တယ် ... သူက ငါ့ဆီကိုရောက်လာတယ်”

“ရန်သူတွေက အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး ခွပ်ခိုင်းလိုက်တာပေါ့”

“အိမ်ကြက်ဆိုတာ ရှိလို့လားကွာ”

အားထုံ ပါးစပ်ပိတ်ထားလိုက်လေသည်၊ မှန်ပေသည်။ ကြေးစားများသည် ငွေပေးသည့်အလုပ်ရှင်၏ မျက်နှာမှလွဲပြီး မည်သူ၏မျက်နှာကိုမှ ကြည့်တတ်ကြသူများ မဟုတ်ချေ။

တစ်ခါတစ်ရံတွင် မိမိက ငွေရှင်တစ်ယောက်ဘက်မှ ရပ်တည်နေနိုင်ချိန်ဝယ် မိမိ၏အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့ဖူးသူသည် ရန်သူငွေရှင်ဘက်မှ ရပ်တည်နေသည့်အဖြစ်မျိုးနှင့် ကြုံရ

www.burmeseclassic.com

www.burmeseclassic.com



ဘတ်သည်။

ထိုအခါမျိုးဝယ် မိတ်ဆွေသူငယ်ချင်းဟူသည့်အသံကို ငွေက ဖုံးလွှမ်းသွားလေတော့သည်။ အားထုံ သက်ပြင်းချလိုက်သည်။

"သူက"

"သူက ငါ့ကိုသတ်ဖို့ ကြိုးစားခဲ့တယ်လေ"

အားထုံသည် ဆားထင်းချိုး၏ကံကြမ္မာကို ရိပ်မိလိုက်လေသည်။ ကျင်းရှောင်က သူ၏ရှေ့ဝယ် စကားပြောနေနိုင်သည်ဆိုလျှင် ဆားထင်းချိုသည် မြေကြီးတစ်နေရာဝယ် လဲလျောင်းအိပ်စက်နေလိမ့်မည်သာ ဖြစ်ပေသည်။

ထိုကိစ္စသည်လည်း ထူးဆန်းသည်ကိစ္စမဟုတ်ဟု တွေးကာ လျစ်လျူရှုထားလိုက်လေတော့သည်။ ကျင်းရှောင်က ...

"ဆားထင်းချို ရန်သူလက်ထဲမှာ ကျန်ရစ်ခဲ့ပြီးတဲ့နောက်ပိုင်း ငါလည်း စိတ်လေပြီး ခြေဦးတည့်ရာ လျှောက်သွားနေခဲ့မိတယ်"

"ငါကတော့ မင်း တစ်နေရာရာမှာ အလုပ်လုပ်နေတယ်လို့ ထင်ခဲ့မိတာ"

"ငါ စိတ်ကုန်နေပါပြီကွာ"

"မင်း တကယ်ပြောတာလား"

အားထုံ စိတ်လှုပ်ရှားသွားသည်။



ကျင်းရှောင်သည် အလုပ်လုပ်လိုစိတ် မရှိတော့လျှင် နန်းကုန်းသက်၏အစီအစဉ် မည်သို့မှ ဖြစ်ပေါ်လာနိုင်တော့မည် မဟုတ်ဟု တွေးမိသည်မဟုတ်ပါလား။

"ဟုတ်တယ် ... ငါ ဘယ်တုန်းက အလည်အပတ်သွားဖူးလို့လဲ၊ အခု ငါက မင်းဆီကိုလာပြီး လည်ပတ်တာလေကွာ"

ကျင်းရှောင် အပြောင်းလဲကြီး ပြောင်းလဲသွားပြီဖြစ်ကြောင်း တွေးမိသည့်အခါ အားထုံ အကြီးအကျယ် စိတ်ပျက်သွားလေတော့သည်။

"ဒုက္ခပဲ"

ဟုလည်း လွှတ်ခနဲ ညည်းညူလိုက်၏။

"ဘာဖြစ်လို့လဲ ... ငါ လာပြီးလည်ပတ်တာကို မင်းက သဘောမကျလို့လား"

"မဟုတ်ဘူး၊ ငါက မင်းကို ညွှန်ပြုရဖို့ ဝတ္ထုရားမကျေမှာ တွေးမိလို့ကွ"

"ဒါဆိုလည်း ကိစ္စမရှိပါဘူး၊ ငါကလည်း ဒီမှာ ကြာကြာနေမယ် စိတ်ကူးထားတာမှမဟုတ်ဘဲ"

"နေဦး"

အားထုံ ကမ္ဘာကယာ ဟန့်တားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင်က ...

"မင်း ဘာပြောချင်လို့လဲ"

"ငါ ဘာလုပ်နေတယ်ဆိုတာ မင်း စိတ်မဝင်စားဘူးလား"

ကျောင်းရှောင် ပြုံးလိုက်သည်။

"မင်းဟာ အပေးအကမ်းရက်ရောတဲ့ အလုပ်ရှင် တစ်ယောက်ဆီမှာ လုပ်နေတာ ဖြစ်မှာပေါ့၊ မင်းရဲ့အိမ်ကို ငါရောက်ခဲ့ပြီးပါပြီကွာ"

မှန်ပေသည်။ အားထိုက နန်းကုန်းသက်ထံဝယ် သစ္စာရှိစွာ အမှုထမ်းသဖြင့် နန်းကုန်းသက်ကလည်း သူ့အား လိုလေသေးမရှိအောင် ပံ့ပိုးထားခဲ့သည်။

"သူငယ်ချင်း ... ငါ့ရဲ့အလုပ်ရှင်ဟာ ရက်ရောတာမှန်တယ်၊ သူက လူတော်လူကောင်းတွေကို ချီးမြှင့် မြှောက်စားလေ့ရှိတယ်ကွ၊ ငါကတော့ ဒီမှာပဲ တစ်သက်လုံး အရိုးထုတ်သွားမယ်လို့ စိတ်ကူးထားတယ်"

ကျောင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ကောင်းတာပေါ့ကွာ၊ တစ်နေရာကတစ်နေရာ ကူးပြောင်းနေရတဲ့ဘဝက စိတ်ပျက်စရာသိပ်ကောင်းတာပေါ့၊ မင်း အခုလို တည်တည်ငြိမ်ငြိမ်ဖြစ်သွားတာ ငါ ဝမ်းသာပါတယ်"



အားထိုက လက်ကာပြလိုက်သည်။

"ဝမ်းမသာနဲ့ဦးသူငယ်ချင်း၊ ငါလည်းမကြာခင် ဒီနေရာက လွင့်ရတော့မှာ"

"ဟော ... ဘာဖြစ်လို့လဲကွ"

အားထိုက ...

"သူက ငါ့ကို အလုပ်တစ်ခုလုပ်ခိုင်းတယ်၊ ငါက လုပ်နိုင်မယ် မထင်ဘူး၊ ဒါကြောင့် မင်းကိုလိုက်ရှာခဲ့တာ၊ ဒီကိစ္စမှာ မင်းက ငါ့ထက်ပိုပြီး ကျွမ်းကျင်တယ် မဟုတ်လား၊ မင်းက စိတ်ကုန်သွားပြီဆိုတော့ ငါလည်းဆက်လုပ်ဖို့ မဖြစ်နိုင်တော့ဘူး၊ ဒါဆိုရင် အလုပ်ရှင်က ငါ့ကို ကန်ထုတ်လိုက်မှာပဲ"

"မင်းကို ဘာလုပ်ခိုင်းတာလဲ"

"သေခိုင်းတာလေ"

အားထိုက ခပ်တည်တည်ပြောလိုက်သည်။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ပြီး ...

"ဟား ဟား ဟား"

သဘောကျစွာ ရယ်မောလိုက်ကြ၏။ နှစ်ယောက်သား ရယ်မောလိုက်ကြပြီးမှ အားထိုက ...

"သူက ငါအသက်ရှင်နေတာကို မကြည့်ချင်တော့ဘူးလေ"

www.burmeseclassic.com



"သူခိုင်းတဲ့အလုပ်လုပ်ရင် မင်းသေမယ် ဟုတ်လား"

"သိပ် သေချာတာပေါ့ကွာ"

"ဘာအလုပ်လဲ"

ကျင်းရှောင်က စိတ်ဝင်စားစွာ မေးလေသည်။ အားထုံက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ...

"သူငယ်ချင်း ငါ့အိမ်ကို လိုက်ခဲ့ရင်ကောင်းမယ်၊ ဒီမှာ လူတွေများတယ်၊ လွှတ်လွှတ်လပ်လပ် စကားပြောလို့ရမှာ မဟုတ်ဘူး"

ကျင်းရှောင် တွေဝေသွား၏။ အားထုံအား အကဲခတ်ကြည့်ကာ တစ်စုံတစ်ခု တွေးတောစဉ်းစားနေဟန်ရှိ၏။ အားထုံ ရင်ခုန်သံမြန်လာသည်။

သူသည် ကျင်းရှောင် စိတ်လှုပ်ရှားလာအောင် ပြုလုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ ကျင်းရှောင်က သူနှင့်လက်တွဲလာရန်သာ လိုတော့သည်။

ကျင်းရှောင်သည် မိတ်ဆွေသူငယ်ချင်းအပေါ် ဂရုတစိုက်ရှိသူဖြစ်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

အားထုံက ကျင်းရှောင်ကို စိုက်ကြည့်နေ၏။ အတော်ကလေးကြာမှ ကျင်းရှောင်သက်ပြင်းချကာ ...

"ကောင်းပြီလေ ... သွားကြတာပေါ့"



အားထုံမှာ လည်ချောင်းဝ၌ တစ်ဆို့နေသည့်အလုံးကြီး တစ်လုံး ရင်ထဲ လျှောကျသွားသည်ဟု ခံစားလိုက်ရသည်။

တစ်ခဏအကြာတွင် သူတို့နှစ်ယောက်သည် ပန်းမြို့တော် ဟည်းခိုခန်းအပြင်ဘက်ရှိ လမ်းမပေါ်သို့ ရောက်နေကြပြီ ဖြစ်လေသည်။

❒

ကျင်းရှောင်က အရက်တစ်ခွက် မော့ချလိုက်သည်။ ခွက်ကို စားပွဲပေါ်ချပြီး အားထုံကို လှမ်းကြည့်လိုက်သည်။ အားထုံက ...

"ငါ နောက်တစ်ခေါက် ရှင်းပြဦးမလား"

"မလိုတော့ပါဘူးကွာ၊ ငါ သဘောပေါက်ပါပြီ"

အားထုံက ...

"သူဌေးကြီးနန်းကုန်းသက်အတွက် စုအိမ်းဟာ ဘယ်လောက် မုန်းတီးစရာကောင်းတဲ့လူ ဖြစ်နေပြီလဲ၊ သူက စုအိမ်းကို အလဲထိုးဖို့ အစွမ်းကုန်ကြိုးစားမှာပဲ"

ကျင်းရှောင် ပြုံးလိုက်သည်။

"သူဌေးကြီးဘက်က ကြည့်ရင်လည်းမှန်တယ်၊ စုအိမ်းဘက်က ကြည့်ရင်လည်း မှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

အားထုံက ကျင်းရှောင်ကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။ ကျင်းရှောင်က ...

"မင်းစဉ်းစားကြည့်လေ ... မိုးမြေဂိုဏ်းကြောင့် ကြူဟွီး အကျိုးဆောင်အဖွဲ့ဟာ လွတ်လွတ်လပ်လပ် စီးပွားရှာနိုင်တယ်၊ အကျိုးအမြတ်တွေ တစ်ပုံတစ်ပင်ကြီးရခဲ့ကြတယ် မဟုတ်လား၊ ရသမျှ အိတ်ထဲထည့်ပြီး မိုးမြေဂိုဏ်းကို လျစ်လျူရှုထားတာ ဘယ်ကောင်းမလဲ၊ အဆိုးဆုံးက မိုးမြေဂိုဏ်း ပြိုကွဲသွားရင် မကောင်းမှုအစရှိက်လုပ်ငန်းတွေ တွင်တွင်ကျယ်ကျယ်လုပ်ပြီး စီးပွားထပ်ရှာဦးမယ်ဆိုတာပဲ၊ မင်းရဲ့အလုပ်ရှင်လုပ်ပုံက ကြူဟွီးနယ်ကို ငရဲပြည်ဖြစ်အောင် လုပ်တာနဲ့ မတူဘူးလား"

မှန်ပေသည်။ ကျင်းရှောင်က ဆက်ပြောလိုက်သည်။

"စုအိမ်းဘက်ကကြည့်မယ်ဆိုရင်လည်း သူတို့က နှစ်ပေါင်းများစွာ အနှစ်နာခံခဲ့ပေမယ့် ဘယ်သူကမှ သူတို့ကို ပြန်လှည့်မကြည့်ခဲ့ဘူး မဟုတ်လား၊ အခုလိုလုပ်လိုက်တာ သူ့အတွက် ထွက်ပေါက်ပဲ၊ ဒါပေမဲ့ ကြူဟွီးနယ်မှာ သူ့ကို ဘယ်သူမှ မော့မကြည့်ရဲဘူးလို့ ထင်နေရင်တော့ အများကြီးမှားသွားလိမ့်မယ်၊ သူလုပ်သင့်တာက အားလုံး မိုးမြေဂိုဏ်းအကြောင်းသိအောင် လုပ်ပြပြီး နဂိုအတိုင်း



ဟန်မပျက် ဆက်နေဖို့ပဲ၊ ဒါဆိုရင် ဘယ်သူကမှ မိုးမြေဂိုဏ်းကို မထောက်ပံ့ဘဲ နေရဲတော့မှာ မဟုတ်ဘူး"

အားထုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... အဖြစ်အပျက်ကို မင်းနားလည်ပြီဆိုရင် ဂိုဏ်းချုပ်မာထင်းကို ကယ်တင်ဖို့ကိစ္စ မင်း ဘယ်လိုသဘောထားသလဲ"

"ဒီကိစ္စမှာ ရှုပ်ထွေးမှုတွေ အများကြီးရှိနေတယ်၊ ဒါကြောင့် ဝင်မပါဘဲ လက်ရှောင်နေလိုက်တာ ကောင်းမယ်"

အားထုံ ငိုင်သွား၏။ ကျင်းရှောင်အား စည်းရုံးရန်မလွယ်သဖြင့် စိတ်ညစ်သွားသည်။ သို့သော် သူ၏အိမ်သို့ လိုက်လာပြီးမှ သူက ရအောင်စည်းရုံးမည်ဟု ဆုံးဖြတ်လိုက်၏။

"သူငယ်ချင်း ... မင်းက ခေါင်းရှောင်နေလို့ရတယ်၊ ငါကတော့ မရနိုင်ဘူးကွ"

"ဟုတ်တယ် ... မင်းက သူ့ဆီမှာ ငွေယူတယ်ဆိုတော့ သူခိုင်းတာ လုပ်ရမှာပေါ့"

"သူက ငါ့ကို သွားသေခိုင်းတာ"

"ဘာထူးလို့လဲကွာ၊ တို့ကပုမှန်းသိလျက် မီးကိုတိုးဝင်နေတဲ့ ပိုးဖလံတွေပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အားထုံ လက်လျှော့လိုက်လေတော့သည်။

"ကောင်းပြီလေ ... မင်း စိတ်မပါရင်လည်း ငါ မတိုက်တွန်းတော့ပါဘူး။ ငါ့ကိစ္စ ငါ့ဘာသာကြည့်ရှင်းမယ်၊ မင်း ဒီမှာ တစ်ရက်နှစ်ရက်လောက်တော့ နေသွားရမယ်"

"မင်းရဲ့အလုပ်ရှင်က"

"ငါ သူ့ကို ဂရုမစိုက်ပါဘူးကွာ"

ကျင်းရှောင်က ...

"ဘာလဲ ... မင်းက သူ့ဆီမှာ ဆက်မလုပ်တော့ဘူးလို့များ"

သူ၏စကား မဆုံးမီ အားထုံက ကြားဖြတ်ပြောလိုက်လေသည်။

"ငါက ငွေယူထားတာပဲ၊ သေရမှာကြောက်လို့ ထွက်ပြေးသွားတယ်ဆိုတာထက် သေသွားတာက ပိုကောင်းတယ် မဟုတ်လား၊ ငါက သူနိုင်းတဲ့ကိစ္စကို မဖြစ်မနေလုပ်မှာပါ"

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"ဒါဆိုရင် ဆားထင်းချိုကို နောက်ထပ် ဘယ်တော့မှ မတွေ့နိုင်တော့သလို မင်းကိုလည်း"

ယခုတစ်ကြိမ် ကျင်းရှောင်က သူ့ဘာသာစကားရပ်တန့်လိုက်ခြင်းဖြစ်၏။



"ဒါကြောင့် ငါ့ဆီမှာ တစ်ရက်နှစ်ရက်လောက် နေသွားလို့ ပြောတာပေါ့ကွာ"

"မင်းက ဘာကြောင့် ဒီလောက်တောင် ကိုယ့်ကိုယ်ကိုယ် လျှော့တွက်ထားရတာလဲ၊ မင်းလုပ်ခဲ့သမျှ အောင်မြင်ခဲ့တာချည်းပဲ မဟုတ်လား"

အားထုံက ...

"ငါ အောင်မြင်ခဲ့တယ်ဆိုတာ ဘေးမှာ သူငယ်ချင်းတွေ ရှိတယ်လေ၊ အခုတစ်ကြိမ် ငါက ဘယ်လိုလူစားမျိုးတွေနဲ့ လက်တွဲရမယ်ဆိုတာ မသိနိုင်သေးဘူး ဘာပဲဖြစ်ဖြစ် အခုတစ်ကြိမ် လက်တွဲရမယ့်လူတွေဟာ ငါ့သူငယ်ချင်းတွေကိုတော့ မီကြမှာမဟုတ်ဘူး"

ကျင်းရှောင်က ...

"တကယ်လို့ စီမင်းယု, လျှူခင်းနဲ့ စန့်တွမ်းဖုံးတို့က မင်းနဲ့ လက်တွဲကြမယ်ဆိုရင်ကော"

"ဟေ"

အားထုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ငါလည်း တစ်ယောက်အပါအဝင် ဆိုပါတော့ကွာ"

အားထုံ အားရပါးရ ပြုံးလိုက်ပြီး ...

"မင်းတို့ပါမယ်ဆိုရင် ငါ ငရဲပြည်ကိုတောင် သွားရဲတယ်ကွ

www.burmeseclassic.com

www.burmeseclassic.com



... ဟား ဟား ဟား"

ကျင်းရှောင်လည်း ရယ်မောလိုက်လေသည်။ သူတို့နှစ်ယောက် အတန်ကြာ ရယ်မောပြီးမှ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြသည်။ ကျင်းရှောင်က ...

"ငရဲပြည်သွားတဲ့ခရီးအတွက် ဘာတွေလိုတယ်ဆိုတာ မင်းသိပါတယ်နော်"

အားထုံ ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... မင်းတို့လိုချင်တာအားလုံး ဖြစ်စေရမယ်"

"ဒါဆို ငါ့ကို အကောင်းဆုံးမြင်းတစ်စီးနဲ့ ငွေများများသာပေးပေတော့၊ အချိန်လည်း ဆယ်ရက်လောက်လိုတယ်၊ ငါပြန်ရောက်လာရင် အထူးချည့်သည်တော်အတွက် မင်းက အကောင်းဆုံး အရက် စီစဉ်ထားမယ်လို့ ငါထင်တယ်"

ယခုမှ ကျင်းရှောင်ဆိုလိုသည့် စကားအဓိပ္ပာယ်ကို အားထုံ ကောင်းစွာနားလည်သွားတော့သည်။

"စိတ်ချ ... အရက်အိုးထဲဝင်ပြီး ရေချိုးရအောင် ငါစီစဉ်ထားလိုက်မယ်"

❒❒❒



## အပေးအယူ

ကျင်းရှောင်သည် ဆယ်ရက်မပြည့်မီမှာပင် စီမင်းယု၊ လျှိုခင်းနှင့် စန်းကွမ်းဖုံးတို့ကို စည်းရုံးခေါ်ဆောင်လာနိုင်ခဲ့ပြီဖြစ်သည်။ သူတို့သည် အားထုံနှင့်အတူ ဆုံစည်းရာသို့ ရောက်လာခဲ့ကြသည်။

ဆုံစည်းရာသည် စားသောက်ဆိုင်တစ်ဆိုင်၏အမည် ဖြစ်သည်။ ဆုံစည်းရာစားသောက်ဆိုင်သည် ကြီးကျယ်ခမ်းနားလှသည် မဟုတ်ပါ။ ရေကန်ကြီးတစ်ခု၏ဘေးဝယ် ဆောက်လုပ်ထားသော သစ်သားအိမ်တစ်လုံး၌ ဖွင့်လှစ်ထားသည့် ဆိုင်တစ်ဆိုင်သာ ဖြစ်လေသည်။

ပတ်ဝန်းကျင်၌ လူနေအိမ်ခြေကျဲပြီး တိတ်တိတ်ဆိတ်ဆိတ်ရှိ၏။ အရသာရှိသော စားသောက်ဖွယ်ရာများလည်း ရရှိနိုင်၏။

ထို့ကြောင့် နာမည်ရသော စားသောက်ဆိုင်အဖြစ် တည်ရှိနေခြင်းဖြစ်လေသည်။

ယခု ဆုံစည်းရာစားသောက်ဆိုင်ရှေ့ ရေကန်စပ်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတစ်လုံးရှိနေပြီး ထိုစားပွဲဝယ် လူငါးယောက် ဝိုင်းဖွဲ့ထိုင်နေကြပြီဖြစ်သည်။ ထိုလူငါးယောက်မှာ ကျင်းရှောင်၊ စန့်ကွမ်းဖုံး၊ လျူခြင်း၊ စီမင်းယုနှင့် အားထုံတို့ ဖြစ်ကြလေသည်။ သူတို့ရှေ့ရှိ စားပွဲပေါ်ဝယ် စားသောက်ဖွယ်ရာများ၊ အရက်များ အဆင်သင့်ရှိနေ၏။

သို့သော် သူတို့ငါးယောက်စလုံး လက်ဖျားနှင့်ပင် မတို့ကြပါချေ။ သူတို့ ဤနေရာသို့ စုရုံးရောက်လာကြခြင်းမှာ အစားအသောက်စားသောက်ရန်မဟုတ်ကြောင်း အားလုံးနားလည်ထား၏။

သူတို့သည် အလုပ်ကြီးတစ်ခုလုပ်ရန် စုရုံးနေကြသည် မဟုတ်ပါလား။

"လာပြီ"

အားထုံက တိုးတိုးပြောလိုက်သည်။ ကျန်လူအားလုံးက လှမ်းကြည့်လိုက်ကြ၏။ လူတစ်ယောက် အိတ်တစ်လုံးဆွဲကာ ခပ်သွက်သွက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ သူဌေးကြီးနန်းကုန်းသက်၏လက်ရုံး လီဆင်း ဖြစ်လေသည်။ လီဆင်းက လွတ်နေသော ခုံတစ်လုံး၌ ဝင်ထိုင်လိုက်၏။ ပြီးနောက် အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

"ကျုပ် နောက်ကျသွားတာကို ခွင့်လွှတ်ပါဗျာ"

ဟု ပြောလိုက်၏။ အားလုံးက သူ့အား ဝိုင်းကြည့်နေကြပြီး ဘာမှမပြောကြချေ။ သူတို့သည် အပိုစကားပြောသည်ကို စိတ်ဝင်စားကြသူများ မဟုတ်ကြချေ။

လီဆင်းမှာ သူတို့၏မျက်နှာထားကို ကြည့်လိုက်သည်နှင့် ချက်ချင်းရိပ်မိသွားလေသည်။ ချောင်းတစ်ချက်ဟန့်လိုက်ပြီး —

"သူဌေးကြီးက အားလုံးကို နှုတ်ခွန်းဆက်သလိုက်ပါတယ်၊ ငွေရေးကြေးရေးကိစ္စအတွက်လည်း မိတ်ဆွေတို့ ပြောတဲ့အတိုင်း သဘောတူပြီး မူလသတ်မှတ်ချက်ကို ပြင်ဆင်ပေးလိုက်ပါတယ်"

ထိုစကားကြားလျှင် ကျင်းရှောင် သက်ပြင်းချလိုက်မိသည်။ နန်းကုန်းသက်သည် မိုးမြေဂိုဏ်းချုပ် မာထင်းအား ကယ်တင်ရန်အတွက် ငွေတစ်သိန်းပေးမည်ဟု သတ်မှတ်ခဲ့၏။

ယခုမူ ကျင်းရှောင်၏ အဆိုပြုချက်ဖြင့် ငွေငါးသိန်းပေးရန် သဘောတူလိုက်ပြီဖြစ်လေသည်။

"ဒါပေမဲ့ အခုလောလောဆယ် လိုအပ်တဲ့အသုံးစရိတ်ကလွဲပြီး ငွေကို အပိုမပေးနိုင်ပါဘူး၊ ကိစ္စအောင်မြင်သွားတဲ့အခါကျမှ ငွေအကျေပေးမယ်လို့ ပြောပါတယ်"

ပြောပြီး အားလုံးကို ဝေ့ကြည့်လိုက်လေသည်။ ကျင်းရှောင်က ...

"အခုချိန်ကစပြီး ကျုပ်တို့အတွက် အစစအရာရာ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူမယ်ဆိုပါတော့"

"ဟုတ်တယ် ... ခင်ဗျားတို့ ဘာပဲလုပ်လုပ် သူဌေးကြီးက အကုန်အကျခံ တာဝန်ယူပါလိမ့်မယ်"

ကျင်းရှောင်က သူ၏မိတ်ဆွေများကို ကြည့်လိုက်၏။ အားလုံးက ခေါင်းညိတ်ပြလိုက်ကြလေသည်။ လီဆင်း၏စကားကို သဘောတူလိုက်ကြခြင်းဖြစ်၏။ လီဆင်း ကျေနပ်သွား၏။

ကြေးစားများနှင့် တွေ့ဆုံမှုသည် ပထမအဆင့်အနေနှင့် အောင်မြင်သွားခဲ့ပြီ မဟုတ်ပါလား။ လီဆင်း ပြုံးလိုက်သည်။

"ကောင်းပြီ ... ကျုပ်တို့ ရှေ့ဆက်ကြရအောင်"

ပြောပြောဆိုဆို လက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်းများ ထုတ်ယူလိုက်၏။

"ဟောဒီမှာ စာရွက်စာတမ်းတွေ ပါလာတယ်၊ ဒီမှာ ကျုပ်တို့က ဝိုဏ်းချုပ်ကြီးမာထင်းကို ဘယ်လိုကယ်တင်ကြမလဲဆိုတဲ့ အစီအစဉ်တွေ ရေးဆွဲထားပါတယ်၊ ကြျုဟွီးနယ်ထဲ ဝင်လမ်း၊ ထွက်လမ်းတွေ အားလုံး ရေးမှတ်ထားတဲ့ မြေပုံတွေလည်းပါပါတယ်"

အားလုံးက လီဆင်းထံမှတစ်ဆင့် ကျင်းရှောင်ဘက်သို့ အကြည့်လွှဲလိုက်ကြလေသည်။ ကျင်းရှောင်က ...

"ကြျုဟွီးနယ်ရဲ့ အသေးစိတ်မြေပုံ ခဏပေးပါဗျာ"



လီဆင်းက လှမ်းပေးလိုက်လေသည်။ ကျင်းရှောင်က မြေပုံကို ယူကာ စားပွဲပေါ် ဖြန့်ကြည့်လိုက်လေသည်။ အားလုံးက ကျင်းရှောင်၏လှုပ်ရှားကို မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။ ကျင်းရှောင်က ...

"ခင်ဗျားတို့ ရေးဆွဲထားတဲ့ အစီအစဉ်တွေကို ကြည့်ပါရစေဦးဗျာ"

လီဆင်းက စာရွက်စာတမ်းများ လှမ်းပေးလိုက်ပြန်သည်။ ကျင်းရှောင်က စာရွက်စာတမ်းများကိုယူကာ လုံးဝမကြည့်ဘဲ ဗြိခနဲ မြည်အောင် ဆွဲဆုတ်ပစ်လိုက်လေသည်။

သူ၏လှုပ်ရှားကြောင့် လီဆင်း မျက်လုံးပြူးသွားသည်။

"ခင် ခင်ဗျား ဘာလုပ်တာလဲ"

ပြောပြောဆိုဆို ကျင်းရှောင်၏လက်တွင်းမှ လုယူရန် ဟန်ပြင်လိုက်လေသည်။ ကျင်းရှောင်က သူ့အား အေးတိအေးစက် စိုက်ကြည့်နေ၏။

ကျင်းရှောင်၏အကြည့်ကြောင့် အဆိပ်ပြင်းသည့်မြွေတစ်ကောင်အား တွေ့လိုက်ရသည့်ပမာ လီဆင်း နောက်တွန့်သွား၏။ ကျင်းရှောင်က ...

"မိုးမြေဂိုဏ်းချုပ်ကိုသွားပြီး တယ်တင်မယ့်ကိစ္စမှာ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းဆောင် အစီအစဉ်တွေကို ကျုပ်ကလည်း ရေးဆွဲမယ်"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။ လီဆင်း မကျေမနပ် ဖြစ်သွားသည်။ အားထုံဘက်သို့လှည့်ကာ ...

"အားထုံ ... ဒီကိစ္စကို"

သူ၏စကားမဆုံးမီ အားထုံက ကြားဖြတ်၍ ...

"မိုးမြေဂိုဏ်းချုပ်ကို ကယ်တင်ဖို့ကိစ္စ လွယ်တယ်ထင်ရင် ခင်ဗျားတို့ဘာသာ လုပ်ကြည့်ပါ"

လီဆင်းက ...

"အားထုံ ... ခင်ဗျားကို သူဌေးကြီးက အလုပ်ဖြုတ်ပစ်မှာ မကြောက်ဘူးလား"

"ကျုပ်က သူ့ဆီမှာ အလုပ်မလုပ်ရလို့ သေသွားမှာမှ မဟုတ်တာ"

အားထုံ၏စကားကြောင့် လီဆင်း ပါးစပ်ပိတ်သွားလေတော့သည်။ ကျားရှောင်က လီဆင်းကိုကြည့်ကာ ...

"ကျုပ်တို့ကို တစ်ယောက် ငွေငါးသိန်းစီပေးရမယ်၊ ကုန်ကျစရိတ် အားလုံးခံရမယ်၊ ဒါကို သဘောတူတယ်ဆိုရင် ဆယ့်ငါးရက်အတွင်း ကျုပ်တို့က မိုးမြေဂိုဏ်းချုပ် မာထင်းကို ကယ်တင်ပေးမယ်"

ဟုပြောလိုက်၏။ လီဆင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။



"ဆယ့် ဆယ့်ငါးရက် ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်တို့အတွက် လိုလေသေးမရှိ စီစဉ်ပေးမှ ဖြစ်မယ်"

လီဆင်း သက်ပြင်းချလိုက်သည်။ ဤနေရာသို့မလာမီ နန်းကုန်းသက်ပြောလိုက်သည့်စကားများ ပြန်လည်ကြားယောင်လာလေသည်။

"သူတို့သာ မာထင်းကို ကယ်နိုင်မယ်ဆိုတာ သေချာပါစေ၊ သူတို့လိုချင်တာ အကုန်ပေးလိုက်"

လီဆင်း သက်ပြင်းချလိုက်သည်။

"ခင်ဗျားတောင်းဆိုသမျှကို လိုက်လျောနိုင်ဖို့ ခင်ဗျားက အာမခံချက်တစ်ခု ပေးဖို့လိုပါတယ်"

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ခင်ဗျား ဘာလိုချင်သလဲ ပြော"

"ခင်ဗျားတို့က မိုးမြေဂိုဏ်းချုပ်ကို အမှန်တကယ် ကယ်တင်နိုင်မှဖြစ်မယ်"

"ဝါး ဟား ဟား"

စီမင်းယု၊ စန့်ကွမ်းဖုံး၊ လျှူခြင်းနှင့် အားထုံတို့က လှောင်ပြောင်ရယ်မောလိုက်ကြလေတော့သည်။ လီဆင်း ကြောင်အမ်းအမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။ ကျင်းရှောင်က ...

"ဒီနေ့ကစပြီး ဆယ့်ငါးရက်ပြည့်တဲ့နေ့မှာ မိုးမြေဂိုဏ်းချုပ်မာထင်းဟာ ခင်ဗျားတို့လက်ထဲ ရောက်လာစေရမယ်"

သူ၏စကားသည် သူ၏အာမခံချက် ဖြစ်လေသည်။

"ကောင်းပြီ ... ခင်ဗျား အာမခံတယ်ဆိုရင် ဘာမဆို လိုက်လျောဖို့ အသင့်ပဲဗျ"

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ခင်ဗျားက အခုလောလောဆယ် ငွေဆယ်သိန်း ယူလာခဲ့ပါ။ ခုအချိန်ကစပြီး ကျုပ်တို့ အလုပ်လုပ်ကြမယ်၊ ဂိုဏ်းချုပ်မာထင်းကို ကယ်တင်ဖို့ လုပ်ငန်းစကြမယ်"

လီဆင်း မျက်လုံးပြူးသွား၏။

"ဆယ်သိန်း ... ဟုတ်လား"

"ဟုတ်တယ်"

"ဘာ ဘာလုပ်ဖို့လဲ"

"ကျုပ်တို့ ကြူးဟွီးနယ်ကိုရောက်ရင် စုအိမ်းရဲ့ မိုးမြေဂိုဏ်းနဲ့ ရင်ဆိုင်ရမှာ၊ ဒီတော့ ကျုပ်တို့အတွက်ပစ္စည်းကိရိယာတွေ၊ လက်နက်တွေ၊ လူတွေလိုတယ်၊ ဒါတွေအားလုံး ငွေပေးမှ ရမယ်"

အားဆုံက ဝင်ပြောလိုက်၏။



"တချို့ပစ္စည်းတွေဟာ အခုချက်ချင်းလိုချင်လို့ ရနိုင်တာမဟုတ်ဘူး၊ မြန်မြန်လိုချင်တယ်ဆိုရင် ငွေပိုပေးရလိမ့်မယ်"

လီဆင်း ငြိမ်ကျသွား၏။

"ကောင်းပြီ ... ခင်ဗျားတို့လိုချင်တာ ဖြစ်စေရမယ်၊ ဒါပေမဲ့ သူဌေးကြီးဆီက ခွင့်ပြုချက်ယူဖို့တော့ အရေးကြီးတယ်"

ကျင်းရှောင် ကန့်ကွက်ခြင်းမပြုချေ။

"ရပါတယ်ဗျာ ... ခင်ဗျားက သူ့ကိုပြောပြမယ်ဆိုရင် ကျုပ်တို့အတွက် အနောင့်အယှက်ကင်းတဲ့ သီးသန့်ခြံဝင်းတစ်ခုလည်း လိုချင်တယ်လို့ ပြောပြလိုက်ပါ"

"ကျုပ် ပြောပြလိုက်ပါ့မယ်"

"ကဲ ... ခင်ဗျားဘက်က အမြန်ဆုံးဆောင်ရွက်ပေတော့၊ ကျုပ်တို့က အလုပ်လုပ်မယ်ဆိုရင် ဒီအတိုင်းနေရတာကို သိပ်ပြီး ငြီးငွေ့တဲ့ လူတွေပဲ၊ လုပ်မယ်ဆို လုပ်လိုက်ရမှ၊ ဒါကို ခင်ဗျား နားလည်မှာပါ"

"နား နားလည်ပါတယ်ဗျာ"

လီဆင်းသည် အားလုံးကို နှုတ်ဆက်ကာ ခပ်သွက်သွက် ထွက်ခွာသွားလေတော့၏။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com



## မြင်ဆင်ခြင်း

မြို့စွန်တစ်နေရာတွင် လွန်စွာကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခု ရှိလေသည်။ ခြံဝင်းအတွင်းဝယ် သစ်ပင်ချုံနွယ်များထူထပ်စွာ ပေါက်ရောက်လျက်ရှိ၏။ ခြံဝင်းအလယ်၌မူ မြေကွက်လပ်ကြီးတစ်ခု ရှိနေ၏။

ယခု မြေကွက်လပ်တွင် လက်သမားများသည် အဆောက်အအုံတစ်လုံးအား လျင်မြန်စွာ ဆောက်လုပ်နေကြပြီဖြစ်သည်။

'ကျင်းရှောင်၊ အားထုံ၊ စီမင်းယု၊ လျူခင်းနှင့် စန်ကွမ်းဖုံးတို့သည် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ဝိုင်းဖွဲ့ထိုင်နေကြလေသည်။ ကျင်းရှောင်က လီဆင်းထံမှ ယူထားလိုက်သည့် မြေပုံကို မြေပေါ်ဖြန့်ခင်းလိုက်ပြီး ...

"ကြျုဟွီးနယ်ဟာ ကုန်းလမ်း ရေလမ်း အားလုံးဆုံတဲ့ အချက်အချာဒေသတစ်ခုပဲ၊ တို့ ကြျုဟွီးမြို့ကို သွားကြမယ်"

သူက မြေပုံပေါ်မှ တစ်နေရာကို ညွှန်ပြရင်း ...



"ကြျုဟွီးမြို့မှာ အဓိကဝင်ပေါက် လေးပေါက်ရှိတယ်၊ ဝင်ပေါက် သုံးပေါက်ဟာ ကုန်းလမ်းခရီးဖြစ်ပြီး ကျန်တဲ့ဝင်ပေါက်တစ်ခုကတော့ ရေလမ်းပဲ"

အားလုံး ကျင်းရှောင်ကို ကြည့်လိုက်သည်။ တစ်စုံတစ်ခုမေးလိုသည့်သဘောဖြစ်လေသည်။ ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"အားထုံ ... မင်း ဘာမေးချင်သလဲ မေးပါ"

အားထုံက ချောင်းဟန့်လိုက်ပြီး ...

"မိုးမြေဂိုဏ်းဟာ အရင်ကတည်းက အင်အားတောင့်တင်းတယ်၊ အခုဆိုရင် ပိုပြီးတောင် အင်အားကောင်းနေပြီ၊ ကျုပ်တို့က ရုအိမ်းကို သုတ်သင်ပစ်ရမယ်ဆိုရင် စိတ်ပူစရာ မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ရဲ့စခန်းထဲ ထိုးဖောက်ဝင်ပြီး လူတစ်ယောက်ကယ်တင်ဖို့ဆိုတာတော့ ခက်ခဲမယ်ထင်တယ်၊ ကျုပ်တို့ဟာ ကယ်တင်ခဲ့တဲ့လူကို စောင့်ရှောက်ပြီး ဒီကိုအရောက်ပြန်လာရမှာ မဟုတ်လား၊ သူဟာ ကျုပ်တို့အတွက် တာဝန်ကြီးတစ်ခုလို ဖြစ်နေလိမ့်မယ်"

သူ၏စကားကို ကျန်လူများက ခေါင်းညိတ်ထောက်ခံလိုက်ကြလေသည်။ ကျင်းရှောင်လည်း ခေါင်းညိတ်လိုက်သည်။

"ကျုပ် သဘောပေါက်ပါတယ်၊ ကျုပ်တို့ငါးယောက်တည်း သွားဖို့ မလုံလောက်ဘူးဆိုတာလည်း သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလျှင် အားထုံတို့ ကျေနပ်သွားကြ၏။ ကျင်းရှောင်က ဆက်ပြောလိုက်သည်။

"ကျုပ်တို့ဟာ ကြူဟွီးနယ်ထဲဝင်ပြီး တိုက်ခိုက်ရမယ့်အပြင် အကျဉ်းသားကိုကယ်တင်ပြီး ပြန်ဆုတ်လာရမှာဆိုတော့ ထင်သလောက် မလွယ်ဘူးဆိုတာ ရှင်းပါတယ်၊ ဒါကြောင့် ကျုပ်က ခေါင်းကြီးနဲ့ ဆက်သွယ်ထားတာပေါ့"

"ခေါင်းကြီး ... ဟုတ်လား"

"ဟုတ်တယ်"

"ပွဲစားခေါင်းကြီးလား"

"သူကလွဲပြီး ဘယ်သူရှိဦးမှာလဲ"

လျှူခင်းက ပခုံးတွန့်လိုက်သည်။

"ခေါင်းကြီးဟာ အသုံးဝင်တဲ့လူတစ်ယောက်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ သူ့ရဲ့စိတ်ဓာတ်ကိုတော့ ကျုပ်က သိပ်မကြိုက်ဘူး။ သူက ငွေမက်လွန်းတယ်"

မှန်ပေသည်။ ခေါင်းကြီးသည် ငွေမျက်နှာတစ်ခုတည်းကိုသာ ကြည့်သူဖြစ်၏။ ကျင်းရှောင်က ...

"ကျုပ်တို့က အမြန်လိုတဲ့အတွက် ခေါင်းကြီးနဲ့မပတ်သက်လို့ မရတော့ဘူးလေ၊ သူ့ဆီက ပစ္စည်းတချို့ ယူရမယ်၊ ပြီးတော့



လူတချို့လည်း ငှားရဦးမယ်"

"လူငှားမယ် ... ဟုတ်လား"

စန့်ကွမ်းဖုံးက မနှစ်မြို့သောလေသံဖြင့် ပြောလေသည်။ ခေါင်းကြီးသည် သူတို့ကဲ့သို့ ကြေးစားတစ်ယောက် ဖြစ်၏။ သို့သော် သူတို့လို ညီအစ်ကိုစိတ်ဓာတ်ရှိသူ မဟုတ်ပါ။

မည်သူမျှ ခေါင်းကြီးနှင့် မပတ်သက်လိုကြချေ။ စန့်ကွမ်းဖုံးက ...

"အရေးအကြီးဆုံးအချက်ကတော့ ခေါင်းကြီးဟာ ယုံမရဘူးဗျ"

ကျင်းရှောင် သက်ပြင်းချလိုက်သည်။ သူ၏လူများ အဘယ်ကြောင့် စိုးရိမ်နေကြသည်ကို ကောင်းစွာနားလည် သဘောပေါက်ထားလေသည်။

ခေါင်းကြီးသည် သူတို့အကြောင်းသိသွားလျှင် စုအိမ်းနှင့် ဆက်သွယ်ကာ သတင်းရောင်းစားလိမ့်မည်ဖြစ်လေသည်။ ကျင်းရှောင်၏မျက်နှာတွင် ထူးခြားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။ အားလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"ကျုပ် သူ့ကို တာဝန်ယူတယ်ဆိုရင်ကော"

ထိုစကားကြားလျှင် လျှူခင်း၊ စန့်ကွမ်းဖုံး၊ စီမင်းယုနှင့်

www.burmeseclassic.com

www.burmeseclassic.com



အားထုံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ အားလုံး ပါးစပ်ပိတ်ထားလိုက်ကြလေတော့သည်။

ခေါင်းကြီးက သူတို့အား ဒုက္ခပေးရန် ကြိုးစားသည်နှင့် ကျောင်းရှောင်က သုတ်သင်ရှင်းလင်းပစ်မည်ဖြစ်ကြောင်း အားလုံး သဘောပေါက်နားလည်သွားကြ၏။

ကျောင်းရှောင်က ဆက်ပြောလိုက်သည်။

"ကဲ … မနက်ဖြန်ဆိုရင် အဆောက်အအုံတွေ ပြီးစီးသွားလိမ့်မယ်၊ မိုးမြေပိုထ်း‌ရဲ့ ဗွာနချုပ်အဟောင်း အိမ်ဟောင်းပေါ်ကွာ၊ အဲဒီပုံစံကို လီဆင်းပြောတဲ့အတိုင်း တစ်သဝေမတိမ်းတူအောင် ဆောက်ထားတာပဲ၊ မာထင်းကို ဘယ်မှာချုပ်ထားတယ်ဆိုတာလည်း သိတယ်၊ တို့က သူတို့အစောင့်ချထားပုံ၊ မာထင်းကိုထားပုံ အစစ အရာရာ တစ်သဝေမတိမ်း တူညီအောင်လုပ်ပြီး အစမ်းလေ့ကျင့်ကြမယ်၊ တစ်ကနေ့ တစ်ရာအထိ ရေမယ်၊ အဲဒီအချိန်အတိုင်း အတာအတွင်းမှာ မာထင်းကို ကယ်တင်ပြီးသားဖြစ်စေရမယ်"

သူ၏စကားကို အားလုံးသဘောတူလိုက်သည်။ ပွဲမဝင်ခင် ပြင်ပက ကျင်းပလေ့ရှိသည် မဟုတ်ပါလား။

ဟာကွက်မရှိအောင် ကြိုးစားလေ့ကျင့် ပြင်ဆင်ထားရင်းပင် တစ်ခါတစ်ရံ၌ မထင်မှတ်သောဖြစ်ရပ်များကြောင့် အစီအစဉ်အား



လုံး ကမောက်ကမ ဖြစ်သွားတတ်ကြောင်း အတွေ့အကြုံရင့်ကျက်သူများပီပီ ကောင်းစွာနားလည် သဘောပေါက်ထားကြလေသည်။ ထိုစဉ် …

"ဆရာ ဆရာ"

ခေါ်သံနှင့်အတူ အလုပ်သမားတစ်ယောက် ပြေးလာနေသည်ကို တွေ့မြင်လိုက်ရသဖြင့် …

"ဘာကိစ္စလဲ"

ဟု လှမ်းမေးလိုက်သည်။ အလုပ်သမားက …

"ဆရာ့ကို တွေ့ချင်တဲ့ဧည့်သည်တစ်ယောက် ရောက်လာပါတယ်"

အလုပ်သမားများသည် နန်းကုန်းသက် စီစဉ်ပေးထားသူများ ဖြစ်၏။ ကျောင်းရှောင်တို့ ကြူဖွီးနယ်မှ ပြန်ရောက်လာသည်အထိ ဥယျာဉ်ခြံဝင်းအတွင်း၌ တစ်ဖဝါးမခွာ နေထိုင်ကြရမည့်သူများ ဖြစ်၏။

သူတို့ မာထင်းအား ကယ်တင်ရန် စီစဉ်နေသည်ကို မည်သူမျှ သိကြမည် မဟုတ်ပါ။ ကျောင်းရှောင်က လက်ဝှေ့ယမ်းပြလိုက်ပြီး

"ကဲ … မြေပုံကိုကြည့်ပြီး ဘယ်လမ်းကဝင်မယ်၊ ဘယ်လမ်းက ထွက်မယ်ဆိုတာ စဉ်းစားနေကြဦး၊ ကျုပ် ခေါင်းကြီးနဲ့ သွားတွေ့လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် ထိုင်ရာမှထကာ လာခေါ်သည့် အလုပ်သမား နောက်သို့ လိုက်သွားလေတော့သည်။

❒

ခြံဝင်းအတွင်း၌ သီးသန့်အိမ်ကလေးတစ်လုံး ဆောက်လုပ်ထား၏။ ထိုအိမ်ကလေးမှာ ကျင်းရှောင်တို့ အိပ်စက်အနားယူရန် ဖြစ်လေသည်။

ယခု ထိုအိမ်ကလေးအတွင်း၌ ကျင်းရှောင်နှင့်လူတစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ ထိုလူမှာ ဦးခေါင်းအလွန်ကြီးပြီး မျက်လုံးပြူးသူဖြစ်၏။

ချမ်းသာကြွယ်ဝသူများဝတ်လေ့ရှိသည့် အဖြူရောင်ပိုးသားဖြင့် ချုပ်လုပ်ထားသည့် အဝတ်အစားများ ဝတ်ဆင်ထား၏။

အကြောင်းမသိသူများဆိုလျှင် လွန်စွာမှပင် ကြည်ညိုလေးစားဖွယ်ကောင်းသည့် လူကြီးလူကောင်းတစ်ယောက်ဟု ထင်မှတ်မိကြမည်ဖြစ်သည်။

သို့သော် အကြောင်းသိဖြစ်နေသော ကျင်းရှောင်အား အထင်ကြီးမှုမရှိချေ။ ထိုလူသည် သူနှင့်အနည်းငယ် ကွာခြားသည့် ကြေးစားတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။



ကျင်းရှောင်က ခေါင်းကြီးကိုကြည့်ကာ ...

"ကျုပ်မှာထားတာတွေ ပါရဲ့လား"

ဟု မေးလိုက်သည်။ ခေါင်းကြီး ခေါင်းညိတ်ကာ ...

"ဟဲ ဟဲ ဟဲ ... ပါတာပေါ့ကွာ၊ အသံမမြည်အောင် ပစ်နိုင်တဲ့ မြားကလေးတွေရယ်၊ ပေါက်ကွဲအားပြင်းထန်တဲ့ ယမ်းထုပ်တွေရယ်၊ ဓားလှံလက်နက် ထိုးမဖောက်နိုင်တဲ့ သံဓာတ်အင်္ကျီရယ် အစုံပါပါ တယ်ဗျာ"

ပြောပြောဆိုဆို အသင့်ယူလာသည့်အထုပ်ကြီးကို ဖွင့်လိုက်လေသည်။ အထုပ်ထဲမှ ပစ္စည်းများကို တစ်ခုပြီးတစ်ခု နှိုက်ယူကာ စားပွဲပေါ်တင်လိုက်၏။

အသံမမြည်နိုင်သော မြားကလေးများမှာ တစ်တောင်ခန့်သာရှိသော ဒူးလေးများဖြစ်ပေသည်။ မြားတံမှာ လက်ညှိုးခန့်သာရှိ၏။ သို့သော် ထိုမြားကလေးသည် ရန်သူ၏အသည်းနှလုံးထဲသို့ အရှိန်ပြင်းစွာ ထိုးဖောက်ဝင်ကာ ရန်သူအား လဲကျသွားစေနိုင်သည်။

ထိုဒူးလေးငယ်ကလေးများနှင့် မြားတံများကို တစ်ခါက အသုံးပြုခဲ့ဖူးသဖြင့် ကျင်းရှောင်နှစ်သက်သည့် လက်နက်အမျိုးအစားတွင် ပါဝင်နေခြင်းဖြစ်ပေသည်။

ယမ်းထုပ်များကို ခေါင်းကြီးက သတိကြီးစွာ ထုတ်ယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



ချေး ဒူးလေးနှင့် ယမ်းထုပ်များအတွက် ကျေနပ်မှုရှိသော်လည်း သံမဏိအကျီအတွက်မူ ကျင်းရှောင်က ဘဝင်မကျ ဖြစ်သွားလေသည်။

"တစ်ထည်တည်းလား"

ခေါင်းကြီး ပခုံးတွန့်လိုက်သည်။

"မတတ်နိုင်ဘူး၊ အခုလောလောဆယ်တော့ တစ်ထည်တည်းရှိတယ်၊ ခင်ဗျား နောက်ထပ်သုံးလလောက် စောင့်နိုင်မယ်ဆိုရင်တော့ ခင်ဗျားလိုချင်တဲ့ ငါးထည်စလုံးရမယ်"

"ဘာဖြစ်လို့လဲ"

"ကျုပ်က ဝိုင်ပြီးရှောင်းချင်တာပေါ့ဗျာ၊ ဒါပေမဲ့ ဒီပစ္စည်းကို လုပ်ပေးနိုင်တဲ့လူ မမာမကျန်း ဖြစ်နေတယ်"

"ကျုပ်က အခုထက်ပိုပြီး ထပ်ပေးဦးမယ်ဆိုရင်ကော"

ခေါင်းကြီး ခေါင်းခါယမ်းလိုက်လေသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားက ငွေပုံပေးတာတောင် မရနိုင်ပါဘူး"

သူ လိမ်ပြောနေခြင်းမဟုတ်ကြောင်း ကျင်းရှောင် နားလည်လိုက်၏။ ခေါင်းကြီးက ...

"ကဲ ... ပစ္စည်းတွေအတွက် ပြီးပြီနော်၊ ခင်ဗျားက လူလိုချင်သေးတယ်ဆို"



ကျင်းရှောင် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ဘယ်လောက်လိုချင်သလဲ"

"သုံးဆယ်"

ခေါင်းကြီး မျက်မှောင်ကြုတ်သွား၏။ ဘာမှပြန်မပြောဘဲ ကျင်းရှောင်ကို ကြည့်နေလေသည်။ ကျင်းရှောင်က သူ့အား အရေးမစိုက်ဘဲ ...

"သုံးရက်အတွင်း လိုချင်တယ်"

ဟု ထပ်ပြောလိုက်လေသည်။

"ကြေးစားသုံးဆယ်ကို သုံးရက်အတွင်း လိုချင်တယ် ... ဟုတ်လား"

"ဟုတ်တယ်"

"လူသုံးဆယ်ဆိုတော့ မများဘူးလား"

"ဘာဖြစ်လို့လဲ"

"ခင်ဗျား ငွေတော်တော်ကုန်လိမ့်မယ်"

ကျင်းရှောင် ပြုံးလိုက်သည်။ ခေါင်းကြီးသည် လူသုံးဆယ် မပြောနှင့် လူတစ်ရာပေးပါဆိုလျှင်လည်း ချက်ချင်းရှာပေးနိုင်သူဖြစ်ကြောင်း နားလည်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်စွကို ခက်ခဲချင်ဟန်ဆောင်နေသည်မှာ ငွေညှစ်လို၍ ဖြစ်ကြောင်း ကောင်းစွာနားလည်ထားခြင်းကြောင့် ဖြစ်၏။

"ငွေ ဘယ်လောက်ကုန်မလဲ"

ခေါင်းကြီးက အနည်းငယ် တွက်ချက်လိုက်ပြီး ...

"ပထမတန်းစားလူသုံးယောက်ကို ချက်ချင်းရအောင်စုစည်းမယ်ဆိုတော့ အနည်းဆုံး ငါးသိန်းလောက် ကုန်လိမ့်မယ်"

ကျင်းရှောင် ပြုံးလိုက်ပြန်သည်။ ခေါင်းကြီး၏ ပထမတန်းစားဆိုသည့် ကြေးစားများမှာ တစ်ယောက်လျှင် တစ်သောင်းခန့်သာ ပေးရသူများဖြစ်လေသည်။

လူသုံးဆယ်ဆိုလျှင် ငွေသုံးသိန်းသာ ကုန်ပေမည်။

"စီစဉ်ပေးတဲ့အတွက်ကော"

ငွေနှစ်သိန်းအား ခေါင်းကြီးက ကြားဖြတ်ယူမည်ကို သိလျက် တမင်မေးလိုက်ခြင်းဖြစ်ပေသည်။ ခေါင်းကြီး လက်ကာပြလိုက်သည်။

"ကျုပ်တို့က မိတ်ဆွေရင်းချာတွေပဲဗျာ၊ လက်နက်တွေပေါ်မှာ ကျုပ်အမြတ်ရပြီးပါပြီ၊ ထပ်မလိုတော့ပါဘူး"

အလွန်သဘောထားပြည့်ဝသူတစ်ယောက်အသွင်ဖြင့် ပြောလိုက်လေသည်။ ကျင်းရှောင် ပြုံးလိုက်မိပြန်သည်။



"ထားပါတော့လေ၊ ကျုပ် ငွေချေလိုက်မယ်၊ ခင်ဗျားဘတ်က"

"စိတ်ချ ... ငွေချေပြီးတာနဲ့ အားလုံးရစေမယ်"

"ကောင်းပြီ"

ကျင်းရှောင်က လီဆင်းထံမှ ရယူထားသော ငွေများအနက် ခေါင်းကြီးအား ပေးစရာရှိသည်ကို ပေးချေလိုက်လေသည်။ ခေါင်းကြီး၏မျက်နှာလည်း ပြုံးရွှင်သွားလေသည်။ ကျင်းရှောင်ကိုကြည့်ကာ ...

"ခင်ဗျားကတော့ တကယ့် ငွေတွင်းကြီးပေါ် ခွထိုင်နေပြီထင်တယ်၊ ခင်ဗျား ဘာတွေလုပ်မလဲ၊ ကျုပ်ကော မသိရဘူးလား၊ ကျုပ်သာသိရရင် အခုထက်ပိုပြီး ကူညီကောင်း ကူညီနိုင်မှာဗျ"

မေးရင်း မသိမသာ စကားနိုက်လိုက်လေသည်။ ကျင်းရှောင်၏မျက်နှာ တည်သွားသည်။

"ကျုပ် ဘာလုပ်နေတယ်ဆိုတာ ခင်ဗျားသိရလို့ အကိုးပါဘဲဗျာ၊ မသိချင်ပါနဲ့၊ စပ်စပ်စုစုလုပ်ဖို့လည်း မစဉ်းစားနဲ့၊ ကုန်ကုန်ပြောမယ် ခင်ဗျားဆီကပစ္စည်းတွေ၊ လူတွေ ကျုပ်ယူခဲ့တာကိုတောင် ဘယ်သူမှ မသိပါစေနဲ့"

ခေါင်းကြီး ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … ကျုပ်ကိုယုံကြည်စမ်းပါဗျာ ကျုပ်ရဲ့ ဖောက်သည်တွေအပေါ်မှာ ကျုပ် သစ္စာမဖောက်တတ်ပါဘူးဗျ"

"ကျုပ်က အလေးအနက် ပြောနေတာနော်"

"သိပါတယ်ဗျာ"

"ကောင်းပြီ … ခင်ဗျားမသိသေးတာကို ပြောပြမယ်"

"ဘာများလဲဗျ"

ကျွင်းရှောင်က တည်ကြည်သောမျက်နှာထားဖြင့် …

"ကျုပ်တို့အကြောင်း ခင်ဗျားဆီက သတင်းပေါက်ကြားသွားခဲ့ရင် ခင်ဗျား မြေကြီးထဲဝင့်ပုန်းနေတာတောင် ကျုပ်က အလွတ်ပေးမှာ မဟုတ်ဘူး"

ခေါင်းကြီး၏မျက်နှာပေါ်မှ အပြုံးရိပ်များ ရုတ်ခြည်း ပျောက်ကွယ်သွားလေသည်။ ခေါင်းကြီး၏ ကျောရိုးတစ်လျှောက် အေးစိမ့်သောအငွေ့အသက်များ ဖြစ်ပေါ်လာလေသည်။

ကျွင်းရှောင်နှင့်ပတ်သက်လျှင် ခပ်ဝေးဝေးမှ ရှောင်နေခြင်းသာ အကောင်းဆုံးဖြစ်သည်ဟုလည်း နားလည်သဘောပေါက်မိလိုက်လေတော့သည်။

❒❒❒



## အကြီးကိုယ်စီ

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုတာ စိုးမိုးနေရာယူလာသည်။ မသဲမကွဲ လရောင်အောက်ဝယ် အိမ်ဟောင်းသည် အထီးကျန်ဆန် တည်ရှိနေ၏။

အိမ်ဟောင်းအတွင်းဝယ် မီးရောင်အနည်းငယ်သာ ထွက်ပေါ်နေ၏။ အစောင့်များသည် နေ့စဉ်ရက်ဆက် ဖျင်းရိလေးတွဲမှုနှင့် ကြုံရသောအခါ အချို့က တာဝန်ကို လျစ်လျူရှုကာ စောစောစီးစီး အိပ်စက်အနားယူတတ်ကြ၏။

အချို့ကား မြို့ထဲသို့ပင် တိတ်တဆိတ်ထွက်ကာ အပျော်ကျူးကြ၏။

အိမ်ဟောင်းဝယ် စောင့်ကြပ်နေကြသော မိုးမြေဝိုက်အသင်းများသည် ဝိုက်အားချုပ်မာထင်း၏ လက်ထက်ကနှင့် လားလားမှမဆိုင်အောင် ပျက်စီးချင်တိုင်း ပျက်စီးနေကြလေတော့သည်။

အိမ်ဟောင်း၏ တစ်ခုသောအခန်းအတွင်းဝယ် မီးရောင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်နေ၏။ ဝါကြွင့်ကြွင့် မီးရောင်အောက်ဝယ် လူတစ်ယောက် ထိုင်ကာ အရက်သောက်နေလေသည်။

ထိုလူမှာ ဂိုဏ်းချုပ်မောင်း၏လုံခြုံရေးကို တာဝန်ယူထားရသော ရှမ်းချစ်ဖြစ်သည်။ ရှမ်းချစ်သည် ဝမ်းဖုံး၏ ယုံကြည်စိတ်ချမှုကို ခံရပြီး ခေါင်းဆောင်ငယ်နေရာသို့ လျင်မြန်စွာရောက်ရှိလာသူ ဖြစ်၏။

အိမ်ဟောင်း၏ အရေးပါသောတာဝန်ကိုလည်း ရရှိထားပြီးဖြစ်လေသည်။ သို့တိုင် ရှမ်းချစ်သည် တစ်ယောက်တည်းရှိနေသည့် အချိန်အခါမျိုးတွင် စိတ်ပျက် လက်ပျက် ညည်းညူနေတတ်လေတော့သည်။

"သူတို့ ဘာလုပ်နေကြတာလဲ၊ ငါက ဒီအတိုင်း တစ်သက်လုံး နေသွားရတော့မှာလား"

ထိုစကားသည် သူ၏လက်သုံး ညည်းညူနေကျစကား ဖြစ်လေသည်။ သူသည် လီဆင်းထံမှ ငွေအမြောက်အမြား ရရှိခဲ့ခြင်းကြောင့် မိုးမြေဂိုဏ်းအတွင်းသို့ ထိုးဖောက်ဝင်ကာ စုံစမ်းရန် သဘောတူလိုက်ခြင်း ဖြစ်လေသည်။

သူ၏ ကြိုးစားမှုကြောင့် အရေးကြီးသည့် လျှို့ဝှက်သတင်းများကို လီဆင်းထံ ပေးပို့နိုင်ခဲ့ပြီဖြစ်၏။ သို့သော် လီဆင်းထံမှ လှုပ်ရှားမှု မတွေ့ရသေးပါ။



လီဆင်းက ဆက်၍စုံစမ်းနေရန်သာ အမိန့်ပေးနေလေသည်။

"သူက ဘာကြောင့် မလှုပ်ရှားသေးတာလဲ"

ရှမ်းချစ် ညည်းညူလိုက်ပြန်သည်။ သည်အတိုင်းထိုင်စောင့်နေသည်ကို စိတ်ပျက်လာပြီဖြစ်၏။

"ငါ တစ်ခုခု လုပ်လိုက်"

သူ စကားဆုံးအောင် မပြောရသေးပါ။ ရုတ်တရက် အပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ရှမ်းချစ် မျက်မှောင်ကြုတ်သွား၏။

တံခါးဝဆီသို့လှည့်ကြည့်လိုက်၏။ တံခါး ဟာလာဟင်းလင်း ပွင့်လာသည်ဖြစ်ရာ စကြိုလမ်း၌ မီးအိမ်တစ်လုံး ထွန်းညှိထားသည်ကို တွေ့မြင်နေရ၏။

ရှမ်းချစ် လှမ်းကြည့်လိုက်ချိန်ဝယ် အခန်းဝသို့ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ရှမ်းချစ် မျက်မှောင်ကြုတ်သွား၏။

"ယိုယွဲ့ ဘာဖြစ်လို့ယဲကွ"

ဟု လှမ်းမေးလိုက်လေသည်။ တံခါးဝ၌ ရပ်နေသူမှာ သူ၏ လက်ထောက် ယိုယွဲ့ဖြစ်ပေသည်။ ယိုယွဲ့သည် အိမ်ဟောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အစောင့်အကြပ်များအနက် တက်တက်ကြွကြွရှိပြီး ခိုင်းစေသမျှ မပျင်းမရိ လုပ်ကိုင်တတ်သူဖြစ်သည်။

ထို့ကြောင့် ယိုယွဲ့အား သဘောကျသွားပြီး သူ၏ လက်ထောက်အဖြစ် နေရာပေးထားခြင်းဖြစ်၏။ ယိုယွဲ့က ...

"ဆရာ၊ အပြင်ဘက်မှာ အတော်ကလေးချမ်းတယ်ဆရာ။ ဒါကြောင့် ကျွန်တော် အရက်တစ်ခွက်လောက် သွားသောက်မလို့"

ဟု ပြောလိုက်၏။ သူတို့သည် မာထင်း၏အခန်းကို စောင့်ကြပ်နေကြခြင်းဖြစ်သည်။ အခြားသော အစောင့်အကြပ်များသည် ဖွင်းရိုလေးတွဲမှုကြောင့် နည်းလမ်းအမျိုးမျိုးဖြင့် ပျော်စရာရှာဖွေကြသော်လည်း သူတို့နှစ်ယောက်ကား မသိကျိုးနွံပြုထားပြီး တာဝန်ကျေစွာ ထမ်းဆောင်နေသည်။

ဤသည်မှာလည်း ကိုယ့်အကြောင်းနှင့်ကိုယ် ရှိနေသည် မဟုတ်ပါလား။ ရှမ်းကျင်း ပြုံးလိုက်လေသည်။

"အရက်တစ်ခွက်သောက်ဖို့များကွာ ဒီကိုလာခဲ့"

ဟု ခေါ်လိုက်လေတော့သည်။ ယိုယွဲ့လည်း သဘောကျစွာ ပြုံးလိုက်လေသည်။

"ကျေးဇူးပါပဲ ဆရာ"

အခန်းတွင်းသို့ ဝင်လာကာ ရှမ်းချစ်နှင့်မျက်နှာချင်းဆိုင်





ဝင်ထိုင်ချလိုက်တော့သည်။ ရှမ်းချစ်က ယိုယွဲ့အား အကဲခတ်ကြည့်လိုက်သည်။

သူတို့နှစ်ယောက်သည် အသက်အရွယ်ချင်း မတိမ်းမယိမ်းသာရှိ၏။ ယိုယွဲ့သည် အလုပ်ကြိုးစားသလောက် စကားနည်းသူများ ဖြစ်ကြလေသည်။

ရှမ်းချစ်ကိုယ်တိုင် ယိုယွဲ့အတွက် အရက်ငှဲ့ပေးလိုက်သည်။

"ရော့ သောက်၊ မင်း ထပ်သောက်ချင်သေးတယ်ဆိုရင်လည်း ကိုယ့်ဘာသာ ငှဲ့သောက်ပေတော့"

ယိုယွဲ့က သဘောကျသွားတော့သည်။

"ကျေးဇူးပါပဲ ဆရာ"

ပြောပြောဆိုဆို အရက်ကိုမော့သောက်လိုက်သည်။ ရှမ်းချစ်က ...

"မင်းနဲ့ငါ အသက်သိပ်ကွာတာမှ မဟုတ်ဘဲ၊ ငါ့ကို ဆရာလို့ မခေါ်စမ်းပါနဲ့"

"ဗျာ"

ယိုယွဲ့က အံ့သြသွားလေသည်။ ရှမ်းချစ်က ...

"ငါက ဒီအိမ်ဟောင်းမှာ အရည်အချင်းရှိတဲ့လူဆိုလို့ မင်းတစ်ယောက်ပဲ မြင်တယ်၊ မင်းက ငါ့ကို အစ်ကိုကြီးလို့ ခေါ်မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါခွင့်ပြုပါတယ်"

ယိုယွဲ့ သဘောကျသွားလေသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရာ၊ ကျွန်တော်ကလည်း အစ်ကိုကြီးတစ်ယောက်ပဲ တာဝန်သိတတ်တယ်ဆိုတာ သဘောပေါက်ပါတယ်"

ရှမ်းချစ် လက်ကာပြလိုက်လေတော့သည်။

"ကျန်တဲ့လူတွေလည်းမဆိုးပါဘူး၊ ဒါပေမဲ့ တို့အဖြစ်က ကောက်ရိုးပုံစောင့်ရသလို ဖြစ်နေတယ်၊ တစ်နေ့တစ်နေ့ အလုပ်မရှိ အကိုင်မရှိနဲ့ ကြာတော့ ပျင်းရိငြီးငွေ့လာတာပေါ့၊ တခြားလူတွေကို အပြစ်မတင်ပါနဲ့ဗျာ၊ ပျင်းရိတဲ့ဒဏ်ကို ဘယ်ခံနိုင်မလဲ"

ယိုယွဲ့က ...

"ကျွန်တော်ကတော့ ဒီမှာ စောင့်ကြပ်နေရမယ့်အစား မြို့လယ်က ဌာနချုပ်အသစ်ကိုပဲ ပြောင်းပြီး တာဝန်ယူချင်တယ်"

"ဘာဖြစ်လို့လဲကွ"

"မြို့လယ်မှာ တာဝန်ကျတဲ့လူတွေက ဝင်ငွေကောင်းတယ်လို့ ကြားရလို့ပါ"

ရှမ်းချစ်မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေတော့သည်။ မိုးမြေဂိုဏ်းသို့ သူက တစ်ကိုယ်တော်



ထိုးဖောက်ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

ထို့ကြောင့် လီဆင်းထံ သတင်းပို့ရာ၌ လည်းကောင်း လျှို့ဝှက်သတင်းများ စုံစမ်းရာ၌လည်းကောင်း အန္တရာယ်များလှပေသည်။

သူ့အားကူညီမည့် လူယုံတစ်ယောက် ရှိနေလျှင် သူ့အတွက် လုပ်ကိုင်ရသည်မှာ ပို၍လွယ်ကူလာမည် မဟုတ်ပါလား။

ရှမ်းချစ်က ယိုယွဲ့အား စည်းရုံးသိမ်းသွင်းရန် ဆုံးဖြတ်လိုက်လေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ လူသူအရိပ်အယောင် လုံးဝမရှိပါ။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပြီး လူသံသူသံ မကြားရပါ။

ရှမ်းချစ်က ယိုယွဲ့အား အကဲခတ်ကြည့်လိုက်၏။ ယိုယွဲ့က ဘာမှမဖြစ်ဟန် အရက်တစ်ခွက်ထည့်သောက်လိုက်ပြန်သည်။ ရှမ်းချစ်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ယိုယွဲ့"

"အမိန့်ရှိပါ ဆရာ"

"ငါ့ကို အစ်ကိုကြီးလို့ ခေါ်စမ်းပါကွာ"

"အမိန့်ရှိပါ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းချစ် ပြုံးလိုက်သည်။

"ငါက မင်းအတွက် စိတ်လည်းပျော်မယ်၊ ငွေလည်းရှင်ရမယ်ဆိုတဲ့အလုပ်မျိုး ပေးမယ်ဆိုရင်ကောကွာ"

"ဗျာ"

ယိုယွဲ့ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ရှမ်းချစ်ကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။ ရှမ်းချစ်က ပြုံးလိုက်ပြီး ...

"မင်း ဘယ်လိုသဘောရသလဲ"

ယိုယွဲ့က ...

"အစ် အစ်ကိုကြီးက"

"မင်းအတွက် ဘာမှ အပန်းမကြီးပါဘူး"

"ကျွန် ကျွန်တော် ဘာလုပ်ရမှာလဲ"

"မင်းက ဘာမှမလုပ်ရပါဘူးလေ"

"ဗျာ"

"ဟဲ ဟဲ ... မင်းက ငါ့စကားနားထောင်မယ်ဆိုရင် ပြီးတာပဲ"

ယိုယွဲ့က ...

"အခုလည်း အစ်ကိုကြီးရဲ့အမိန့်ကို ကျွန်တော် တစ်သဝေမတိမ်း နာခံနေတာပဲ မဟုတ်လား"





ရှမ်းချစ် ပြုံးလိုက်သည်။

"နာခံတာဟုတ်တယ်၊ ငါပြောတာ နားထောင်ဖို့သက်သက်ကို ပြောတာကွ"

"ဗျာ"

"ငါ့စကားကလွဲပြီး ဘယ်သူ့စကားမှ နားထောင်စရာမလိုဘူးဆိုတဲ့ သဘောပဲ"

"ကျွန်တော်"

"မင်း နားထောင်နိုင်ပါ့မလား"

ယိုယွဲ့က အနည်းငယ်စဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ကျွန်တော် နားထောင်ပါ့မယ်"

"ကောင်းပြီ ... မင်းဟာ အခုအချိန်ကစပြီး ကြီးပွားချမ်းသာတော့မယ့်လူတစ်ယောက်လို့ မှတ်ထားလိုက်ပေတော့"

ရှမ်းချစ်က အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။ ယိုယွဲ့ကလည်း အရက်တစ်မွက် သောက်ချလိုက်လေသည်။ ရှမ်းချစ်သည် ယိုယွဲ့အား မည်သို့မည်ပုံ အသုံးချရမည်ကို တွေးတော စဉ်းစားနေ၏။

ယိုယွဲ့ကလည်း အိမ်ဟောင်းဝယ် ထူးခြားသူတစ်ယောက်ရှိနေကြောင်း၊ ထိုလူထံဝယ် မည်သို့သော အကြံအစည်ရှိနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



နုံစမ်းနေကြောင်း မုန်တိုင်းဂိုဏ်းချုပ် လုကောက်ထံ အစီရင်ခံရမည်ကို တွေးတော စဉ်းစားနေလေတော့သည်။

□

လုပသော မြင်းလှည်းတစ်စီးသည် မုန်တိုင်းဂိုဏ်းဌာနချုပ်ရှေ့သို့ ရောက်လာလေသည်။ မြင်းလှည်းရပ်တန့်လိုက်သည်နှင့် မုန်တိုင်းဂိုဏ်းသားများက ခရီးဦးကြိုပြုလိုက်ကြ၏။

မြင်းလှည်းတံခါးပွင့်သွားပြီး လူတစ်ယောက် ဆင်းလာသည်။ ထိုလူသည်ကား မိုးမြေဂိုဏ်း၌ အဆင့်အတန်းမြင့်မားသည့် ဝမ်းဖုံးဖြစ်လေသည်။ ဝမ်းဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

မုန်တိုင်းဂိုဏ်းသည် ကြီးကျယ်ခမ်းနားလွန်းလှပေသည်။ ဝမ်းဖုံး ပြုံးလိုက်သည်။ မကြာသေးမီက ပြောင်းလဲသွားခဲ့သည့် မိုးမြေဂိုဏ်းနှင့်စာလျှင် မုန်တိုင်းဂိုဏ်း၏ ကြီးကျယ်ခမ်းနားမှုသည် မှေးမှိန်သွားပြီဟု စိတ်ထဲတွေးမိ၏။

ပိုးစုန်းကြူးနှင့် လပြည့်ပမာ တင်စားလျှင် မိုးမြေဂိုဏ်းသည် လပြည့်ဝန်းသာ ဖြစ်ရပေမည်။ မိုးမြေဂိုဏ်း၏ ကြီးကျယ်ခမ်းနားမှုအတွက် ငွေကုန်ကြေးကျများခဲ့၏။



မိုးမြေဂိုဏ်းမှာ နဂိုကပင် ငွေကြေးအင်အား တောင့်တင်းမှု မရှိရကား တန်ဆာဆင်မှုများကြောင့် မလိုအပ်ဘဲ ကုန်ရသည့် ငွေအမြောက်အမြား ရှိနေသဖြင့် ဟန်သာကျန်တော့မည် ဆိုရပေမည်။

ကြူဖွီးနယ်၏ စီးပွားရေးလုပ်ငန်းများသည်လည်း ကမောက်ကမ ဖြစ်နေခဲ့၍ အခြေအနေမှာ တစ်စထက်တစ်စ ဆိုးဝါးလာသည်။ အိမ်သစ်ဆောက်ပြီး လူမနေသေးဘဲ ပြိုကျတော့မည့် အသွင် ဖြစ်နေတော့သည်။ ထိုအခက်အခဲကို ဖြေရှင်းရန် စုအိမ်းက အစွမ်းကုန်ကြိုးစားနေ၏။

စုအိမ်း၏ အကြံအစည်ကို အကောင်အထည်ဖော်ရာ၌ သူလည်း မနားမနေ ပါဝင်ခဲ့ရ၏။

ယခု သူက မုန်တိုင်းဂိုဏ်းသို့ရောက်ရှိလာသည်မှာ မုန်တိုင်းဂိုဏ်းချုပ် လုကောက်နှင့် တွေ့ဆုံဆွေးနွေးရန် စုအိမ်းက ခိုင်းစေလိုက်ခြင်းကြောင့်ဖြစ်၏။

အမှန်ဆိုလျှင် လုကောက်သည် ဂိုဏ်းချုပ်တစ်ယောက် ဖြစ်ပေရာ စုအိမ်းကိုယ်တိုင် ဆွေးနွေးသင့်ပေသည်။ သို့သော် စုအိမ်းက သူ့ထက် အဆင့်နိမ့်သည့် ဝမ်းဖုံးအားစေလွှတ်လိုက်ခြင်းအားဖြင့် လုကောက်အား တန်းတူရည်တူ သဘောမထားကြောင်း ဖော်ပြရာ ရောက်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ လုကောက်က ဝမ်းဖုံးအား ကောင်းမွန်စွာ ဧည့်ခံကြိုဆိုခဲ့လေတော့သည်။

❐

လုကောက်က လက်ထဲမှစာကို ဖောက်ဖတ်လိုက်သည်။

စာထဲ၌ ...

*ဂိုဏ်းချုပ်ကြီး*

*အိမ်ဟောင်း၌ မာထင်းအား ဖမ်းဆီးချုပ်နှောင်ထားပါသည်။ စုအိမ်းသည် မာထင်းအမည်ခံကာ စိတ်ဆင်ရာလုပ်ဆောင်နေပါသည်။ မိုးမြေဂိုဏ်းအတွင်း ထူးခြားသူများ ပါဝင်နေသည်။ မကြာမီ အံ့အားသင့်စရာအဖြစ်များ ဖြစ်လာနိုင်သည်။ မည်သို့မည်ပုံဖြစ်လာမည်ဆိုခြင်းနှင့် မုန်တိုင်းဂိုဏ်းအတွက် မည်သို့သော အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်ကို တိတိကျကျသိရအောင် စုံစမ်းနေပါသည်။ မကြာမီ သတင်းထပ်ပို့ပါဦးမည်။*

*ယိုယွဲ*

ဟု ရေးသားထားလေသည်။ လုကောက် သက်ပြင်းချလိုက်သည်။ ယိုယွဲသည် လူတော်တစ်ယောက် ဖြစ်သည်။

မိုးမြေဂိုဏ်းသို့ အတွင်းကျကျ ထိုးဖောက်ဝင်ရောက်နေပြီ



ဖြစ်ကြောင်းလည်း နားလည်မိ၏။ သို့သော် သူက ယိုယွဲအား ဆက်သွယ်၍မရပါ။ ယိုယွဲကသာ သူ့အား ဆက်သွယ်မည်ဖြစ်သည်။

ယိုယွဲအား ဆက်သွယ်၍ရပြီ အမိန့်ပေးနိုင်မည်ဆိုလျှင် စုအိမ်းအား သုတ်သင်ရှင်းလင်းပစ်ရန် အမိန့်ပေးမည်ဖြစ်ပေတော့သည်။

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်။ လုကောက်က စာကို သိမ်းဆည်းလိုက်သည်။ ထို့နောက် တံခါးဘက်မျက်နှာမူကာ ...

"ဝင်ခဲ့"

ဟု ပြောလိုက်သည်။ မရှေးမနှောင်းတွင် တံခါးပွင့်သွားပြီး လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။ ထိုလူမှာ ဝမ်းဖုံးဖြစ်လေသည်။

ဝမ်းဖုံးက လုကောက်အား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

ဟု ပြောလိုက်သည်။ လုကောက် ပြုံးလိုက်သည်။ ဝမ်းဖုံးမှာ စုအိမ်း၏လူယုံတစ်ယောက် ဖြစ်ကြောင်း သူ နားလည်ထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုံးရောက်ရှိလာသည်မှာ ထူးခြားမှုတစ်စုံတစ်ခု ရှိနေ၍ ဖြစ်ကြောင်းလည်း သဘောပေါက်မိသည်။

"ထိုင်ပါ"

လက်ဖွေ့ယမ်းရင်း ပြောလိုက်သည်။ ဝမ်းဖုံးက လုကောက်နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။ လုကောက်က ...

"ကဲ ... ဆိုစမ်းပါဦး၊ ကျုပ်ရဲ့သူငယ်ချင်းက ဘာများမှာလိုက်လို့လဲ"

ဝမ်းဖုံး၏မျက်နှာ တည်သွားသည်။ လုကောက်အား စိုက်ကြည့်လိုက်ပြီး ...

"မှန်တိုင်းဂိုဏ်းဟာ မိုးမြေဂိုဏ်းရဲ့ ပိုင်နက်ထဲကို ကျော်ဝင်ပြီး ရန်စမှုတွေ လုပ်နေတာကို ရပ်တန်းကရပ်ဖို့ သတိပေးခိုင်းလိုက်လို့ပါ"

"ဘာ"

မမျှော်လင့်သော စကားကြောင့် လုကောက်က ဝမ်းဖုံးကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။ ဝမ်းဖုံးက ...

"မိုးမြေဂိုဏ်းဟာ သည်းခံခဲ့ပေါင်းများပြီ၊ ဒါကြောင့်"

"မင်းပါးစပ်ပိတ်ထားလိုက်စမ်း"

လုကောက်က အော်ငေါက်လိုက်သည်။



"မင်းတို့ ဘာကြောင့် မတရားစွပ်စွဲချင်ရတာလဲ၊ မှန်တိုင်းဂိုဏ်းက မင်းတို့ကို ဘာများဒုက္ခပေးမိလို့လဲ"

ဒေါသကြောင့် သူ၏အသံ ကျယ်လောင်နေသည်။ ဝမ်းဖုံးက

"မှန်တိုင်းဂိုဏ်းရဲ့ လုပ်ရပ်တွေဟာ ကြူပော်းနယ်ကို လက်ဝါးကြီးအုပ်ချင်တယ်ဆိုတာ ထင်ထင်ရှားရှားကြီး ပေါ်လွင်နေပါတယ်၊ ဒါကြောင့်"

"တိတ်စမ်းကွာ"

လုကောက်က အော်ငေါက်လိုက်ပြန်သည်။ ဝမ်းဖုံး ဒုတိယအကြိမ် ပါးစပ်ပိတ်ထားလိုက်ပြန်လေသည်။ လုကောက်က ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်ပြီး ...

"ကျုပ်တို့ မှန်တိုင်းဂိုဏ်းဟာ ကြူပော်းနယ်ကို ခြေဦးတောင် မလှည့်ဘူး၊ စုအိမ်းကို ပြန်ပြောလိုက်ပါ၊ ဒီတစ်ကြိမ်တော့ ငယ်သူငယ်ချင်းဆိုတာကို ထောက်ထားပြီး ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆိုရင် မှန်တိုင်းဂိုဏ်းက ပြင်းပြင်းထန်ထန် တုံ့ပြန်အရေးယူရလိမ့်မယ်"

ဝမ်းဖုံးစိတ်ထဲမှ ကျိတ်ပြုံးလိုက်သည်။ စုအိမ်းသည် ကြူပော်းနယ် အခြေမလှသဖြင့် မှန်တိုင်းဂိုဏ်း၏ ပိုင်နက်များကို မျက်စောင်းထိုးခဲ့သည်။

မိုးမြေဂိုဏ်းမှာ လျှင်မြန်စွာ တိုးတက်လာသည်ဖြစ်ရာ

www.burmeseclassic.com



မုန်တိုင်းဂိုဏ်းအား အလွယ်တကူ ဖြိုခွဲနိုင်သည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့် လုကောက်အား အပြစ်မရှိ အပြစ်ရှာကာ တိုက်ခိုက်ရန် ကြံစည်ကြိုးစားနေခြင်း ဖြစ်ပေတော့သည်။ ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီခင်ဗျာ ... ဂိုဏ်းချုပ်ကြီးကို ကျုပ်ပြန်ပြောလိုက်ပါ့မယ်၊ မုန်တိုင်းဂိုဏ်းသားတွေသာ ကြူပင်္ဂနယ်ထဲ"

"ဟေ့ ... ထွက်ဆိုရင် ထွက်သွားစမ်း"

လုကောက်က ဒေါသတကြီး အော်ငေါက်လိုက်သည်။ ဝမ်းဖုံးလည်း ဘာမှမပြောတော့ဘဲ ထွက်လာခဲ့၏။

လုကောက် ဒေါသတကြီး အော်ငေါက်သံများက အခန်းအပြင်ဘက်သို့တိုင် လွင့်ပျံ့လာသည်။ ဝမ်းဖုံးက အရေးမစိုက်ဘဲ ထွက်လာခဲ့သည်။

သူသည် စုအိမ်းစေခိုင်းလိုက်သည့်အတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ မဟုတ်လား။ လုကောက်၏ဒေါသကို နှိုးဆွပေးခဲ့ခြင်း၏ အကျိုးသက်ရောက်မှုသည် မိုးမြေဂိုဏ်းအတွက် အမြတ်ထွက်လာမည်ဟု ယုံကြည်ထားလေတော့သည်။

❒



"သူ ဒေါသထွက်သွားတယ် ... ဟုတ်လား"

စုအိမ်းက လေသံအေးအေးဖြင့် မေးလိုက်လေသည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဟား ဟား ဟား ... လူတွေက မိုးမြေဂိုဏ်း ပြောင်းလဲလာတာကို မျက်စိဒေါက်ထောက် ကြည့်နေကြတယ်လေ၊ တို့တတစ်ခုခုလုပ်ကြရတော့မယ် မဟုတ်လား။ မုန်တိုင်းဂိုဏ်းက နောက်ကွယ်မှာ မကောင်းမှုတွေ ပြုလုပ်နေတယ်၊ ဒါကြောင့် တို့က တိုက်ခိုက်ဖြိုခွဲလိုက်တယ်ဆိုရင် ပိုပြီး အားကိုးယုံကြည်လာလိမ့်မယ်၊ မိုးမြေဂိုဏ်းအတွက် လိုအပ်တဲ့ငွေတွေ ပေးဖို့လည်း ဘယ်သူမှ လက်တွန့်ကြတော့မှာ မဟုတ်ဘူး"

"ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ စိတ်ချရတဲ့လူတစ်စုကို မုန်တိုင်းဂိုဏ်းသားတွေအသွင် ဝတ်ဆင်ခိုင်းပြီး လုပ်ရှားဖို့ အမိန့်ပေးလိုက်ပါပြီ"

ယိုနည်းလမ်းသည် ရိုးစင်းသော်လည်း လွန်စွာ အကျိုးသက်ရောက်မှုရှိကြောင်း အားလုံးနားလည်ထားကြလေ၏။ စုအိမ်းက —

"ကောင်းတယ် ... ကြူပင်္ဂနယ်ထဲမှာ အားတော်ကို လှုပ်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားရှား ဖြစ်သွားအောင် လုပ်ဖို့တော့ လိုလိမ့်မယ်”

“စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ဒီကိစ္စကို ကျုပ်တာဝန်ယူပါတယ်”

စုအိမ်းက ကွမ်းကြိုးယန်ဘက် လှည့်လိုက်လေသည်။

“ကွမ်းကြိုးယန် … မင်းဘက်က အခြေအနေကော ဘယ်လို ရှိသလဲ”

ကွမ်းကြိုးယန် သက်ပြင်းချလိုက်သည်။ စုအိမ်းကို ဂါရဝပြု လိုက်ပြီး …

“ကြျုဟွီးနယ်ရဲ့ စီးပွားရေးအခြေအနေ ဘယ်လိုမှ နာလန် ထူလာနိုင်စရာအကြောင်း မရှိပါဘူး၊ တခြားစီးပွားရေးလုပ်ငန်းရှင် တွေကလည်း ဝေးဝေးက ရှောင်သွားကြတော့”

သူ၏စကားမဆုံးမီ စုအိမ်းက ကြားဖြတ်ပြောလိုက်လေ၏။

“ဒီကလုပ်ငန်းတွေကို ကြျုဟွီးအကျိုးဆောင်အဖွဲ့ကပဲ ဆက်ပြီး လုပ်ကိုင်သွားမယ်ဆိုရင်ကော”

“ဗျာ”

ကွမ်းကြိုးယန် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ စုအိမ်းက …

“ကျုပ်ပြောတာ ဘယ်လိုသဘောရသလဲ”

ကွမ်းကြိုးယန် အဖြေမပေးနိုင်ဘဲဖြစ်နေ၏။ စုအိမ်းက …



“ကမောက်ကမဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို ကြျုဟွီးအကျိုးဆောင်အဖွဲ့ကပဲ ပြန်ပြီး ဦးဆောင်နိုင်မယ်လို့ ကျုပ် ထင်တယ်၊ မင်းကော ဘယ်လိုသဘောရသလဲ”

မှန်ပေသည်။ ထိုအချက်ကို ကွမ်းကြိုးယန် လုံးဝမစဉ်းစား မိခဲ့ချေ။ စုအိမ်းမေးလာမှ သတိဝင်လာပြီး …

“ဟုတ် ဟုတ်ပါတယ်”

ဟု ပြောလိုက်သည်။ စုအိမ်း ပြုံးလိုက်သည်။

“ကျုပ်တို့တစ်တွေ ဝံ့ဝံ့ကြွားကြွား ရပ်တည်နေနိုင်ဖို့ ဥစ္စာနေ လိုအပ်တယ်မဟုတ်လား၊ ဒါကြောင့် ကြျုဟွီးအကျိုးဆောင်အဖွဲ့နဲ့ ပြန်ပြီး ဆက်သွယ်ရမှာပဲ”

စုအိမ်းသဘောထားပြောင်းလဲသွားသည်ကို ကွမ်းကြိုးယန် သာမက ဝမ်းဖုံးနှင့် ကျိုယန်ဗိုးတို့လည်း တအံ့တသြ ဖြစ်နေကြ၏။

ပြန်လည်ဆက်သယ်လိုက်လျှင် ကြျုဟွီးအကျိုးဆောင်အဖွဲ့ သည် မိုးမြေဂိုဏ်းက သူတို့အား ဒူးထောက်အညံ့ခံလာသည်ဟု ယူဆ သွားမည်ဖြစ်၏။

မိုးမြေဂိုဏ်း၏အရှိန်အဝါသည် အထင်ကြီးစရာမရှိဘဲ ဖြစ် သွားရပေမည်။ ကွမ်းကြိုးယန်က …

“ကြျုဟွီးအကျိုးဆောင်အဖွဲ့ကို ပြန်ပြီးဆက်သွယ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူတို့က ဘဝင်မြင့်သွားကြမှာ သေချာပါတယ်”

ဟုပြောလိုက်၏။ စုအိမ်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် … ကျုပ်တို့ ဒူးထောက်အညံ့ခံလိုက်ပြီးဆိုပြီး ကုပ်ပေါ်ခွစီးကြတော့မှာပဲ၊ ဒါပေမဲ့ သူတို့ အထင်နဲ့အမြင် တက်တက်စင်လွဲသွားစေရမယ်လို့ ကျုပ်ပြောတယ်”

စုအိမ်းက …

“ကြူပတ္တီးအဖွဲ့ဟာ စီးပွားရေးလုပ်ငန်းတွေကို ပြန်ပြီးချုပ်ကိုင်နိုင်မှာသေချာတယ်၊ သူတို့ကို စီးပွားရှာခွင့်ပေးတဲ့အတွက် ကျုပ်တို့ကို ကူညီထောက်ပံ့ရမှာပေါ့၊ ဒီတစ်ခါတော့ ကျုပ်တို့က အမှီအခိုကင်းကင်းနေနိုင်အောင် ကိုယ်ပိုင်လုပ်ငန်းတွေလုပ်မယ်၊ ကြူပတ္တီးအဖွဲ့နဲ့ စပ်တူလုပ်မှာပေါ့၊ အခြေကျပြီဆိုရင် သူတို့ပိုင်ဆိုင်တာတွေ သိမ်းယူပြီး သူတို့ကို ကန်ထုတ်ပစ်လိုက်ရုံပဲ”

သူသည် ကြူပတ္တီးနှယ် စီးပွားရေးတောင့်တင်းလာစေရေးအတွက် နှစ်ရှည်အကြံအစည်ချမှတ်ကာ ဆောင်ရွက်တော့မည် ဖြစ်ပေတော့သတည်း။

ပထမပိုင်းပြီး၏

ဒု …စာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်

www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏအောင်

## သက်စွန့်ကြိုးပမ်းသွေးခင်းလမ်း

(ဒု-ဓာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## အကြိုတ်အနယ်

စုအိမ်းဓါပေးသောအကြံကို ဝမ်းဖုံးနှင့်ကျိုယန်းပိုးတို့က ဘာမှမပြောကြချေ။ ကွမ်းကြိုးယန်က …

"သူတို့က ကြူဟွီးနယ်ကို ပြန်လာဖို့ ပြင်းဆန်လိုက်မယ်ဆိုရင်ကော"

စုအိမ်း ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား … သူတို့ဟာ လောဘသမားတွေပါကွာ၊ ကြူဟွီးနယ်မှာ သူတို့ဆုံးရှုံးခဲ့တာကို မရမနေ ပြန်ထူဖို့ ကြိုးစားလိမ့်မယ်၊ တို့က လက်ကမ်းလိုက်တာနဲ့ ကြိုတင်စည်းကမ်းချက်တွေ သတ်မှတ်ပြီး ပြန်ဝင်လာကြမှာပါ"

ကွမ်းကြိုးယန် ခေါင်းညိတ်လိုက်သည်။

"ပြန်ဝင်လာတာ ဟုတ်ပါပြီ၊ သူတို့က ရသမျှ လက်ဝါးကြီးအုပ်ထားကြမယ်ဆိုရင်ကော"

"ကျူပ်တို့က အကျိုးတူပူးပေါင်းလုပ်ကိုင်မယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်တို့ကိုလည်း ခွဲဝေပေးရမှာပေါ့"

"အကျိုးတူလုပ်ဖို့ သူတို့ သဘောမတူရင်ကော"

စုအိမ်းက ...

"ကြူဟွီးနယ်မှာ ငွေရမယ့် ဘာလုပ်ငန်းမျိုးကိုမဆို လုပ်နိုင်တယ်လို့ သွားပြောလိုက်၊ သူတို့ ချက်ချင်းပြေးလာလိမ့်မယ်"

ဝမ်းဖုံး၊ ကွမ်းကြိုးယန်နှင့် ကျိုယန်ပိုးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိလေသည်။

စုအိမ်းပြောသည့်အတိုင်းဆိုလျှင် ကြူဟွီးအဖွဲ့က ကြူဟွီးနယ်၌ လောင်းကစားဝိုင်းများ ဖွင့်လှစ်မည်ဆိုလျှင်ပင် လက်ပိုက်ကြည့်နေမည်ဆိုသည့် သဘောဖြစ်၏။

ကြူဟွီးနယ်ကား ပျက်စီးချင်တိုင်း ပျက်စီးသွားပေတော့မည်။ မကောင်းသူပယ် ကောင်းသူကယ်မည်ဆိုသည့် မိုးမြေဂိုဏ်း၏ ဆောင်ပုဒ်ကိုလည်း လမ်းဘေး၌ စွန့်ပစ်လိုက်လေတော့မည်။

မည်သို့ဆိုစေ စုအိမ်းသည် သူတို့၏ခေါင်းဆောင်ဖြစ်သည်။ စုအိမ်းပြောသမျှ အားလုံး သဘောတူကြရမည် မဟုတ်ပါလား။ ကွမ်းကြိုးယန်က ...

"ဒီလိုဆိုရင်တော့ သူတို့လက်ခံကြမှာပေါ့"

ဟု ထောက်ခံပြောဆိုလိုက်လေသည်။ ကျိုယန်ပိုးနှင့် ဝမ်းဖုံး



တို့လည်း ထောက်ခံလိုက်ကြရ၏။ စုအိမ်းက ...

"ဒါဖြင့် ကြူဟွီးအဖွဲ့နဲ့ မဆက်သွယ်ဘဲ ကွမ်းကြိုးယန်ပဲ တာဝန်ယူပါ"

ဟု အမိန့်ပေးလိုက်သည်။ ကွမ်းကြိုးယန် ဦးညွှတ်လိုက်သည်။ စုအိမ်းက ...

"ဝမ်းဖုံး ... အိမ်ဟောင်းက အခြေအနေကော"

ဟု လှမ်းမေးလိုက်လေသည်။ ဝမ်းဖုံးက ...

"အခြေအနေကောင်းပါတယ်၊ ဘယ်လိုမှ မထူးခြားပါဘူး"

"မာထင်းကော"

"သူ့ရဲ့ကျန်းမာရေးက တစ်နေ့တခြား ချွတ်ယွင်းလာပါတယ်၊ နောက်ထပ် တစ်လလောက်တောင် ခံနိုင်ပါ့မလားဘဲ"

စုအိမ်း ပြုံးလိုက်သည်။ ကွမ်းကြိုးယန်ဘက်လှည့်ကာ ...

"ကြူဟွီးအဖွဲ့နဲ့ တစ်လအတွင်း အဆက်အသွယ်လုပ်လို့ ရပါ့မလား"

ဟုမေးလိုက်သည်။ ကွမ်းကြိုးယန် ခေါင်းညိတ်လိုက်သည်။

"တစ်လတောင်မလိုပါဘူး ဂိုဏ်းချုပ်ကြီး"

"ကောင်းတယ်၊ ကဲ ... ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် ဆောင်ရွက်ကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုံးနှင့်ကွမ်းကြိုးယန်တို့ ထိုင်ရာမှထလိုက်ကြလေသည်။ ကျိုယန်ဝိုးကလည်း ထရပ်လိုက်၏။ စုအိမ်းက ကျိုယန်ဝိုးကလည်း ထရပ်လိုက်၏။ စုအိမ်းက ...

"ကျိုယန်ဝိုး ... မင်း နေခဲ့ဦး"

ဟု ပြောလိုက်သည်။ ကျိုယန်ဝိုး ခေါင်းညိတ်လိုက်သည်။ ဝမ်းဖုံးနှင့်ကွမ်းကြိုးယန်တို့ အခန်းတွင်းမှ ထွက်သွားကြသည်။ ထိုအခါမှ စုအိမ်းက ကျိုယန်ဝိုးဘက်လှည့်ကာ ...

"မင်း ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်လေသည်။ ကျိုယန်ဝိုးက ...

"မုန်တိုင်းဂိုဏ်းက လက်ပိုက်ကြည့်နေမှာတော့ မဟုတ်ဘူး"

ဟု ပြောလိုက်၏။ စုအိမ်း ခေါင်းညိတ်ပေးလိုက်သည်။

"ဟုတ်တယ်၊ ပထမတစ်ကြိမ်တည်းက သူတို့ သတိထားနေကြတာ၊ ဒီတစ်ကြိမ်တော့ မလွယ်ဘူးထင်တယ်"

ဂိုဏ်းချုပ်ကြီးက ...

"မုန်တိုင်းဂိုဏ်းကပိုင်ဆိုင်တဲ့ ပစ္စည်းရတနာ အမြောက်အမြားရှိနေတယ်၊ ဒါကို တို့က"

သူက စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ကျိုယန်ဝိုးအား စိုက်ကြည့်လိုက်လေသည်။ ကျိုယန်ဝိုး ရင်ထိတ်သွား၏။ စုအိမ်းသည်



ထင်ရာစိုင်းဖို့ စိတ်ကူးနေပြီ မဟုတ်လား။

မိုးမြေဂိုဏ်း ဝံကြွားစွာ ဆက်လက်တည်တံ့ရေးအတွက် သူက ဘာမဆို ပြုလုပ်ရန် ဆုံးဖြတ်ထားပုံရကြောင်းလည်း အကဲခတ်မိလိုက်သည်။ စုအိမ်းက ...

"တကယ်လို့သာ ကြူပွှီးအဖွဲ့က လှမ်းကမ်းချက်ကို လက်မခံဘူးဆိုရင်တော့ မုန်တိုင်းဂိုဏ်းကို တိုက်ခိုက်ဖို့ပဲ ရှိတော့တယ်"

ဟု ပြောလိုက်သည်။ ကျိုယန်ဝိုး ခေါင်းညိတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်းပါပဲ"

"မင်းက ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားရင် ကောင်းမယ်"

"စိတ်ချပါခင်ဗျာ ... ကျွန်တော်က လက်ရွေးစင်တွေကို အိမ်ဟောင်းမှာ ပို့ထားလိုက်မယ်၊ ပြီးတော့ သူတို့ကို တိုက်ပွဲဝင်ဖို့ တိတ်တဆိတ် လေ့ကျင့်ခိုင်းထားပါ့မယ်"

စုအိမ်းက သဘောကျသွားလေသည်။

"ကောင်းတယ်၊ အိမ်ဟောင်းကို ဘယ်သူမှ ဂရုစိုက်ကြတာ မဟုတ်ဘူး၊ ဒါပေမဲ့ အိမ်ဟောင်းမှာ မာထင်းကို ချုပ်နှောင်ထားတယ် ဆိုတာတော့ လူသိရှင်ကြားသိသွားလို့ မဖြစ်ဘူးနော်"

"ဒီအတွက်လည်း စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



စုအိမ်းကျေနပ်သွား၏။ ကိုယ်နန်ဝိုးကိုစိုက်ကြည့်ကာ ...

"မင်း တော်တယ်၊ တကယ်လို့ ငါ့အကြံအစည်တွေ အားလုံး အောင်မြင်သွားပြီဆိုရင် မုန်တိုင်းဂိုဏ်းချုပ်ရာထူးဟာ မင်းအတွက်ပဲ ဖြစ်စေရမယ်လို့ ငါ အာမခံတယ်"

ဟု ပြောလိုက်သည်။ ထိုစကားကြားလျှင် ကိုယ်နန်ဝိုးသည် စုအိမ်းအတွက် အရိုးကျေကျေ အရေခန်းခန်း ဆောင်ရွက်လိုသော စိတ်များ ဖြစ်ပေါ်လာတော့သည်။

❐

နေရောင်ခြည်ဖြာကျနေ၏။ နေရောင်အောက်တွင် ကြီးမားခန့်ညားသော အဆောက်အအုံတစ်လုံး ရှိနေသည်။ ထိုအဆောက်အအုံပတ်လည်တွင် အစောင့်အကြပ်များ ရှိနေ၏။

ရုတ်တရက် အဆောက်အအုံပတ်လည်မှ အနက်ရောင်ဝတ်ဆင်ထားသောသူများ ထွက်ပေါ်လာသည်။ ထိုလူများသည် အစောင့်အကြပ်များကို တိုက်ခိုက်ကာ တစ်ဟုန်ထိုး ပြေးဝင်သွား၏။

အဆောက်အအုံအတွင်း၌ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်။ သို့သော် တစ်ခဏအတွင်း ကွယ်ပျောက်သွား၏။ မရှေးမနှောင်းမှာပင် အနက်ရောင်ဝတ်ဆင်ထားသူများသည် လူတစ်



ယောက်အား ထမ်းထုတ်လာသည်ကို တွေ့မြင်ရလေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

ကျင်းရှောင် လက်ခုပ်တီးကာ ဩဘာပေးလိုက်၏။ ခေါင်းကြီးထံမှ ငှားရမ်းခဲ့သူများကို အုပ်စုခွဲကာ စီမင်းယူ၊ လျူခင်းအားပုံနှင့် စန့်ကွမ်းဖုံးတို့က ခေါင်းဆောင်ခဲ့ကြ၏။

သူတို့အုပ်စုလေးများသည် မိုးမြေဂိုဏ်း၏ဌာနချုပ်ဟောင်း(ဝါ)အိမ်ဟောင်းနှင့် ပုံစံတူဆောက်လုပ်ထားသည့် အဆောက်အအုံကို စီးနင်းတိုက်ခိုက်မှုသရုပ်ဆောင် လေ့ကျင့်နေကြခြင်းဖြစ်သည်။

ဆယ်ရက်အတွင်း အကြိမ်ကြိမ် လေ့ကျင့်ပြီးဖြစ်သည်။ စတင်တိုက်ခိုက်သည်မှစပြီး မာထင်းအား ကယ်တင်ကာ ပြန်လည်ထွက်လာနိုင်ခဲ့သည်အထိ စိတ်ထဲမှရေတွက်လျှင် တစ်မှတစ်ရာခန့် အထိသာ ရှိလေသည်။

ထို့ကြောင့် ကျင်းရှောင် ကျေနပ်သွားခြင်းဖြစ်၏။ သူတို့သည် မာထင်းကိုကယ်တင်ရန် အဆင်သင့်ဖြစ်နေပြီ မဟုတ်ပါလား။ ကြူဟွီးနယ်သို့ သွားရောက်ကယ်တင်ရန်သာ ကျန်တော့၏။

အားလုံး စိတ်လှုပ်ရှားကာ တက်တက်ကြွကြွ ဖြစ်နေ၏။ ကြူဟွီးနယ်သို့သွားလိုစိတ်များ ပြင်းပြနေကြလေသည်။

ကျင်းရှောင်အနီးသို့ လျူခင်း၊ စန့်ကွမ်းဖုံး၊ စီမင်းယုနှင့်အား

www.burmeseclassic.com

www.burmeseclassic.com



ထုံတို့ ရောက်ရှိလာကြလေသည်။ အားထုံက ...

"ဘယ်လိုလဲ သူငယ်ချင်း"

ဟု မေးလိုက်လေသည်။ ကျင်းရှောင် ပြုံးလိုက်သည်။

"ကောင်းတယ်၊ တို့ တကယ်တိုက်ပွဲဝင်ဖို့ပဲ ကျန်တော့တယ်"

"ဘယ်တော့သွားမလဲ"

"မနက်ဖြန်"

"ဟေး"

အားထုံ၊ လျှူခင်း၊ ဒီမင်းယုနှင့် စန်းကွမ်းဖုံးတို့ ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။ ကျင်းရှောင်က ...

"တို့စီစဉ်ထားတဲ့အတိုင်း လုပ်ကြမယ်၊ ဒါပေမဲ့ ကြူဖွီးနယ် ရောက်မှ နောက်ပိုင်း ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ ပြောပြမယ်"

ဟု ပြောလိုက်သည်။ မာထင်းအား ကယ်တင်ရန် အစီအစဉ်ကို ကျင်းရှောင် ရေးဆွဲခဲ့ခြင်းဖြစ်လေသည်။

ထိုအတွက် အားထုံကို ကန့်ကွက်ခြင်းမပြုကြချေ။ ကျင်းရှောင်သည် ခေါင်းဆောင်ကောင်းတစ်ယောက် မဟုတ်ပါလား။

ထိုစဉ် သူတို့ထံသို့ လီဆင်း လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။ ကျင်းရှောင်က ရှေ့သို့ လှမ်းထွက်သွားပြီး လီဆင်းအား



စောင့်ကြိုနေလိုက်၏။ လီဆင်းသည် အနီးသို့ရောက်သည်နှင့် ...

"သူဌေးကြီးကတော့ ခင်ဗျားတို့ရဲ့ကြိုးစားမှုကြီး သဘောကျနေတယ်ဗျ"

ဟုချီးကျူးစကားပြောလိုက်၏။ ကျင်းရှောင်ပြုံးလိုက်သည်။

"ကောင်းပြီ ... နောက်ထပ်သဘောကျရလေအောင် ကျုပ်တို့အတွက် မြင်းလှည်းတွေ စီစဉ်ပေးပေတော့"

"မြင်းလှည်း ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာလုပ်ဖို့လဲ"

လီဆင်းက နားမလည်နိုင်စွာ မေး၏။ ကျင်းရှောင်က ...

"ကျုပ်တို့ ကြူဖွီးနယ်ကို သွားကြတော့မယ်"

လီဆင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ခင် ခင်ဗျား တကယ်ပြောတာလား"

"ဟုတ်တယ်လေ၊ ကျုပ်တို့ ဒီမှာ လေ့ကျင့်ခဲ့တာ ဆယ်ရက်ရှိပြီ၊ လေ့ကျင့်မှု ခေါ်လောက်ပြီ၊ လက်တွေ့တိုက်ပွဲဝင်ဖို့ပဲ ကျန်တော့တာမဟုတ်လားဗျ"

လီဆင်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ... သူဌေးကြီးကလည်း ခင်ဗျားတို့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့သွားမလဲဆိုတာ သိချင်နေတာ ကျုပ်အမြန်ဆုံး စီစဉ်လိုက်ပါမယ်၊ အရင်ကပြောခဲ့တဲ့ ရွက်လှေမလိုတော့ဘူးလား၊ ခင်ဗျားပဲ ရွက်လှေလိုချင်တယ်ဆိုလို့ သူဌေးကြီးက ရွက်လှေတစ်စီးတောင် စီစဉ်ထားသေးတယ်"

ကျောင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ရွက်လှေလိုမှာပါ။ ကျုပ်တို့ထွက်သွားပြီး သုံးရက်ပြည့်မြောက်တဲ့နေ့မှာ ရွက်လှေဟာ ကြူဟွီးဆိပ်ကမ်းကို ရောက်နေဖို့လိုလိမ့်မယ်"

"အပြန်ခရီးကို ရွက်လှေနဲ့ ပြန်လာမယ် … ဟုတ်လား"

"ဟုတ်တယ် … မာထင်းပါလာမယ့်အပြင် ကျုပ်တို့ဘက်ကလည်း ထိခိုက်ဒဏ်ရာရသူတွေ ရှိနိုင်သေးတယ် မဟုတ်လား"

လီဆင်း မျက်နှာပျက်သွား၏။ သူသည် သွေးထွက်သံယိုကိစ္စများအား လွန်စွာမုန်းတီးသူတစ်ယောက် မဟုတ်ပါလား။

ထို့ကြောင့် ဘာမှမပြောဘဲ နေလိုက်၏။ ကျောင်းရှောင်တို့လူစုကိုလည်း ရှုံ့ရှာနေမိလေသည်။ ကျောင်းရှောင်က …

"အပြန်ခရီးဟာ ဘယ်လောက် အရေးပါတယ်ဆိုတာ ခင်ဗျားသိလိမ့်မယ်၊ ကျုပ်က ထပ်ပြီးမစီစဉ်နိုင်တော့ဘူး၊ ကျုပ်တို့အားလုံးနဲ့ မာထင်းရဲ့အသက်ဟာ ခင်ဗျားလွှတ်ပေးလိုက်မယ့် ရွက်



လှေပေါ်မှာ မူတည်နေတယ်ဆိုတာကို မြဲမြဲမှတ်ထားပါ"

"စိတ်ချ … ကျုပ်က အားလုံးအဆင်သင့်ဖြစ်အောင် စီစဉ်ထားလိုက်ပါ့မယ်၊ ရွက်လှေကြီးဟာ ကြူဟွီးမြို့ရဲ့ဆိပ်ကမ်းတောင်ဘက် အစွန်ဆုံးမှာ ရပ်နားနေလိမ့်မယ်"

"ကောင်းပြီ … နောက်သုံးရက်အကြာ နံနက်အရုဏ်တက်အချိန်မှာ ကျုပ်တို့ရွက်လှေရှိရာကို အရောက်လာခဲ့မယ်၊ အဆင်သင့်ပြင်ထားနိုင်းလိုက်ပါ"

လီဆင်း စိတ်လှုပ်ရှားနေ၏။ ကျောင်းရှောင်တို့က မာထင်းကယ်တင်မည့်အစီအစဉ်ကို စတော့မည်ဟု သိရပြီမဟုတ်ပါလား။

နန်းကုန်းသက် လွန်စွာမှ ကျေနပ်သဘောကျသွားမည့်သတင်းမျိုးဖြစ်ပေသည်။ လီဆင်းက နှုတ်ဆက်လိုက်သည်။

"ကဲ … ကျုပ်ကိုခွင့်ပြုဦး၊ ကျုပ်က သူဌေးကြီးဆီကိုသွားပြီး အကျိုးအကြောင်းပြောပြရမယ်၊ စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမယ်"

စကားဆုံးလျှင် ခပ်သွက်သွက် ထွက်သွား၏။ ကျောင်းရှောင်က အားထုံတို့ရှိရာသို့ ပြန်လည်လျှောက်လာသည်။ ထို့နောက် မိမိတို့၏ပစ္စည်းပစ္စယများ သိမ်းဆည်းရန် အမိန့်ပေးလိုက်လေတော့သည်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်ရေး

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာ၏။ နေရောင်ခြည်အောက်တွင် မြင်းလှည်းငါးစင်းသည် တောင်ဘက်ဆီသို့ ဦးတည်မောင်းနှင်သွားနေကြ၏။

မြင်းလှည်းပေါ်ဝယ် ကြိမ်ခြင်းတောင်းများ၊ သေတ္တာများ တင်ဆောင်ထား၏။ နယ်တကာလှည့်ကာ ကုန်ကူးသန်းရောင်းဝယ်သူတို့၏ မြင်းလှည်းများဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်လေသည်။

သို့သော် ရှေ့ဆုံးမှမြင်းလှည်းပေါ်၌ လိုက်ပါလာသူ၏ အကြောင်းကိုသိပါလျှင် ထိုမြင်းလှည်းတန်းသည် ကုန်သည် မြင်းလှည်းတန်းမဟုတ်ကြောင်း ချက်ချင်း ရိပ်မိသွားမည် ဖြစ်ပေသည်။

ရှေ့ဆုံးမှ မြင်းလှည်းပေါ်ဝယ် ကျင်းရှောင်လိုက်ပါလာ၏။ မြင်းလှည်းမောင်းသမားနှင့် မြင်းလှည်းအတွင်း၌ ကုန်သည်ပွဲစားများအသွင် ဝတ်ဆင်ထားသူ ငါးယောက်မှာ ခေါင်းကြီးထံမှ ငှားရမ်းထားသည့် ကြေးစားများဖြစ်ကြလေသည်။



ကြေးစားသိုင်းသမား သုံးဆယ်သည် မြင်းလှည်းတစ်စီးလျှင် လူခြောက်ယောက်စီခွဲ၍ လိုက်ပါလာကြ၏။

သူတို့၏လက်နက်များကိုလည်း သိုဝှက်ယူဆောင်လာကြလေသည်။ ဒုတိယမြင်းလှည်းကို အားထုံကခေါင်းဆောင်လေသည်။ ကျန်မြင်းလှည်းများတွင် လျှုခင်း၊ စီမင်းယုနှင့် စန္ဒကွမ်းဖုံးတို့က ဦးဆောင်လာခဲ့ကြလေသည်။

သူတို့သည် မိုးမြေဓားပြဂိုဏ်းချုပ် မာထင်းအား ကယ်တင်ရန် ကြူဖွီးနယ်သို့ ခရီးထွက်လာခဲ့ကြပြီ ဖြစ်လေသည်။ အခုဆိုလျှင် ကြူဖွီးနယ်အနီးသို့ပင် ရောက်ရှိလာပြီ ဖြစ်လေတော့သည်။

'ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာ၏။ မိုးမြေဂိုဏ်းဌာနခွဲ အဆောက်အအုံသည် ယမ်းထုပ်များ ပေါက်ကွဲမှုကြောင့် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားပြီး မီးဟုန်းဟုန်းတောက်လောင်သွားသည်။

အိပ်ပျော်နေကြသော မြို့သူမြို့သားများ အထိတ်တလန့်ဖြစ်ကာ လမ်းပေါ် ပြေးထွက်လာကြလေသည်။ ထိုအချိန်မှာပင် ...

"မုန်တိုင်းတပ်ဖွဲ့ကဟော့"

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော ကြွေးကြော်သံများ ထွက်ပေါ်လာ၏။ လမ်းထောင့်မှာ မြင်းစီးသမားတစ်စု ထွက်ပေါ်လာလေသည်။

ထိုမြင်းစီးသမားများသည် မုန်တိုင်းဂိုဏ်း၏အမည်ကို ကြွေးကြော်ရင်း တွေ့သမျှလူများအား လိုက်လံတိုက်ခိုက်လေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် လမ်းပေါ်ရောက်ရှိနေကြသော မြို့သူမြို့သားများ ကယ်ပါယူပါ တစာစာအော်ရင်း ခြေဦးတည့်ရာ ထွက်ပြေးကြ၏။

မြင်းစီးသမားများသည် ခုခံနိုင်ခြင်းမရှိသည့် မြို့သူမြို့သားများအား တရကြမ်းတိုက်ခိုက်ပြီး ဈေးဆိုင်များ၊ ငွေတိုက်များကို ဖျက်ဆီးလုယက်ကြလေသည်။

မြင်းစီးသမားများ စိတ်တိုင်းကျ မွှေနှောက်ပြီးထွက်သွားကြသည်။ ထိုအခါ တစ်မြို့လုံး ရစရာမရှိအောင်ပျက်စီးလျက် ကျန်ရစ်ခဲ့လေသည်။ နံနက်မိုးစင်စင်လင်းလျှင် မုန်တိုင်းဂိုဏ်းမှ မြင်းစီးသမားများသည် ကြူတွီးနယ်ထဲသို့ ကျူးကျော်ဝင်ရောက်ကာ တိုက်ခိုက်သည့်သတင်း ပျံ့နှံ့သွား၏။

ဤတွင် နယ်စပ်မှ မြို့သူမြို့သားများအား ကူညီစောင့်ရှောက်ရန် မိုးမြေဂိုဏ်းသားများ ရောက်ရှိလာတော့သည်။

မိုးမြေဂိုဏ်းသားများသည် ပျက်စီးသွားသည့်အဆောက်



အအုံများကို ပြန်လည်ပြင်ဆင်ပေးကြသည်။ ထိခိုက်ဒဏ်ရာရသူများကို ဆေးဝါးကုသပေးလေသည်။ လုယက်ဖျက်ဆီးခြင်းခံရသဖြင့် စားရမဲ့ သောက်ရမဲ့ဘဝ ရောက်သွားသူများအား အစားအစာ၊ အဝတ်အထည်၊ ငွေကြေးများ ပေးကမ်းထောက်ပံ့ကြသည်။

မတရားဖျက်ဆီးနှိပ်စက်ခဲ့သည့် မုန်တိုင်းဂိုဏ်းအား ဆုံးမမည်ဟု အားလုံးကြုံးဝါးကြလေသည်။ ထိုမိုးမြေဂိုဏ်းသားများသည် ညသန်းခေါင်အချိန်က လုယက်ဖျက်ဆီးခဲ့သည့် မုန်တိုင်းဂိုဏ်းသားများအသွင် ဆောင်ထားသူများ ပါဝင်နေသည်ကို မည်သူမျှ မသိခဲ့ပါတကား။

မုန်တိုင်းဂိုဏ်း၏ ဖျက်ဆီးလုယက်မှုသတင်းနှင့် မိုးမြေဂိုဏ်း၏ ကူညီပေးမှုသတင်းများသည် ရပ်ဝေးဒေသများသို့တိုင် တစ်မဟုတ်ချင်း ပျံ့သွားသည်။

ထိုသတင်းသည် မုန်တိုင်းဂိုဏ်းချုပ် လုကောက်ထံသို့လည်း ရောက်ရှိသွားလေသည်။

❒

"တောက်"

လုကောက် တက်ခေါက်လိုက်သည်။ သူ၏မျက်နှာ နီမြန်း

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

"ဒါ သက်သက်မဲ့ ကလိန်ကျတာကွ"

ဟု အော်ပြောလိုက်လေသည်။ သူ၏ရှေ့ခယ် မှန်တိုင်းဂိုဏ်းမှ ဌာနမှူး သုံးယောက်ရှိနေ၏။ လူကောက် ဒေါသထွက်နေသည်ကို မြင်လျှင် သူတို့ ခေါင်းငုံ့ထားလိုက်ကြလေသည်။ လူကောက်က ...

"ပထမတစ်ကြိမ်ကလည်း သူတို့လက်ချက်ပဲ၊ မှန်တိုင်းအဖွဲ့က ဟန်ဆောင်ပြီး လုပ်ခဲ့ကတယ်၊ အခုလည်း လုပ်လာပြန်ပြီ၊ မိုးမြေဂိုဏ်းရဲ့ လုပ်ရပ်တွေဟာ တရားလွန်လွန်းလာပြီ"

ဟု ပြောလိုက်သည်။ ဌာနမှူးသုံးယောက်သည် မတရားစွပ်စွဲခြင်းခံရသည်ကို ကောင်းစွာနားလည်ထားသည်။

သူတို့သည် မိုးမြေဂိုဏ်း၏ ပရိယာယ်ကြောင့် အရှက်ဟကွဲအကျိုးနည်း ဖြစ်နေရခြင်းအတွက် မိုးမြေဂိုဏ်းနှင့် ထိပ်တိုက်ဖြေရှင်းသင့်သည်ဟု ယူဆထားကြလေသည်။ လူကောက်က ...

"ဒီတစ်ကြိမ်တော့ ကျုပ်လည်း မခံနိုင်တော့ဘူး၊ မိုးမြေဂိုဏ်းနဲ့ ပြတ်ပြတ်သားသား ဖြေရှင်းမှဖြစ်မယ်"

ပြောရင်း ယိုယွဲ့ကို သတိရလာသည်။ ယိုယွဲ့သည် မိုးမြေဂိုဏ်းအတွင်းသို့ ထိုးဖောက်ရောက်ရှိနေပြီဖြစ်သည်။

ယိုယွဲ့သည် နိုင်လုံသော သက်သေအထောက်အထားများ



သာရမည်ဆိုလျှင် မိုးမြေဂိုဏ်း၏လုပ်ရပ်ကို လူပုံအလယ်တွင် ဖော်ထုတ်နိုင်မည်ဖြစ်သည်။

ဤသို့ဆိုလျှင် စုအိမ်းနှင့်မိုးမြေဂိုဏ်းသည် ဆက်လက် ရပ်တည်နိုင်စွမ်းမရှိတော့ဘဲ ကျဆုံးပျက်စီးသွားမည်မှာ မလွဲဧကန်တည်း။

သို့သော် သူမျှော်လင့်ထားသလို ယိုယွဲ့ထံမှ ဆက်သွယ်လာခြင်း မရှိပါချေ။ အမှန်ဆိုလျှင် မိုးမြေဂိုဏ်း အခုလိုပြုလုပ်မည့်ကိစ္စကို ယိုယွဲ့က ကြိုတင်အသိပေးအကြောင်းကြားသင့်သည် မဟုတ်ပါလား။

ယိုယွဲ့ အဘယ်ကြောင့် အကြောင်းမကြားရသနည်း။ ယိုယွဲ့အား ရန်သူက ဖော်ထုတ်ဖမ်းဆီးမိသွားပြီလော၊ လူကောက် ဆက်မတွေးတော့ပါ။

ယိုယွဲ့နှင့်ပတ်သက်ပြီး တွေးတောစဉ်းစားနေလျှင် အချိန်ကုန်ရုံသာရှိပြီး အဖြေရမည်မဟုတ်သည်ကို သိရှိနားလည်ထားခြင်းကြောင့်တည်း။

သူ၏ရှေ့၌ ရှိနေသည့် ဌာနမှူးသုံးယောက်အား ကြည့်ကာ

"ကဲ ... မင်းတို့ ဘာပြောချင်ကြသေးသလဲ"

ဌာနမှူးသုံးယောက် တုတ်တုတ်မျှပင် မလှုပ်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



လှကောက်က ...

"နီရှောင်ရှမ်း"

ဟု ခေါ်လိုက်ရာ ဝဲဘက်အစွန်းဆုံးဌာနမှူး ခေါင်းထောင်လာသည်။

"တို့ပိုင်နက်ရဲ့တစ်ဖက်မှာ မိုးမြေဂိုဏ်းသားတွေ စုရုံးရောက်ရှိနေကြတယ် မဟုတ်လား"

နီရှောင်ရှမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူတို့က ကျွန်တော်တို့ပိုင်နက်ထဲကို ဝင်ပြီး တိုက်ခိုက်ဖို့ ပြင်ဆင်နေကြပါတယ်"

လှကောက်က ...

"ဇွေ့လုံ"

အလယ်မှာဌာနမှူး ခေါင်းထောင်လာသည်။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"ကျုပ်တို့ဘက်က အခြေအနေ ဘယ်လိုလဲ"

ဇွေ့လုံက ...

"မိုးမြေဂိုဏ်းသားအားလုံးကို တပ်လှန့်ထားလိုက်ပါပြီ၊ မိုးမြေဂိုဏ်းက စပြီး တိုက်ခိုက်လာတာနဲ့ ကျွန်တော်တို့ဘက်ကလည်း ချက်ချင်း တုံ့ပြန်တိုက်ခိုက်ကြမှာပါ"



လှကောက် သက်ပြင်းချလိုက်သည်။

"ထန်ပါ ... မင်းကကော"

နောက်ဆုံးကျန်နေသည့် ဌာနမှူးကြီးကိုကြည့်ကာ မေးလိုက်လေသည်။ ထိုလူက ...

"အခုဖြစ်ပေါ်နေတဲ့ သတင်းတွေဟာ မမှန်ကန်ဘူးဆိုတဲ့ အကြောင်း၊ တစ်စုံတစ်ယောက်က မုန်တိုင်းဂိုဏ်းကို နာမည်ဖျက်ချင်လို့ တမင်လုပ်ခဲ့ကြတာဖြစ်ကြောင်း မေးမြန်းစုံစမ်းလာသူတွေကို ဖြေရှင်းပေးနေရပါတယ်၊ မကြာခင်မှာ အားလုံးရဲ့ရှေ့မှောက်မှာ အဖြစ်မှန်ကို ဖော်ထုတ်ပေးမယ့်အကြောင်းလည်း ရှင်းပြနေရပါတယ်"

လှကောက် ပြုံးလိုက်သည်။

"မင်း မဆိုးဘူး၊ မိုးမြေဂိုဏ်းရဲ့ လက်ချက်ဖြစ်မယ်လို့ ထည့်ပြောလိုက်ရင် ပိုဆိုးကုန်မယ်၊ ကဲ ... အားလုံး အသင့်ဖြစ်ထားကြပေတော့၊ တို့ကမလုပ်ရဘဲ မတရားစွပ်စွဲခံခဲ့ရတာကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ စုအိမ်းနဲ့ ငါကိုယ်တိုင်သွားတွေ့ပြီး ဖြေရှင်းမယ်"

ထိုစကားကြားလျှင် ဇွေ့လုံ၊ ထန်ပါနှင့် နီရှောင်ရှမ်းတို့ ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး မှောင်အတိ ဖုံးနေသည်။ ကောင်းကင်ပေါ်၌ ကြယ်ကလေးများ ဝင်းလက်တောက်ပနေ၏။

လခြမ်းပဲ့ကလေးသည် အလင်းရောင်တန်းများ ထုတ်လွှတ်နေသော်လည်း ညအမှောင်ထုကို ထိုးဖောက်နိုင်စွမ်းရှိသဖြင့် လက်မှိုင်ချနေရလေသည်။

အိမ်ဟောင်းရှေ့ဝယ် အစောင့်အကြပ်များ စောင့်ကြပ်လျက်ရှိ၏။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ မြင်းစီးသမားတစ်စုသည် ညအမှောင်ထဲ၌ ဘွားခနဲပေါ်လာကြပြီး အိမ်ဟောင်းရှေ့သို့ ရောက်ရှိလာကြလေသည်။

မြင်းစီးသမားများအား ဦးဆောင်လာသူမှာ ဝမ်းဖုံးဖြစ်လေသည်။ ဝမ်းဖုံးသည် အိမ်ဟောင်းရှေ့သို့ ရောက်လျှင်ရောက်ချင်း မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ဝမ်းဖုံးရောက်လာသည်ကိုမြင်သည့်အခါ အစောင့်များ ပျာပျာသလဲ ဖြစ်သွားကြလေသည်။

"ရှမ်းချစ်ကောဟေ့"



ဝမ်းဖုံးက မေးလိုက်လေသည်။ သူ၏စကားသံနှင့် မရှေးမနှောင်းတွင် အဆောက်အအုံအတွင်းမှ လူနှစ်ယောက် လှမ်းထွက်လာကြသည်။

ထိုလူနှစ်ယောက်မှာ ယိုယဲ့နှင့်ရှမ်းချစ်တို့ ဖြစ်ကြလေသည်။ သူတို့သည် မြင်းခွာသံများကြားရသဖြင့် ကပျာကယာထွက်လာကြခြင်းဖြစ်ပြီး ဝမ်းဖုံးကိုမြင်လျှင် ချက်ချင်း ဂါရဝပြုလိုက်ကြ၏။

ဝမ်းဖုံး ညကြီးအချိန်မတော် ရောက်လာခြင်းကြောင့် အံ့ဩနေကြ၏။ ဝမ်းဖုံးက ...

"ရှမ်းချစ် ... အိမ်ဟောင်းအနောက်ဘက်မှာ အစောင့်ချထားသူကော"

မကြာသေးမီက အိမ်ဟောင်းအနောက်ဘက် တန်းလျား၏ လက်ရွေးစင်သိုင်းသမား တစ်ရာခန့်ကို ဝမ်းဖုံးက နေရာချထားပေးခဲ့၏။

သူတို့သည် တိုက်ပွဲဝင်ရန် လေ့ကျင့်နေကြ၏။ ထို့ကြောင့် ရှမ်းချစ် စိုးရိမ်ပူပန်မိသည်။

သို့သော် နောက်ပိုင်းတွင် ထိုလက်ရွေးစင်သမားများသည် မုန်တိုင်းဂိုဏ်းသားအား တိုက်ခိုက်ရန်ဖြစ်ကြောင်း သိရသဖြင့် စိတ်အေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပန်မှုကြောင့် ထိုသတင်းအား ယိုယွဲ့ကိုပင် ပြောမပြခဲ့ပါ။ ယိုယွဲ့ကလည်း မသိရသဖြင့် လုကောက်ထံ သတင်းမပို့နိုင်ခဲ့။

ဝမ်းဖုံးက မေးမြန်းလာသည်နှင့် အကြောင်းထူးရှိပြီဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

"ရှိပါတယ်၊ အခုအချိန်မှာ အားလုံး အနားယူနေကြပါတယ်"

ဝမ်းဖုံးက ...

"သူတို့ကို နှိုးလိုက်၊ ခရီးထွက်ဖို့ အခုချက်ချင်း ပြင်ဆင်ခိုင်းလိုက်"

ရှမ်းချစ်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။ ထူးခြားမှုရှိပြီဆိုသည့် အတွေးလည်း သေချာသွားလေသည်။ ရှမ်းချစ်က ယိုယွဲ့ဘက်သို့လှည့်ကာ အမိန့်ပေးလိုက်၏။

ယိုယွဲ့က ဦးညွတ်ကာ ပြေးထွက်သွားလေသည်။ ထိုအခါမှ ရှမ်းချစ်က ...

"ဆရာ ... အခု ကျွန်တော်တို့ကော"

သူ၏စကားမဆုံးမီ ဝမ်းဖုံးက ကြားဖြတ်ပြောလိုက်လေသည်။

"မင်း ဒီမှာဆက်ပြီး တာဝန်ယူရမယ်၊ ကျုပ်က သူတို့ကိုခေါ်သွားမယ်၊ သူတို့က မုန်တိုင်းဂိုဏ်းကို ချေမှုန်းပစ်ကြမယ်လေကွာ"



ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။ ယခု အဘယ်ကြောင့် ညကြီးမင်းကြီး လက်ရွေးစင် သိုင်းသမားအား လာ၍ ခေါ်ရသည်ကို ရှမ်းချစ် နားလည်လိုက်ပြီ ဖြစ်လေသည်။

ယိုယွဲ့ ပြန်ရောက်လာသည်။

"အားလုံးနိုးပြီးပါပြီ ခင်ဗျာ"

"ကောင်းပြီ ... အားလုံး အသင့်ပြင်ထားကြ၊ အခုချက်ချင်း ခရီးထွက်ကြမယ်"

လက်ရွေးစင်သိုင်းသမားများသည် အသင့်ပြင်ကာ မြင်းကိုယ်စီဖြင့် ဝမ်းဖုံးနောက်သို့ လိုက်သွားကြ၏။

ဝမ်းဖုံးတို့လူစုသည် စည်းကမ်းသေဝပ်စွာဖြင့် အိမ်ဟောင်းမှ ထွက်ခွာသွားလေသည်။ ဝမ်းဖုံးတို့ထွက်သွားပြီး မရှေးမနှောင်းမှာပင် ထူးခြားသော ဖြစ်ရပ်များ ဖြစ်ပွားလာလေတော့သည်။

❒

ဝမ်းဖုံးတို့လူစုကား ထွက်သွားကြပြီဖြစ်သည်။ သူတို့သည် မုန်တိုင်းဂိုဏ်းနှင့် ရင်ဆိုင်တိုက်ခိုက်ကြပေတော့မည်။

မိုးမြေဂိုဏ်း အတောင့်တင်းဆုံးအချိန်ဝယ် တိုက်ပွဲကို ရွေးချယ်လိုက်သည့်အတွက် စုအိမ်းအား ချီးကျူးရမလို ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မုန့်တိုင်းဂိုဏ်းအား ဖြိုခွဲနိုင်မည်ဆိုလျှင် မိုးမြေဂိုဏ်း၏ အရှိန်အဝါသည် နှစ်ဆမြင့်မားလာမည်ဖြစ်သည်။ စုအိမ်းသည် မိုးမြေဂိုဏ်း၏ ထာဝရဂိုဏ်းချုပ် ဖြစ်သွားပေတော့မည်။

ထိုအခါ စုအိမ်းသည် တရားသည် မတရားသည်ကို ဘေးဖယ်ကာ စိတ်ထင်ရာပြုလုပ်ပေလိမ့်မည်။ ရှမ်းချစ် စိတ်ပျက်ကာ သက်ပြင်းအခါခါ ချမိလေသည်။ ယိုယွဲ့က ...

"အစ်ကိုကြီး ... ဘာတွေစဉ်းစားမိလို့ ဒီလောက်တောင် သက်ပြင်းချနေတာလဲ"

"တို့ဂိုဏ်းချုပ်ကြီးရဲ့ လုပ်ရပ်တွေကို စဉ်းစားမိလို့ပါကွာ"

"ဂိုဏ်းချုပ်ကြီးက ဘာတွေများ လုပ်နေလို့လဲ အစ်ကိုကြီးရဲ့"

"အခု ဆရာဝမ်းဖုံးဂျာ လူတွေလာခေါ်သွားတာ တွေ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... တွေ့ပါတယ်၊ ဘာဖြစ်လို့လဲ"

"သူတို့က မုန့်တိုင်းဂိုဏ်းကိုသွားပြီး တိုက်ခိုက်ကြတော့မယ်လေ"

"ဗျာ"

ယိုယွဲ့ မျက်လုံးပြူးသွားလေသည်။ မမျှော်လင့်သော



သတင်း ကြားလိုက်ရပြီ မဟုတ်ပါလား။ ထိုသတင်းကို လူကောက် သိသွားပါလျှင်။

လူကောက်ထံ သတင်းပို့လိုစိတ်များ ဖြစ်ပေါ်လာ၏။ ထို့ ကြောင့် ...

"အစ်ကိုကြီး ... ကျွန်တော် အထဲခဏဝင်လိုက်ဦးမယ်"

ပြောပြောဆိုဆို အတွင်းဘက် ပြေးဝင်သွားလေ၏။ ရှမ်းချစ် ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ယိုယွဲ့ ... မင်း ဘယ်လိုဖြစ်"

စကားဆုံးအောင် မပြောလိုက်ရသေးပါချေ။ ယိုယွဲ့မှာ သူ ၏ မြင်ကွင်းမှ ကွယ်ပျောက်သွားပြီ ဖြစ်လေ၏။ ရှမ်းချစ် သက်ပြင်း ပြီး အဆောက်အအုံအတွင်းသို့ လှည့်ဝင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် အမှောင်ရိပ်ထဲမှ လူတစ်စု တိတ်တဆိတ် ထွက်ပေါ်လာပြီး အိမ်ဟောင်းအား ထိုးဖောက်တိုက်ခိုက်လိုက်ကြ လေတော့သည်။

❐

မြင်းလှည်းများသည် မြို့ပြင်တွင် ရပ်တန့်ထားလိုက်ပြီ ဖြစ် လေသည်။ ကျင်းရှောင်က လက်ဝှေ့ယမ်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းများနှင့် လိုက်ပါလာကြသည့် အားလုံးသော လူများသည် မြင်းလှည်းပေါ်မှဆင်းကာ ကျောင်းရှောင်အနီးသို့ ချဉ်းကပ်လာကြသည်။

ကျောင်းရှောင်၊ လှူးခင်း၊ စန့်ကွမ်းဖုံး၊ အားထုံနှင့်စီမင်းယုတို့ ငါးယောက်သား ခေါင်းချင်းဆိုင်လိုက်ကြသည်။

"စန့်ကွမ်းဖုံး ... မင်းက မြို့လယ်မှာရှိတဲ့ မိုးမြေဂိုဏ်းဌာနချုပ်အသစ်ကို သွားပြီး ဖောက်ခွဲရမယ်၊ အတတ်နိုင်ဆုံး သူတို့အလုပ်ရှုပ်အောင် လုပ်ပစ်ရမယ်"

ကျောင်းရှောင် ပြောလိုက်သည်။ စန့်ကွမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ကျုပ်တာဝန်ယူတယ်"

ကျောင်းရှောင်က ...

"လှူးခင်း ... မင်းက စန့်ကွမ်းဖုံးအတွက် အနှောင့်အယှက်မပေါ်အောင် ပတ်ဝန်းကျင်မှာ စောင့်ကြပ်ပေးရမယ်၊ မင်း နားလည်တယ်နော်"

"နားလည်ပါတယ်ဗျာ"

လှူးခင်းက ရယ်ရယ်မောမောပြောလေသည်။

ကျောင်းရှောင်က ...



"အားထုံ ... မင်းက မြစ်ဆိပ်သွား၊ လမ်းကိုရှင်းထား"

"စိတ်ချ"

နောက်ဆုံးကျန်နေနေသည့် စီမင်းယုက ...

"ကျုပ်ကကော"

ကျောင်းရှောင်က ...

"ငါနဲ့လိုက်ခဲ့"

"ကောင်းပြီ"

"ကဲ ... ကိုယ့်တာဝန်ကိုယ်ကျေပါစေ၊ ညသန်းခေါင်ယံအချိန်မှာ အချက်ပြမီးကျည် ပစ်ဖောက်လိုက်မယ်၊ မီးကျည်ကို တွေ့တာနဲ့ စပြီးလှုပ်ရှားရမယ်၊ စိတ်ထဲက ရေတွက်ထား၊ တစ်ဂါနေ တစ်ရာပြည့်တဲ့အချိန် မြစ်ဆိပ်သွားမယ့်လမ်းမှာ အားလုံး ပြန်ဆုံကြမယ်၊ ကဲ ... သွားကြစို့"

အားလုံး တာဝန်ကိုယ်စီခွဲဝေယူလိုက်ကြပြီး လူစုခွဲလိုက်ကြသည်။ ထို့နောက် အမှောင်ရိပ်ထဲ အသီးသီးတိုးဝင်ကာ ကွယ်ပျောက်သွားကြလေတော့သည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းစီးသမားတစ်စုသည် တောတောင်လမ်းအတိုင်း မြို့လယ်သို့ ဦးတည်ထွက်ခွာသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိထား ... လူလာနေတယ်"

ကျောင်းရှောင်က သတိပေးလိုက်ပြီး အမှောင်ရိပ်ထဲ တိုးဝင်ပုန်းကွယ်လိုက်လေသည်။ သူတို့ ပုန်းအောင်းလိုက်ကြပြီး မရှေးမနှောင်းမှာပင် မြင်းစီးသမားများသည် သူတို့အား ဖြတ်ကျော်သွားကြလေသည်။

ထိုလူစုမှာ လူတစ်ရာကျော်ခန့်ရှိ၏။ အိမ်ဟောင်းမှ ပြန်လာခဲ့သည့် ဝမ်းဖုံးတို့လူစု ဖြစ်လေသည်။ ဝမ်းဖုံးတို့လူစု ကျော်ဖြတ်သွားပြီးမှ စီမင်းယုက ...

"အယ်လိုလဲ ... ညသန်းခေါင် မိုးမြေဂိုဏ်းကလူတွေ ကင်းလှည့်နေကြတာလား"

ကျောင်းရှောင်က ...

"ကင်းလှည့်တယ်ဆိုရင် ဒီလောက်လူများမှာ မဟုတ်ဘူး"

"ဒါလည်း ဟုတ်တာပဲ၊ ဘာဖြစ်လို့လဲ မသိဘူး ... သူတို့ကိုကြည့်ရတာ နိုးနိုးကြားကြား ဖြစ်နေတယ်၊ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး"

ကျောင်းရှောင် ပြုံးလိုက်သည်။

"မကောင်းတာမှန်တယ်၊ မာထင်းကိုကယ်တင်ပြီး အမြန်ဆုံး ထွက်သွားဖို့ အရေးကြီးတယ်၊ ကျန်ရစ်ခဲ့တဲ့လူကတော့ သက်သာမှာ မဟုတ်ဘူး။ မုအိမ်းက ကောင်းကောင်းကြီး ပညာပေးလိမ့်မယ်"



စီမင်းယုက ကျောချမ်းသွားဟန်ဖြင့် ပခုံးတွန့်လိုက်သည်။ ထိုအချိန်တွင် ဝမ်းဖုံးတို့လူစုသည် အဝေးသို့ရောက်ရှိသွားပြီဖြစ်၏။ ကျောင်းရှောင်က ...

"ကဲ ... သွားကြစို့"

ပြောပြီး ရှေ့ဆုံးမှ ပြေးထွက်လိုက်သည်။ ကျန်လူများလည်း ပြေးထွက်လာကြ၏။ သူတို့သည် အိမ်ဟောင်းရှိရာသို့ဦးတည်ကာ လျင်မြန်စွာပြေးသွားကြလေသည်။

အိမ်ဟောင်းရှေ့ဝယ် အစောင့်အကြပ်သုံးလေးယောက်ရှိနေသည်ကို တွေ့ရ၏။ အစောင့်များ နိုးနိုးကြားကြားရှိနေ၏။ ကျောင်းရှောင်က အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

သူတို့အတွက် ရွေးချယ်စရာ လမ်းရှိသည်မဟုတ်ပါ။ သူတို့သည် တိုက်ခိုက်ပြီး မာထင်းအား ကယ်တင်မည်။ ထို့နောက် ပြန်လည် ဆုတ်ခွာသွားရမည်ဖြစ်သည်။

အသက်သေသည် ရှင်သည်၊ အောင်မြင်သည် မအောင်မြင်သည်ဆိုသည်ကို သူတို့မသိပါ။

အသက်ရှင်နေသမျှ ရည်ရွယ်ချက်အတိုင်း ပြီးမြောက်အောင်မြင်ရန် ကြိုးစားသွားမည်ဟူသော စိတ်ထားသာရှိသော နှလုံးပိုက်

www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်။

ထူးထူးဆန်းဆန်း မြင်းစီးသမားတစ်စုအား ညသန်းခေါင်အချိန် တွေ့လိုက်ရသည်မှအပ အခြားပြောင်းလဲမှု မရှိပါ။ သူတို့စဉ်းစားတွက်ချက်ထားသည့်အတိုင်း အံဝင်ခွင်ကျ ဖြစ်နေ၏။

ထို့ကြောင့် ကျင်းရှောင်က လက်ဝှေ့ယမ်းပြလိုက်၏။ သူကိုယ်တိုင်လည်း ဓားတစ်လက်ဆွဲထုတ်ကာ အိမ်ဟောင်းဆီသို့ တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

□

ညဉ့်နက်လာပြီဖြစ်သည်။ သို့သော် ယခုတိုင် ဆွေးနွေးပွဲ မပြီးပြတ်သေးပါ။ နန်းကုန်းသက် ဝါးခနဲ သမ်းဝေလိုက်၏။

တစ်နေ့လုံး ပင်ပန်းခဲ့သဖြင့် တစ်ကိုယ်လုံး မလှုပ်ချင်အောင် နွမ်းနယ်နေပြီဖြစ်သည်။ သို့သော် ဆွေးနွေးပွဲက သူ့အား ခွန်အားသစ်များဖြစ်ပေါ်လာစေသည်။

ကွမ်းကြိုးယန်သည် လီဆင်းအား ရှင်းပြနေပြီ ဖြစ်ပေသည်။ နားထောင်သမား ဖြစ်နေချိန်ဝယ် နန်းကုန်းသက်က ကွမ်းကြိုးယန်နှင့် ရောက်လာသည့်အဖြစ်ကို ပြန်လည်စဉ်းစားနေမိလေသည်။

ကွမ်းကြိုးယန် ရောက်ရှိလာကြောင်း သတင်းလာပို့လျှင်



သူ အကြီးအကျယ် အံ့ဩသွားခဲ့ရ၏။ ကွမ်းကြိုးယန်သည် မိုးမြေဂိုဏ်း၏ စီးပွားရေးရာ ကျွမ်းကျင်သူဖြစ်ကြောင်း သူသိရှိထားခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် လီဆင်းကိုခေါ်ကာ ကွမ်းကြိုးယန်နှင့် တွေ့ဆုံခဲ့လေသည်။ လီဆင်းသည် ကြူဖွီးနယ်၌ တာဝန်ယူခဲ့စဉ် ကွမ်းကြိုးယန်နှင့် ရင်းနှီးခဲ့သူဖြစ်၏။

“ကျုပ်က ကြူဖွီးနယ် အကျိုးဆောင်အဖွဲ့ နစ်နာဆုံးရှုံးခဲ့ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ လာခဲ့တာပါ”

ကွမ်းကြိုးယန် စကားစလိုက်သည်နှင့် အူကြောင်အမ်းအမ်းဖြစ်သွားခဲ့ရ၏။ လီဆင်းကိုကြည့်လိုက်သောအခါ ပါးစပ်အဟောင်းသား ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ ကွမ်းကြိုးယန်က ...

“ကြူဖွီးနယ်မှာ လူကြီးမင်းတို့ရဲ့ အကျိုးစီးပွား ပျက်ပြားခဲ့ရတဲ့အတွက် မိုးမြေဂိုဏ်းက အကြီးအကျယ် စိတ်မကောင်းဖြစ်ခဲ့ရပါတယ်၊ လူကြီးမင်းတို့ နစ်နာဆုံးရှုံးခဲ့သမျှ ပြန်လည်ပေးဆပ်နိုင်အောင် ကျုပ်ကလာပြီး ဆွေးနွေးတာပါ။ ဂိုဏ်းချုပ်ကြီး စုအိမ်းက လူကြီးမင်းတို့ကို တောင်းပန်ခိုင်းလိုက်ပါတယ်”

ပထမဦးဆုံး သတိဝင်လာသူမှာ နန်းကုန်းသက် ဖြစ်လေသည်။ ကွမ်းကြိုးယန်ကို စိုက်ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကြျူပျှိုးနယ်မှာ ဆုံးရှုံးခဲ့ရတဲ့ ကျုပ်ရဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကျုပ်တို့က အတော်ကြီး နစ်နာဆုံးရှုံးခဲ့တာပဲ၊ ဒါဟာ မိုးခြေဝိုက်းမှာ တာဝန်ရှိတယ်"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး ... စုအိမ်းကိုယ်တိုင် တာဝန်ခံပါတယ်"

နန်းကုန်းသက် ပြုံးလိုက်သည်။

"သူက ဝန်ခံတာနဲ့ ကျုပ်က ကျေနပ်ရမှာလား၊ ဆုံးရှုံးသွားရတဲ့ ကိစ္စတွေကို လျစ်လျူရှုထားလိုက်ရမှာလား"

"ဆုံးရှုံးသွားတာတွေ အကုန်ပြန်ရမှာပါ"

"ဘာ"

နန်းကုန်းသက်က ကွမ်းကြိုးယန်အား မျက်လုံးပြူး၍ကြည့်ကာ ...

"ပြန်ရမယ် ... ဟုတ်လား"

"ဟုတ်တယ် ... အဆောက်အအုံတွေအားလုံး ပြန်ရမယ်၊ အသုံးပြုတဲ့ မြင်းလှည်းတွေ မြင်းတွေ၊ လူတွေ ပစ္စည်းပစ္စယတွေ အားလုံးပြန်ရမယ်"



"ငွေတွေကော"

"ဒါကတော့"

"ကျုပ်မေးတာဖြေပါ၊ ငွေတွေကော"

ကွမ်းကြိုးယန်က တည်ကြည်သော မျက်နှာထားဖြင့် ...

"သူဌေးကြီး ဆုံးရှုံးသွားတဲ့ငွေတွေအတွက် ကြျူပျှိုးနယ်မှာ တစ်နှစ်မရှာရပါဘူး၊ အားလုံး ပြန်ရမယ့်အပြင် ပိုတောင်ပိုနေဦးမှာပါ"

နန်းကုန်းသက်က ...

"ကျုပ်တို့က ကြျူပျှိုးနယ်မှာ စီးပွားရေးလုပ်ငန်းတွေ ပြန်လုပ်ရမယ်လို့ ဆိုလိုတာလား"

"ဟုတ်ပါတယ်ဗျာ"

နန်းကုန်းသက်က လီဆင်းကို လှမ်းကြည့်လိုက်၏။ လီဆင်းက စကားတစ်ခွန်းမှ မပြောဘဲ ကွမ်းကြိုးယန်အား စိတ်ဝင်စားစွာ ကြည့်နေသည်ကို တွေ့ရသည်။

နန်းကုန်းသက်က ကွမ်းကြိုးယန်ဘက်လှည့်လိုက်၏။ ကွမ်းကြိုးယန်က ...

"ကြျူပျှိုးနယ်ရဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံး သူဌေးကြီး တစ်ယောက်တည်း ချုပ်ကိုင်ပြီး လုပ်ခွင့်ရပါလိမ့်မယ်၊ ကျွန်ုပ်ကုန်ပြော

www.burmeseclassic.com

www.burmeseclassic.com



ရရင် အကျိုးအမြတ် တနင့်တပိုးရတဲ့ လုပ်ငန်းတွေကအစ လုပ်ခွင့်ရပါလိမ့်မယ်"

"မင်းက ဘာကိုဆိုလိုတာလဲ"

"လောင်းကစားဝိုင်းတွေ အပျော်ဂေဟာတွေကို ပြောတာပါ"

တစ်ချိန်လုံး ငြိမ်နေခဲ့သည့် လီဆင်းက ဝင်ထောက်လိုက်၏။ နန်းကုန်းသက် ပို၍ အံ့သြသွားရလေတော့သည်။

"ဒါ ဒါ တကယ်ပဲလား"

"တကယ်ပါပဲခင်ဗျာ"

သူ၏စိတ်ကူးအကြံအစည်သည် မမျှော်လင့်ဘဲ ပြည့်ဝအောင်မြင်လာတော့မည်ဖြစ်၏။ ရရှိမည့်ဝင်ငွေသည် ဆုံးရှုံးခဲ့သည်များကို ကာမိသည့်အပြင် တစ်နှစ်အတွင်း ငွေပိုငွေလျှံ ထွက်လာဦးမည် ဖြစ်၏။

မက်မောစရာကောင်းသည့် ကမ်းလှမ်းချက်ဖြစ်သော်လည်း သူ၏လုပ်ငန်းများကို ပထမတစ်ကြိမ်ကဲ့သို့ လက်လွှတ်ဆုံးရှုံးခြင်း မရှိရလေအောင် မည်သူက အာမခံမည်နည်း။

"ဘယ်သူက ကျုပ်လုပ်ငန်းတွေ မပျက်စီးစေဘူးလို့ အာမခံလဲ"



နန်းကုန်းသက် ဒိုးဒိုးဒေါက်ဒေါက် မေးချလိုက်လေသည်။ ထိုမေးခွန်းအတွက် ကွမ်းကြိုးယန်က ကြိုတင်ပြင်ဆင်ထားခဲ့ပြီး ဖြစ်သည်။

"မိုးမြေဂိုဏ်းရဲ့ ဂိုဏ်းချုပ်စုအိမ်းကိုယ်တိုင် အာမခံပါ့မယ်၊ သူဌေးမင်းရဲ့လုပ်ငန်းတွေ ပြန်စတော့မယ်ဆိုတာနဲ့ ကြူဟွီးနယ်မှာ တစ်ချိန်က ဆုံးရှုံးခဲ့ရတာဟာ မိုးမြေဂိုဏ်းရဲ့ တာဝန်မကောင်းကြောင်း မိုးမြေဂိုဏ်းရဲ့ အစောင့်အရှောက်ညံ့ဖျင်းလို့ ဖြစ်ခဲ့ရကြောင်း၊ အခုတစ်ကြိမ်မှာတော့ ပြည့်ပြည့်ဝဝ ကာကွယ်ပေးမှာဖြစ်တဲ့အပြင် ကြူဟွီးအကျိုးဆောင်အဖွဲ့ ပိုင်ဆိုင်သမျှကို မိုးမြေအဖွဲ့က စောင့်ရှောက်မယ်ဆိုတာ တိုင်းပြည်တစ်ဝန်းလုံးကို ကြေညာပေးမှာ ဖြစ်ပါတယ်"

နန်းကုန်းသက် မယုံကြည်နိုင်အောင် ဖြစ်နေလေသည်။

"မင်းတို့ဘက်က လိုက်လျောနေတာ အကြောင်းတော့ရှိမယ် ထင်တယ်၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

ကွမ်းကြိုးယန်က ...

"ကြူဟွီးအကျိုးဆောင်အဖွဲ့ဟာ ကြူဟွီးနယ် စည်ပင်ဖွံ့ဖြိုးလာအောင် အမှန်တကယ် အကျိုးဆောင်ခဲ့တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်၊ မိုးမြေဂိုဏ်းထဲမှာ အပြောင်းအလဲတွေ ဖြစ်ပေးလာတာကြောင့် အားနာစရာကိစ္စတွေ ဖြစ်ခဲ့ရပါတယ်၊ ဒါကြောင့် အလျော်

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့သဘောနဲ့ ပြန်လည်လက်ကမ်း ဖိတ်ခေါ်တာပါ။ ကြုံဖူးသမျှ အဖွဲ့ဟာ မိုးမြေဂိုဏ်းရဲ့ စောင့်ရှောက်မှုကို ရမှာဖြစ်သလို မိုးမြေဂိုဏ်းကို ထောက်ပံ့ကူညီဖို့ လိုပါတယ်"

နန်းကုန်းသက် မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်တို့က စီးပွားရေးလုပ်ပြီး ငွေရှာတာ ရသမျှ မိုးမြေဂိုဏ်းကို ထောက်ပံ့နေရရင် ဘာထူးမှာလဲ"

"ဒီလိုမဟုတ်ပါဘူး ခင်ဗျာ"

"ကောင်းပြီ ... မင်းတို့ဘက်က ဘယ်လိုစီစဉ်ထားတယ်ဆိုတာ ပြောစမ်းပါဦး"

ကွမ်းကြိုးယန်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"စီးပွားရေးလုပ်ငန်းတွေ နာလန်ထူလာအောင် ပြန်ပြီးဆောင်ရွက်နေချိန်မှာ ကူညီစောင့်ရှောက်မှုအတွက် တစ်နှစ်ကို ငွေငါးသိန်းပေးရပါလိမ့်မယ်"

"ငါးသိန်း ... ဟုတ်လား"

"ဟုတ်ပါတယ်"

နန်းကုန်းသက်က လီဆင်းကို ကြည့်လိုက်လေသည်။ လီဆင်း ခေါင်းယမ်းလိုက်သည်။

"အခြေတစ်ခုပျက်သွားပြီး ပြန်လည်တည်ဆောက်ဖို့ဆိုတာ



ချက်ချင်းလက်ငင်း ကောင်းမလာနိုင်ဘူး။ အချိန်ယူရလိမ့်မယ်၊ ကျွန်တော်တို့ အမြတ်မရတဲ့အပြင် အရှုံးတောင် ပေါ်နိုင်တယ်"

နန်းကုန်းသက်က ဘယ်လိုလဲဟူသောအကြည့်ဖြင့် ကွမ်းကြိုးယန်ဘက် ပြန်လှည့်ကြည့်လိုက်လေသည်။ ကွမ်းကြိုးယန်က ...

"သူဌေးမင်းတို့ ဘယ်လိုလုပ်ငန်းမဆို လုပ်ခွင့်ပြုထားတဲ့အတွက် အချို့လုပ်ငန်းတွေမှာ ဆုံးရှုံးမှုတွေ ရှိနိုင်ပေမယ့် အမြတ်ငွေသောက်သောက်လဲရမယ့် လုပ်ငန်းတွေကသာ များပါလိမ့်မယ်"

သူဆိုလိုသည့် စကားအဓိပ္ပာယ်ကို နန်းကုန်းသက်ကော လီဆင်းပါ ရိပ်မိလိုက်ကြလေသည်။ နန်းကုန်းသက် ကျေနပ်သွား၏။ လီဆင်းက ...

"ကျုပ်တို့ကို ခွင့်ပြုတယ်ဆိုရင်တော့ ငါးသိန်းဆိုတဲ့ငွေဟာ မများပါဘူး"

နန်းကုန်းသက်လည်း သဘောတူလိုက်သည်။

"ကျုပ်ပေးမယ်"

ကွမ်းကြိုးယန် သက်ပြင်းချလိုက်၏။ ပထမအဆင့်အနေနှင့် အောင်မြင်သွားခဲ့ပြီ မဟုတ်ပါလား။

"နောက်တစ်ချက်ကတော့ မိုးမြေဂိုဏ်းဟာ ရေရှည်ထောက်ပံ့မှုတွေ ယူမနေရအောင် ကိုယ်တိုင်လျှို့ဝှက်စီးပွားရေး လုပ်

www.burmeseclassic.com

www.burmeseclassic.com



ငန်းတွေ ထူထောင်ချင်ပါတယ်၊ ဒါကို သူဌေးမင်းတို့က ကူညီပံ့ပိုး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်"

ထိုစကားကြားသည်နှင့် မိုးမြေဂိုဏ်းအား မိမိအိတ်ထဲထည့်ထားနိုင်တော့မည်ဟု နန်းကုန်းသက် တွေးလိုက်သည်။ လီဆင်း၏ မျက်နှာလည်း ပြုံးရွှင်သွားသည်။

နောက်ဆုံး မိုးမြေဂိုဏ်းသည် သူတို့အား ဒူးထောက်လာရပြီ မဟုတ်ပါလား။ ကွမ်းကြိုးယန်က ...

"သူဌေးမင်းရဲ့ သဘောထားကို ဂိုဏ်းချုပ်ကြီးစုအိမ်းက သိချင်ပါတယ်၊ သူဌေးမင်းသဘောတူပြီဆိုတာနဲ့ ကြူပွီးအဖွဲ့ကို လက်ကမ်းကြိုဆိုဖို့ အဆင်သင့်ပါပဲ"

နန်းကုန်းသက်က ...

"ကောင်းပြီ လီဆင်း ... မင်းက စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုပုံစံမျိုးနဲ့ ပြန်ပြီး ဆောင်ရွက်မယ်ဆိုတာ ဆွေးနွေးပါ"

လီဆင်းနှင့်ကွမ်းကြိုးယန်တို့ ဆက်၍ ဆွေးနွေးနေကြ၏။ သူတို့၏ ဆွေးနွေးမှုကို နန်းကုန်းသက်က မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေ၏။

သူသည် မယုံကြည်နိုင်စရာကောင်းလှသည့်ကိစ္စကို ပြန်လည် စဉ်းစားတွေးတောနေမိသည် မဟုတ်ပါလား။



"ဆရာ"

လီဆင်း၏ခေါ်သံကြားမှ နန်းကုန်းသက် သတိဝင်လာ၏။ လီဆင်းဘက် လှည့်ကြည့်လိုက်ပြီး ...

"ပြောပါ"

"ကျွန်တော်တို့ ဆွေးစပ်ဆွေးနွေးပြီးပါပြီ"

"ကောင်းပြီ ... ရလဒ်အဖြေကကော"

လီဆင်းက ရရှိနိုင်မည့် အခွင့်အရေးများ၊ အကျိုးအမြတ်များ၊ မိမိတို့ စိုက်ထုတ်ဆောင်ရွက်ရမည့် အရင်းအနှီးနှင့် လုပ်ငန်းများကို ရှင်းပြသည်။

တစ်ဖက်နှင့်တစ်ဖက် မဟာရန်သူကြီးများသဖွယ် ရှိနေခဲ့ရာမှ မိတ်ဆွေအသွင် ချက်ချင်းပြောင်းလဲသွားပြီတည်း။ လီဆင်း၏ အစီအစဉ်သည် ဆွေစပ်သေချာလှသည်။ နန်းကုန်းသက်က ...

"ကဲ ... ဒီသဘောတူညီချက်အတိုင်း ကျုပ်တို့ ဆက်လုပ်ကြတာပေါ့"

ကွမ်းကြိုးယန်၏မျက်နှာ ပြုံးရွှင်သွားသည်။ မုန်တိုင်းဂိုဏ်းအား တိုက်ခိုက်စရာ မလိုတော့ဘဲ မိုးမြေဂိုဏ်းသည် ထိပ်တန်းသိုင်းအဖွဲ့အစည်းကြီးတစ်ခုအဖြစ် တည်ရှိနေနိုင်တော့မည် ဖြစ်လေသည်။

ထိုင်ရာမှထရပ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာစရာသတင်းကို ဝိုထ်းချုပ်ကြီးဆီ အချိန်မီ ပြန်ပို့ရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ပြန်ခွင့်ပြုပါ ခင်ဗျာ"

နန်းကုန်းသက်က ...

"ကျုပ်ရဲ့မိတ်ဆွေဖြစ်ရလို့ ဘယ်တော့မှ အကျိုးမယုတ်စေရဘူးလို့ ခင်ဗျားရဲ့ဝိုထ်းချုပ်ကို ပြောပြလိုက်ပါ၊ ကျုပ်စကားကို ယုံကြည်နိုင်အောင် လက်ဆောင်တစ်ခု ပေးလိုက်ပါ့မယ်"

ပြောပြီး လီဆင်းဘက်သို့လှည့်လိုက်ကာ ...

"လီဆင်း"

"အမိန့်ရှိပါ ခင်ဗျာ"

"သူ့ကို ပိုးဖလံအကြောင်း ပြောပြလိုက်ပါ"

လီဆင်းက ဝိုထ်းချုပ်မာထင်းအား ကယ်တင်မည့် ပိုးဖလံ၏ အစီအစဉ်ကို ပြောပြလိုက်သည်။ ထိုအစီအစဉ်သည် သူတို့၏ လက်ချက်မဟုတ်ဘဲ သတင်းကြားထားခြင်းဖြစ်ကြောင်းလည်း မမေ့မလျော့ ထည့်သွင်းပြောပြလိုက်တော့သည်။

ပိုးဖလံအကြောင်း ကြားသိရသည်နှင့် ကွမ်းကြိုးယန်သည် ကြူပွီးနယ်သို့ ဒုန်းစိုင်းပြန်သွားလေတော့သည်။

❒



ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသည်။ လမ်းလေးခွဆုံအနီးဝယ် ကျယ်ဝန်းသော မြေကွက်လပ်ကြီးရှိနေပြီး မြေကွက်လပ်ပေါ်ဝယ် ခမ်းနားထည်ဝါသော အဆောက်အအုံတစ်လုံးရှိနေ၏။

ထိုအဆောက်အအုံကြီးမှာ မိုးမြေဂိုဏ်းဌာနချုပ် အဆောက်အအုံကြီးပင် ဖြစ်ပေတော့သည်။ မီးအိမ်များ ထွန်းညှိထားခြင်းကြောင့် အဆောက်အအုံပတ်လည်တွင် လင်းလင်းကျင်းကျင်း ဖြစ်နေလေသည်။

အစောင့်အကြပ်များသည် လှံရှည်များ ဘေးတွင်ချကာ ထိုင်ခုံများ၌ ငိုက်မျဉ်းနေကြသည်။ ကြူပွီးနယ်တွင် မိုးမြေဂိုဏ်းအရေးထားရမည့်သူ မရှိပါ။

ထို့ကြောင့်လည်း မိုးမြေဂိုဏ်းသားတို့သည် ပေါ့ပေါ့လျော့လျော့ နေကြခြင်း ဖြစ်ပေသည်။ စန်းကွမ်းဖုံးက အခြေအနေကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် လက်တစ်ဖက် မြှောက်ယမ်းပြလိုက်၏။

သူနှင့်အတူ လိုက်ပါလာသူ ခြောက်ယောက်လည်း ကျော်ပိုးအိတ်များ ကိုယ်စီလွယ်ကာ အဆောက်အအုံဆီသို့ တစ်ဟုန်ထိုး ပြေးသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စန်းကွမ်းဖုံးကိုယ်တိုင်လည်း ပြေးလိုက်သွား၏။ သူတို့သည် အဆောက်အအုံ၏ ဝဲဘက်သို့ ချဉ်းကပ်သွားကြခြင်းဖြစ်၏။ ထိုနေရာ၌ အစောင့်သုံးယောက်ရှိနေ၏။

အစောင့်သုံးယောက် သတိပြုမိသွားပြီး ခေါင်းထောင်ကြည့်လိုက်ကြချိန်ဝယ် လျှုခင်းတို့လူစုမှာ သူတို့အနီးသို့ ရောက်ရှိလာကြပြီ ဖြစ်လေ၏။

အစောင့်သုံးယောက်သည် ရန်သူရောက်ရှိလာပြီဖြစ်ကြောင်း သတိပေးရန် မဆိုထားနှင့် အော်ဟစ်ရန်ပင် မကြိုးစားနိုင်ခဲ့ကြချေ။

စန်းကွမ်းဖုံးတို့၏ သွက်လက်သော လှုပ်ရှားမှုကြောင့် တစ်ယောက်ပြီးတစ်ယောက် မြေပေါ်ပုံလျက်သား လဲကျသွားလေတော့၏။

"မြန်မြန်လုပ်၊ အချိန်မရှိဘူး"

စန်းကွမ်းဖုံးက သူ၏လူများကို သတိပေးလိုက်သည်။ ထို့နောက် ကျောပိုးအိတ်ကို ဖြုတ်ချကာ အသင့်ယူဆောင်လာသော ယမ်းထုတ်များ ထုတ်ယူလိုက်၏။

ယမ်းထုပ်များကို အဆောက်အအုံဘေးဝယ် အစီအရီချထားလိုက်၏။ ယမ်းထုတ်များကို တစ်ထုပ်နှင့်တစ်ထုပ် ယမ်းမှုန့်လူး



ထားသည့် ကြိုးတစ်ချောင်းဖြင့် ဆက်သွယ်ထားလိုက်သည်။ ယမ်းထုပ်များကို စနစ်တကျ ချထားပြီးသည်နှင့် ...

"ပြန်ဆုတ်"

စန်းကွမ်းဖုံးက လက်ဝှေ့ယမ်းပြကာ အချက်ပေးလိုက်၏။ သူ၏ လူခြောက်ယောက်သည် အမှောင်ရိပ်ထဲသို့ လှစ်ခနဲ လှစ်ခနဲ ပြေးထွက်သွားကြလေသည်။

စန်းကွမ်းဖုံးလည်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ဆုတ်သွားလေတော့သည်။ သူတို့သည် ခပ်လှမ်းလှမ်းသို့တိုင် ဆုတ်သွားပြီး အခြေအနေ စောင့်ကြည့်နေကြ၏။

မီးကျည်ထွက်ပေါ်လာသည်နှင့် သူတို့ လှုပ်ရှားကြရမည်ဖြစ်သည်။ ယခုတစ်ကြိမ် လှုပ်ရှားတိုက်ခိုက်ပြီး ထိုးဖောက်ထွက်ရန်သာ ဖြစ်ပေလိမ့်မည်။

စန်းကွမ်းဖုံးက သူ့အားကူညီရန် နောက်ကျန်ရစ်ခဲ့သည့် လျှုခင်းကို သတိရလာသည်။ လျှုခင်း၏အခြေအနေကို သူ သိလို၏။ ထိုအချိန်တွင် လျှုခင်းမှာ ...

❐

စန်းကွမ်းဖုံးတို့လူစုသည် ထိုအဆောက်အအုံဆီသို့ ချဉ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



သွားနေကြပြီဖြစ်လေသည်။

လှူုခင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် မိုးမြေဂိုဏ်းအဆောက်အအုံသို့ ဦးတည်သွားရန် အကောင်းဆုံး လမ်းနှစ်သွယ်ကို ရွေးချယ်လိုက်၏။

လမ်းပေါ်ဝယ် ယမ်းထုပ်များ ချထားလိုက်သည်။ တစ်ဖန် လမ်းတစ်ဖက်တစ်ချက်တွင် လူစုကာ နေရာယူထားလိုက်ကြလေသည်။

လှူုခင်း နေရာယူထားသည့်ဘက်မှ ကြည့်လျှင် စန့်ကွမ်းဖုံးတို့လူစု ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားနေကြသည်ကို တွေ့မြင်နေရ၏။ လှူုခင်း ပြုံးလိုက်သည်။

ယခုအချိန် ယမ်းထုပ်များ ဖောက်ခွဲလိုက်လျှင် မည်သို့ရှိမည်နည်းဟု တွေးနေမိ၏။ တစ်ဆက်တည်းပင် ကျင်းရှောင်နှင့်စီမင်းယုတို့အကြောင်း တွေးနေမိသည်။

ကျင်းရှောင်တို့သည် အိမ်ဟောင်းကို စီးနင်းတိုက်ခိုက်ကာ မာထင်းအား ကယ်တင်ပြီးသည်နှင့် ဆိပ်ကမ်းဘက်သို့ဆုတ်လာကြပေလိမ့်မည်။

ဆိပ်ကမ်းဝယ် ကြိုတင်ရှင်းလင်းထားသည့် အားထိုတို့ အခြေအနေ မည်သို့ရှိမည်နည်း။ အားထိုအကြောင်း တွေးတောနေ



စဉ် ရုတ်တရက် မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့၏။

❒

မြင်းခွာသံများ ထွက်ပေါ်လာသည်။ ဝမ်းဖုံးဦးဆောင်သည့် မြင်းစီးသမားများသည် မိုးမြေဂိုဏ်း အဆောက်အအုံရှိရာသို့ ဦးတည်လာနေကြ၏။

လှူုမြင်း မျက်နှာပျက်သွားသည်။ သူတို့၏အစီအစဉ်တွင် ညကြီးသန်းခေါင် မြင်းစီးသမားတစ်စု ရောက်ရှိလာမည်ဆိုသည့်ကိစ္စပါဝင်ခြင်း မရှိခဲ့ပါ။

ကြိုတင်စီစဉ်မှုများသည် အမြဲတစေ အံဝင်ခွင်ကျရှိတတ်သည် မဟုတ်ဘဲ တစ်ခါတစ်ရံတွင် အကြီးအကျယ် လွဲချော်နေတတ်ကြောင်း သိထား၏။

လှူုခင်း ချက်ချင်း သတိဝင်လာ၏။ အချိန်မတန်သေးသည်ကို နားလည်သော်လည်း အဆောက်အအုံအနီးတွင် လှုပ်ရှားနေသည့် စန့်ကွမ်းဖုံးတို့ ဒုက္ခရောက်မည်ကို စိုးရိမ်ပြီး ...

"အမှတ်ငါးနေရာကို ဖောက်လိုက်ဟေ့"

သူ၏လူတစ်ယောက်အား အမိန့်ပေးလိုက်သည်။ သူ၏ လူ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ယောက်အနက် တစ်ယောက်က ခပ်သွက်သွက် လှုပ်ရှား လိုက်၏၏ ဝင်းလက်သော အလင်းရောင်တစ်ချက် ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင် လမ်းလေးခွဆုံ၏ မြောက်ဘက် တစ်နေရာဝယ် ...

'ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာ၏။ တစ်ဆက်တည်းပင် မီးခိုးလုံးကြီးများ အလိပ်လိုက် အလိပ်လိုက် ထွက်ပေါ်လာတော့သည်။

'တီ တီ'

"သတိထားကြဟေ့"

ဆူဆူညံညံ အော်ဟစ်သံများလည်း တစ်ခဲနက်ထွက်ပေါ် လာသည်။

ဝမ်းဖုံးတို့လူစုမှာ သူတို့၏အရှေ့ဘက် မလှမ်းမကမ်း၌ ပေါက်ကွဲသံကြီးနှင့် မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို မြင်လျှင် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေ၏။

ဝမ်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ သတိဝင်လာ၏။

"ဟေ့ ... ဘယ်လိုဖြစ်တာလဲဆိုတာ တစ်ယောက်သွား ကြည့်လိုက်စမ်း၊ ကျန်တဲ့လူတွေ နေခဲ့ကြ"



ဟု အမိန့်ပေးလိုက်၏။ ညကြီးသန်းခေါင် ပေါက်ကွဲသံနှင့် မီးခိုးများကြောင့် ရုတ်တရက် ရှေ့တိုးသွားဖို့ မငုံမရဲ ဖြစ်နေ၏။ မိုးမြေဂိုဏ်း၏ အဆောက်အအုံနှင့် နီးကပ်နေပြီဖြစ်သော်လည်း အကျိုးအကြောင်း သိရစေဖို့ လူတစ်ယောက်လွှတ်ကာ ကြည့်ခိုင်းလိုက်ခြင်း ဖြစ်သည်။

ဝမ်းဖုံး၏တပည့်တစ်ယောက်သည် မြင်းပေါ်မှ ခုန်ဆင်းကာ မီးခိုးလုံးများကြားသို့ ပြေးဝင်သွား၏။

မရှေးမနှောင်းမှာပင် ...

"အား"

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။ လူတစ်ယောက် လမ်းပေါ်သို့ ပြိုလဲကျသွားသော အသံကိုလည်း ကြားလိုက်ရလေသည်။

ဝမ်းဖုံး မျက်လုံးပြူးသွား၏။ သူလွှတ်လိုက်သူမှာ တစ်စုံတစ်ယောက်၏လက်ချက် မိသွားပြီဖြစ်ကြောင်း ကောင်းစွာနားလည် ထားလိုက်၏။

မည်သူက သူတို့အား ဒုက္ခပေးနေပါသနည်း၊ ကြူပြင်းနယ်တွင် မိုးမြေဂိုဏ်းအား မော့ကြည့်ဝံ့သူမရှိသလောက်ပင်။ ကြူပြင်းနယ် အတွင်းမှ လူဆိုးစားပြများ မဆိုထားနှင့် အသေးအဖွဲ လုယက်မှု

www.burmeseclassic.com



နိုးမှုကလေးများ ကျူးလွန်တတ်သူများကိုပင် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ပြီးခဲ့ပြီ ဖြစ်သည်။

ကြူပျှိုးနယ်တွင် မဖွယ်မရာ ရုပ်ရှက်သဲသဲ ကိစ္စတစ်ခု ဖြစ်ပွားခဲ့သည်ဆိုငြားအံ့ ... ထိုကိစ္စသည် မိုးမြေဝိုဏ်း၏ ကြိုးကိုင်စီစဉ်မှုကြောင့် ဖြစ်ပြီး အခြားမည်သူ့လက်ချက်မှ မဖြစ်နိုင်တော့ချေ။

ယခု အုံဩစရာကောင်းလှသော ပေါက်ကွဲမှု ဖြစ်ပေါ်လာသည်။ မည်သူ့လက်ချက်နည်း။ မိုးမြေဝိုဏ်း၏ စခန်းအနီးဝယ် ဖြစ်ပွားနေခြင်းတည်း။

စခန်းဘက်မှလည်း ဆူဆူညံညံအသံများ ကြားနေရ၏။

"ဒုက္ခပဲ ... ငါတို့အချင်းချင်း ပြန်ပြီး တိုက်ခိုက်မိတာလား"

ဝမ်းဖိုး တွေဝေနေ၏။ သူ့တပည့်များကို နောက်ထပ် စေလွှတ်ခြင်း မပြုတော့ပါ။ မီးခိုးလုံးများ ပျောက်ပြယ်သွားပြီး ဝန်းကျင်တစ်ခုလုံး ကြည်လင်လာသည်အထိ စောင့်ဆိုင်းနေရန် ဆုံးဖြတ်လိုက်လေတော့သည်။

❒

ရုတ်တရက် ထွက်ပေါ်လာသည့် ပေါက်ကွဲသံကြောင့် အဆောက်အအုံရှေ့ဝယ် စောင့်ကြည့်နေကြသည့် မိုးမြေဝိုဏ်းသား



များ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

"ဘာသံလဲ"

"ဘာတွေဖြစ်ကုန်ပြီလဲ"

တစ်ယောက်တစ်ပေါက်ပြောရင်း ပေါက်ကွဲသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။ ထိုအခါ မလှမ်းမကမ်း တစ်နေရာ၌ မီးခိုးလုံးများ ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရ၏။

"သွားကြည့်ကြရအောင်"

တစ်ယောက်က ပြောလိုက်၏။ အန္တရာယ်ရှိပြီဖြစ်ကြောင်း ရိပ်မိလိုက်ကြသော်လည်း မည်သို့သော အန္တရာယ်ဖြစ်ပေါ်လာသည်ကို မသိနိုင်ကြသေးချေ။

ထို့ကြောင့် သို့လော သို့လော ဇဝေဇဝါဖြင့် မီးခိုးလုံးများကို လှမ်းကြည့်နေ၏။ သွားကြည့်ရန် ပြောသူကပင် တုတ်တုတ်မှ မလှုပ်ချေ။

ကျန်သူများ သွားကြည့်လိုကြသော်လည်း မဝံ့မရဲ ဖြစ်နေ၏။ ပေါက်ကွဲမှုသည် အဘယ်ကြောင့် ဖြစ်ပေါ်လာသည်ကို တိတိကျကျ သိရဖို့ လိုပေသည်။

မိုးမြေဝိုဏ်းစခန်းအား တိုက်ခိုက်ရန် ကြိုးပမ်းသောသည်ဆိုလျှင် ချက်ချင်း အမျက်ပေး သံချောင်းခေါက်ကာ ရှိနှိုသူချောင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာပြီဖြစ်ကြောင်း နိုးဆော်ရမည်ဖြစ်၏။

ပေါက်ကွဲသံကြောင့် စခန်းအတွင်း ရှိသူအားလုံး အိပ်ရာမှ နိုးကုန်ကြမည်ဖြစ်ရာ အချက်ပေးစရာလည်း လိုတော့မည် မဟုတ်ချေ။ အစောင့်မှာ ဂနာမငြိမ် ဖြစ်နေကြစဉ်မှာပင် ...

"ဘာဖြစ်တာလဲဟေ့"

စူးရှခက်ထန်သော စကားသံထွက်ပေါ်လာ၏။ အစောင့်များ ထိတ်လန့်သွားကြ၏။ အသံရှင်မှာ မိုးမြေဂိုဏ်းချုပ် စုအိမ်းဖြစ်သည်ကို အားလုံးသိရှိထားကြသည် မဟုတ်ပါလား။

အစောင့်များက ချက်ချင်းပင် အတွင်းဘက်မှထွက်လာသည့် စုအိမ်းအား အရိုအသေပြုလိုက်ကြလေသည်။

"ဘာဖြစ်တာလဲ"

ယခုတစ်ကြိမ် စုအိမ်းသည် မေးမြန်းပြီးသည်နှင့် အဖြေစကားကို နားထောင်စရာမလိုဘဲ မည်သို့မည်ပုံ ဖြစ်ပျက်သည်ကို နားလည်သဘောပေါက်သွားပြီဖြစ်လေသည်။ လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"သွားကြည့်ကြစမ်း၊ အဆောက်အအုံအနားကို ဘယ်သူမှ မကပ်စေနဲ့၊ အားလုံးအသင့်ပြင်ထားကြ"

ဟု အမိန့်ပေးလိုက်သည်။ စုအိမ်း၏စကားသံ ကြားရသည်



နှင့် အခြေအနေကိုအားလုံးနားလည်သွားကြလေသည်။

'ဒေါင်ဒေါင် ဒေါင်ဒေါင်'

အချက်ပေး သံချောင်းခေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မိုးမြေဂိုဏ်း အဆောက်အအုံတွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသည့် အစောင့်အကြပ်များဖြင့် ပြည့်နှက်သွားလေတော့သည်။

ရုတ်တရက် ထွက်ပေါ်လာသည့် ပေါက်ကွဲသံကြောင့် စန္ဒကွမ်းဖုံး မျက်လုံးပြူးသွားလေသည်။

"ဘယ်လိုဖြစ်တာလဲ"

လွှတ်ခနဲ ရေရွတ်ရင်း လှမ်းကြည့်လိုက်၏။ ထိုအခါ ခပ်လှမ်းလှမ်း၌ မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လျှိုမင်း၏လက်ချက်ဖြစ်ကြောင်း ချက်ချင်း နားလည်လိုက်သည်။

"လျှိုခင်းက ဘာကြောင့် ဖောက်ခွဲလိုက်တာလဲ"

တွေးရင်း အခြေအနေမဟန်တော့ကြောင်း သဘောပေါက်သွားသည်။ လျှိုခင်းသည် မိုးမြေဂိုဏ်းမှ လှုပ်ရှားမှုတစ်ခုအား တွေ့

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရခြင်းကြောင့် အာရုံလွှဲပြောင်းပေးလိုက်ခြင်းဖြစ်ကြောင်း နားလည်မိသည်။

ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။ ကျွင်းရှောင် ပြော ထားသည့် အချက်ပြမီးကျည် ထွက်ပေးလာသည်ကိုမတွေ့ရသေးပါ။ မိုးမြေဂိုဏ်းအား နှောင့်ယှက်ရန် အချိန်မကျသေးကြောင်း တွေးမိ၏။ သို့ပါသော်လည်း သူ့အတွက် ရွေးချယ်စရာလမ်း မရှိတော့ပြီ။

အစီအစဉ်များ ကမောက်ကမ ဖြစ်ကုန်သည်ဆိုသည်ကို လည်း သဘောပေါက်လိုက်၏။ မည်သို့ဆိုစေ သူ၏တာဝန်ကျေပွန် အောင် ထမ်းဆောင်ရမည်သာ ဖြစ်လေသည်။ စန္ဒကွမ်းဖုံးက လက် ဝှေ့ယမ်းပြလိုက်ပြီး ...

"ဖောက်ခွဲပစ်လိုက်တော့"

ဟု သူ၏လူများကို အမိန့်ပေးလိုက်လေသည်။ သူ၏လူများ သည် အမိန့်ရသည်နှင့် ချက်ချင်း လှုပ်ရှားလိုက်ကြသည်။ သူတို့ တက်ညီလက်ညီ လှုပ်ရှားလိုက်သည်နှင့် ...

'ဝုန်း'

'ဂျိမ်း'

ကြောက်ခမန်းလိလိ ပေါက်ကွဲသံကြီးများ ထွက်ပေါ်လာ သည်။ မီးခိုးလုံးကြီးများ၊ မီးတောက်မီးလျှံများ တစ်ဟုန်ထိုး ထွက်



ပေါ်လာသည်။

ငယ်သံပါအောင် အော်လိုက်သောအသံများ၊ အဆောက် အအုံ ပြိုကျသည့်အသံများ၊ အော်ဟစ်အမိန့်ပေးသံ၊ ပြေးလွှားသံများ ပွက်ပွက်ညံသွားသည်။

ကျွင်းရှောင်က မိုးမြေဂိုဏ်းတစ်ဖွဲ့လုံးအား သုတ်သင်ရှင်း လင်းပစ်သည်မဟုတ်ပါ။ ခြောက်လှန့်ရန်နှင့် ဖရိုဖရဲဖြစ်သွားရန်သာ ရည်ရွယ်ခဲ့သည်။

ထို့ကြောင့် စန္ဒကွမ်းဖုံး၏ ယမ်းထုပ်များသည် အဆောက် အအုံများကိုသာ ပျက်စီးစေပြီး မိုးမြေဂိုဏ်းသားများ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စီစဉ်ခဲ့လေသည်။

စန္ဒကွမ်းဖုံး ပြုံးလိုက်သည်။ သူက တာဝန်ကျေပွန်စွာ ထမ်း ဆောင်ခဲ့ပြီတည်း။ မိုးမြေဂိုဏ်းသားများသည် မမျှော်လင့်သော တိုက်ခိုက်မှု ခံရသဖြင့် သွေးပျက်ချောက်ချားကာ ဖရိုဖရဲဖြစ်နေကြ ပေလိမ့်မည်။

စုစည်းမရ အကွဲကွဲအပြားပြား ဖြစ်နေချိန်ဝယ် သူတို့သည် ဆိပ်ကမ်းသို့ရောက်အောင် ဆုတ်သွားနိုင်မည်ဖြစ်၏။ မာထင်အား ကြေးစားတစ်စုက ထိုးဖောက်ကယ်တင်သွားသည်ကို မိုးမြေဂိုဏ်း ချုပ် စုအိမ်း သိရှိသောအချိန်တွင် သူတို့သည် အပြုံခရီးကိုစနေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေလိမ့်မည်။

စန္ဒကူမ်းဖုံး အတွေးစကို ဖြတ်လိုက်သည်။ လက်ဝှေ့ယမ်းပြ လိုက်ပြီး ...

"သွားကြစို့ဟေ့"

အော်ပြောရင်း ဆုတ်ခွာရန် စီစဉ်ထားသည့်လမ်းအတိုင်း ပြေးလွှားသွား၏။ သူ၏လူများလည်း နောက်မှလိုက်လာကြသည်။ မိုးမြေဂိုဏ်း အဆောက်အအုံအား အချိန်မကျမီ ဖောက်ခွဲပစ်လိုက်ပြီ ဖြစ်ကြောင်း လျှူးခင်း နားလည်လိုက်သည်။

သူတို့ တာဝန်ကျေပြီဖြစ်ရာ ဆက်လက်စောင့်ဆိုင်းရန် မလို အပ်တော့ပါချေ။ ထို့ကြောင့် အမှောင်ထုကို အကာအကွယ်ယူကာ ဆိပ်ကမ်းဘက်သို့ သိုသိုသိပ်သိပ် ဆုတ်ခွာသွားကြလေတော့၏။ ထို အချိန်ဝယ်။

❒

ရှမ်းချစ်သည် အိမ်ဟောင်းအတွင်းသို့ လှည့်ဝင်ရန် ဟန်ပြင် လိုက်သည်။ ထိုစဉ်မှာပင် အဝတ်အစားလေတိုးသံများ ထွက်ပေါ် လာသဖြင့် ရှမ်းချစ် ဆတ်ခနဲ ခေါင်းထောင်လာသည်။

ချာခနဲ လှည့်ကြည့်လိုက်၏။ အိမ်ဟောင်းရှေ့ဝယ် ထူးထူး



ခြားခြား လှုပ်ရှားမှု ဘာတစ်ခုမျှ မတွေ့ရပါ။ သို့သော် အဆောက် အအုံ ဝဲဘက်ခုံတစ်လုံးပေါ်ဝယ် ထိုင်နေခဲ့သော အစောင့်သည် နေရာ ၌ မရှိတော့ဘဲ ပျောက်ဆုံးနေသည်ကို တွေ့ရ၏။

ရှမ်းချစ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဟေ့ ... မင်း ဘယ်သွားတာလဲ"

အော်မေးရင်း ခပ်သွက်သွက်လှမ်းထွက်လိုက်၏။ ထိုအခိုက် မှာပင် အမှောင်ရိပ်ထဲမှ အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"မင်း ဘယ်သူလဲ"

ရှမ်းချစ်က အော်မေးရင်း ခါး၌ချိတ်ထားသည့်ဓားကိုလည်း ဖျတ်ခနဲ ဆွဲထုတ်လိုက်၏။ အနက်ရောင် ဝတ်ဆင်ထားသူက အဖြေ မပေးပါ။

လုံတိုနှစ်လက်ဖြင့် ရှမ်းချစ်အား တရကြမ်း တိုက်ခိုက်လိုက် လေသည်။ ထိုလူသည် တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့်အပြင် ဦးခေါင်းပေါ်ဝယ် ခေါင်းစွပ်နက်တစ်ခု စွပ် ထား၏။

သူ၏တိုက်ခိုက်မှုမှာ ကြောင်ရိုင်းတစ်ကောင်အလား ပေါ့ပါး သွက်လက်နေပြီး တိုက်ခိုက်မှုမှာလည်း ကြောင်းမင်္ဂလာဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် ပြင်းထန်နေလေသည်။

ထိုလူသည် ကြေးစားသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ရှမ်းချစ် ရိပ်မိလိုက်လေသည်။ တစ်ဆက်တည်းပင် ရန်သူများက အိမ်ပေါင်းအား စီးနင်းတိုက်ခိုက်နေပြီဖြစ်ကြောင်း သဘောပေါက်သွား၏။

မည်သူက ဦးဆောင်တိုက်ခိုက်လာပါသနည်း။ မည်သည့်ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်လာရပါသနည်း။ ရှမ်းချစ် ငိုင်သွား၏။

ထိုစဉ် အနက်ရောင်ဝတ်ဆင်ထားသူ၏ လှံကို တစ်လက်က သူ၏ပခုံး၌ စိုက်ဝင်သွားလေသည်။

"အား"

ရှမ်းချစ် လွှတ်ခနဲ အော်လိုက်၏။ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။ အနက်ရောင် ဝတ်ဆင်ထားသူက အလွတ်မပေးဘဲ ခုန်အုပ်တိုက်ခိုက်လာ၏။

ယခုတစ်ကြိမ်တွင် ရှမ်းချစ်က ဖျွေးတောစဉ်းစားနေခြင်း မပြုတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်လေသည်။ ပြင်းထန်စွာ တိုက်ခိုက်လိုက်သည့် လှံချက်ကို ရှောင်ကာ ဓားဖြင့် ပင့်၍ ခုတ်လိုက်၏။

သူ၏ဓားချက်သည် သုံးလေသုံးထရှိသော ဓားကွက်မျိုး မဟုတ်ပါ။



လဲကျမလိုဖြစ်နေရာမှ ခန္ဓာကိုယ်ထိန်းချုပ်ရင်း ပြန်၍ ပက်ထုတ်လိုက်သည့် ဓားချက်သည် ပြင်းထန်စွာလည်း ရှိမည် မဟုတ်ပါ။ သို့သော် အနက်ရောင်ဝတ်ဆင်ထားသူအား ဒုက္ခပေးနိုင်ခဲ့လေသည်။

"အင့်"

အနက်ရောင်ဝတ်ဆင်ထားသူ မသဲမကွဲ ညည်းညူလိုက်သည်။ ဟန်ချက်ပျက်ကာ နောက်ဆုတ်သွား၏။ ရှမ်းချစ် အံကြိတ်လိုက်သည်။

"ဒီတစ်ခါတော့ ငါ့အလှည့်ပေါ့ကွာ"

စိတ်ထဲ ကြုံးဝါးရင်း ရှေ့သို့ ဝမ်းလျားထိုးချကာ လက်ကို ဆန့်ထုတ်လိုက်၏။ ဓား၊ လက်နှင့်ခန္ဓာကိုယ်သည် ဝါးလုံးရှည်သဖွယ် တစ်တန်းတည်း ဖြစ်သွားလေသည်။

မြားတစ်စင်းပမာ တစ်ဟုန်ထိုး ဝင်လာခြင်းကြောင့် အနက်ရောင် ဝတ်ဆင်ထားသူ ထိတ်လန့်သွားသည်။ ကပျာကယာ နောက်ဆုတ်ရှောင်ရန် ကြိုးစားလိုက်၏။

ထိုစဉ်မှာပင် ရှမ်းချစ်၏ဓားဦးသည် သူ၏ရင်ဝကို ဖောက်ထွင်းသွားလေတော့သည်။

"အား"

အနက်ရောင်ဝတ်ဆင်ထားသူ ရှူးရှူးရှဲရှဲ အော်ဟစ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းခနဲ လဲကျသွား၏။ ထိုလူအား ရှမ်းချစ် ဂရုမစိုက်တော့ပါ။ ပတ်ဝန်းကျင်ကို ဂရုစိုက်ကြည့်လိုက်ပြီး အိမ်ဟောင်းအတွင်းသို့ တအားပြေးဝင်လိုက်၏။

အတွင်းဘက်သို့ ရောက်သည်နှင့် မာထင်း၏အခန်းရှိရာသို့ ဦးတည်ပြေးလွှားသွားလေသည်။ စင်္ကြံတစ်လျှောက်ဝယ် အတုံးအရုန်း လဲကျနေသည့် မိုးမြေဂိုဏ်းသားများအား တွေ့ရ၏။

ရန်သူသည် အတွင်းဘက်သို့ ဝင်ရောက်နေပြီတည်း။ အံ့ဩစရာကောင်းသည်မှာ အိမ်ဟောင်းအား စီးနင်းတိုက်ခိုက်ခြင်း ခံလိုက်ရသော်လည်း အသံဗလံ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်မလာခြင်းပင်။

စီးနင်းတိုက်ခိုက်သူများသည် ဝါရင့်ကြေးစားများ ဖြစ်ကြပြီး အိမ်ဟောင်းနှင့် အကျွမ်းတဝင် ရှိနေခဲ့ပုံရကြောင်း ရှမ်းချစ် တွေးမိ၏။

"သိကြသေးတာပေါ့ကွာ"

ကြုံးဝါးရင်း ကိုယ်ဖော့ပညာသုံးကာ လျင်မြန်စွာ ပြေးသွား၏။ မာထင်းအား ချုပ်နှောင်သည့်အခန်းဆီသို့ သွားသော စင်္ကြံလမ်းပေါ်သို့ပင် ရောက်ရှိလာ၏။

ထိုအခိုက်မှာပင် ထောင့်အကွယ်တစ်နေရာမှ အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် ခုန်ထွက်လာပြီး ဟန့်တားတိုက်ခိုက်



ခြင်းကို ခံလိုက်ရလေတော့သည်။

မှိန်ပျပျ မီးရောင်အောက်ဝယ် ဓားရောင် ဝင်းခနဲလိုက်သွားလေသည်။ ရှမ်းချစ်က ပြေးလွှားသွားသည့်အရှိန်ကို မလျှော့ဘဲ ဆက်၍ ပြေးသွားရင်း ခေါင်းငုံ့ရှောင်ပေးလိုက်သည်။

'ဒိုး'

အနက်ရောင် ဝတ်ဆင်ထားသူ ခုတ်ချလိုက်သည့်ဓားချက်သည် ရှမ်းချစ်၏ ဦးခေါင်းပေါ်မှ ဝီခနဲမြည်ကာ ဖြတ်ကျော်သွားလေသည်။

ရှမ်းချစ်က ထိုလူ၏ခြေထောက်ကို တိုက်ခိုက်လိုက်၏။ သူ၏ ရှောင်တိမ်းမှုတိုက်ခိုက်ခြင်းသည် တစ်ပြိုင်နက်တည်းလိုလို ဖြစ်ပေါ်လာ၏။ အနက်ရောင်ဝတ်ဆင်ထားသူက ခုန်ရှောင်လိုက်၏။

ရှမ်းချစ်က အလွတ်မပေးဘဲ လက်ထဲမှဓားဖြင့် ဓာအားပစ်ပေါက်လိုက်၏။ ယခုတစ်ကြိမ် အပေါ်သို့ ခုန်တက်ပြီးဖြစ်နေသည့် အနက်ရောင် ဝတ်ဆင်ထားသူမှာ တွန့်လိမ်ကာ ရှောင်တိမ်းလိုက်ပါသော်လည်း မလွတ်နိုင်ပါတော့ချေ။

ရှမ်းချစ်၏ဓားသည် သူ၏ခန္ဓာကိုယ်တွင် ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

"အား"

www.burmeseclassic.com

www.burmeseclassic.com



စူးရှသော အော်ဟစ်သံထွက်ပေါ်လာသည်။ အနက်ရောင် ဝတ်ဆင်ထားသူ စင်္ကြံလမ်းပေါ် ပြုတ်ကျသွား၏။ စင်္ကြံလမ်းပေါ် တစ်ချက်နှစ်ချက် လူးလွန့်ပြီးနောက် ပြန်ထမလာနိုင်ဘဲ ငြိမ်ကျသွားလေသည်။

ရှမ်းချစ်က ထိုလူ၏ခန္ဓာကိုယ်ပေါ်မှ ကျော်လွှားကာ ရှေ့ဆက်ပြေးသွားရန် ဟန်ပြင်လိုက်၏။ သို့သော် ရှေ့ဆက်သွားဖို့ မဖြစ်နိုင်ပါတော့ချေ။

သူ၏ရှေ့ဝယ် လူတစ်ယောက် လမ်းပိတ်ဟန့်တားလိုက်ပြီ မဟုတ်ပါလား။ မှိန်ပျပျ မီးရောင်သည် ထိုလူ၏မျက်နှာပေါ် တိုးကျနေ၏။

ထိုလူသည် အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။ ဦးခေါင်းစွပ်ထားခြင်း မရှိသဖြင့် မည်သူမည်ဝါ ဖြစ်သည်ကို တွေ့မြင်နေရလေသည်။

ရှမ်းချစ် ပါးစပ်အဟောင်းသားဖြစ်သွား၏။ သူ၏ရှေ့၌ လမ်းပိတ်ထားသူကိုကြည့်ရင်း ...

"ကျင်းရှောင်"

ဟု လွှတ်ခနဲ ခေါ်လိုက်သည်။ မှန်ပေသည်၊ သူ့အား တားဆီးထားသူမှာ ကျင်းရှောင်ဖြစ်လေသည်။ ကျင်းရှောင်က ပတ်ဝန်း



ကျင်ကို အကဲခတ်ကြည့်လိုက်၏။

ထို့နောက် လက်ဝှေ့ယမ်းပြလိုက်လေသည်။ ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသူ ဆယ်ယောက်သည် အိမ်ဟောင်း အတွင်း သို့ လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်ကြလေတော့သည်။

သူတို့သည် သူဌေးကြီးနန်းကုန်းသက် ခြံဝင်းအတွင်း၌ အိမ်ဟောင်းအား စီးနင်းတိုက်ခိုက်သည့်ပုံသဏ္ဌာန် အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ခဲ့သူများ ဖြစ်၏။

ထို့ကြောင့် တကယ်တမ်း စီးနင်းတိုက်ခိုက်ကြသည်တွင် အခက်အခဲတစ်စုံတစ်ရာ မရှိတော့ချေ။ စီမင်းယုနှင့် အနက်ရောင် ဝတ်ဆင်ထားသူနှစ်ယောက်ကား တိုက်ပွဲတွင် ပါဝင်ခြင်းမရှိကြချေ။

သူတို့သည် ကျင်းရှောင် ကယ်ထုတ်လာမည့် မာထင်းအား မြင်းလှည်းတစ်စီးနှင့် တင်ဆောင်ကာ အသင့်ထွက်သွားရန်ပြင်ဆင်ကာ စောင့်ဆိုင်းနေကြမည်ဖြစ်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများသည် ကြေးစားသိုင်း သမားများ ဖြစ်သည်နှင့်အညီ အိမ်ဟောင်းမှ အစောင့်များ ခုခံရန် ပင် အချိန်မပေးဘဲ သုတ်သင် ရှင်းလင်းပစ်လိုက်ကြလေသည်။

အိမ်ဟောင်းအတွင်းသို့ ရန်သူစီးနင်းတိုက်ခိုက်နေပြီးဆို သည်ကို သိသွားသူများမှာ တစ်ခဏအတွင်းမှာပင် သုတ်သင်ခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှုခြင်းကြောင့် အချက်ပေးခြင်း အကူအညီတောင်းခြင်း မပြုနိုင်ခဲ့ကြချေ။

နဂိုကပင် အိမ်ဟောင်း၌အစောင့်အကြပ် နည်းပါးသည် ဖြစ်ရာ ကျင်းရှောင်တို့လူစုသည် လျှပ်တစ်ပြက်အတွင်း အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြလေတော့သည်။

ရှမ်းချစ် ပေးပို့ခဲ့သည့် သတင်းများကြောင့် မာထင်းအား ချုပ်နှောင်ထားသည့်အခန်းကိုလည်း ကျင်းရှောင်တို့သိထားပြီး ဖြစ်လေသည်။

မာထင်း၏အခန်းရှေ့ဝယ် စောင့်ကြပ်နေကြသည့် အစောင့်သုံးယောက်ကို ကျင်းရှောင်က ရှင်းပစ်လိုက်သည်။ ထို့နောက် မာထင်းအား ကယ်တင်ရန် အခက်အခဲမရှိတော့ချေ။

တံခါးပွင့်သွားလျှင် ကျင်းရှောင်နှင့် အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်က အတွင်းဘက် ပြေးဝင်လိုက်ကြ၏။ အခန်းထောင့်ဝယ် ခုတင်တစ်လုံး ရှိနေပါ၏။

ခုတင်ပေါ်ဝယ် အဘိုးအိုတစ်ယောက် လဲလျောင်းနေသည်ကို တွေ့ရ၏။ အဘိုးအိုမှာ မိုးမခြေဂိုဏ်းချုပ် မာထင်း ဖြစ်ပေတော့သည်။

ဆူဆူညံညံထွက်ပေါ်လာသည့် အသံဗလံများကြောင့် အိပ်



ပျော်နေသည့် မာထင်း လန့်နိုးလာလေသည်။ သူ၏အခန်းတံခါး ပွင့်နေပြီး လူလေးယောက် ရှိနေသည်ကို တွေ့ရသောအခါ ကြောင်အမ်းအမ်းဖြစ်သွား၏။

“မင်းတို့ဘယ်သူတွေလဲ”

ဟု အားအင်ချည့်နဲ့သော လေသံဖြင့် မေးလိုက်လေသည်။ ကျင်းရှောင်ပြုံးလိုက်သည်။

“ခင်ဗျားတို့ စုအိမ်းလက်ထဲက ကယ်တင်မယ့်လူတွေပေါ့”

“ဟေ”

“အချိန်မရှိဘူး။ မြန်မြန်လုပ်”

ကျင်းရှောင်က သူနှင့်လိုက်လာသူ သုံးယောက်ဘက်သို့ လှည့်ကာ ပြောလိုက်၏။ ထိုလူသုံးယောက်အနက် ခန္ဓာကိုယ် ထွားကျိုင်း သန်မာသူတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာသည်။

သူသည် မာထင်းအား သွေးကြောပိတ်လိုက်၏။ ထို့နောက် ကျောပိုးကာ ထမ်းလိုက်၏။ သူတို့သည် မာထင်းအား ရခဲ့ပြီဖြစ်သည်။

အိမ်ဟောင်းမှ ဘေးကင်းရန်ကင်း ထွက်ခွာသွားဖို့သာ ကျန်ပေတော့သည်။

“သွားစို့”

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်က ရှေ့ဆုံးမှ ပြေးထွက်သွား၏။ အနက်ရောင် ဝတ်ဆင်ထားသူ သုံးယောက်က နောက်မှ လိုက်လာကြ၏။

သူတို့ အပြင်ဘက်သို့ရောက်ရှိသွားလျှင် အပြင်ဘက်၌ အစောင့်ချထားခဲ့သည်။ သူတို့၏လူတစ်ယောက် သေဆုံးနေပြီး ရန်သူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူ၏ တွေ့မြင်လိုက်ရသည်နှင့် ကျင်းရှောင်၏ မျက်နှာ တည်သွားသည်။

"ရှမ်းချစ်"

ဟု လွှတ်ခနဲ ခေါ်လိုက်မိလေတော့သည်။

❐

ည ...။

လကွယ်ညဖြစ်ရာ ဝန်းကျင်တစ်ခုလုံး အမှောင်ထု ဖုံးလွှမ်းလျက်ရှိပေသည်။ အမှောင်ထုကို အကာအကွယ်ယူကာ ရဟတ်ရဲတိုက်အနီးသို့ လူတစ်စု လျှင်မြန်စွာ ချဉ်းကပ်သွားနေ၏။

ထိုလူစုသည် တောကြောင်များအလား လွန်စွာမှပင် ပေါ့ပါးလျှင်မြန်စွာ လှုပ်ရှားနိုင်ကြ၏။ ညအမှောင်ဝယ် အသံမဲ့စွာ လှုပ်ရှားနိုင်ကြ၏။



ထိုလူစုသည် ရဟတ်ရဲတိုက်အနီးသို့ ရောက်သည်နှင့် လျှင်မြန်စွာ လူစုခွဲလိုက်ကြလေသည်။ ရဲတိုက်၏ ထူထဲခိုင်မာသော အုတ်နံရံပေါ်သို့ သံချိတ်တပ်ထားသောကြိုးများဖြင့် ပစ်တင်လိုက်ကြ၏။

ထို့နောက် ကြိုးများကိုအသုံးပြုကာ ရဲတိုက်အုတ်နံရံပေါ်သို့ တက်သွားကြလေသည်။

အုတ်နံရံပေါ် ရောက်သည်နှင့် အတွင်းဘက်၌ စင်္ကြံလမ်း သဖွယ် ပြုလုပ်ထားပြီး အစောင့်များ ကင်းရှင်းနေသည်ကို တွေ့မြင်ရလေသည်။

အုတ်နံရံပေါ်သို့ တွယ်တက်လာကြသည့် လူစုအနက်မှ လူရိပ်နှစ်ခု ပူးကပ်သွားကြ၏။ တစ်ခုသော လူရိပ်က ...

"ကျင်းရှောင် ... ခါတိုင်းအစောင့်တွေရှိနေကျပဲ ဒီကနေ့မှ ဘာကြောင့်မတွေ့ရတာလဲ"

ဟု မေးလိုက်လေသည်။ ကျန်လူရိပ်က ...

"ဟုတ်တယ် ... ဆားထင်းချို တစ်ခုခုတော့ မှားနေပြီကွ"

ဆားထင်းချိုက ...

"ရဲတိုက်ပိုင်ရှင် ဟွာဖုံးကို အစီအစဉ်အတိုင်း သုတ်သင်ကြမယ်ပေါ့ ဟုတ်လား"

ကျင်းရှောင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... တို့က ငွေယူပြီးပြီပဲ"

"ကောင်းပြီ ... ဆက်လုပ်ကြကာပေါ့၊ ရှမ်းချစ်တို့တော့ ရဲတိုက်ဆီကို ပြေးသွားနေကြပြီ"

"တို့လည်း သွားကြမယ်"

သူတို့နှစ်ယောက် ပြေးသွားရန် ဟန်ပြင်လိုက်၏။ ထိုအချိန်ဝယ် သူတို့နှင့်အတူ လာခဲ့သူများသည် ရဲတိုက်ဆီသို့ ပြေးသွားနေကြပြီဖြစ်သည်။

ရဲတိုက်ရှေ့၌လည်း အစောင့်အကြပ်များ ရှိမနေပါချေ။ အခြေအနေ ထူးခြားနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သဖြင့် ကျင်းရှောင်နှင့် ဆားထင်းချိုတို့ ခြေလှမ်း တုံ့ခနဲ နေးနေကြလေသည်။

ထိုအခိုက်မှာပင် သူတို့ရင်ထဲ မတင်မကျ ဖြစ်နေသောကိစ္စရပ်များမှာ ဘွားခနဲ ထင်ထင်ရှားရှားကြီး ပေါ်ပေါက်လာလေတော့သည်။

'ဒေါင် ဒေါင် ဒေါင် ဒေါင်'

အချက်ပေးသံချောင်းခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ရုတ်ခြည်းပင် ရဲတိုက်ပတ်လည်မှ မီးရောင်များထွက်ပေါ်လာသည်။

ရဲတိုက်ရှေ့ဝယ် နေ့ဘက်နှင့်မခြားအောင် လင်းထိန်သွားလေတော့သည်။

"နောက်ဆုတ်လိုက်"

ကျင်းရှောင်က ဆားထင်းချို၏ လက်ကို ဆွဲလိုက်သည်။ သူတို့နှစ်ယောက် ရှေ့သို့ ပြေးလွှားသွားရန် ဟန်ပြင်ပြီးမှ ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကြောင့် ခပ်သွက်သွက် နောက်ဆုတ်လိုက်ကြပြီး အမှောင်ရိပ်ထဲ ဝင်ပုန်းလိုက်ကြလေသည်။

သူတို့နှစ်ယောက်အား မည်သူကမျှ အရေးမစိုက်ကြပါ။ စကြာရဲတိုက်မှ လူများသည် ဂရုစိုက်စရာလူများ ရှိနေပြီ မဟုတ်ပါလား။ အနက်ရောင် ဝတ်ဆင်ထားသူ ဆယ်ယောက်ခန့်သည် ရဲတိုက်ရှေ့ မြေကွက်လပ်တွင် ရောက်ရှိနေကြပြီဖြစ်၏။

သူတို့အား အနီရောင် အဝတ်အစား ဝတ်ဆင်ထားပြီး မီးတုတ်နှင့် လက်နက်များကိုင်ဆောင်ထားသူ တစ်ရာခန့် ပြေးပေါက်မရှိ ဝိုင်းရံထားကြလေသည်။ ဆားထင်းချို အံကြိတ်လိုက်သည်။

"ကျုပ်တို့က ထောင်ချောက်ထဲ ဝင်မိတာပဲ"

ဟု မကျေမနပ် ပြောလိုက်လေသည်။ ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်တို့က ထောင်ချောက်ထဲ ဝင်မိအောင် သွေးဖျင်းတဲ့လူတွေ ဖြစ်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဆားထင်းချိုက လုံးဝလက်မခံပါချေ။

"ဘာဆိုင်လို့လဲ ... ကျုပ်တို့ညှံ့ဖျင်းလို့ အခုလို ခံလိုက်ရတာ မဟုတ်ဘူးဗျ"

"မညှံ့ဖျင်းရင် ဒီလိုဖြစ်စရာအကြောင်းရှိမလား"

ရဲတိုက်ရှေ့ မြေကွက်လပ်သို့ ညွှန်ပြရင်း ပြောလိုက်လေသည်။ ဆားထင်းချို လှမ်းကြည့်လိုက်သည်။

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသူများသည် ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားကြပြီး အနီရောင်ဝတ်ဆင်ထားသူများကလည်း တိုက်ခိုက်ရန် တာစူနေကြ၏။

အနီရောင်ဝတ်ဆင်ထားသူများမှာ စကြာရဲတိုက်မှ သိုင်းသမားများ ဖြစ်ကြလေသည်။ အနက်ရောင်ဝတ်ဆင်ထားသူများကား ကျင်းရှောင်၏မိတ်ဆွေ ကြေးစားသိုင်းသမားများ ဖြစ်ကြ၏။

သူတို့သည် စကြာရဲတိုက်ပိုင်ရှင်ဟွာဖုံးအား သုတ်သင်ရှင်းလင်းပေးရန် အမည်မဖော်လိုသူတစ်ယောက်၏ ငွားရမ်းခြင်းခံခဲ့ရသည်။

ထိုလူက ငွေကိုနှစ်ဆပေးသဖြင့် အန္တရာယ်များမှန်းသိသော်လည်း သူတို့ လက်ခံလိုက်လေသည်။ စကြာရဲတိုက်ပိုင်ရှင် ဟွာဖုံးသည် သိုင်းလောကတွင် အလွှန်မာနအကြီးဆုံးတစ်ယောက်ဟု



ကျော်ကြားနေသူတည်း။

ဟွာဖုံးသည် တရားမျှတမှုနှင့် သိုင်းလောကစည်းကမ်းများကို လေးစားလိုက်နာသူမဟုတ်သလို အရေးစိုက်သူလည်း မဟုတ်ပါချေ။

စိတ်ထင်ရာစိုင်းကာ လုပ်ချင်ရာလုပ်တတ်သူ ဖြစ်၏။ ထို့ကြောင့် မိတ်ဆွေထက် ရန်သူပို၍များသော သိုင်းသမားကြီးတစ်ယောက် ဖြစ်လေသည်။

ကျင်းရှောင်က ဟွာဖုံး၏အကြောင်းသိထား၍ ငွားရမ်းမှုကို လက်ခံလိုက်၏။

ဟွာဖုံးအား သုတ်သင်နိုင်လျှင် ကြေးစားသိုင်းသမား ဗိုးဖလံနှင့် မိတ်ဆွေများသည် မည်သို့သော ကိစ္စမျိုးကိုမဆို အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် သိုင်းလောကတစ်ခုလုံးက ပြောစမှတ်ပြုကြတော့မည်တည်း။

ယခု သူတို့သည် အောင်မြင်မှုရဖို့ရန်ဝေးစွ မရှုမလှ ရှုံးနိမ့်တော့မည်ဖြစ်လေသည်။ ဆားထင်းချိုက ...

"ကျုပ်တို့က ရေပက်မဝင်အောင် သေသေချာချာ စီစဉ်ခဲ့ကြတာပဲ၊ လွတ်ကွက်ဟာကွက်ဆိုတာ ဘာမှမရှိဘူး၊ ကျုပ်တို့အစီအစဉ်ကို ဘယ်လိုနည်းနဲ့မှ သိမသွားနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ကျင်းရှောင်က ...

"အခုတော့ ကျုပ်တို့ ဘယ်လိုဘယ်ပုံ ဝင်လာမယ်၊ ဘယ်အချိန် ရောက်လာမယ်ဆိုတာတောင် သူတို့က ကြိုသိနေပါလား"

"ကျုပ်တို့ ညံ့လို့ သူတို့က ကျုပ်တို့ထက်ပိုပြီး အကွက်မြင်လို့ အခုလို ခံလိုက်ရတာ မဟုတ်ဘူးဗျ"

ဆားထင်းချီ မည်သည်ကိုရည်ရွယ်ကြောင်း ကျင်းရှောင် ရိပ်မိလေသည်။ ဆားထင်းချီးကို စိုက်ကြည့်လိုက်ပြီး ...

"သစ္စာဖောက်ခံရတယ်လို့ ခင်ဗျားပြောချင်တယ်မဟုတ်လား"

ဟု မေးလိုက်၏။ ဆားထင်းချီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အတွင်းလူတစ်ယောက်က သစ္စာဖောက်လိုက်လို့ ကျုပ်တို့ အခုလိုခံလိုက်ရတာ"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြလေသည်။ မည်သူမဆို သစ္စာဖောက်နိုင်သည် မဟုတ်ပါလား။

လုပ်ကြံမည့်အစီအစဉ်ကို အတွင်းလူတစ်ယောက်က သစ္စာဖောက်လိုက်ခြင်းကြောင့်သာလျှင် စကြာရဲတိုက်မှ အဆင်သင့်ထောင်ချောက်ဆင်ထားနိုင်ခဲ့ခြင်းတည်း။ ကျင်းရှောင်က ...



"ကျုပ်တို့ စကြာရဲတိုက်ကို ဝင်မယ့်ရက်ကို တိတိကျကျသိတာ ဘယ်နယောက်ရှိသလဲ"

ဟု မေးလိုက်သည်။ ဆားထင်းချီက ...

"ငါးယောက်ရှိတယ်၊ ကျုပ်ရယ်, ခင်ဗျားရယ်က ဒီမှာရှိနေတယ်၊ ရှမ်းချစ်နဲ့ကျန်တဲ့နှစ်ယောက်က ဟိုမှာရောက်နေပြီ"

အစီအစဉ် အတိအကျ သိသူများအနက် သုံးယောက်မှာ အန္တရာယ်စက်ဝိုင်းအတွင်း ရောက်ရှိနေပြီ ဖြစ်လေသည်။ သူနှင့်ကျင်းရှောင်သာလျှင် ဘေးမသီရန်မခ ရှိနေသည်ဟု ဆားထင်းချီက ဆိုလိုခြင်းဖြစ်၏။

သစ္စာဖောက်သည် စက်ကွင်းအတွင်းသို့ သက်ဆင်းမည်မဟုတ်ဘဲ ဘေးကင်းရန်ကင်း ရှောင်နေပေလိမ့်မည်။ သူ့အား သစ္စာဖောက်ဟု ဆားထင်းချီ ထင်မှတ်နေသည်ကို ကျင်းရှောင် ရိပ်မိပါ၏။ သက်ပြင်းချလိုက်ပြီး ...

"ကျုပ်က ဘယ်လိုလူမျိုးဆိုတာ ခင်ဗျားကို သက်သေပြရမယ် ထင်တယ်"

"ဘယ်လိုသက်သေပြမှာလဲ"

"ကျုပ်ရဲ့ ဓားနဲ့ ဟွာဖုံးရဲ့ ရင်ဝကို စိုက်ဝင်သွားစေတဲ့နည်းနဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဆားထင်းချို မယုံကြည်နိုင်ဘဲ ဖြစ်သွား၏။ ကျောင်းရှောင်အား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ဟွာဖုံးကို သုတ်သင်ပစ်မယ် ... ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်တော့လဲ"

"အခုပဲပေါ့"

"ခင် ခင်ဗျား ဘာကြောင့် ဒီလိုလုပ်"

ကျောင်းရှောင်က ...

"ကျုပ်က သစ္စာဖောက်မဟုတ်သလို ခင်ဗျားလည်း သစ္စာဖောက်မဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ ရှမ်းချစ်နဲ့ ကျုံနိတဲ့ နှစ်ယောက် တစ်ယောက်ယောက်ကတော့ သစ္စာဖောက်ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ အခုအချိန်မှာ ဒါတွေ အရေးမကြီးတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်တို့ ဒီက ရယ်မောပြီးပြန်ထွက်သွားရမယ်လို့ ခင်ဗျား ထင်နေလို့လား"

ဆားထင်းချို ပါးစပ်ပိတ်ထားလိုက်၏။

ထိုစဉ် ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်



လာသည်ကို ကြားလိုက်ရလေတော့သည်။

"ဟား ဟား ဟား"

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာသည်။ ရဲတိုက်တံခါးပွင့်သွားပြီး လူတစ်စု လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်လေသည်။

ထိုလူစုကား ခန္ဓာကိုယ်ထွားကျိုင်းသန်မာပြီး ငွေရောင်ဝတ်ရုံ လွှမ်းခြုံလာသူက ဦးဆောင်လာလေသည်။ ထိုလူမှာ စကြာရဲတိုက် ပိုင်ရှင် ဟွာဖုံးဖြစ်သည် မဟုတ်လား။

ဟွာဖုံးက မြေကွက်လပ်ရှေ့ဝယ် ခြေလှမ်းရပ်လိုက်သည်။ မြေကွက်လပ်တွင် ချောင်ပိတ်နေသည့် အနက်ရောင်ဝတ်ဆင်ထားသူများကို ဝေ့ကြည့်လိုက်ပြီး ...

"မင်းတို့က ငါ့ကိုလုပ်ကြံဖို့ လာကြတာမဟုတ်လား၊ ကဲ ... အခု ဘယ့်နှယ်ရှိစ"

ဟု လှောင်ပြောင်မေးမြန်းလိုက်လေသည်။ အနက်ရောင်ဝတ်ဆင်ထားသူများမှာ ခံပြင်းဒေါသထွက်နေကြ၏။ ဟွာဖုံးက ...

"ကဲ ... မင်းတို့ အသက်အသေခံမလား၊ ဒါမှမဟုတ် ငါ့ရှေ့

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒူးထောက်ပြီး သစ္စာခံကြမလား … ပြောစမ်း”

ဟု ခပ်မာမာ မေးလိုက်လေသည်။ အနက်ရောင်ဝတ်ဆင်ထားသူများက ဓားကိုယ်စီဆွဲထုတ်လိုက်ကြ၏။ သူတို့သည် ကြေးစားများဖြစ်ကြလေရာ တိုက်ရဲသေရဲသူများ ဖြစ်ကြလေသည်။

ဟွာဖုံး၏စကားကြောင့် စိတ်မထိန်းနိုင်ကြတော့ဘဲ …

“တိုက်ကြဟေ့”

တစ်ယောက်က အော်ပြောလိုက်ပြီး ဝိုင်းရံထားသူများထံ ပြေးဝင်တိုက်ခိုက်လိုက်၏။ ထိုအခါ ကျန်လူများလည်း ဖြသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

ဟွာဖုံး မကျေမနပ် ဖြစ်သွား၏။ ချောင်ပိတ်နေသော ကြေးစားများသည် အကြောက်အလန့်မရှိ တိုက်ခိုက်လာကြသည် မဟုတ်ပါလား။

ဟွာဖုံးက ချက်ချင်း နောက်ဆုတ်လိုက်၏။

“ဒီကောင်တွေကို ရှင်းပစ်လိုက်”

အမိန့်ပေးပြီးလျှင် ရဲတိုက်အတွင်းသို့ သူ၏ကိုယ်ရံတော်များနှင့်အတူ ပြန်လှည့်ဝင်သွား၏။ ထို့နောက် ရဲတိုက်တံခါးကို ပိတ်ထားလိုက်လေတော့သည်။

❒



ရဲတိုက်အပေါ်မှကြည့်လျှင် မြေကွက်လပ်မှတိုက်ပွဲကို ကောင်းစွာ တွေ့မြင်နေရလေသည်။ မြေကွက်လပ်ပတ်လည်တွင် မီးတိုင်များ အစီအရီ စိုက်ထူထား၏။

ထို့ကြောင့် နေ့ဘက်နှင့် မခြားအောင် လင်းလင်းကျင်းကျင်း ဖြစ်နေလေသည်။ မြေကွက်လပ်တွင် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်နေ၏။

အနက်ရောင်ဝတ်ဆင်ထားသည့် ကြေးစားများအား စကြာရဲတိုက်မှ သိုင်းသမားက ဝိုင်းရံတိုက်ခိုက်နေကြ၏။ စကြာရဲတိုက်မှ လူများသည် ဟစ်ရာကျော်ခန့်ရှိ၏။

ဓားလှံ လက်နက်မျိုးစုံ ကိုင်ဆောင်ကာ ရန်သူများကိုဖိ၍ တိုက်ခိုက်နေကြလေ၏။ သို့ပါသော်လည်း ကြေးစားများက အပြင်းအထန် ခုခံတိုက်ခိုက်နေခြင်းကြောင့် အနိုင်မရနိုင်ဘဲ ဖြစ်နေ၏။

“အား”

“အွန့်”

“အောင်မယ်လေး”

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်နေသည်။ စကြာရဲတိုက်မှလူများ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသည့် ကြေးစားများလည်း ဒဏ်ရာရသူရ သေသူသေ ဖြစ်ကုန်ကြ၏။

နှစ်ဖက်စလုံး အထိနာနေခြင်းဖြစ်ပေသည်။ ရဲတိုက်အပေါ်ဘက်ရှိ ပြတင်းပေါက်တစ်ခုမှ အကဲခတ်ကြည့်နေသည့် ဟွာဖုံးက သက်ပြင်းချလိုက်လေသည်။

“ငါ့လူတွေ တော်တော်ညံ့တာပဲ”

ဟုလည်း ညည်းညူလိုက်၏။ ကြေးစားတစ်ယောက်လျှင် သူ၏လူ ဆယ်ယောက်နှုန်းမကသောအင်အားဖြင့် ဝိုင်းရံတိုက်ခိုက်နေခြင်းဖြစ်၏။

သို့ပါသော်လည်း ယခုတိုင် အနိုင်မရသေးချေ။ အနိုင်မရသည်သာမက သူ၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည် မဟုတ်ပါလား။

ဟွာဖုံး၏ သက်တော်စောင့်လေးယောက် ခေါင်းညိတ်လိုက်ကြသည်။ ဟွာဖုံးပြောသည့်စကားကို ထောက်ခံလိုက်သည့်သဘောဖြစ်လေသည်။ ဟွာဖုံးက ...

“ဒါပေမဲ့ ဒီတိုက်ပွဲမှာ ငါတို့ အနိုင်ရမှာပါ၊ ငါတို့လူတစ်ယောက်က ကြေးစားတွေဘက်မှာရှိနေတာပဲ”

ဟု ပြောလိုက်၏။ သက်တော်စောင့်လေးယောက်က ခေါင်း



ညိတ်လိုက်ပြန်သည်။ ဟွာဖုံးက ...

“ငါ့ကို ဘယ်သူက သုတ်သင်ချင်တယ်ဆိုတာ သူက မပြောသေးဘူး၊ တကယ့်ကို ပြောပြပြီးတာနဲ့ ငါ့ရန်သူ ဘယ်သူ ဘယ်ဝါဆိုတာ သိရရင် အဲဒီကြေးစားသစ္စာဖောက်ကို ငါကိုယ်တိုင် ရှင်းလင်းပစ်မယ်၊ သူ့လိုလူမျိုးကို ငါက သူကောင်းပြုထားမှာ မဟုတ်ဘူးကွ ... ဟား ဟား ဟား”

ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။ သူ၏ရယ်မောသံနှင့် မရှေးမနှောင်းမှာပင် ...

‘ဝုန်း’

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။ အခန်းတံခါး ဟာလာဟင်းလင်း ပွင့်သွား၏။ လူရိပ်နှစ်ခု တစ်ဟုန်ထိုး ပြေးဝင်လာသည်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

“ဟေ့ ... ဘယ်သူတွေလဲ”

ဟွာဖုံး၏ အော်ငေါက်သံကြီး ထွက်ပေါ်လာ၏။ သို့သော် ပြေးဝင်လာသူ နှစ်ယောက်က အဖြေမပေးကြဘဲ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။ ဟွာဖုံး ထိတ်လန့်သွား၏။

“ရန်သူရောက်လာပြီဟေ့၊ ဘာလုပ်နေကြတာလဲ၊ ဝိုင်းပြီး တိုက်ခိုက်ပါတော့လား”

www.burmeseclassic.com

www.burmeseclassic.com



သူ၏သက်တော်စောင့် လေးယောက်အား အမိန့်ပေးလိုက်လေသည်။ သက်တော်စောင့်လေးယောက် သတိဝင်လာကြသည်။ ချက်ချင်း ဓားကိုယ်စီဆွဲထုတ်ကာ ဟွာဖုံးအား အကာအကွယ်ပြုထားလိုက်ကြလေသည်။

❒

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်နေ၏။ မြေကွက်လပ်တွင် တိုက်ပွဲပြင်းထန်နေသလို ရဲတိုက်အပေါ်ဘက်၌လည်း တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေပါ၏။

ဟွာဖုံးက ပြတင်းပေါက်အနီးသို့ ဆုတ်သွား၏။ သူ၏ သက်တော်စောင့် လေးယောက်နှင့် ပြေးဝင်လာသူနှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေကြလေသည်။

အပြင်ဘက်မှ ပြေးလွှားနေကြသည့် ခြေသံများ တဝုန်းဝုန်း တဒိုင်းဒိုင်းမြည်ကာ ထွက်ပေါ်လာသည်ကိုလည်း ကြားရ၏။ ဟွာဖုံး၏လူများ ပြေးလာနေကြပြီ။



ရဲတိုက်အတွင်းသို့ ရန်သူတစ်ယောက်နှစ်ယောက် ရောက်ရှိနေသည်ကို ရိပ်မိသွားသည့် သင်္ကေတပင်။ ဟွာဖုံးထံသို့ ချဉ်းကပ်တိုက်ခိုက်လိုက်ကြသူများမှာ ကျင်းရှောင်နှင့် ဆားထင်းရှိတို့ ဖြစ်ကြလေသည်။

သူတို့သည် အားလုံး မြေကွက်လပ်တွင် ချောင်ဝိတ်နေသည့် ကြေးစားများအား ဂရုစိုက်နေကြချိန်ဝယ် ရဲတိုက်ပြတင်းပေါက်မှတစ်ဆင့် အတွင်းဘက် တိတ်တဆိတ် ဝင်လာခဲ့ကြခြင်း ဖြစ်လေသည်။

သူတို့သည် ဟွာဖုံးအား သုတ်သင်ရန် ဆုံးဖြတ်ထားပြီးကြပြီ ဖြစ်သည်။ ရဲတိုက်အတွင်းသို့ ဝင်လာခဲ့သည့်အတွက် ပြန်လည်လွတ်မြောက်နိုင်ခြင်း ရှိ မရှိ တွေးတောစဉ်းစားခြင်း မရှိကြချေ။

ထို့ကြောင့် အစောင့်များ ပြေးလာကြသည့် ခြေသံကိုကြားရသော်လည်း ဂရုမစိုက်ကြဘဲ ဟွာဖုံး၏ သက်တော်စောင့်များအား တရကြမ်းတိုက်ခိုက်လိုက်ကြ၏။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေသည်။ ဖြစ်ရကား ...

'ဝုန်း'

"အား"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ဆားထင်းချိုနှင့် ကျင်းရှောင်တို့၏ တိုက်ခိုက်မှုကြောင့် ဟွာဖုံး၏ သက်တော်စောင့်သုံးယောက် လဲကျသွားကြလေသည်။

ဆားထင်းချိုသည် အခွင့်အရေးရပြီဟု ယူဆကာ ခုန်ချလိုက်လေသည်။ ဆားထင်းချို ကြောင်အမ်းအမ်း ဖြစ်သွား၏။

"သတိထား"

ကျင်းရှောင်က အော်ဟစ်သတိပေးလိုက်ပြီး ဓားဖြင့် ပစ်ပေါက်လိုက်လေသည်။ ဆားထင်းချိုက ရှောင်တိမ်းရန် ကြိုးစားလိုက်၏။ သို့သော် မလွတ်နိုင်ဘဲ ဟွာဖုံး၏ဓားချက် ထိသွားကာ ...

"အား"

စူးရှစွာ အော်ဟစ်လိုက်ပြီး လဲကျသွား၏။ ကျင်းရှောင်ပစ်လိုက်သည့် ဓားသည်လည်း ဟွာဖုံးအား ထိသွားလေတော့သည်။

"အား"

ဟွာဖုံးအော်ဟစ်လိုက်၏။ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။ ကျင်းရှောင်က ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ် နောက်ဆုံးကျန်နေသေးသည့် သက်တော်စောင့်က ကျင်းရှောင်အား တိုက်ခိုက်လိုက်လေသည်။



ကျင်းရှောင်မှာ ဟွာဖုံးအား တိုက်ခိုက်ခြင်း မပြုနိုင်တော့ချေ။ ထိုအခိုက်မှာပင် ခြေသံများ ဆူဆူညံညံ ထွက်ပေါ်လာသည်။ စကြာရဲတိုက်မှ သိုင်းသမားများသည် အခန်းတွင်းသို့ တရကြမ်း ပြေးဝင်လာကြပြီ ဖြစ်လေသည်။

"ဆားထင်းချို"

ကျင်းရှောင် ဆားထင်းချိုထံ ပြေးသွား၏။ ဆားထင်းချိုက...

"သွား သွား ... ခင်ဗျား လွတ်အောင်ပြေးပေတော့"

ဟု အော်ပြောလိုက်၏။

"ငါမသွားဘူး၊ မင်းကို ကယ်ထုတ်သွားမယ်"

ပြောပြောဆိုဆို ဆားထင်းချိုအား ကျောပိုးလိုက်လေသည်။

"မလုပ်နဲ့"

ဆားထင်းချိုက ဟန့်တားသော်လည်း မရတော့ချေ။ ကျင်းရှောင်သည် လက်တစ်ဖက်မှ ဆားထင်းချိုအား ထိန်းလိုက်ပြီး ကျန်လက်တစ်ဖက်က ဓားတစ်လက်ကိုကိုင်ကာ ပြေးဝင်လာသူများအား ထိုးဖောက် တိုက်ခိုက်လိုက်လေသည်။

ကျင်းရှောင်သည် လူစိတ်ပျောက်သူပမာ ဖြစ်နေပြီတည်း။ သူ၏တိုက်ခိုက်မှုကြောင့် ...

"အား"

www.burmeseclassic.com

www.burmeseclassic.com



"အွန့်"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံနှင့်အတူ စကြာရဲတိုက်မှ သိုင်းသမားများ လဲကျသွားကြလေသည်။

"ကျင်းရှောင် ကျုပ် ခုခံထားပါ့မယ်၊ ခင်ဗျား လွတ်အောင်ပြေးပါ"

ဟု အော်ပြောလိုက်လေသည်။ သို့သော် ကျင်းရှောင်က အရေးမစိုက်ဘဲ ရန်သူများကို သဲကြီးမဲကြီး တိုက်ခိုက်လေသည်။

သူ၏လက်ချက်ဖြင့် ရန်သူများ လဲကျသွားသလို ရန်သူများ၏ ဝိုင်းရံတိုက်ခိုက်မှုကြောင့် သူ၏ကိုယ်ပေါ် ဒဏ်ရာများ တစ်ချက်ပြီးတစ်ချက် တိုးလာလေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်သွား၏။ စကြာရဲတိုက်မှ သိုင်းသမားများသည် လျော့မသွားသည့်အပြင် ပို၍ များပြားလာလေတော့သည်။

ထိုးဖောက်ရန် မည်သို့မျှ မဖြစ်နိုင်တော့ကြောင်း ကျင်းရှောင် နားလည်လိုက်သည်။ သူ၏မားချက်ကြောင့် ဟွာဖုံး လဲကျသွားရာ သေဆုံးပြီဟု ထင်မှတ်ထား၏။

သူ တာဝန်ကျေပြီဖြစ်သည်။ ထို့ကြောင့် ဆုတ်ခွာသွားရန်



ဆုံးဖြတ်လိုက်လေတော့သည်။ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် လှမ်းကြည့်လိုက်၏။

မြေကွက်လပ်တွင် တိုက်ပွဲကား ပြင်းထန်စွာ ဖြစ်ပွားနေဆဲ။ စကြာရဲတိုက်မှ သိုင်းသမားများအား ခုခံတိုက်ခိုက်နေသော အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်မျှသာ ကျန်တော့သည်ကို တွေ့ရသည်။

မကြာမီ ကြေးစားသိုင်းသမားများအားလုံး ဓာတ်သိမ်းသွားကြပေလိမ့်မည်။ ကျင်းရှောင် စိတ်မကောင်းဖြစ်သွား၏။ သူ၏ မိတ်ဆွေများအတွက် မည်သို့မျှ တတ်နိုင်မည်မဟုတ်ပါချေ။ သူကိုယ်တိုင်ပင် အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်မဟုတ်ပါလား။

ပြတင်းပေါက်အပြင်ဘက်တွင် ဝရန်တာတစ်ခုရှိနေ၏။ ထိုဝရန်တာ၏အောက်တွင် ပန်းရုံကြီးတစ်ခု ရှိနေသည်ကို တွေ့ရသည်။ ကျင်းရှောင် ဆုံးဖြတ်လိုက်သည်။

တံခါးပေါက်မှထွက်၍ မရသည့်အဆုံး ပြတင်းပေါက်မှ တစ်ဆင့် အောက်ဘက်ခုန်ချရမည်ဖြစ်ပေသည်။ မြေပြင်နှင့် အတော်အလှမ်းဝေးသည်ဖြစ်ရာ စကြာရဲတိုက်မှ သိုင်းသမားများသည် သူ့နောက်သို့ လိုက်ပါခုန်ဆင်းကြမည် မထင်ချေ။

ကျင်းရှောင်က ဓားကိုတင်းတင်းကြိတ်လိုက်ပြီး ဆားထင်းချီ

www.burmeseclassic.com

www.burmeseclassic.com



အား တင်းကျပ်စွာ ဖက်ကာ အပြင်ဘက် ခုန်ထွက်လိုက်၏။ ထိုအချိန်မှာပင် မြေကွက်လပ်၌ ထူးခြားသောအဖြစ်အပျက်တစ်ခု ဖြစ်ပွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကြေးစားသိုင်းသမားတစ်ယောက်သည် စကြာရဲတိုက်မှ သိုင်းသမားများနှင့် တိုက်ခိုက်နေရာမှ ကျန်ကြေးစားများဘက်သို့ ရှာခနဲလှည့်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

"အား"

"အွန့်"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ကြေးစားများ မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် ခုခံရန် အချိန်မရလိုက်ကြဘဲ မားချက်မိသွားကြလေတော့၏။

"သစ္စာဖောက်"

ကျင်းရှောင် အံကြိတ်လိုက်၏။ သစ္စာဖော်ကကို သူတွေ့လိုက်ပြီဖြစ်သည်။ သစ္စာဖောက်သည် ချောင်ပိတ်နေသည့်ကြေးစားများနှင့် အတူတူ ရှိနေခဲ့သည် မဟုတ်ပါလား။

ထိုသို့ဖြစ်လိမ့်မည်ဟု လုံးဝမထင်မိပါချေ။ အလှမ်းကွာဝေးနေခြင်းကြောင့် သစ္စာဖောက် မည်သူမည်ဝါဖြစ်သည်ကို မသိရနိုင်ပါ။



သစ္စာဖောက်အား သုတ်သင်ရှင်းလင်းရန် အခွင့်အရေးလည်း မရှိချေ။

ကျင်းရှောင်က ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်လိုက်၏။

"မပြေးနဲ့"

သိုင်းသမားများ၏ အော်ဟစ်ဟန့်တားသံများ ထွက်ပေါ်လာလေသည်။ ကျင်းရှောင်၏နားထဲဝယ် လေတိုးသံများ တဟူးဟူးမြည်သံထွက်ပေါ်လာသည်။

ထိုစဉ် မမျှော်လင့်သော နောက်ထပ်ဖြစ်ရပ်တစ်ခု ပေါ်လာပြန်လေတော့သည်။ ဆားလင်းချီက ရန်နှုတ်ထွက်လိုက်ခြင်း ဖြစ်၏။

လေထဲဝယ် သူတို့နှစ်ယောက် ကိုးရိုးကားရား ဖြစ်သွားသည်။ တစ်ယောက်တကွဲတပြားစီ ဖြစ်ကာ မြေပြင်သို့ကျသွား၏။ သူတို့နှစ်ယောက်စလုံး ချုံပုတ်ကြီးပေါ်သို့ ကျသွားသော်လည်း အမြင့်မှအရှိန်ဖြင့် ကျလာသည့်ဒဏ်ကို ခံလိုက်ရ၏။

ချုံပုတ်ကြီးမှ သစ်ကိုင်းသစ်ခက်များနှင့် ရိုက်ခတ်မိကာ တစ်ကိုယ်လုံး ဒဏ်ရာပရပွဖြစ်သွား၏။ တစ်ယောက်တစ်နေရာစီ လွင့်စဉ်သွား၏။

ကျင်းရှောင်က မြေပေါ်လိမ့်ကာ ခန္ဓာကိုယ်အရှိန် ထိန်းလိုက်၏။ ထို့နောက် ခုန်တလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ဒဏ်ရာပရပွ ရရှိထားကာ အသည်းခိုက်အောင် နာကျင်နေပါသော်လည်း ရန်သူများ၏ ဝိုင်းရံထားမှုမှ လွတ်မြောက်လာပြီး အသက်ရှင်သန်နေသေးသည့်အတွက် ဝမ်းသာမိလေသည်။

“ဆားထင်းချီ ဆားထင်းချီ”

သူက ခပ်အုပ်အုပ် ခေါ်လိုက်ပါသော်လည်း ပြန်ထူးသံ မကြားရချေ။ ဆားထင်းချီတစ်ယောက် ပျောက်ခြင်းမလှ ပျောက်ကွယ်ချေပြီ။

အမှောင်ရိပ်ကျနေသည်ဖြစ်ရာ ရုတ်တရက် ရှာတွေ့ရန်လည်း မလွယ်ပါချေ။ ထိုစဉ် ...

“မလွတ်စေနဲ့ဟေ့”

“ပန်းရုံကို ဝိုင်းထား”

“မြန်မြန်လိုက်ကြ”

ဆူဆူညံညံ အော်ဟစ်သံများ ထွက်ပေါ်လာသည်။ စကြာရဲတိုက်မှ သိုင်းသမားများသည် ဓားလှံလက်နက်များ၊ မီးတုတ်များ ကိုင်ဆောင်ကာ ပန်းရုံကြီးရှိရာသို့ ပြေးလွှားလာကြ၏။

ကျင်းရှောင်မှာ ဆားထင်းချီအား လိုက်လံရှာဖွေရန် အချိန်မရတော့ချေ။



“ကျုပ်ကိုခွင့်လွှတ်ပေတော့ သူငယ်ချင်း”

တီးတိုးရေရွတ်လိုက်ပြီး ချာခနဲလှည့်ကာ ခြေကုန်ပြေးထွက်သွား၏။ တစ်ခဏအတွင်းပင် သိုင်းသမားများက သူ့အား တွေ့မြင်သွားကြလေတော့သည်။

“ဟိုမှာ ဟိုမှာ”

“ပြေးပြီဟေ့”

“မလွတ်စေနဲ့ ... လိုက် လိုက်”

တစ်ယောက်တစ်ပေါက် အော်ပြောကာ နောက်မှ ပြေးလိုက်လာကြလေသည်။ ကျင်းရှောင်မှာ အားကုန်ပြေးနေသော်လည်း ဒဏ်ရာပရပွ ရရှိထားခြင်းကြောင့် သွက်သွက်လက်လက် မပြေးနိုင်တော့ပါ။

ပိုဆိုးသည်မှာ ရဲတိုက်အုတ်တံတိုင်းကြီး ကာဆီးနေခြင်းပင်ဖြစ်လေသည်။ ကျင်းရှောင်က အုတ်တံတိုင်းကြီးအနီးသို့ရောက်လျှင်ရှိသမျှအားကို စုစည်းကာ အပေါ်ခုန်တက်လိုက်လေသည်။

“မြားနဲ့ပစ်”

အော်ဟစ်သံများ ထွက်ပေါ်လာသည်။ ကျင်းရှောင်မှာ ကံကောင်းထောက်မစွာဖြင့် အုတ်တံတိုင်းပေါ်သို့ ရောက်ရှိသွားသည်။

သူက အပြင်ဘက် ခုန်ဆင်းရန် ဟန်ပြင်လိုက်၏။ အပြင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ရောက်လျှင် သူ့အား မည်သူမျှ တားဆီးနိုင်တော့မည် မဟုတ်ပါ။ ကျင်းရှောင်က ခုန်ထွက်ရန် အားယူလိုက်စဉ်မှာပင် ...

"ရှီး"

ပစ်လွှင့်လာသော မြားတစ်စင်းသည် သူ၏ နောက်ကျောသို့ တည့်တည့်မတ်မတ် စိုက်ဝင်သွားလေတော့သည်။

"အင့်"

ကျင်းရှောင် မသဲမကွဲ ညည်းညူလိုက်သည်။ သူ၏ခန္ဓာကိုယ် ကားခနဲ ဖြစ်သွားပြီး အုတ်တံတိုင်း အပြင်ဘက်သို့ ထိုးကျသွားလေတော့သည်။

❒

"ရှင် သတိရပြီလား"

ချိုလွင်သာယာသော စကားသံလေး နားထဲတိုးဝင်လာလေသည်။ ကျင်းရှောင် မျက်လုံးဖွင့်ကြည့်လိုက်သည်။ ထိုအခါ လှပသန့်ရှင်းစွာ ပြင်ဆင်ထားသည့် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

သူ၏နံဘေးဝယ် လှပချောမောသော အမျိုးသမီး တစ်ယောက် ရပ်နေ၏။ ထိုအမျိုးသမီးသည် သူ့အား ကရုဏာသက်စွာ



ငုံ့ကြည့်နေလေသည်။

"ကျုပ် ကျုပ် ဘယ်ရောက်နေတာလဲ"

မေးရင်း လူးလိမ့်ထရန် ဟန်ပြင်လိုက်သည်။

"အို ... မထနဲ့ဦးလေ။ ရှင့်တစ်ကိုယ်လုံး နေရာလပ်မကျန် ဒဏ်ရာရထားတယ်၊ ကောင်းကောင်းပျောက်ကင်းသေးတာ မဟုတ်ဘူး။ ရှင် ဆက်ပြီးအနားယူဖို့ လိုအပ်တယ်"

အမျိုးသမီးက ပျာပျာသလဲ တားမြစ်လိုက်သည်။ ကျင်းရှောင် ပြုံးလိုက်သည်။

"ကျုပ်အတွက် ဒီဝေဒနာလောက်ဟာ အသေးအဖွဲ့ပါဗျာ၊ ဂရုစိုက်စရာ မလိုပါဘူး"

သူက စိတ်ထဲမှကျိတ်ပြီးပြောလိုက်ခြင်း ဖြစ်လေသည်။ တစ်ဆက်တည်းပင် စကြာရဲတိုက်၌ အရှုံးကြီးရှုံးခဲ့ရသည်ကို ပြန်လည်အမှတ်ရလာလေသည်။

ဆားထင်းချီသည် ဒဏ်ရာပြင်းထန်စွာရထားရာ မည်သည့်နည်းနှင့်မျှ လွတ်မြောက်နိုင်မည် မဟုတ်ပါချေ။ သူတို့၏လူစုတွင် သစ္စာဖောက်သူနှင့် သူသာလျှင် အသက်ရှင်ကျန်နေမည်ဟု ယုံကြည်မိ၏။

သူသည် မြားထိမှန်ကာ အုတ်တံတိုင်းအပြင်ဘက်သို့ ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျသွားခဲ့ရသည်။ မြေပေါ်ရောက်သည့်တိုင် သူ အသက်မသေသေး။ ဝေဒနာ ပြင်းစွာခံစားနေရသည်ကို အမှုမထားနိုင်ဘဲ တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။

သွေးရူးသွေးတန်းဖြင့် ထွက်ပြေးလာသည်ဟုပင် ဆိုနိုင်၏။ ဘယ်ရပ်ဘယ်ဝယ် ရောက်လေသည်မသိ၊ မှောင်မှောင်မည်းမည်း ရှိနေသည့်ကြားမှ တစ်ဟုန်ထိုး ပြေးခဲ့သည်။

ပြေးရင်းပြေးရင်း နောက်ဆုံး မဟာန်နိုင်တော့ဘဲ မြေပေါ် လဲကျသွားသည်။ ထိုအဖြစ်အပျက်အထိသာ ကျင်းရှောင် မှတ်မိသည်။

နောက်ပိုင်း ဖြစ်ပျက်သည့်ကိစ္စများကို မမှတ်မိတော့ချေ။ အမျိုးသမီးက ...

"အို ... အိပ်ရာထဲနေပါဆို၊ ရှင် ဘာကြောင့်ထဖို့ ကြိုးစားနေရတာလဲ"

ဟု ကရုဏာဒေါသော ပြောလေသည်။ ကျင်းရှောင် ကြိုးစားပြီး ပြုံးပြလိုက်သည်။

"ကျုပ်က အိပ်ရာထဲမှာ လှဲနေတာ သိပ်ကိုမုန်းလို့ပါ"

ဟု ပြောလိုက်လေသည်။ သူ၏စကားကြောင့် အမျိုးသမီး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။



"ရှင် ရှင်"

"ကျုပ်အသက်ကို ကယ်ခဲ့တာ ကျေးဇူးတင်ပါတယ်ဗျား အခွင့်ကြုံကြိုက်တဲ့တစ်နေ့ ပြန်ပြီး ကျေးဇူးဆပ်ပါ့မယ်၊ အခုတော့ ကျုပ်ကို သွားခွင့်ပြုပါ"

သူက အပြင်ဘက်ထွက်သွားရန် ဟန်ပြင်လိုက်သည်။ ခြေသုံးလေးလှမ်းမျှသာ လှမ်းလိုက်ရပါသည်။ သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားပြီး ကြမ်းပြင်ပေါ် ခွေခနဲ လဲကျသွားလေသည်။

"ဒုက္ခပဲရှင်"

အမျိုးသမီး ညည်းညူကာ ကျင်းရှောင်အား ပြေး၍ပွေ့ထူလိုက်သည်။ အမျိုးသမီးက သူ့အားတွဲကာ ခုတင်ပေါ် ပြန်တင်ပေးလိုက်သည်။ ကျင်းရှောင် ခဏမှိန်းနေပြီးမှ မျက်လုံးဖွင့်နိုင်၏။

အမျိုးသမီးက သူ့အား စိုးရိမ်စွာကြည့်ကာ ...

"ရှင် သက်သာသွားပြီလား"

ဟု မေးလေသည်။ ကျင်းရှောင် ပြုံးလိုက်သည်။

"ကျုပ် တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူးဗျ"

ဟု ပြောလိုက်၏။ သူ၏စကားအဓိပ္ပာယ်ကို အမျိုးသမီး နားလည်ပုံရလေသည်။

"စကြာရဲတိုက်ပိုင်ရှင်ကို သေလုမျောပါး ဒဏ်ရာရအောင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုက်နိုင်တယ်ဆိုကတည်းက ရှင် မခေဘူးဆိုတာ သိပါတယ်"

"ဗျာ"

"ရှင်တို့လူစုမှာ ရှင်နဲ့သစ္စာဖောက်တစ်ယောက်က လွဲပြီး ကျန်တဲ့လူတွေအားလုံး သေကုန်ကြပြီလို့ ကြားတယ်၊ ရှင်က သိပ်ကို ကံကောင်းသွားတယ်"

ကျင်းရှောင် မျက်လုံးပြူးသွားသည်။ အမျိုးသမီးကို တအံ့တသြ ကြည့်နေမိလေသည်။ အမျိုးသမီးက ဆက်ပြောလိုက်သည်။

"သစ္စာဖောက်ကတော့ ရဲတိုက်ပိုင်ရှင်ဆီက ငွေတွေ တနင့်တပိုးယူပြီး ထွက်သွားပြီ"

"သူ ဘယ်သူလဲဆိုတာ သိသလား"

ကျင်းရှောင် လွှတ်ခနဲ မေးလိုက်သည်။ အမျိုးသမီး ခေါင်းယမ်းလိုက်၏။

"ကျွန်မ မသိဘူး၊ သိရင်လည်း ရှင့်ကို ပြောမပြဘူး"

"ဗျာ ... ဘာဖြစ်လို့လဲ"

"အခုလိုဖြစ်ရတဲ့အတွက် ရှင်က သစ္စာဖောက်ကို ကျေနပ်မှာ မဟုတ်တာ၊ ရှင်က သူနဲ့ရင်ဆိုင်မှာကို ကျွန်မ မလိုလားဘူး၊ ရှင့်မှာ ဒဏ်ရာတွေနဲ့၊ ရှင် ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာမဟုတ်ဘူး"

ကျင်းရှောင် အံကြိတ်လိုက်သည်။



"ခင်ဗျားမပြောလည်း နေနိုင်ပါတယ်၊ သူဟာ ကျုပ်လက်က ပြေးလို့မလွတ်ပါဘူးဗျာ"

အမျိုးသမီး ပြုံးလိုက်သည်။

"အင်း ... ဘယ်သူက ဘယ်ဝါဆိုတာ ကျွန်မ သိရင်တော့ ပြောပြကူညီချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မလည်းမသိဘူး၊ ရှင်က သူ့ကို ရင်ဆိုင်ချင်တယ်ဆိုရင်တော့ အနားယူမှဖြစ်မယ်"

"ကျုပ်"

"ရှင့်အတွက် ကျွန်မ တာဝန်ယူကယ်၊ ရှင် ဘာမှ မဖြစ်စေရဘူး"

အမျိုးသမီးက ပြတ်သားစွာ ပြောလေသည်။ ကျင်းရှောင် မျက်မှောင်ကြုတ်သွား၏။ သူက ဒဏ်ရာပြင်းစွာ ရရှိခဲ့သည်ဖြစ်ရာ ပြေးလွှား လာနိုင်သည်ဆိုဦး ဝေးဝေးတော့ ပြေးနိုင်မည်မဟုတ်ပါ။

အမျိုးသမီးကို စိုက်ကြည့်ရင်း ...

"ကျုပ်က ဘယ်နေရာရောက်နေတယ်ဆိုတာ ပြောပြပါဗျာ"

ဟု မေးလိုက်လေသည်။ အမျိုးသမီး ပြုံးလိုက်ပြန်သည်။

"ရှင် စကြာရဲတိုက်အဆောင်ဂေဟာကို ရောက်နေတာပေါ့လေ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ … ရှင်အထင်သေးသွားတာလား၊ ကျွန်မဟာ စကြာရဲတိုက်ပိုင်ရှင် ဟွာဖုံးကို ဖြေဖျော်ရတဲ့ အမျိုးသမီးပေါင်း များစွာထဲက တစ်ယောက်ပေါ့ရှင်၊ သူက ကျွန်မအတွက် နေစရာ စားစရာ စီစဉ်ပေးတယ်၊ ကျွန်မက သူ့ကို ဘယ်လိုမှ မလွန်ဆန်နိုင်တဲ့ ဘဝပေါ့ရှင်၊ ဘယ်လိုလုပ်ပြီး ဒီလိုဘဝမျိုးရောက်လာတယ်ဆိုတာ မမေးပါနဲ့၊ ကျွန်မ ပြောမပြနိုင်ဘူး"

အမျိုးသမီး၏မျက်နှာတွင် ခံပြင်းနာကြည်းသည့် အရိပ်အယောင်များ တွေ့မိလေသည်။ ထို့ကြောင့် …

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲဆိုတာတော့ ပြောပြနိုင်မယ် ထင်ပါတယ်"

ဟု မေးလိုက်၏။ အမျိုးသမီး ပြုံးလိုက်သည်။

"ဒီလောက်တော့ ကျွန်မပြောပြနိုင်ပါတယ်၊ ကျွန်မနာမည် လွေဆန်းလို့ ခေါ်ပါတယ်ရှင်"

ကျင်းရှောင်သည် ဆွေလန်ဟူသည့် အမည်ကို အသည်းထဲ စွဲမှတ်ထားလိုက်၏။ ဆွေလန်ကိုကြည့်ကာ …

"ရဲတိုက်ပိုင်ရှင် ဟွာဖုံးကော"

"သူက သေလုမျောပါး ဒဏ်ရာရသွားတယ်လေ"

"သူ သူ မသေဘူးပေါ့"



"မပြောတတ်ဘူး၊ သူ့အကြောင်းမေးလို့ကို မရဘူး၊ ရဲတိုက်ကလူတွေ ပျာယာခတ်နေသလို ခြေချင်းလိမ်နေတာပဲ၊ ဒီအချိန်မှာ ကျွန်မ ငြိမ်ငြိမ်လေးနေတာ အကောင်းဆုံးပဲလို့ တွေးမိတယ်လေ"

"သူတို့က ဒီကိုမလာဘူးလား"

"လာရင်လည်း ရှင့်ကို တွေ့ရမှာ မဟုတ်ပါဘူး၊ ဘယ်သူမှ ရဲတိုက်ပိုင်ရှင်ရဲ့ မိန်းကလေးတွေ အိပ်ခန်းကို ဝင်ခွင့် မရဘူးလေ"

ပြောရင်း သူမ၏မျက်နှာ နီရဲသွားလေ၏။ ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"ကျုပ်ကိုကူညီခဲ့တဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ"

"ကျွန်မကို ကျေးဇူးတင်တယ်ဆိုရင် ရှင် အနားယူလိုက်ပါဦး ရှင်"

စကားဆုံးလျှင် ဂွမ်းစောင်တစ်ထည်ယူကာ ကျင်းရှောင်၏ ကိုယ်ပေါ် လွှမ်းခြုံပေးလိုက်၏။ ကျင်းရှောင်၏ရင်ထဲ လှုပ်ရှားသွား၏။ ဆွေလန်က သူ့အားပြုံးပြပြီး အပြင်ဘက် ထွက်သွား၏။

သာမန်အချိန်ဆိုလျှင် အခန်းတွင်းမှ ချက်ချင်းထွက်သွားရန် ကျင်းရှောင် စဉ်းစားမိမည်ဖြစ်၏။ ယခုမူ သူက မျက်လုံးမှိတ်ကာ အိပ်စက်လိုက်လေတော့၏။

❒

www.burmeseclassic.com

www.burmeseclassic.com



ငါးရက် ...။

ငါးရက်ဟူသောအချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရလေသည်။ ငါးရက်အတွင်း ဆွေလန်က ကျင်းရှောင်အား အထူးဂရုစိုက် ဆေးကုသပေးခဲ့သည်။

ဆွေလန်သည် လွန်စွာမှပင် အကြင်နာတရားရှိသော အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိခဲ့ရ၏။ ဆွေလန်အား စကြာရဲတိုက်ပိုင်ရှင်က မတရားသိမ်းပိုက်ခဲ့ခြင်း ဖြစ်ပေသည်။

ဆွေလန်မှာ သူမ၏ဘဝကို ပျော်ပိုက်သူ မဟုတ်ရှာပါ။ သို့သော် သူမ၏မိဘနှစ်ပါးအတွက် စကြာရဲတိုက်ပိုင်ရှင်အား မလွန်ဆန်ရဲဘဲ ခေါင်းငုံ့နေခဲ့ရလေသည်။ ဆွေလန်အား ကူညီလိုသည်။

စကြာရဲတိုက်ပိုင်ရှင် သေဆုံးသွားမှသာလျှင် သူမ၏ဘဝဆိုးမှ လွတ်မြောက်မည်ဖြစ်ပေသည်။ စကြာရဲတိုက်ပိုင်ရှင်သည် သေသွားပြီလော့ သို့တည်းမဟုတ် အသက်ရှင်နေသေးသည်လော မသိရပါ။

ဆွေလန်နှင့်ပတ်သက်ပြီး ကျင်းရှောင် သက်ပြင်းအခါခါ ချမိရတော့၏။ ဆွေလန်အပေါ် ကရုဏာသက်မိရာမှ သံယောဇဉ်ငြိတွယ်လာ၏။



ဆွေလန်သည်လည်း ကျင်းရှောင်အား တွယ်တာလာသည်။ ဟွားဖုံးသည် သူမအား အနိုင်ကျင့်သိမ်းပိုက်နိုင်ခဲ့သော်လည်း သူမ၏မေတ္တာကိုမူ မရနိုင်ခဲ့ပါတကား။

သူမသည် ကျင်းရှောင်မှာ ကြေးစားတစ်ယောက် ဖြစ်သည်ကို သိရှိသွား၏။ သို့ပါသော်လည်း ကျင်းရှောင်၏စိတ်သဏ္ဌာန်ဝယ် နူးညံ့ပျော့ပျောင်းမှု ရှိနေသည်ကို နားလည်ခဲ့၏။

သူတို့နှစ်ယောက် ဖွင့်မပြောကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် မေတ္တာသက်ဝင်နေကြပြီဖြစ်ကြောင်း နားလည်ကြ၏။

ဖွင့်မပြောကြသည့်နည်းတူ သူတို့၏ဘဝကိုလည်း ပေါင်းစပ်ရန် ဘယ်သောအခါမှ စဉ်းစားလိမ့်မည် မဟုတ်ချေ။ ကျင်းရှောင်သည် စကြာရဲတိုက်နှင့်ပတ်သက်ပြီး တစ်လုံးတစ်ပါဒမျှ မေးမြန်းစုံစမ်းခြင်း မပြုခဲ့ပါ။

ငါးရက်မြောက်သည့်နေ့ ကုန်ဆုံးလျှင် ကျင်းရှောင်သည် ဆွေလန်အား နှုတ်မဆက်ဘဲ တိတ်တဆိတ် ထွက်ခွာလာခဲ့၏။ ထို့နောက် ဆွေလန်နှင့် ပြန်မဆုံဖြစ်တော့ချေ။

□

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်၏မျက်နှာ တင်းမာနေ၏။ သူ၏မျက်လုံးများ မီးတောက်မီးလျှံများပမာ နီရဲလာသည်။ သူ၏ရှေ့မှ ရှမ်းချစ်ကို စိုက်ကြည့်ရင်း အတိတ်မှဖြစ်ရပ်များ ပြန်လည်သတိရလာခြင်း ဖြစ်၏။

"လက်စသတ်တော့ သစ္စာဖောက်ဟာ မင်းပဲကိုး"

ဟုလည်း ဒေါသသံဖြင့် ပြောလိုက်၏။ စကြာရဲတိုက်သို့ သွားရောက်ခဲ့သည့် လူစုတွင် အားလုံးသေဆုံးကုန်ပြီဟု ယူဆနိုင်၏။ သူတစ်ယောက်တည်း အသက်ရှင်သန် လွတ်မြောက်ခဲ့သည်ဟုလည်း ထင်မှတ်ခဲ့၏။

သို့သော် ဆားထင်းချီနှင့် တွေ့ရသည့်အခါ သူ၏အတွေးများနေပြီဖြစ်ကြောင်း သိခဲ့ရ၏။ ဆားထင်းချီသည်ပင် သစ္စာဖောက်ရမည်ဟုထင်မှတ်ကာ မေးမြန်းစုံစမ်းခြင်းမပြုဘဲ တိုက်ခိုက်သုတ်သင်လိုက်ခြင်းဖြစ်၏။

ဆားထင်းချီ သေဆုံးသွားပြီးနောက် စကြာရဲတိုက်သို့ သွားခဲ့သည်။ မအောင်မြင်သောကိစ္စရပ်တွင် သူတစ်ယောက်တည်းသာ အသက်ရှင်ကျန်ရစ်ခဲ့သည်ဟု ယုံကြည်မိပြန်၏။

ယခု ရှမ်းချစ်အား တွေ့လိုက်ရပြီဖြစ်၏။ သစ္စာဖောက် မည်သူမည်ဝါ ဖြစ်သည်ကိုလည်း နားလည်သွားသည်။

ဆားထင်းချီအား သုတ်သင်ပစ်လိုက်ချိန်က စကြာရဲတိုက်



ပြတင်းပေါက်မှ ခုန်ဆင်းနိုင်ဝယ် ကြေးစားတစ်ယောက်သည် ကိုယ်ရံလူများကို ပြန်ပြီး တိုက်ခိုက်နေသည်ကို တွေ့ရ၏။

ထို့ကြောင့် သူ၏စိတ်ထဲ မရှင်းမလင်း ဖြစ်ခဲ့ရ၏။ ရှမ်းချစ် ပခုံးတွန့်လိုက်၏။

"သူက ကျုပ်ကို ငွေပိုပေးခဲ့တယ်ဗျာ"

ဟု ပြောလိုက်၏။ ကျင်းရှောင် ဒေါပွသွား၏။

"မင်းက ငွေပိုလိုချင်တယ်ဆိုရင် ဘာကြောင့် ငါတို့နဲ့လိုက်ခဲ့ရတာလဲ၊ အစကတည်းက စကြာရဲတိုက်ကို သွားပေါ့"

ရှမ်းချစ် ခေါင်းယမ်းလိုက်၏။

"ကျုပ်ကို သူတို့က သစ္စာဖောက်အဖြစ်ပဲ လိုချင်တယ်လေဗျာ၊ ဒါပေမဲ့ ကျုပ်တို့ရဲ့ အလုပ်ရှင်ဟာ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကို ပြောမပြခဲ့ဘူး"

ကျင်းရှောင် နားမထောင်လိုတော့ချေ။ ရှမ်းချစ်၏သစ္စာဖောက်မှုကြောင့် သေဆုံးသွားရသည့် သူ၏မိတ်ဆွေများကို မြင်ယောင်လာ၏။

"ဆားထင်းချီက သစ္စာဖောက်ရှိနေပြီဆိုဟာ ပြောသွားတယ်၊ သစ္စာဖောက်ကို ရှင်းပစ်ဖို့လည်း ပြောသွားတယ်"

ဟု ပြောလိုက်လေ၏။ ရှမ်းချစ် ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျုပ်ကို ရှင်းလင်းပစ်မယ်ပေါ့ ... ဟုတ်လား"

ကျင်းရှောင် ပါးစပ်ပိတ်ထားလိုက်၏။ ဖြေစရာမလိုသော မေးခွန်းဟု သဘောပိုက်ထား၏။ ရှမ်းချစ်က ...

"ခင်ဗျားကို တွေ့လိုက်ရတာနဲ့ မာထင်းကို သူဌေးကြီး နန်းကုန်းသက်က စေလွှတ်တယ်ဆိုတာ ကျုပ် ရိပ်မိလိုက်ပါပြီဗျာ၊ ခင်ဗျားနဲ့ကျုပ်ဟာ အချင်းချင်းတွေ ဖြစ်နေပြီဗျ"

"ဘာကွ"

"ကျုပ်က သူဌေးကြီးနန်းကုန်းသက်အတွက် အလုပ်လုပ်ပေးနေတဲ့လူလေ၊ သူတို့က ခင်ဗျားကို မမှာလိုက်ဘူးလား"

ကျင်းရှောင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ရှမ်းချစ်အား ကြည့်ရင်း လီဆင်း ပြောလိုက်သည့်စကားများကို ပြန်လည် ကြားယောင်လာသည်။

"ခင်ဗျားတို့ အိမ်ဟောင်းကို စီးနင်းတိုက်ခိုက်တာနဲ့ အတွင်းမှာရှိတဲ့ လူတစ်ယောက်က ကူညီလိမ့်မယ်"

သစ္စာဖောက်ရှမ်းချစ်သည် သူတို့အား ကူညီမည့်သူ ဖြစ်နေပြီတည်း။ ကံတရား၏ လှည့်စားမှုကား အံ့ဩစရာကောင်းလှပေသည်။ ကျင်းရှောင် မဲ့ပြုံးပြုံးကာ ...

"တို့လာမယ့်ရက်ကို ပြောပြခဲ့ရင် မင်းက စုအိမ်းကို သတင်း



ပေးလိုက်ဦးမှာပဲ မဟုတ်လား၊ အခုတော့ လီဆင်းတောင် တို့ထွက်လာတာကို မသိခဲ့ဘူး၊ သူဌေးကြီး နန်းကုန်းသက်တစ်ယောက်ပဲ သိလို့ပေါ့"

ရှမ်းချစ် ခေါင်းယမ်းလိုက်သည်။

"ကျုပ်က သစ္စာဖောက်ဖို့ မချေည်းရွယ်ပါဘူးဗျာ၊ စုအိမ်းဟာ လူကောင်းတစ်ယောက်မှ မဟုတ်တာ"

"စကြာရဲတိုက်ပိုင်ရှင် ဟွာဖုံးကကော ကောင်းလို့လား"

ရှမ်းချစ် ပါးစပ်ပိတ်ထားလိုက်လေသည်။ ကျင်းရှောင်၏ မျက်လုံးအစုံသည် ကြမ်းပြင်ပေါ်ဝယ် လဲကျသေဆုံးနေသည့် အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက်ထံ ရောက်ရှိသွား၏။

ထိုလူသည် အခန်းအပြင်ဘက်ဝယ် အခြေအနေ စောင့်ကြည့်ရန် ကျန်ရစ်ခဲ့သူဖြစ်လေသည်။ ယခုတော့ ထိုလူမှာ ရှမ်းချစ်၏ လက်ချက်ဖြင့် လဲကျသေဆုံးနေပြီဖြစ်၏။

ကျင်းရှောင် အံကြိတ်လိုက်သည်။

"မင်းက ကိုယ့်လူအချင်းချင်းလို့ပြောပြီး သူ့ကိုရှင်းပစ်လိုက်တယ် မဟုတ်လား"

လဲကျနေသူအား ညွှန်ပြရင်း မေးလိုက်၏။ ရှမ်းချစ် ခေါင်းယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်သူလဲဆိုတာ ကျုပ်မသိခဲ့ဘူးလေ၊ ကျုပ်က လက်မရှိရင် သူ့လက်ချက်နဲ့ သေရမှာဗျ"

"ရှမ်းချစ် ... မင်း အခုအချိန်ထိ အသက်ရှင်နေတာ ကံကောင်းတယ်လို့မှတ်ပါ၊ ဒါပေမဲ့ မနက်မိုးလင်းတာကို မင်း မြင်ရတော့မှာ မဟုတ်ဘူး"

ရှမ်းချစ် ပြုံးလိုက်သည်။

"ပြီးတာတွေ ပြီးကုန်ပါပြီဗျာ၊ ခင်ဗျားက ဘာကြောင့် အာဃာတ ထားချင်ရတာလဲ"

"ဘာကွ"

"ခင်ဗျားက ဘာကြောင့် ကျုပ်ကို မုန်းတီးနေရတာလဲ"

"မင်းကို မုန်းတာ မင်းရဲ့ယုတ်မာတဲ့ စိတ်ထားကြောင့်ပဲကွ"

စကားဆုံးလျှင် ကျင်းရှောင်က စတင်တိုက်ခိုက်လိုက်လေ၏။ သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းသလို လျင်မြန်လွန်းလှပေသည်။ ဓားရောင် ဝင်းခနဲ လက်သွား၏။

"ခင်ဗျားမှားမယ်"

ရှမ်းချစ်က အော်ပြောရင်း နောက်သို့ ခုန်ဆုတ်လိုက်၏။ ကျင်းရှောင်က အလွတ်မပေးပါချေ။

"သေပေတော့"



အော်ဟစ်ရင်း တရကြမ်းတိုက်ခိုက်လိုက်လေသည်။ ရှမ်းချစ် ရှောင်တိမ်းနေပါသော်လည်း မလွတ်နိုင်ဘဲ ...

"အား"

ခါးတွင်း ဓားရှပ်ထိသွားကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရ၏။ ကျင်းရှောင်ကို ဒေါသတကြီး စိုက်ကြည့်လိုက်ပြီး ...

"ကောင်းပြီ ... ခင်ဗျားက ကျုပ်ကိုသတ်ပစ်ဖို့ ကြိုးစားနေရင်လည်း သိကြသေးတာပေါ့"

လဲကျသေဆုံးနေသော အစောင့်တစ်ယောက်၏လက်ထဲမှ လှံရှည်ကို ဆွဲယူလိုက်၏။ ထို့နောက် ကျင်းရှောင်အား ပြန်လည်တိုက်ခိုက်လိုက်၏။

ကျင်းရှောင်မှာ လူစိတ်ပျောက်နေသူတစ်ယောက်ပမာ ဖြစ်နေပြီတည်း။ ဓားကို ဝှေ့ယမ်းကာ တရကြမ်းတိုက်ခိုက်နေ၏။

ရှမ်းချစ်အား သုတ်သင်ပစ်နိုင်ရန် အပြင်းအထန် ကြိုးစားနေပြီး သူ့အတွက် အန္တရာယ်ရှိသည်ကိုပင် အရေးမစိုက်ပါတော့ချေ။ ထို့ကြောင့် ရှမ်းချစ်မှာ ပြန်လည်ခုခံနေသော်လည်း ကြာရှည် ခုခံနိုင်ခြင်း မရှိဘဲ နောက်ဆုတ်လိုက်ရ၏။

ကျင်းရှောင်က သူ့အား မဖြစ်မနေ သုတ်သင်ပစ်မည်ဟု ဆုံးဖြတ်ထားကြောင်း ရိပ်မိသလို ကျင်းရှောင်လက်မှ လွတ်မြောက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လည်း မလွတ်ကြောင်းနားလည်လာသည်။

"ရန်သူဟေ့ ရန်သူ ... မြန်မြန်လာကြ"

ဟု အသံကုန်အော်ဟစ်ကာ အကူအညီတောင်းလိုက်လေသည်။ ကျောင်းရှောင်မျက်နှာ ပို၍ ခက်ထန်သွားသည်။

"နောက်ဆုံးတော့ မင်းရဲ့ယုတ်မာမှုစိတ်ဓာတ် ပေါ်လာတာပဲ မဟုတ်လား"

အော်ငေါက်ရင်း တရကြမ်းတိုက်ခိုက်လိုက်သည်။ ယခု တစ်ကြိမ် ရှမ်းချစ်မှာ ရှောင်တိမ်းလိုက်ပါသော်လည်း မလွတ်မြောက်နိုင်ပါတော့ချေ။

"အား"

စူးရှသော အော်ဟစ်သံနှင့်အတူ နောက်ဆုတ်လိုက်ရ၏။ သူ၏ ပခုံး၌ ဓားတစ်ချက် ထိသွားပြန်ပြီဖြစ်သည်။ ကျောင်းရှောင်က အလွတ်မပေးဘဲ ...

"ယား"

ဩသံပေးရင်း ရှေ့သို့ ခုန်ဝင်လိုက်၏။ တစ်ဆက်တည်းပင် လက်ထဲမှဓားနှင့် ပစ်ပေါက်လိုက်လေသည်။ ရှမ်းချစ် မျက်နှာပျက်သွား၏။

လှံရှည်ကို ဝှေ့ယမ်းကာကွယ်လိုက်သည်။ သို့ပါသော်လည်း



ဒဏ်ရာရထားပြီဖြစ်ရာ ဓားကိုထိအောင် ရိုက်ထုတ်ပစ်နိုင်စွမ်း မရှိတော့ချေ။

ကျောင်းရှောင်၏ဓားသည် လှံရှည်ဝှေ့ယမ်းနေသည့်ကြားမှ ထိုးဖောက်ကာ ရှမ်းချစ်၏ရင်ဝ၌ စိုက်ဝင်သွားလေသည်။

"ခင် ခင်ဗျား"

ရှမ်းချစ်က လက်ညှိုးတစ်ငေါက်ငေါက်ထိုးကာ ကျောင်းရှောင်ကို အော်ငေါက်လိုက်၏။ သို့ပါသော်လည်း စကားပီပီသသ မပြောနိုင်ပါတော့ချေ။

ဒူးများ ကွေးညွတ်ကာ ကြမ်းပြင်ပေါ်သို့ တအိအိ ပြိုလဲကျသွား၏။ ကျောင်းရှောင်က သူ့အား အရေးမစိုက်တော့ပါ။ မာထင်းအားကယ်ထုတ်လာသည့် အနက်ရောင်ဝတ်ဆင်ထားသူများဘက်သို့ လှည့်ကာ ...

"သွားကြစို့"

ဟု အမိန့်ပေးလိုက်၏။ ထို့နောက် ရှေ့ဆုံးမှ ပြေးထွက်သွား၏။ အနက်ရောင် ဝတ်ဆင်ထားသူများကလည်း မာထင်းအား ထမ်းပိုးကာ နောက်မှလိုက်လာကြလေတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



"အောက် အီး အီး အွတ်"

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာသည်။ အရှေ့ဘက်ဆီဝယ် ရောင်နီများ ပျို့အန်လာပြီဖြစ်သည်။

မကြာမီ မိုးလင်းလာပေတော့သည်။ အားထုံက ကြူဟွီးမြို့ဘက်သို့ မျှော်ကြည့်နေ၏။ ကြူဟွီးမြို့နှင့် ဆိပ်ကမ်းသည် ငါးမိုင်ခန့်ကွာဝေးလေသည်။

ထို့ကြောင့် မာထင်းအား ကယ်တင်လာသည့်အဖွဲ့သည် မိုးလင်းလုလုအချိန်မှ ဆိပ်ကမ်းသို့ ရောက်လာလိမ့်မည်ဟု အားလုံးကြိုတင်တွက်ဆထားခဲ့ကြ၏။

အလင်းရောင်ထွက်ပေါ်လာလျှင် သူတို့လူစု တိတ်တဆိတ်လှုပ်ရှား၍ ရနိုင်တော့မည် မဟုတ်ပါ။ သို့သော် ထိုအချိန်ဝယ် သူတို့အားလုံးသည် ဆိပ်ကမ်း၌ စုရုံးမိကြပြီး အပြန်ခရီးစရန် ပြင်ဆင်နေကြပေလိမ့်မည်။

ဆိပ်ကမ်းဝယ် လှေသမ္ဗန်များ ဆိုက်ကပ်ထားပါ၏။ သူတို့အား လာရောက်ခေါ်ဆောင်မည့် ရွက်လှေကြီးကား ရောက်မလာသေးပါ။ မည်သို့ဆိုစေ အချိန်ကိုက် ရောက်ရှိလာလိမ့်မည် ဖြစ်ပေသည်။

အားထုံက သူ၏လူများကို လှမ်းကြည့်လိုက်၏။ သူ၏လူ



များသည် ဆိပ်ကမ်း၏ဝဲဘက်အစွန်ဆုံး လေကွယ်ရာ ကမူကြီးတစ်ခုအနီးတွင် နေရာယူထားကြပြီးပြီ ဖြစ်လေ၏။

သူတို့သည် အပြန်ခရီးအတွက် ရွက်လှေကြီးရောက်လာလျှင် ရွက်လှေပေါ် အမြန်ဆုံး တက်နိုင်ရန်၊ ရွက်လှေအမြန်ဆုံး ပြန်လည်ထွက်ခွာသွားနိုင်ရန်နှင့် လုံခြုံရေးအတွက် တာဝန်ယူကြရမည် ဖြစ်သည်။

ဆိပ်ကမ်းသို့သွားရာ လမ်းတစ်လျှောက်တွင် စောင့်ကြပ်နေကြသည့် မိုးမြေဂိုဏ်း၏ ကင်းစခန်းများကို သူတို့ တိုက်ခိုက်ဖျက်ဆီးပြီးခဲ့ပြီ ဖြစ်သည်။

သူတို့၏ ကျွမ်းကျင်မှုကြောင့် ကင်းစခန်းများ တိုက်ခိုက်ဖျက်ဆီးခြင်း ခံလိုက်ရသည်ကို မည်သူမျှ ရိပ်မိကြဦးမည် မဟုတ်ပါချေ။

သူ၏တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့ပြီဟု နားလည်ထား၏။ ကျင်းရှောင်တို့လူစု ရောက်လာဖို့ပဲ လိုတော့သည် မဟုတ်ပါလား။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ အရှေ့ဘက်ဆီ၌ ရောင်နီများ အန်လာချိန်ဝယ် ကြူဟွီးမြို့ထဲ၌ ပေါက်ကွဲသံများ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်မီးလျှံများ ထွက်ပေါ်လာသည်ကိုလည်း တွေ့ရလေသည်။ အားထုံ သဘောကျစွာ ပြုံးလိုက်၏။

"ကျောင်းရှောင်က အခုထိ အစွမ်းအစ ပြနေတုန်းပဲ၊ သူ့ရဲ့ ကြေးစားသက်တမ်းတစ်လျှောက်မှာ မအောင်မြင်ခဲ့တာ ဘယ်နှစ်ခါများ ရှိခဲ့လို့လဲ"

ဟု တီးတိုးရေရွတ်လိုက်မိလေ၏။ စကြာရဲတိုက်မှ အဖြစ်ကို သူမသိခဲ့ပါ။ ကျောင်းရှောင်သည် စကြာရဲတိုက်မှ လွတ်မြောက်လာခဲ့ပြီးနောက် စိတ်ဓာတ်ကျကာ ကြေးစားလောကကို ကျောခိုင်းသွားခဲ့၏။

ယခုမှ သူက ပြန်လည်လှုပ်ရှားလာခြင်း ဖြစ်ပေတော့သည်။ အားထုံက ...

"အားလုံး သတိဝီရိယနဲ့ နေကြပေါ့၊ တို့လူတွေ မကြာခင် ရောက်လာတော့မယ်"

သူ၏လူများကို လှမ်းပြီး သတိပေးလိုက်သည်။ ထို့နောက် ဆိပ်ကမ်းသို့လာရာ လမ်းဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။ သူ၏ မျက်လုံးထဲဝယ် မာထင်းအား ကယ်တင်ကာ ကျောင်းရှောင်တို့လူစု လာနေကြပုံကို မြင်ယောင်နေမိတော့၏။

❒



'ဝုန်း ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာ၏။ စုအိမ်းကိုယ်တိုင် စိတ်ကြိုက်ပုံစံချကာ ကြပ်မတ်ဆောက်လုပ်ခဲ့သည့် မိုးမြေဂိုဏ်းအဆောက်အအုံအသစ်ကြီး၏ ဝဲဘက်အခြမ်းကား ပြင်းထန်သောပေါက်ကွဲမှုကြောင့် ပြိုကျသွားပြီ ဖြစ်လေသည်။

ပေါက်ကွဲမှုအရှိန်ကြောင့် မြေကြီးပင် သိမ့်သိမ့်တုန်သွားပြီး မီးတောက်မီးလျှံများလည်း ထွက်ပေါ်လာ၏။ မိုးမြေဂိုဏ်းသားများကား ဆူညံစွာအော်ဟစ်ကာ ဟိုမှသည် ဝရုန်းသုန်းကား ပြေးလွှားနေကြ၏။

အခြေအနေ ရှုပ်ထွေးသွားသော်လည်း စုအိမ်းက ချက်ချင်းပင် ထိန်းသိမ်းနိုင်ခဲ့သည်။ မြေဂိုဏ်းသားများသည် မီးတောက်မီးလျှံများကို ဝိုင်းဝန်းငြိမ်းသတ်ကြသည်။

ဒဏ်ရာရသူများကို ဆေးဝါးကုသပေးကြသည်။ သေဆုံးသူများကိုလည်း လူမမြင်အောင် လျှို့ဝှက်ဖယ်ရှားနိုင်ခဲ့ကြ၏။ မိုးမြေဂိုဏ်း အဆောက်အအုံ ယခုကဲ့သို့ တိုက်ခိုက်ခြင်းခံလိုက်ရသည်မှာ လွန်စွာမှပင် ရှက်စရာကောင်းသောကိစ္စတစ်ခု ဖြစ်နေ၏။

ထို့ကြောင့် စုအိမ်း၏မျက်နှာ နီမြန်းနေတော့၏။ စုအိမ်းသည် ပျက်စီးသွားသောနေရာများကို စစ်ဆေးကြည့်ရှုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အနီးတွင် ကိုယနိုဦးနှင့် သက်တော်စောင့်များ လိုက်ပါလာကြသည်။ စုအိမ်းက ...

"ဒီနေ့ည အစောင့်တာဝန်ကျတဲ့ လူတွေအားလုံး ဖမ်းချုပ်ထားလိုက်"

ဟု အမိန့်ပေးလိုက်၏။ ကိုယနိုဦးသည် ဦးညွှတ်ကာ ချက်ချင်းဆောင်ရွက်လိုက်လေသည်။ သူကိုယ်တိုင်လည်း ခံပြင်းဒေါသထွက်နေမိတော့သည် မဟုတ်ပါလား။

မိုးမြေဂိုဏ်းအား မည်သူမည်ဝါက တိုက်ခိုက်ဖျက်ဆီးပစ်လိုက်သည်ကို သိလိုစိတ်ပြင်းပြနေတော့၏။ စုအိမ်းကိုကြည့်ရင်း ...

"ဂိုဏ်းချုပ်ကြီး ခင်ဗျား ... မိုးမြေဂိုဏ်းကို တိုက်ခိုက်တာဟာ မုန်တိုင်းဂိုဏ်းရဲ့လက်ချက်ပဲ ဖြစ်ပါလိမ့်မယ်"

ဟု သူ၏အတွေးကို ပြောပြလိုက်သည်။ စုအိမ်း ခေါင်းယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

"ဗျာ"

"တို့က မုန်တိုင်းဂိုဏ်းကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြတာပဲ၊ သူတို့လှုပ်ရှားတာနဲ့တစ်ပြိုင်နက် သိရမှာပေါ့"

"ဒါဖြင့်"



စုအိမ်းက တည်ကြည်သော မျက်နှာထားဖြင့် ...

"ဒီကိစ္စကို ပေါ့ပေါ့တန်တန်သဘောထားလို့ မဖြစ်ဘူး၊ ယမ်းထုပ်နဲ့ဖောက်ခွဲသူတွေဟာ အဖျက်လုပ်ငန်းကျွမ်းကျင်တဲ့ ကြေးစားတွေပဲ ဖြစ်နိုင်တယ်"

"ဗျာ ... ကြေးစားတွေ ဟုတ်လား"

"ဟုတ်တယ်လေ"

"သူတို့ကို"

"သူတို့က ငွေပေးတဲ့လူရှိနေလို့ ဖြစ်မှာပေါ့"

"ဘယ်သူကများ"

စုအိမ်း သဘောကျစွာ ပြုံးလိုက်သည်။ ကိုယနိုဦး၏ စကားမဆုံးမီ ကြားဖြတ်ပြောလိုက်သည်။

"တို့က မိုးမြေဂိုဏ်းကို လက်ဝါးကြီးအုပ်လိုက်ပြီးကတည်းက တို့ကိုရှင်းပစ်ချင်တဲ့လူတွေ အများကြီးရှိနေတယ်ဆိုတာ မင်း မေ့နေပြီလား"

ကိုယနိုဦး ပါးစပ်ပိတ်ထားလိုက်၏။ စုအိမ်းက ဆက်ပြောလိုက်လေသည်။

"မုန်တိုင်းဂိုဏ်းချုပ် လုကောက်က ငါတို့ကို မကျေနပ်ဘူးဆိုရင်တောင် ကြေးစားတွေငှားပြီး ဖျက်လိုဖျက်ဆီးလုပ်စရာ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိဘူး၊ ကြေးစားတွေ ငှားမယ့်အစား သူ့လူတွေကိုလွှတ်လိုက်လို့ရတာပဲ"

ကိုျယန်ပိုး ပါးစပ်ပိတ်ထားဆဲ စုအိမ်းက ဆက်ပြောသည်။

"ငါတို့ကြောင့် ဘယ်သူ ထိခိုက်နစ်နာသူကို ပြန်တွေးကြည့်စမ်းပါ"

"ကြူဟွီးအကျိုးဆောင်အဖွဲ့ထက် ပိုပြီး နစ်နာမယ့်လူ မရှိပါဘူး"

"ဟား ဟား ဟား"

စုအိမ်းသဘောကျစွာ ရယ်မောလိုက်လေသည်။ ကိုျယန်ပိုးလည်း ရယ်မောလိုက်သည်။ သူတို့အား မည်သူမည်ဝါက ဒုက္ခပေးလိုသည်ဆိုသည်ကို အရိပ်အမြွက်သိလိုက်ကြပြီဖြစ်သည်။ စုအိမ်းက...

"ကြူဟွီးအဖွဲ့က ငွေကြေးအင်အား တောင့်တင်းတယ်၊ သူတို့ကပဲ ကြေးစားတွေ ငှားရမ်းနိုင်လိမ့်မယ်"

ဟု ပြောလိုက်သည်။ ကိုျယန်ပိုးက ...

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ဆရာ"

ဟု မေးလိုက်သည်။ စုအိမ်းက ...

"အခု လောလောဆယ်မှာ ယမ်းထုပ်ဖောက်ခွဲတဲ့လူတွေနောက်ကို လိုက်ရလိမ့်မယ်၊ သူတို့ဟာ ကြူဟွီးနယ်ထဲက ချက်ချင်း



ထွက်ပြေးနိုင်မှာ မဟုတ်သေးဘူး"

ထိုစကားကြားရလျှင် ကိုျယန်ပိုး တက်တက်ကြွကြွဖြစ်လာသည်။ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ နေခဲ့ရသည်မှာ အချိန်အတော်ကြာသွားခဲ့ပြီ မဟုတ်ပါလား။

မိုးမြေဂိုဏ်းအား စုအိမ်းက ချုပ်ကိုင်လိုက်သည်နှင့် စိတ်လှုပ်ရှားဖွယ်ကိစ္စများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု နားလည်ခဲ့၏။ ယခုအမှန်တကယ် ရင်ဆိုင်နေရပြီဖြစ်လေသည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သူတို့ဟာ ကြက်ကလေးငှက်ကလေးတွေလို ကြူဟွီးနယ်ထဲက လွယ်လွယ်နဲ့ ထွက်သွားနိုင်မှာ မဟုတ်ပါဘူး"

ဟု ထောက်ခံပြောလိုက်လေသည်။ စုအိမ်းက ...

"တို့လူတွေအားလုံးကို တပ်လှန့်ထားလိုက်ပါ၊ ရန်သူ ဆုတ်သွားနိုင်တဲ့လမ်းတွေအားလုံးကို ပိတ်ဆို့ထားဖို့ အရေးကြီးတယ်"

ဟုပြောလိုက်သည်။ ကိုျယန်ပိုး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ"

စုအိမ်းက ...

"သူတို့က အမြန်ဆုံး ဘယ်လမ်းက ထွက်သွားနိုင်မလဲ၊ စဉ်းစားကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ကိုယ်နဲ့ဝိုးက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ရေလမ်းခရီးက ထွက်မယ်ဆိုရင် အမြန်ဆုံးလွတ်မြောက်သွားနိုင်ပါတယ်"

ဟု ပြောလိုက်တော့သည်။ စုအိမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူတို့က ရေလမ်းကို အသုံးပြုမှာသေချာတယ်၊ မင်းက"

သူ စကားဆုံးအောင် မပြောလိုက်ရသေးချေ။

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အဆောက်အအုံရှေ့သို့ မြင်းစီးသမားတစ်စု ရောက်ရှိလာ၏။

ရှေ့ဆုံးမှ ဦးဆောင်လာသူက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။ ထိုလူမှာ ဝမ်းဖုံးဖြစ်လေသည်။ ဝမ်းဖုံးက စုအိမ်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ဝိုအော်းချုပ်ကြီးခင်ဗျား ... ကျုပ်တို့ အိမ်ဟောင်းက ပြန်အလာမှာ ပေါက်ကွဲသံတွေကြားလို့ ဒီဘက်ကို အမြန်ဆုံး လာခဲ့ကြတာပါ"



ဟု အစီရင်ခံလိုက်လေသည်။ စုအိမ်းမျက်နှာပျက်သွားသည်။ ဝမ်းဖုံးရောက်ရှိလာခြင်းကြောင့် အားတက်ရသည်မှာ မှန်သော်လည်း အိမ်ဟောင်း၌ အကာအကွယ်ကင်းမဲ့သွားပြီ ဖြစ်၏။

"အိမ်ဟောင်းမှာ ဘယ်သူကျန်ခဲ့သလဲ"

စုအိမ်း၏အသံမှာ မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဝမ်းဖုံး တစ်ခုမှားယွင်းနေပြီဖြစ်ကြောင်းလည်း တွေးမိလိုက်သည်။ ဝမ်းဖုံးက ...

"အိမ်ဟောင်းမှာ ရှမ်းချစ်နဲ့ အစောင့်ဆယ့်ငါးယောက်"

သူ စကားဆုံးသည်အထိ စုအိမ်း မစောင့်နိုင်တော့ဘဲ ...

"မြန်မြန်လုပ်ကြ၊ တို့တစ်တွေ အိမ်ဟောင်းကို သွားကြမယ်၊ သူတို့ဟာ တို့ကို တိုက်ခိုက်ဖို့လာတာ မဟုတ်ဘူး။ မာထင်းကို ကယ်တင်ဖို့လာကြတာ"

ဟု အော်ပြောလိုက်၏။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ အိမ်ဟောင်းသို့ ချက်ချင်း ပြန်သွားနိုင်ရန် ပြင်ဆင်လိုက်ကြလေသည်။ ထိုစဉ်မှာပင် ...

'ခွပ် ခွပ် ခွပ် ခွပ်'

ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ အားလုံး လှမ်းကြည့်လိုက်သောအခါ အနီရောင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသူတစ်ယောက် မြင်းခုန်းစိုင်း စီးနင်းလာသည်ကို တွေ့ရလေသည်။

ထိုလူသည် မြင်းပေါ်၌မှောက်လျက်လိုက်ပါလာ၏။ စုအိမ်းအနီးသို့ရောက်လျှင် ...

'ဝုန်း'

မြင်းပေါ်မှ ပြုတ်ကျသွားသည်။ ဝမ်းဖုံးပြေး၍ ဖေးမလိုက်သည်။ အနီရောင် ဝတ်ဆင်ထားသူမှာ အိမ်ဟောင်းမှ အစောင့် တစ်ယောက် ဖြစ်သည်ကို သူတို့အားလုံး သိထားကြသည်။

ဝမ်းဖုံးက ...

"ပြောစမ်း ... ဘယ်လိုဖြစ်တာလဲ"

ဟု လှုပ်ကာလှုပ်ကာ မေးလိုက်လေသည်။ အနီရောင် ဝတ်ဆင်ထားသူက ...

"အိမ် အိမ်ဟောင်းကို ရန်သူတွေဝင်ပြီး တိုက်ခိုက်သွားကြတယ်၊ ဆရာရှုမ်းချစ် သေသွားပြီ"

"မာထင်းကော ... မာထင်း ဘယ်မှာလဲ"

ဝမ်းဖုံးက အငမ်းမရ မေးလေသည်။ အနီရောင် ဝတ်ဆင်ထားသူက ...

"မာထင်း ရန်သူနောက်ပါသွားပြီ"



"တောက်"

ဝမ်းဖုံး ခံပြင်းစွာ တက်ခေါက်လိုက်သည်။ သူက အိမ်ဟောင်းမှ လက်ရွေးစင်သိုင်းသမားများအား သွားရောက် ခေါ်ဆောင်လာခဲ့ခြင်းကြောင့် ရန်သူသည် အိမ်ဟောင်းအား အလွယ်တကူ စီးနင်းတိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆထား၏။

သူ့တွင် အပြစ်မကင်းဟုတွေးကာ စုအိမ်းအပြစ်ပေးမည်ကို စိုးရိမ်ထိတ်လန့်နေလေသည်။ အနီရောင် ဝတ်ဆင်ထားသူအား မြေပေါ် ချထားလိုက်ပြီး စုအိမ်းဘက် လှည့်ကြည့်လိုက်လေသည်။

အနီရောင်ဝတ်ဆင်ထားသူအား ဂရုစိုက်စရာလည်း မလိုတော့ပါချေ။ ထိုလူသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ဖြစ်ရာ မကြာမီ သေဆုံးသွားတော့မည် မဟုတ်ပါလား။

စုအိမ်း၏မျက်နှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေလေသည်။ ဝမ်းဖုံးနှင့်ကျိုးယန်ပိုးတို့ ငြိမ်နေလိုက်ကြ၏။ စုအိမ်းက ...

"တို့က ဒီမှာ ဂရုစိုက်နေတုန်း သူတို့က မာထင်းကို ကယ်ထုတ်သွားတာပါ၊ သူတို့မှာ တို့ကိုဖြိုခွဲဖို့ အကြံအစည်ရှိနေတယ်ဆိုတာ ထင်ရှားနေပြီ၊ ကဲ ... တို့လူတွေအားလုံး စုလိုက်၊ ချက်ချင်း လူစုခဲ့ပြီး ..."

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်လည်း စကားဆုံးအောင် မပြောလိုက်ရပါချေ။

'ခွပ်ခွပ် ခွပ်ခွပ်'

ရုတ်တရက် ထွက်ပေါ်လာသည့် မြင်းခွာသံများက ဖြတ်တောက်ပစ်လိုက်၏။ မြင်းတစ်ကောင် ဒုန်းစိုင်းနှင်လာနေသည်။ မြင်းတစ်စီး လူတစ်ယောက်သည် စုအိမ်အနီးသို့ ရောက်လာသည်။

မြင်းပေါ်မှလူကို တွေ့မြင်လိုက်ရလျှင် အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။ မြင်းစီးလာသူမှာ ကွမ်းကြိုးယန် ဖြစ်နေသည် မဟုတ်ပါလား။

ကွမ်းကြိုးယန်သည် နန်းကုန်းသက်နှင့် ဆွေးနွေးရန် ခရီးထွက်သွားသူဖြစ်ပေသည်။ ယခုသူသည် မမျှော်လင့်ထားသော အချိန်တွင် ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

❒

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ အဆောက်အအုံရှေ့ဝယ် လူအများ စုရုံး စုရုံး ဖြစ်နေသည်ကို တွေ့ရလျှင် အခြေအနေ ထူးခြားနေပြီ ဖြစ်ကြောင်း ရိပ်မိလိုက်၏။



ထို့ကြောင့် မြင်းဇက်ကြိုးတင်းတင်းဆွဲကာ ခြေလှမ်းမရပ်မီ မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

"ဟာ … ကွမ်းကြိုးယန်ပါလား"

ဝမ်းဖုံးက ဝမ်းသာအားရ ပြောလိုက်၏။ ကျိုယန်ပိုးလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ စုအိမ်၏မျက်လုံးများ ဝင်းလက်သွား၏။

"ကွမ်းကြိုးယန်"

ဟု ခေါ်လိုက်၏။ ကွမ်းကြိုးယန်က စုအိမ်ရှေ့သို့ ချက်ချင်းပြေးသွားပြီး ဂါရဝပြုလိုက်၏။

"ဂိုဏ်းချုပ်ကြီး"

စုအိမ်းက …

"ကွမ်းကြိုးယန် … မင်းက အချိန်မတော်ကြီး ဘယ်လိုကိစ္စနဲ့ ပြန်လာတာလဲ … ပြောစမ်း"

ဟု မေးလိုက်သည်။ ကွမ်းကြိုးယန်က …

"အရေးကြီးလို့ပါ၊ နန်းကုန်းသက်က သဘောတူလိုက်ပါပြီ"

စုအိမ်း ခေါင်းညိတ်လိုက်သည်။

"အင်း … သူ သဘောတူလိုက်တယ်ဆိုရင် ကျေနပ်စရာပါပဲ၊ ဒါပေမဲ့ အခုအချိန်မှာ သူ့ထက်မာထင်းက ပိုအရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးယန် ခေါင်းညိတ်လိုက်သည်။

"မာထင်းနဲ့ပတ်သက်ပြီး နန်းကုန်းသက်က လက်ဆောင် ပေးလိုက်ပါသေးတယ်"

"ဘာကွ"

"မာထင်းကို လူတစ်စုက ကယ်တင်ဖို့ ကြိုးစားနေပါတယ်"

"ဟား ဟား ဟား"

စုအိမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။ ကွမ်းကြိုးယန် ကြောင်အမ်းအမ်း ဖြစ်သွား၏။ စုအိမ်းကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။ စုအိမ်းက ...

"မင်းမဆိုးဘူး။ ဒါပေမဲ့ ကယ်တင်ဖို့ ကြိုးစားတဲ့လူဟာ သူ ကိုယ်တိုင်ဆိုတာကော ပြောမပြလိုက်ဘူးလား"

"ဗျာ"

"နန်းကုန်းသက်ကိုယ်တိုင်က မာထင်းကို ကယ်တင်ချင်နေ တာကွ"

"ဟာ ... သူ သူက"

"ကဲ ပြောစမ်းပါဦး ... ကခြား ဘာတွေ ပြောလိုက်သေး သလဲ"

ကွမ်းကြိုးယန်က ...



"သူတို့ဟာ မာထင်းကို ဘယ်လိုကယ်တင်သွားတယ်ဆိုတဲ့ အစီအစဉ်ကို ပြောပြလိုက်ပါတယ်"

ကိုယ်ယန်ပိုး၊ ဝမ်းဖုံနှင့် စုအိမ်းတို့ ဝမ်းသာအားရ ဖြစ်သွား လေသည်။ နန်းကုန်းသက်သည် သူတို့နှင့် သဘောတူညီချက်ရသွားပြီ ဖြစ်ရာ သူလွှတ်လိုက်သူများကို ကျေးဇူးတင်လိုက်ပြီဖြစ်သည်။

မာထင်အား အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သော်လည်း သူ့ အတွက် အရေးပါတော့မည် မဟုတ်ပါ။ စုအိမ်းက မာထင်းထက် သူ့အား အကျိုးကျေးဇူးပြုနိုင်သည့်သဘော ရှိနေသည် မဟုတ်ပါ လား။

စုအိမ်းက ကွမ်းကြိုးယန် ပြောသည့်စကားများကို သေသေ ချာချာ နားထောင်လိုက်၏။ ကွမ်းကြိုးယန်က လီဆင်းကို ပြောပြ လိုက်သည်။

ကျင်းရှောင်တို့၏ အစီအစဉ်များကို ပြန်လည်ပြောပြလိုက် ၏။

"သူတို့ဟာ မာထင်းကိုကယ်တင်ပြီး အာရုံတက်ချိန်မှာ ကြူ ဟွီးဆိပ်ကမ်းကို ဆိုက်ကပ်လာမယ့် ရွက်လှေတစ်စင်းနဲ့ လိုက်သွား ကြပါလိမ့်မယ်၊ ဒါပေမဲ့ အဲဒီရွက်လှေဟာ"

ကွမ်းကြိုးယန်၏ စကားကို ကြားရသောအခါ စုအိမ်း

www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။ ပြီးလျှင် လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"ကဲ ... ရှိသမျှလူအားလုံး ဆိပ်ကမ်းကိုသွားကြ၊ ကျင်းရှောင်တို့လူစုကို တစ်ယောက်မှ မလွတ်စေနဲ့"

ဟု အမိန့်ပေးလိုက်လေတော့သည်။ ကွမ်းကြုံးယန်သည် ကြူဟွီးမြို့သို့ အချိန်မီရောက်ရှိနိုင်စေရန် လမ်း၌ မြင်းတစ်ကောင်ပြီး တစ်ကောင် ပြောင်းစီးကာ ခရီးပြင်းနှင်လာခဲ့ရသဖြင့် လွန်စွာမှပင် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်လေသည်။

သို့ပါသော်လည်း စုအိမ်း၏အမိန့်အတိုင်း ဆောင်ရွက်ရန် ဆိပ်ကမ်းဆီသို့ တက်သုတ်နှင်သွားခဲ့လေတော့သည်။

❐❐❐



## ကျားရဲတွင်း၌ ကြမ္မာငင်ခြင်း

'အောက် အီး အီး အွတ်'

ကြက်တွန်သံများ ထွက်ပေါ်လာသည်။ အရှေ့ဘက်ဦး၏ရောင်နီများ ပျို့အန်လာပြီဖြစ်သည်။ အားထုံ စိတ်လှုပ်ရှားလာလေသည်။

"မိုးတောင်လင်းတော့မယ်၊ ဘယ်သူမှလည်း မလာသေးပါလား"

ဟု ညည်းညူလိုက်လေသည်။ မှန်ပေသည်၊ ကြူဟွီးနယ်ထဲမှ ဆုတ်လာမယ့် ကျင်းရှောင်တို့လူစုရောက်မလာကြသေးပါ။

သူတို့အား ခေါ်ထုတ်သွားမည့် ရွက်လှေကြီးလည်း ရောက်မလာသေးပါ။ အားထုံ တဖြည်းဖြည်း စိတ်ပူလာလေတော့သည်။

"မိုးလင်းရင်တော့ တို့အတွက် မလွယ်တော့ဘူး"

အားထုံက မြစ်ပြင်သို့ လှမ်းကြည့်လိုက်၏။ မြစ်ရေပြင်ပေါ်ယံ မြူခိုးများ သိပ်သည်းနေ၏။ မြူခိုးများကြားမှ ရွက်လှေကြီးတစ်စင်း လွှားခနဲထွက်လာသည်ကို တွေးကာ မြင်ယောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မည်သည့်ရှက်လေ့မှ ထွက်ပေါ်လာခြင်း မရှိသေးချေ။ အားထို သက်ပြင်းချကာ ကြူဟွီးမြို့ဘက်သို့ ပြန်လှည့်လိုက်၏။ ဤတွင် အဝေးမှ ဒုန်းစိုင်းနှင်လာနေကြသည့် မြင်းစီးသမားများအား တွေ့မြင်လိုက်ရလေသည်။

အချက်ပြမီးကျည်ကို အချိန်တန်သည့်တိုင် မတွေ့ရသဖြင့် အဆင်မပြေမှုတစ်ခုခု ဖြစ်ပေါ်နေကြောင်း နားလည်ထားပါ၏။ မြင်းစီးသမားတစ်စု အပြင်းနှင်လာသည်ကို မြင်လျှင် ကျင်းရှောင်တို့လူစု ဖြစ်ရမည်ဟု အတတ်သိလိုက်လေသည်။

"အားလုံး အသင့်ပြင်ထားကြဟေ့"

အားထုံက အော်ပြောလိုက်၏။ သူ၏လူများ ချက်ချင်းလှုပ်ရှားသက်ဝင်လာကြသည်။ မြစ်ထိပ်သို့ လာရာလမ်းဘေး တစ်ဖက် တစ်ချက်ဝယ် လူခွဲကာ နေရာယူလိုက်ကြ၏။

သူတို့သည် လေးနှင့်မြားကို အသင့်ပြင်သူက ပြင်ထားကြသလို လမ်းအလယ်၌ မြှုပ်နှံထားသည့် ယမ်းထုပ်များအား ဖောက်ခွဲရန် အသင့်ပြင်သူက ပြင်နေကြ၏။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာသည်။ မြင်းစီးသမားများသည် တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်လေသည်။ အားထုံက မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။



မြင်းစီးသမားများအား ဦးဆောင်လာသူမှာ စန့်ကွမ်းဖုံးဖြစ်ကြောင်း မှတ်မိလိုက်လေသည်။

"စန့်ကွမ်းဖုံးတော့ လာပြီ၊ မြို့လယ်မှာ သူက ကောင်းကောင်းကြီး လက်စွမ်းပြခဲ့တာပဲ"

တစ်ဖန် စန့်ကွမ်းဖုံးတို့လူစု၏ အနောက်ဘက် ကိုက်သုံးရာခန့်အကွာမှ မြင်းစီးသမားတစ်စု ဒုန်း စိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရပြန်လေသည်။ အားထုံ ရင်ထိတ်သွား၏။

"စန့်ကွမ်းဖုံးနောက်ကို လိုက်လာတဲ့ မိုးမြေဂိုဏ်းသားတွေများလား"

စိုးရိမ်ပူပန်စွာဖြင့် တွေးလိုက်မိ၏။

"သတိထားကြဟေ့… ရှေ့ကလူစုဟာ တို့လူတွေပဲ"

တိုက်ခိုက်ရန် အသင့်ပြင်ထားသည့် သူ၏လူများကို လှမ်းပြီး အမိန့်ပေးလိုက်၏။ သူ၏လူများသည် စန့်ကွမ်းဖုံးတို့ လူစုအား တိုက်ခိုက်ကြတော့မည် မဟုတ်ပါချေ။

နောက်မှ လိုက်လာသူများကို အထူးဂရုစိုက်ကြတော့မည် ဖြစ်၏။ အလင်းရောင် မှိန်မှိန်ထွက်ပေါ်လာသည်။ မကြာမီ နေ့ကျင် တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်လာတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အားထုံနောက်မှ လိုက်လာသည့်လူစုအား မျက်တောင်မခတ် ကြည့်နေ၏။ စန့်ကွမ်းဖုံးတို့လူစုသည် ယမ်းထုပ်များ မြှုပ်နှံထားသည့် နေရာအနီးသို့ ရောက်လာခဲ့ကြ၏။

အားထုံက လက်တစ်ဖက်မြှောက်လိုက်၏။ သူက လက်ကို ပြန်ချလိုက်သည်နှင့် သူ၏လူများက ယမ်းထုပ်များကို ဖောက်ခွဲပစ်လိုက်ကြမည် ဖြစ်ပေသည်။ ထိုအခါ နောက်မှလိုက်လာသူများသည် ပြင်းထန်သောပေါက်ကွဲမှုကြီးကြောင့် အရိုးအသား ရှာမရအောင် စိစိညက်ညက် ကျေသွားလိမ့်မည် ဖြစ်လေသည်။

အားထုံက မျက်လုံးကျွတ်ထွက်တော့မတတ် မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်၏။ သူ၏လူများက သူ့လက်ပြန်ချပြီး အချက်ပေးမည့်အချိန်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေကြလေသည်။

"ဟာ ... လျှူခင်းတို့လူစုပဲ"

အားထုံ လွှတ်ခနဲ အော်လိုက်သည်။ မှန်ပေသည်။ နောက်မှ လိုက်လာသူများမှာ ရန်သူမဟုတ်ဘဲ လျှူခင်းတို့လူစု ဖြစ်နေလေသည်။ အားထုံက ...

"တို့လူတွေပဲ"

ဟု အော်ပြောလိုက်၏။ သူ၏လူများ သက်ပြင်းချလိုက်ကြလေသည်။ ကြူဖှီးမြို့တွင်းသို့ဝင်သွားသူများ အသုတ်လိုက် အသုတ်



လိုက် ပြန်လည်ထွက်ခွာလာခဲ့ကြပြီ ဖြစ်လေသည်။

မာထင်းအား ကယ်တင်ခဲ့သည့် ကျင်းရှောင်တို့လူစု ရောက်ရှိလာဖို့သာလျှင် ကျန်လေတော့သည်။

ကျင်းရှောင်တို့ရောက်လာပြီးသည်နှင့် မြစ်ထဲမှ ဘွားခနဲ ပေါ်လာမည့် လှေကြီးနှင့် အပြန်ခရီးနှင်ရန်သာ ရှိတော့၏။

အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်၍ ရှက်လှေကြီးပေါ်တွင် ပျော်ရွှင်စွာ အနားယူနိုင်ကြမည် ဖြစ်ပေသည်။ စန်းကွမ်းဖုံးနှင့် လျှူခင်းတို့လူစုကို တွေ့မြင်ရသော်လည်း ကျင်းရှောင်တို့လူစုကိုမူ မတွေ့ရသေးပါချေ။

သို့သော် အားထုံက ကျင်းရှောင်အတွက် စိတ်မပူပါ။ ကျင်းရှောင်သည် မာထင်းအား ကယ်ထုတ်လာနိုင်လိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားလေတော့သည်။

သူ၏အတွေး မမှားဟု ဆိုနိုင်၏။ သူကြည့်နေစဉ်မှာပင် အပြင်းမောင်းနှင်လာနေသော မြင်းလှည်းတစ်စီးအား ခြံရံကာ လိုက်ပါလာကြသည့် မြင်းစီးသမားများသည် မြစ်ဆိပ်ဆီသို့ ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရတော့သည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။ စန့်ကွမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖုံးတို့လူစု မြစ်ဆိပ်သို့ ရောက်ရှိလာကြပြီဖြစ်လေသည်။ စန္ဒကွမ်းဖုံးက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

အားထုံက ဝမ်းသာအားရ ပွေ့ဖက်ဆီးကြိုလိုက်လေသည်။

"မင်းရဲ့လက်သံကို ဒီကတောင် ကြားရတယ်ကွ"

ဟု ပြောလိုက်၏။ စန္ဒကွမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... အစ်ကိုကြီးကျင်းရှောင်က ခွင့်မပြုလို့ပေါ့၊ သူက ခွင့်ပြုလိုက်ရင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ စုအိမ်းကို အကြွေးကုပ်သွားအောင် ကျုပ်လုပ်နိုင်တယ်၊ သူ့ရဲ့ အဆောက်အအုံကြီးတစ်ခုလုံး မြေပေါ် ပြားပြားဝပ်အောင် လုပ်နိုင်တယ်ဗျ"

ဟု ပြောလိုက်လေသည်။ အားထုံက သူ၏ပခုံးကို ပုတ်လိုက်ပြီး ...

"ငါယုံပါတယ်ကွာ၊ ဒါပေမဲ့ တို့က စုအိမ်းကို ရှင်းပစ်ဖို့ မလိုဘူးလေ၊ စုအိမ်းကို ရှင်းပစ်လိုက်ရင် သူဟာ လူယုတ်မာတစ်ယောက်ဆိုတာ မဖော်ထုတ်နိုင်တဲ့အပြင် အများအမြင်မှာ သူရဲကောင်းကြီးတစ်ယောက်ဖြစ်သွားတော့မှာပေါ့ကွာ"

စန္ဒကွမ်းဖုံးက ...

"ဟော ... လျှူခင်းတောင် ရောက်လာပြီ၊ သူ့ကြောင့်



ကျုပ်က အချက်ပြပြီး ကျည်ပစ်ဖို့တောင် အချိန်မရှိတော့ဘူး၊ စုအိမ်းရဲ့ကြွက်သိုက်ကို မီးရှို့ပစ်လိုက်ရတာပေါ့"

ဟု ပြောလိုက်လေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ လျှူခင်းတို့လူစု ရောက်ရှိလာပြီ ဖြစ်လေသည်။ လျှူခင်းက မြင်းပေါ်မှ ဆင်းလာရင်း

"ညကြီးအချိန်မတော် လူတစ်စုက စုအိမ်းရဲ့အဆောက်အအုံဆီကို ဦးတည်သွားနေတာတွေ့လို့ ကျုပ်လည်း ဘာမှ စဉ်းစားမနေနိုင်တော့လည်း လုပ်လိုက်ရတာဗျ"

ဟု အော်ပြောလိုက်လေသည်။ စန္ဒကွမ်းဖုံး မျက်မှောင်ကြုတ်သွား၏။

"လူတစ်စု ... ဟုတ်လား"

"ဟုတ်တယ် ... လက်နက်အပြည့်အစုံပါတယ်၊ မိုးမြေဝိုက်ားက လူတွေဆိုတာ သေချာတယ်"

"သူတို့က ဘာလုပ်နေကြတာလဲ"

"ကျုပ် ဘယ်သိမလဲ"

ဝမ်းဖုံးတို့လူစုအား တွေ့ခဲ့ရသည့်ကိစ္စမှာ သူတို့၏အစီအစဉ်တွင် မပါသဖြင့် ပဟေဠိသဖွယ် ဖြစ်နေလေတော့သည်။ အားထုံက...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါတွေ ထားလိုက်ပါတော့၊ မင်းတို့နှစ်ယောက်စလုံး ကိုယ့်တာဝန် ကိုယ်ကျေခဲ့ကြတယ်ဆိုရင် ပြီးတာပဲမဟုတ်လား"

ဟု ပြောလိုက်၏။ ထိုစကားကြားလျှင် လှျူခြင်းနှင့် စန္ဒကွမ်းဖုံးတို့ ကျေနပ်သွားကြ၏။ အားထုံက ...

"ကျောင်းရှောင်တို့လူစု ပြန်ရောက်လာပြီဆိုင် တို့ကိစ္စအားလုံး အောင်မြင်သွားပြီး အပြန်ခရီးစဖို့ပဲ လိုတော့တယ်"

လှျူခြင်းနှင့် စန္ဒကွမ်းဖုံးတို့ ခေါင်းညိတ်လိုက်ကြ၏။ မလှမ်းမကမ်းတွင် မြင်းစီးသမားတစ်စုက မြင်းလှည်းတစ်စီးအား ခြံရံကာ ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်နေရပြီ ဖြစ်လေသည်။

လှျူခြင်းက ...

"ကျောင်းရှောင်က ကျုပ်ကိုသတိရတာပဲ ကျေးဇူးတင်ရမလို ဖြစ်နေပြီ၊ ကျုပ်က ငှက်ပျောသီးအခွံနွှာစားရသလို လွယ်လွယ်ကလေးပဲ၊ ရတဲ့ငွေနဲ့တောင် မကာမိတော့ဘူး"

ပြောပြီး သဘောကျစွာ ပြုံးလိုက်၏။ သူ၏မျက်ဝန်းအစုံဝယ် သမီးကလေး လှျူဟုန်အား မြင်ယောင်လာလေ၏။ မကြာမီ သူ အိမ်ပြန်နိုင်ပေတော့မည်။

မာထင်းအား ကယ်ထုတ်ရာ၌ ရရှိသည့်ငွေနှင့်ဆိုလျှင် သူ၏သမီးလေး လှျူဟုန်အား ကောင်းစွာ ဆေးကုသပေးနိုင်ပေလိမ့်မည်။



သမီးလေး မျက်စိနှစ်ကွင်း အလင်းပြန်ရလာပါလျှင် လှျူခြင်း သဘောကျစွာ ပြုံးမိပြန်သည်။

"ဟော့ ... ဘာတွေ သဘောကျလို့ ဒီလောက်တောင် ပြုံးနေရတာလဲ"

စန္ဒကွမ်းဖုံးက မေးလိုက်လေသည်။ လှျူခြင်း ရယ်မောလိုက်သည်။

"ကျုပ်ရဲ့သမီးအကြောင်း တွေးမိလို့ပါ"

"ခင်ဗျားသမီးလေး မျက်စိဒုက္ခပေးနေတယ်ဆို"

"ဟုတ်တယ် ... မြွေဆိပ်သင့်တာပေါ့ဗျာ"

"ဆေးကုလို့ မရဘူးလား"

လှျူခြင်း ခေါင်းညိတ်လိုက်သည်။

"ဆေးကုဖို့ အစီအစဉ် လုပ်ထားပြီးပါပြီ၊ ဒါပေမဲ့ သမားတော်ကိုပေးဖို့ ငွေလိုနေတယ်ဗျာ"

"အခုတော့ ပေးစရာမလိုတော့ဘူးပေါ့"

"ဟုတ်တာပေါ့ ... ဟား ဟား ဟား"

လှျူခြင်း သဘောကျစွာ ရယ်မောနေ၏။ လှျူခြင်း အပြုံး နေသည်ကို ကြည့်ကာ အားထုံပင် ပြုံးစိစိ ဖြစ်လာလေသည်။ စန္ဒကွမ်းဖုံးက လှျူခြင်း၏ဘေး၌ ထိုင်ချလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

"မင်းက သမီးကို ဆေးကုပြီးရင် နောက်ထပ်အလုပ်လုပ်မယ်လို့ စိတ်ကူးသေးသလား"

ဟု မေးလိုက်၏။ လှူချင်း ခပ်သွက်သွက်ပင် ခေါင်းယမ်းလိုက်လေသည်။

"ကျုပ် အေးအေးဆေးဆေး နေတော့မယ်လို့ ဆုံးဖြတ်ထားတယ်ဗျ၊ ကျုပ်သမီးလေး လူလားမြောက်ပြီး ကြီးပြင်းလာအောင် ပြုစုစောင့်ရှောက်ရဦးမယ်လေ"

"အင်း ... ခင်ဗျားကတော့ တည်ငြိမ်တဲ့ဘဝကို ရသွားပြီပေါ့ဗျာ၊ ကျုပ်တို့ကကော"

"ဘာလဲ ... ခင်ဗျားက ကြေးစားလောကမှာပဲဆက်ပြီး ကျင်လည်နေဦးမှာလား"

စန္ဒကွမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ ... ကျုပ်က ကြေးစားဖြစ်ဖို့ မွေးလာခဲ့တဲ့ လူတစ်ယောက်ပဲ မဟုတ်လား"

လှူချင်း ပါးစပ်ပိတ်ထားလိုက်လေသည်။ ထိုစဉ် ...

"ကျင်းရှောင်နဲ့ စီမင်းယုတို့ ရောက်လာပြီကွ"

အားထုံ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ လှူချင်းနှင့် စန္ဒကွမ်းဖုံးတို့ ခုန်ထလိုက်လေသည်။



မှန်ပေသည်။ မြင်းလှည်းတစ်စီးအား ခြံရှေ့လိုက်ပါလာသည့် မြင်းစီးသမားများ ရောက်ရှိလာကြပြီ မဟုတ်ပါလား။ ရှေ့ဆုံးမှ ရောက်လာသူမှာ ကျင်းရှောင်ဖြစ်လေသည်။ ကျင်းရှောင်က ...

"အားထုံ"

ဟု ခေါ်လိုက်သည်။ အားထုံက ပြေးသွားပြီး ...

"မာထင်းကော"

ဟု မေးလိုက်သည်။ ကျင်းရှောင် ခေါင်းညိတ်ပြလိုက်သည်။

"မြင်းလှည်းထဲမှာ"

အားထုံ၊ လှူချင်းနှင့် စန္ဒကွမ်းဖုံးတို့က ကျင်းရှောင်အား အကဲခတ်ကြည့်လိုက်ကြ၏။ ကျင်းရှောင်၊ စီမင်းယုနှင့်အတူ အနက်ရောင် ဝတ်ဆင်ထားသူ ဆယ့်နှစ်ယောက် လိုက်ပါသွားလေသည်။

ယခုမှ အနက်ရောင်ဝတ်ဆင်ထားသူ ရှစ်ယောက်သာ ကျန်တော့သည်။ သူတို့သည် အိမ်ဟောင်းအား စီးနင်းတိုက်ခိုက်ခဲ့ကြသည် ဖြစ်ရာ ကျန်လူများနှင့်စာလျှင် အန္တရာယ် ထိပ်တိုက်ရင်ဆိုင်တိုးခဲ့သူများဟု ဆိုနိုင်၏။

မာထင်းအား လွယ်လင့်တကူ ကယ်ယူလာနိုင်ခဲ့ခြင်း မဟုတ်သည်ကိုလည်း အားလုံး နားလည်သဘောပေါက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင်ကို ပို၍ လေးစားသွားကြသည်။

ကျောင်းရှောင်မှ အန္တရာယ်နှင့် ရှေ့ဆုံးမှ ရင်ဆိုင်တတ်သူ မဟုတ်ပါလား။ ကျောင်းရှောင်က ပြီးဆုံးသွားသောကိစ္စတစ်ခုကို ပြန်လည် အစဖော်ရန် လွန်စွာမှပင် ဝန်လေးသူဖြစ်သည်။

ထို့ကြောင့် အားထုံ၊ လျှူခင်းနှင့် စန့်ကွမ်းဖုံးတို့အနီးသို့ ရောက်လာသည်နှင့် ...

"ကဲ ... အားလုံးအသင့်ပြင်ထားကြပါ၊ ရွက်လှေရောက်လာတာနဲ့ အမြန်ဆုံး တက်ကြမယ်၊ အချက်ပြမီးဖိုလိုက်ပါ"

ဟုပြောလိုက်၏။ အားလုံးက မြစ်ပြင်သို့ လှမ်းကြည့်လိုက်ကြ၏။ ထို့နောက် မီးဖိုလိုက်ကြ၏။ ထိုအချိန်တွင် မြစ်ရေပြင်၌ ဝိတ်ဆီးနေသော နှင်းထုကြားမှ ရွက်လှေကြီး တစ်စင်း ဘွားခနဲ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❒

ကျန်မင်းသည် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူပျစ်စွာ ရှိသူဖြစ်လေသည်။ သူသည် အသက်တစ်ဆယ့်သုံးနှစ်အရွယ်က စပြီး မြစ်ရေပြင်၌ လည်းကောင်း၊ ပင်လယ်ပြင်၌ လည်းကောင်း ကျင်လည်ကျက်စားခဲ့သူဖြစ်လေသည်။



သူ၏ဘဝ လျှင်မြန်စွာ တိုးတက်လာခဲ့သည်မှာ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ခြင်းကြောင့် မဟုတ်ပါချေ။

သူသည် လစ်လျှင်လစ်သလို တိုက်ခိုက်လုယက်တတ်သော ပင်လယ်ဓားပြတစ်ယောက် ဖြစ်လေသည်။

သူသည် ပင်လယ်ပြင်၌ လုယက်တိုက်ခိုက်သော်လည်း မြစ်ပြင်၌မူ သူဌေးကြီးနန်းကုန်းသက်၏ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးခြင်းလုပ်ငန်းဖြင့် ဟန်ဆောင်မျက်နှာဖုံးစွပ်ထားသူ ဖြစ်လေသည်။

မကြာသေးမီက နန်းကုန်းသက်က သူ့အား ကြူဟွီးမြို့သို့ သွားရန် အမိန့်ပေးခဲ့၏။

ကြူဟွီးနယ်တွင် နန်းကုန်းသက်၏ စီးပွားရေးလုပ်ငန်းများ ရှိနေစဉ်က ခေါက်တုံ့ခေါက်ပြန်သွားကာ သယ်ဆောင်ရလေ့ရှိသော်လည်း မကြာသေးမီက သူဌေးကြီးနန်းကုန်းသက်၏ စီးပွားရေး လုပ်ငန်းများ ဆုံးရှုံးသွားခြင်းကြောင့် အလုပ်မရှိဘဲ ဖြစ်နေခဲ့ရသည်။

ယခု နန်းကုန်းသက်က အမိန့်ပေးလိုက်ခြင်းကြောင့် ပျော်ရွှင်သွား၏။ သို့မဟုတ်လျှင် သူက ပင်လယ်ပြင်သို့ထွက်ကာ ဓားပြတိုက်မိလိမ့်မည် ဖြစ်လေသည်။

သူသည် ချက်ချင်းလိုပင် ရွက်လှေကြီးကို ကြူဟွီးမြို့သို့

www.burmeseclassic.com

www.burmeseclassic.com



နှင်ခဲ့၏။ မြစ်ပြင်ဝယ် သူ၏ရွက်လှေကြီးသည် ကြီးမားခိုင်ခံ့ပြီး လွန်စွာမှ လျင်မြန်သည်ဟု နာမည်ရထား၏။

ကျန်မင်းက ရွက်ကုန်ဖွင့်ကာ ခရီးနှင်ခဲ့လျှင် နန်းကုန်းသက် အမိန့်ပေးလိုက်သည့်အတိုင်း မိုးလင်းစအချိန်တွင် ကြူပွီးဆိပ်ကမ်း၏ တောင်ဘက်အစွန်ဆုံးနေရာအနီးသို့ ရောက်လာခဲ့လေသည်။

ကျန်မင်းက အခန်းတွင်း၌ထိုင်ကာ အရက်သောက်နေ၏။ ရုတ်တရက် ခြေသံများထွက်ပေါ်လာပြီး သူ၏တပည့်တစ်ယောက် အခန်းတွင်းသို့ ဝင်လာကာ ...

"ဆရာ ... လမ်းပေါ်က အချက်ပြမီးခိုးတွေ့ရပါတယ်"

ဟု အစီရင်ခံလိုက်လေသည်။ ကျန်မင်း ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။ လှေဦးပိုင်းသို့ ရောက်လျှင် ကမ်းစပ်ဆီသို့ လှမ်းကြည့်လိုက်လေသည်။

နံနက်စောစောအချိန် မြူနှင်းများကျနေသည်ဖြစ်ရာ ကုန်းပေါ်သို့ မပီပိုးတဝါးသာ တွေ့ရ၏။ ကုန်းပေါ်မှ မီးခိုးများ ထွက်ပေါ်နေသည်မှာ အမှန်ပင်။

"တို့ကို အချက်ပြတာပဲ"

ကျန်မင်းသည် မီးခိုးဖြင့်အချက်ပြမှုကို ကောင်းစွာနားလည်ထားသူဖြစ်၏။ ထို့ကြောင့် ...



"တို့လှေကို အမြန်ဆုံးနှုန်းနဲ့ အချက်ပြမီးခိုးထွက်ပေါ်နေတဲ့ ဆီကို ဦးတည်သွားကြမယ်၊ ကဲ ... လုပ်ကြဟေ့"

ဟု အမိန့်ပေးလိုက်၏။ လှေထိုးသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ အမိန့်ပေးသံများ ဆက်တိုက်ထွက်ပေါ်လာသည်။ ရွက်လှေကြီးသည် အချက်ပြမီးခိုး ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ လျင်မြန်စွာ ရွေ့လျားသွားလေသည်။

ကျန်မင်းက လှေဦး၌ရပ်နေဆဲ။ လေတဟူးဟူး တိုက်ခတ်နေသဖြင့် သူ၏အဝတ်အစားများ တဖျပ်ဖျပ် လှုပ်လွန့်နေလေသည်။ လှေကြီးမှာ ကမ်းခြေနှင့် တစ်စ တစ်စ နီးကပ်လာပြီ ဖြစ်လေသည်။

ကမ်းပေါ်၌ အသင့်စောင့်ကြို့နေကြသည့် လူတစ်စုရှိနေသည်ကိုလည်း တွေ့မြင်ရ၏။

"သူဌေးကြီးကတော့ ထူးထူးခြားခြား လုပ်နေပြီထင်တယ်၊ ငါ့လှေနဲ့လိုက်မယ့်လူတွေဟာ ဘယ်နည်းနဲ့မှ ကုန်သည်ပွဲစားတွေ မဖြစ်နိုင်ဘူး"

ဟု စိတ်ထဲကျိတ်ပြီး မှတ်ချက်ချလိုက်လေသည်။ ထိုစဉ်...

"မီး မီး"

စူးရှသော အော်မြည်သံများထွက်ပေါ်လာသည်။ ကျန်မင်းက အပေါ်မော့ကြည့်လိုက်၏။ ထိုအခါ ကောင်းကင်ပေါ်လေ လင်း

www.burmeseclassic.com

www.burmeseclassic.com



ယုန်ငှက်တစ်ကောင် ပျံဝဲနေသည်ကို တွေ့ရ၏။

ထိုလင်းယုန်ငှက်သည် သုံးလေးပတ် ပျံဝဲလိုက်ပြီး ရွက်လှေရှိရာသို့ တစ်ဟုန်ထိုး စိုက်ဆင်းလာလေသည်။ ကျန်မင်းမျက်နှာ ပြုံးရွှင်သွား၏။

“သူဌေးကြီးနန်းကုန်းသက်က ဘာတွေများ အရေးကြီးနေပြန်ပြီလဲမသိဘူး” ဟု ရေရွတ်လိုက်၏။

သူဌေးကြီးနန်းကုန်းသက်သည် အကြောင်းထူးရှိလေတိုင်း လေ့ကျင့်မွေးမြူထားသည့်လင်းယုန်ငှက်များဖြင့် စာပို့လေ့ရှိသည်။

ကျန်မင်း၏ရွက်လှေ ပင်လယ်ပြင်သို့ ရောက်နေသည့်တိုင် နန်းကုန်းသက်၏လင်းယုန်များက အရောက်လာနိုင်ကြသည်။

လင်းယုန်ငှက်သည် ရွက်လှေပေါ် ထိုးဆင်းလာပြီး ကျန်မင်း၏ပခုံးပေါ် ဝယ် နားလိုက်၏။ ကျန်မင်းက လင်းယုန်၏ခြေထောက်၌ ချိတ်ဆွဲထားသည့် ရွှေကြုတ်ကလေးကို ဖြုတ်ယူလိုက်၏။

ရွှေကြုတ်ကလေးကို ဖွင့်လိုက်သောအခါ စာတစ်စောင် ပါရှိလာသည်ကို တွေ့ရလေသည်။ ကျန်မင်းက စာကိုဖတ်ကြည့်လိုက်သည်။ ထိုအခါ စာထဲ၌ ...

*ကျန်မင်း ...*

*ဒီစာကိုရတာနဲ့ ကြုပ္ပါးဆိပ်ကမ်းက ပြန်ထွက်လာခဲ့ပါ။*



*ဘယ်သူ့ကိုမှ ခေါ်လာစရာမလိုဘူး၊ လှေနဲ့လိုက်ဖို့စီစဉ်ထားတဲ့လူတွေကို မလိုအပ်တော့ဘူး။ သူတို့ကို ထားပစ်ခဲ့ပြီး ချက်ချင်း ပြန်လာခဲ့ပါ။*

*သူဌေးကြီး နန်းကုန်းသက်*

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။ ကျန်မင်း မျက်မှောင်ကြုတ်သွား၏။

“ဘယ်လိုဖြစ်တာလဲ ... သူဌေးကြီးနန်းကုန်းသက်က စိတ်ထားပြောင်းသွားပြီး ငါ့ကို ပြန်ခေါ်လိုက်တာပါလား”

ဟု ညည်းညူလိုက်၏။ ကုန်းပေါ်မှလူများကို လှမ်းကြည့်လိုက်လေသည်။ ထိုအခါ ကုန်းပေါ်မှလူများသည် သူတို့အား လက်ဝှေ့ယမ်းပြနေကြသည်ကို တွေ့ရလေသည်

သူတို့သည် ရွက်လှေဆိုက်ကပ်လိုက်သည်နှင့် အမြန်ဆုံး တက်နိုင်ရန် စီစဉ်နေကြပုံလည်း ရ၏။ ကျန်မင်း သက်ပြင်းချလိုက်သည်။

“ငါက သူဌေးကြီးနန်းကုန်းသက်ဆီက အခကြေးငွေယူထားတာ၊ သူ့ရဲ့အမိန့်ကိုပဲ နာခံရမှာပေါ့”

ဟု ညည်းညူလိုက်လေသည်။ ထို့နောက် သူ၏ လက်ထောက်ဘက်သို့လှည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"တို့ရွက်လှေကို ချက်ချင်း နောက်ကြောင်းပြန်လှည့်မယ်၊ အမြန်ဆုံးဖြစ်ပါစေ"

ဟု အမိန့်ပေးလိုက်၏။ သူ၏လက်ထောက် ကြောင်အမ်းအမ်း ဖြစ်သွား၏။ သို့သော် လင်းယုန်ငှက်ရောက်လာပြီး စာတစ်စောင်ရရှိပြီးနောက် ကျွန်မင်း သဘောထားပြောင်းလဲသွားရသည်မှာ အကြောင်းရှိရမည်ဟု နားလည်ထားလေသည်။

ထို့ကြောင့် စောဒက မတက်တော့ဘဲ ...

"ရွက်လှေကို ချက်ချင်း နောက်ပြန်လှည့်မယ်"

ဟု အော်ပြောလိုက်၏။ အမိန့်ပေးသံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာလေတော့သည်။

❒

ရွက်လှေကြီးသည် အရှိန်ပြင်းစွာ ရေထုကို ထိုးခွဲရင်း ကမ်းစပ်ဆီသို့ ချဉ်းကပ်လာနေပြီဖြစ်လေသည်။ ကျောင်းရှောင်တို့အားလုံး ရွက်လှေကြီး လျင်မြန်စွာ ချဉ်းကပ်လာပုံကို ကြည့်နေကြ၏။

အနက်ရောင်ဝတ်ဆင်ထားသူများကား တာဝန်ပြီးဆုံးတော့မည် ဖြစ်ရာ ဝမ်းသာပျော်ရွှင်နေကြ၏။ ရွက်လှေကြီးဆီသို့ လက်ဝှေ့ယမ်းပြရင်း တဟေးဟေး အော်ဟစ်နေကြ၏။



နံနက်မိုးလင်းလာပြီဖြစ်သည်။ သူတို့လူစုမှာ ပွင့်တက်စနေရောင်ခြည်အောက်ဝယ် ထင်ထင်ရှားရှား ရှိနေမိ၏။ သူတို့လူစုမှ ထွက်ပေါ်နေသည့် အသံပလံများကို အဝေးမှပင် ကြားနိုင်လေသည်။ သို့ပါသော်လည်း ကျောင်းရှောင်က ဟန့်တားခြင်းမပြုချေ။

ရွက်လှေပေါ်သို့ တက်ပြီးသည်နှင့် မိုးမြေကိုဏ်းသားများ ရာထောင်ချီပြီးလိုက်လာပါလည်း သူတို့အား ဒုက္ခပေး၍ ရတော့မည်မဟုတ်ကြောင်း နားလည်ထား၏။

လျှူခင်း၊ စန့်ကွမ်းဖူး၊ စီမင်းယု၊ အားတုံနှင့်ကျောင်းရှောင်တို့ ပခုံးချင်း ယှဉ်ကာရပ်နေကြသည်။

ကျောင်းရှောင်က ရွက်လှေကြီး မကြာမီ ကမ်းစပ်သို့ ဆိုက်ရောက်လာတော့မည် ဆိုသည်ကိုသိလျှင် ချာခနဲ လှည့်ထွက်သွား၏။

မြင်းလှည်းအနီး၌ လူသူတစ်စုံတစ်ယောက်မှ ရှိမနေပါချေ။ ကျောင်းရှောင်က မြင်းလှည်းတံခါးဆွဲဖွင့်လိုက်၏။ ထိုအခါ အတွင်းဘက်၌ ခွေခွေလေးရှိနေသည့် မာထင်းအား တွေ့မြင်လိုက်ရလေသည်။

သူက ကြက်ကလေး ငှက်ကလေးတစ်ကောင်သဖွယ် ဖမ်းခေါ်လာခြင်း မဟုတ်ပါ။ စုအိမ်း၏အန္တရာယ်မှ လွတ်မြောက်နိုင်ရန် အချိန်လုနေရသဖြင့် ဂရုမစိုက်နိုင်အားခဲ့ခြင်း ဖြစ်ပေသည်။

ကျောင်းရှောင်က မာထင်း၏သွေးကြောများ ဖွင့်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မာထင်း လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

"မင်းတို့ ဘယ်သူတွေလဲ"

ပထမဦးဆုံးထွက်ပေါ်လာသောစကားသံသည် ကျင်းရှောင် အကျုပ်ရိုက်သွားသော မေးခွန်းဖြစ်သည်။ ကျင်းရှောင် ပြုံးလိုက်ပြီး ...

"ကြေးစားတွေပါ"

"ဘာ"

"လူတစ်ယောက်က ခင်ဗျားကို အသက်ရှင်လျက် စုအိမ်းလက်ထဲက ကယ်တင်ချင်တယ်၊ ကျုပ်တို့ကို ငွေပေးပြီး ငှားတယ်၊ ကျုပ်တို့က ခင်ဗျားကိုကယ်တင်ခဲ့တယ်၊ ပြီးရင် ငွေပေးတဲ့လူဆီကို လွှဲပြောင်းပေးလိုက်မယ်၊ ဒါပဲပေါ့ဗျာ"

မာထင်း၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။ ကျင်းရှောင်ကို စေ့စေ့ကြည့်လိုက်ပြီး ...

"ကျုပ်ကိုလိုချင်တာ ဘယ်သူလဲ"

"သူဌေးကြီး နန်းကုန်းသက်"

"ဘာလုပ်ဖို့ ကျုပ်ကိုလိုချင်ရတာလဲ"

ကျင်းရှောင် ပခုံးတွန့်လိုက်သည်။

"ဒါတော့ သူနဲ့တွေ့မှ မေးကြည့်တာ ကောင်းပါလိမ့်မယ်"



မာထင်း မဲ့ပြုံးပြုံးလိုက်သည်။

"နန်းကုန်းသက်အကြောင်း ငါကြားဖူးတာပေါ့၊ သူဟာ ကြူဖွီးနယ်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ချုပ်ကိုင်ချယ်လှယ်ခဲ့တဲ့လူပေါ့၊ သူ့ကို ငါက သိပ်ပြီး သဘောမကျဘူး၊ သူကလည်း ငါ့ကို သဘောကျမယ်လို့ မထင်ဘူး"

ကျင်းရှောင်က ...

"ဒါတော့ သူနဲ့တွေ့မှ ဆွေးနွေးပေတော့၊ သူက ခင်ဗျားကို မိုးမြေဂိုဏ်းချုပ်ရာထူး ပြန်ရအောင် ကြိုးစားပေးလိမ့်မယ်၊ ကျုပ်တို့ကလည်း အတတ်နိုင်ဆုံး ခင်ဗျား သက်သောင့်သက်သာလိုက်နိုင်အောင် စီစဉ်ပေးမယ်၊ ကဲ ... သွားကြရအောင်"

သူက မာထင်းအား မြင်းလှည်းအတွင်းမှ ခေါ်ထုတ်လိုက်၏။ မာထင်းက ဆင်းလိုက်သည်။ သူ၏ခန္ဓာကိုယ်မှာ ဗိန်လို့လွန်းလှသည်။

အသားအရေကို ကြည့်ပုံဖြင့် ရောဂါဝေဒနာ တစ်စုံတစ်ရာ ခံစားနေရသူဖြစ်မှန်း သိနိုင်၏။ မာထင်းမှာ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် မျက်လုံးများ နီရဲသွားသည်အထိ ချောင်းတဟွတ်ဟွတ် ဆိုးလိုက်လေသည်။ ကျင်းရှောင် ခေါင်းယမ်းလိုက်သည်။

"ခင်ဗျား လမ်းလျှောက်သွားလို့ မဖြစ်ဘူး၊ အားသိုက

www.burmeseclassic.com



ခင်ဗျားကို ထမ်းသွားလိမ့်မယ်”

ဟု ပြောလိုက်၏။ ထို့နောက် အားတုံဘက်သို့ လှည့်လိုက်၏။ အားထုံက သူ၏စကားကို ကြားဟန်မတူဘဲ အဝေးသို့ ငေးမျှော်ကြည့်နေသည်ကို တွေ့ရ၏။ ကျင်းရှောင်က ...

“ခင်ဗျား”

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

“သူတို့လာကြပြီ”

အားထုံ၏ လေးလေးပင်ပင်စကားသံကြီး ထွက်ပေါ်လာလေသည်။ ကျင်းရှောင်လည်း အားထုံကြည့်နေသည့်နေရာဆီသို့ လှမ်းကြည့်လိုက်မိပြီဖြစ်သည်။

ထိုအခါ အဝေးမှ ဖုန်တထောင်းထောင်းထလာသည်အထိ များပြားလှသော မြင်းစီးသာမားများ ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့ရလေသည်။

သူတို့ ဆိပ်ကမ်းဘက်သို့ ဆုတ်ခွာလာခဲ့သည်ကို မိုးမြေဝိုထီးသားများ သိသွားကြဟန် တူလေသည်။ အင်အားအလုံးအရင်းဖြင့် လိုက်လာကြပြီတည်း။ ကျင်းရှောင်က ...

“ခင်ဗျား စီစဉ်ထားပြီးပြီလား”

ဟု မေးလိုက်၏။ အားထုံ ခေါင်းညိတ်လိုက်လေသည်။



“ပြီးပြီ၊ ကျုပ်တို့ဆီကိုရောက်ဖို့ ကိုက်သုံးရာလောက်အလိုလမ်းမကြီးပေါ်မှာ”

“ကောင်းပြီ ... ခင်ဗျားလူတွေကို လွှတ်ပြီးနေရာယူနိုင်းလိုက်ပါ”

အားထုံ မျက်မှောင်ကြုတ်သွားလေသည်။ ကျင်းရှောင်ကိုကြည့်ကာ ...

“ဘာလုပ်ဖို့လဲ”

“ကျုပ်တို့ဓိတ်ခွေတွေကို ဟန့်တားရမယ်လေ”

“လိုသေးလို့လား”

“လိုရမယ်ရပေါ့”

အားထုံ ပြုံးလိုက်သည်။

“ဒီအချိန်ရောက်မှ ဘာမှ စိုးရိမ်စရာ မလိုတော့ပါဘူးဗျာ”

ကျင်းရှောင်က ...

“အားထုံ ... ကျုပ်တို့ဟာ ဘယ်တော့မှ သတိမပြတ်ရဘူးဆိုတာ ခင်ဗျားမေ့နေပြီလား”

ဟု ပြောလိုက်၏။ အားထုံ၏မျက်နှာပေါ်မှ အပြုံးရိပ်များကွယ်ပျောက်သွားသည်။ ချက်ချင်း တည်တည်ကြည်ကြည်ဖြစ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တယ်၊ ငါက ဒီအလုပ်ကိုစွန့်ပြီး သူဌေးကြီး နန်းကုန်းသက်ဆီမှာ နေလာတာကြာပြီမို့ ကြေးစားတွေရဲ့ ပညတ်ချက်တွေကို မေ့နေပြီလေကွာ"

ပြောပြီး သူ၏လူများကို လက်ရုပ်ခေါ်လိုက်၏။ သူ၏လူခြောက်ယောက် ရောက်ရှိလာသောအခါ ...

"မင်းတို့နေရာယူကြ၊ တို့မိတ်ဆွေတွေကို ကြိုဆိုကြရအောင်"

ဟု ပြောလိုက်၏။ သူ၏လူခြောက်ယောက် ကြောင်အမ်းအမ်း ဖြစ်သွား၏။ တစ်ယောက်က ...

"ကျုပ်တို့ အခုပဲ သွားကြတော့မှာ မဟုတ်လား"

ဟု မေးလိုက်လေသည်။ အားထုံက ...

"အေး ... ဟုတ်တယ်၊ မသွားခင် နှုတ်ဆက်သွားကြမလို့ကွ"

ထိုလူခြောက်ယောက် သဘောကျစွာ ရယ်မောလိုက်ကြလေသည်။ ထို့နောက် ချက်ချင်းပင် လူစုခွဲကာ ပြေးထွက်သွားကြလေသည်။

အားထုံက ကျင်းရှောင်ဘက်သို့လှည့်ကာ ...

"မင်း ကျေနပ်ပြီလား"



ဟု မေးလိုက်၏။ ကျင်းရှောင် သက်ပြင်းချလိုက်ပြီး ...

"ကျုပ် ဘယ်တော့မှ အမှားမလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်ဗျ"

ဟု ပြောလိုက်၏။ သူ၏စကားသံ အေးစက်မာကျောနေ၏။ သူသေကိုယ်သေ ရင်ဆိုင်တိုက်ပွဲဝင်ခါနီးမျိုး၌ ဖြစ်လေ့ဖြစ်ထရှိသော စကားသံတည်း။

အားထုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"မင်းက"

သူ၏စကားလည်း တစ်ဝက်တစ်ပျက်ဖြင့် ရပ်သွားသည်။ ရှေ့ဆက်မပြောနိုင်လောက်သော အကြောင်းတစ်ရပ် ဖြစ်ပေါ်လာလေသည်။ ထိုအကြောင်းချင်းရာသည့်ကား ...

"ဘယ်လိုဖြစ်တာလဲ"

အားလုံး လွှတ်ခနဲ ရှေ့တက်ကာ ကမ်းစပ်ဆီသို့ ပြေးသွားနေကြသည် မဟုတ်ပါလား။ ကျင်းရှောင်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေ၏။

ကြေးစား (သို့မဟုတ်) ပိုးဖလံဟူသော အဓိပ္ပာယ်ကို အခု စေ့စေ့တွေးနေမိ၏။ သူတို့သည် သူတစ်ပါးမလုပ်လိုသော အလုပ်ကိစ္စများကို အခကြေးငွေယူကာ သက်စွန့်ဆံဖျား လုပ်ကိုင်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အား စေခိုင်းသူများကလည်းကောင်း၊ သိုင်းလောက သားများသည်လည်းကောင်း ငွေမျက်နှာတစ်ခုတည်းသာ ကြည့်သော လူယုတ်မာများဟု ကင်ပွန်းတပ်ကြ၏။

သူတို့သည် အသက်နှင့်ရင်းနှီးရသဖြင့် ထိုက်သင့်သော အခကြေးငွေယူရသည်။ အလုပ်ရှင်နိုင်းသမျှ ပြီးမြောက်အောင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သည်။

သူတို့သည် လူယုတ်မာများ၊ မလိုလားအပ်သူများဟု သတ်မှတ်ကာ သူတို့အား အသုံးချပြီးသည်နှင့် စွန့်ပစ်သူများ၊ သူတို့အား စတေးကာ အကျိုးအမြတ် ရှာကြသူများ မရေမတွက်နိုင်ရှိနေသည်ကိုမူ မည်သူသိနိုင်အံ့နည်း။

ယခုပင်လျှင် ရွက်လှေကြီးသည် ကမ်းစပ်ဆီသို့ အရှိန်ပြင်းစွာ ဦးတည်လာနေရာမှ ရုတ်တရက် အရှိန်နှေးကွေးသွားသည်။ ရွက်လှေကြီးသည် ဦးလှည့်ကာ ကမ်းစပ်ကို ရှောင်ခွာသွား၏။

တစ်ခဏအတွင်းပင် ကမ်းစပ်နှင့်ဝေးရာ ရေလယ်သို့ အရှိန်ပြင်းစွာ ထွက်ခွာသွား၏။ အကူအညီ အပူတပြင်း လိုအပ်နေသည့် သူတို့လူစုအား ကျောခိုင်းစွန့်ခွာသွားပြီဖြစ်သည်။

နန်းကုန်းသက်က အကြောင်းတစ်ခုကြောင့် မာထင်းနှင့် တကွ သူတို့လူစုအား စတေးလိုက်ပြီဖြစ်ကြောင်း ကျင်းရှောင်



ကောင်းစွာနားလည်မိ၏။

အားလုံးသောလူများက နောက်လှည့်ထွက်ခွာသွားသော ရွက်လှေကြီးအား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြချိန်တွင် ကျင်းရှောင်က အားထုံ၏လူများဘက်သို့ လှည့်ကာ လက်ငွေ့ယမ်းပြလိုက်လေတော့သည်။

❒

မြူနှင်းများ ကျဆင်းနေသည်။ အောင်မြင်စွာ ဆုတ်ခွာသွားနိုင်တော့မည်ဖြစ်ရာ လျှူခင်း၊ စန့်ကွမ်းဖုံးနှင့် စီမင်းယုတို့ ပျော်ရွှင်နေကြ၏။

ခေါင်းကြီးထံမှ ငှားရမ်းလာကြသူများသည်လည်း ထို့နည်းနှင်နှင်ပင်။ သို့သော် ရွက်လှေကြီးသည် ရုတ်တရက် နောက်ကြောင်းပြန်လှည့်ကာ ထွက်ခွာသွားသည်တွင် အားလုံးသောလူများ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြလေတော့သည်။

ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေစဉ် ရွက်လှေကြီးသည် မြူနှင်းများအကြား တိုးဝင်ကာ ကွယ်ပျောက်သွားလေတော့သည်။

"ဟေး … ပြန်လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တို့ ဒီမှာကွ၊ ဘယ်သွားမလို့လဲ"

"မြန်မြန်ပြန်လာခဲ့"

အနက်ရောင်ဝတ်ဆင်ထားသူများ တစ်ယောက်တစ်ပေါက် အော်ဟစ်လိုက်ကြလေသည်။ သို့သော် ရွက်လှေကြီးပေါ်မှ လူများသည် သူတို့၏အော်ဟစ်သံကို ကြားနိုင်တော့မည် မဟုတ်ပါချေ။

ရွက်လှေကြီး မြင်ကွင်းမှ ကွယ်ပျောက်သွားလျှင် အနက်ရောင် ဝတ်ဆင်ထားသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

"တို့ကိုထားပြီး ထွက်သွားပြီ"

"တို့ကို ဘာကြောင့် ခေါ်မသွားတာလဲ"

"တမင်သက်သက် ထားပစ်ခဲ့တာ"

မကျေမနပ်ဖြင့် ဝေဖန်ပြောဆိုသံများ ဆူဆူညံညံ ထွက်ပေါ်လာလေသည်။ ထိုစဉ်မှာပင် ...

'ဝုန်း ဝုန်း ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ တစ်ခဲနက် ထွက်ပေါ်လာသည်။ အားလုံး ထိတ်လန့်သွားကြ၏။

လှည့်ကြည့်လိုက်ကြသောအခါ ကိုက်သုံးရာခန့် အကွာတွင် ဖုန်လုံးကြီးများ တထောင်းထောင်းထသွားသည်ကို တွေ့ရ၏။



အော်ဟစ်အမိန့်ပေးသံ၊ လူသံ၊ မြင်းဟီသံများလည်း ပွက်ပွက်ညံသွားလေသည်။

"သူတို့လာကြပြီ"

လှျူခင်းက ပြောလိုက်၏။ စန့်ကွမ်းဖုံးနှင့် စီမင်းယုတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ စန့်ကွမ်းဖုံးက ...

"ကျင်းရှောင်ကော"

ဟုမေးလိုက်သည်။ သူတို့သုံးယောက် ရှာဖွေကြည့်လိုက်သောအခါ ကျင်းရှောင်သည် အားထုံ၏လူများအား ကွက်ကဲအမိန့်ပေးနေသည်ကို တွေ့လိုက်ရလေသည်။ လှျူခင်းက ...

"သူက ဘယ်တော့မှ တွေဝေမနေဘူးဗျ"

ဟု ပြောလိုက်သည်။ စကားဆုံးလျှင် ခါးမှဓားကို ဆွဲထုတ်လိုက်လေသည်။ လက်ရှိ သူတို့ရင်ဆိုင်နေရသည့် အခြေအနေကို အားလုံး နားလည်သဘောပေါက် သွားကြပြီ ဖြစ်လေသည်။

နန်းကုန်းသက်သည် သူ၏ကတိကို ဖောက်ဖျက်ကာ သူတို့အား ပြန်လည်ခေါ်ယူမည့် ရွက်လှေကြီးအား နောက်ပြန်လှည့်သွားစေခဲ့ပြီဖြစ်သည်

မိုးမြေဂိုဏ်း၏ဝိုင်းနက်ထဲဝယ် ကူညီမည့်သူမရှိဘဲ ထုံနံရစ်ခဲ့သည့် သူတို့လူစုသည် ကိုယ့်အားကိုယ်ကိုးကာ လွတ်မြောက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရတော့မည် ဖြစ်လေသည်။

စန့်ကွမ်းဖုံးနှင့် စီမင်းယုတို့လည်း ဓားကိုယ်စီဆွဲထုတ်လိုက်ကြ၏။ ခေါင်းကြီး၏လူများ (ဝါ) အနက်ရောင်ဝတ်ဆင်ထားကြသူများမှာ ပျာယာခတ်နေကြ၏။

ရှက်လှေကြီး နောက်ပြန်လှည့်သွားသလို မုန်တိုင်းဂိုဏ်းသားများလည်း အင်အားအလုံးအရင်းဖြင့် လာနေကြပြီ မဟုတ်ပါလား။ လျှူခင်းက ...

"မင်းတို့ကိုကယ်မယ့်လူ လာတော့မှာမဟုတ်ဘူး။ မင်းတို့ကို ရှင်းပစ်မယ့်လူတွေပဲ လာလိမ့်မယ်၊ အသက်မသေချင်ရင်တော့ တိုက်ခိုက်ဖို့ အသင့်ပြင်ထားပေတော့"

ဟု အော်ပြောလိုက်၏။ သူ၏စကားကြားလျှင် အနက်ရောင် ဝတ်ဆင်ထားသူများလည်း မိုးမြေဂိုဏ်းသားများ အပြင်းနှင့် လာနေသည်ကို သတိပြုမိသွားကြလေသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ"

"ကျုပ်တို့က လူကယ်ပြီးတာနဲ့ ပြန်ရမယ်လို့ ပြောခဲ့တာ မဟုတ်လား"

"ကျုပ်တို့ကို သေတွင်းထဲပို့တာဟာ ဘာသဘောလဲ"

မကျေမနပ်ဖြင့် တစ်ယောက်တစ်ပေါက် အော်ပြောလိုက်



ကြလေသည်။ စန့်ကွမ်းဖုံး ဒေါပွသွား၏။ အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်ဝယ် တစ်ယောက်နှင့်တစ်ယောက် အပြစ်ဖို့ကာ စိတ်ဝမ်းကွဲနေသည်ကို မလိုလားပါ။ ထို့ကြောင့် ...

"မင်းတို့ချည်းပဲ ရွေးပြီးဒုက္ခရောက်မှာမဟုတ်ဘူး၊ ငါတို့လည်း ရန်သူနဲ့ရင်ဆိုင်ကြရမှာပဲ အပိုတွေ ပြောမနေနဲ့"

ဟု အော်ပြောလိုက်လေသည်။ စီမင်းယုနှင့် လျှူခင်းတို့ကလည်း အနက်ရောင်ဝတ်ဆင်ထားသူများကို ခပ်တည်တည် စိုက်ကြည့်လိုက်၏။

မိုးမြေဂိုဏ်းသားများနှင့် ရင်ဆိုင်တိုက်ခိုက်ရခြင်း မရှိမီ ကိုယ့်အချင်းချင်း ပြန်လည်တိုက်ခိုက်ရမည့် အခြေအနေသို့ ရောက်ရှိလာလေသည်။ ထိုအခိုက်မှာပင် ...

"ကျုပ်တို့ကို နန်းကုန်းသတ္တဝါက သစ္စာဖောက်လိုက်ပြီ၊ သူ့ကတိအတိုင်း ကျုပ်တို့ကို ပြန်ခေါ်ဖို့ ရှက်လှေကြီးလွှတ်လိုက်ပေမယ့် အခုတော့ ရှက်လှေကို ပြန်ခေါ်လိုက်ပြီ၊ ကျုပ်တို့ကို စတေးပစ်ဖို့ အမိန့်ပေးလိုက်ပြီ၊ ကဲ ... အားလုံး အသင့်ပြင်ထားကြပါ၊ ကျုပ်တို့ဟာ အမြဲတမ်း အန္တရာယ်နဲ့ ရင်ဆိုင်နေရသူတွေပဲ၊ အန္တရာယ်ကို မမှုလို့ ကြေးစားဘဝကို ပျော်ပိုက်ပြီးမှတော့ ကြောက်စရာမလိုပါဘူး၊ ရန်သူကို ရင်ဆိုင်မယ်၊ ထိုးဖောက်ပြီး ထွက်မယ်၊ ကျုပ်တို့အစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှိတယ်ဆိုတာ ရန်သူတွေသိသွားအောင် ပြကြသေးတာပေါ့"

စကားသံတစ်ချက် ပြတ်သားစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ အားလုံး လှမ်းကြည့်လိုက်သောအခါ တောင်ကမူ ကုန်းလေးပေါ်ဝယ် မားမားမတ်မတ် ရပ်နေသည့် ကျင်းရှောင်အား တွေ့လိုက်ရ၏။

ကျင်းရှောင်သည် တိုက်ပွဲဝင်တော့မည့် စစ်သူကြီး တစ်ယောက်၏အသွင် ရှိနေလေသည်။ ကျင်းရှောင်၏စကား ကြားလိုက်ရလျှင် အားလုံး တက်တက်ကြွကြွ ဖြစ်သွားကြလေတော့သည်။

မှန်ပေသည်။ သူတို့သည် အသက်ကို လောင်းကြေးထပ်ထားသည့် ကြေးစားများ ဖြစ်ကြသည်မဟုတ်ပါလား။ ကျင်းရှောင်က

"အားလုံး အသင့်ပြင်ပါ၊ စန့်ကွမ်းဖုံး ... မင်းက ယမ်းထုပ်တွေကို တွင်တွင်ကျယ်ကျယ်သုံးနိုင်အောင် စီစဉ်ပါ၊ ကျန်တဲ့လူတွေက လေးမြားတွေကို အသင့်ပြင်ထား၊ ရန်သူတွေ တို့နဲ့ လက်တစ်ကမ်း ရောက်လာတဲ့အထိ စောင့်ပြီးချေမှုန်းပစ်မယ်၊ သူတို့ ဖရိုဖရဲလူစုကွဲသွားအောင် တက်ညီလက်ညီတိုက်ခိုက်ပြီး ဟိုဘက်ကို ဆုတ်သွားကြမယ်"

သူက ဆိပ်ကမ်းတောင်ဘက်သို့ ညွှန်ပြလိုက်၏။ ဆိပ်ကမ်းတောင်ဘက်ဝယ် တောအုပ်များ ရှိနေပါ၏။ ကွင်းပြင်ပမာရှိနေသော



ဆိပ်ကမ်းမြေနှင့်စာလျှင် တောအုပ်အတွင်း၌ လုံလုံခြုံခြုံရှိနိုင်သည် မဟုတ်ပါလား။

စန်းကွမ်းဖုံးက သူ၏လူများကိုခေါ်ကာ ပြေးထွက်သွား၏။ ကျင်းရှောင်စကားကြောင့် အားလုံး ညီညီညွတ်ညွတ် ပြန်ဖြစ်သွားကြ၏။

ရန်သူနှင့်ရင်ဆိုင်ရန် အသင့်ပြင်လိုက်ကြ၏။ လျှူခြင်း၊ စီမင်းယုနှင့်အားထုံတို့က ကျင်းရှောင်အနီးသို့ ချဉ်းကပ်သွားကြလေသည်။ လျှူခြင်းက ...

"မာထင်းကို ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်၏။ ကျင်းရှောင်က ...

"ခေါ်သွားရမှာပေါ့"

"ဗျာ"

"တို့က သူ့ကိုကယ်တင်ဖို့လာခဲ့တာပဲ၊ သူ့ကိုခေါ်သွားနိုင်မှ တို့ရဲ့လုပ်ငန်း အောင်မြင်တယ်လို့ ဆိုရမှာပေါ့"

"ခင်ဗျားသဘောက"

"တို့တစ်တွေ နှန်းကုန်းသက်နဲ့ စာရင်းရှင်းကြမယ်လေ"

လျှူခြင်း ကျေနပ်သွားလေသည်။

"ကောင်းဟယ်"

www.burmeseclassic.com

www.burmeseclassic.com



စီမင်းယုနှင့် အားထုံတို့လည်း သဘောကျသွား၏။ ကျင်းရှောင်က …

"ကဲ … ကျုပ်က မကြာမချော သစ္စာဖောက်တာခံခဲ့ရတယ်၊ ဒီတစ်ကြိမ်မှာ ကိုယ့်လူအချင်းချင်း သစ္စာဖောက်တာမဟုတ်လို့ ဖြေသာသေးတယ်၊ ဘာပဲဖြစ်ဖြစ် သစ္စာဖောက်တဲ့ လူတွေဟာ နောက်ဆုံးတော့ သူတို့အမှားကို သိသွားကြတာချည်းပါပဲ၊ ကဲ အားထုံ … မင်းက မြင်းလှည်းကို အသင့်ပြင်ထားပါ။ မာထင်းကို မြင်းလှည်းနဲ့ ခေါ်သွားမှဖြစ်မယ်"

"ကောင်းပြီ"

အားထုံက မာထင်းအား ဆတ်ခနဲပွေ့ချီပြီး မြင်းလှည်းပေါ် တင်လိုက်၏။ ထို့နောက် မြင်းလှည်းအတွင်း၌ သက်သောင့်သက်သာ နေနိုင်စေရန် ပြုလုပ်ပေးပြီး မြင်းလှည်းတံခါးကို လုံလုံခြုံခြုံ ပိတ်ထားလိုက်လေသည်။ ကျင်းရှောင်က …

"လျှိုခင်း … မင်းက တောအုပ်ဘက်ကိုသွားပြီး ရှင်းထား၊ စီမင်းယု … မင်းလည်းလိုက်သွား၊ မင်းတို့နှစ်ယောက်ပဲ သွားကြ၊ အဖော်ခေါ်မသွားနဲ့"

စီမင်းယုနှင့် လျှိုခင်းတို့သည် ကျင်းရှောင်အား တအံ့တဩ ကြည့်လိုက်မိကြလေသည်။ ကျင်းရှောင်က သူတို့အား အန္တရာယ်နှင့်



ဝေးရာသို့ အရင်ဦးဆုံး ထွက်သွားခိုင်းခဲ့သည် မဟုတ်ပါလား။

ကျင်းရှောင်အား လေးစားကြည်ညိုစိတ်များ ဖြစ်ပေါ်လာကြသည်။ ကျင်းရှောင်က …

"မင်းတို့နှစ်ယောက် တောအုပ်ထဲရောက်လို့ အန္တရာယ်ကင်းတယ်ဆိုရင် အချက်ပြလိုက်"

ခေါင်းညိတ်ပြီး အားထုံဘက်လှည့်ကာ …

"အားထုံ … မင်းက သူတို့အချက်ပြတာကိုမြင်ရင် မြင်းလှည်းမောင်းသွားပေတော့"

"မင်းကော"

အားထုံက ပြန်မေးလိုက်သည်။ ကျင်းရှောင် ပြုံးလိုက်လေသည်။

"ငါက မုန့်တိုင်းဂိုဏ်းသားတွေကို ဆုံးမရဦးမယ်လေကွာ"

ပြောပြီး ခန်းမဆောင်ရှိရာသို့ ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။ အားထုံ သက်ပြင်းချလိုက်သည်။ မြင်းလှည်းပေါ် ခုန်တက်လိုက်၏။

စီမင်းယုနှင့်လျှိုခင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ လျှိုခင်းက …

"သွားစို့"

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်လိုက်၏။ စီမင်းယုလည်း မြင်းပေါ်ခုန်တက်လိုက်သည်။ ထို့နောက် အဝေး၌ တွေ့မြင်နေရသည့် တောအုပ်ဆီသို့ ဒုန်းစိုင်းမောင်းနှင်သွားကြ၏။

ထိုအချိန်ဝယ် ယမ်းထုပ်ပေါက်ကွဲမှုကြောင့် ဖရိုဖရဲဖြစ်သွားကြသည့် မိုးမြေဂိုဏ်းသားများမှာ ပြန်လည်စုစည်းမိသွားကြပြီ ဖြစ်လေသည်။

မြားသံများပေးရင်း ရှေ့ဆက်တက်လာကြ၏။ ကျင်းရှောင်က စန့်ကွမ်းဖုံးအနီးသို့ ရောက်သွားပြီး ဖြစ်၏။

"ယမ်းထုပ်တွေ သုံးလို့ရမလား"

စန့်ကွမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ရတယ်၊ ဒါပေမဲ့ လမ်းပေါ်မှာ သွားပြီးမြှုပ်ထားဖို့ အချိန်မရတော့ဘူး"

"ဒါဖြင့်"

"သူတို့နီးကပ်လာတဲ့အထိ စောင့်ရမှာပဲ၊ အနားကို ရောက်လာမှ ယမ်းထုပ်တွေကို မီးရှို့ပစ်လို့ ဖြစ်ပါတယ်"

"ကောင်းပြီ"

ကျင်းရှောင်က လေးနှင့်မြားကို ယူလိုက်သည်။ ထို့နောက် တစ်ဟုန်ထိုးနှင်လာကြသည့် မိုးမြေဂိုဏ်းသားများကို လှမ်းကြည့်



လိုက်လေတော့သည်။

❒

မိုးမြေဂိုဏ်းသားများသည် အားထုံ ကြိုတင်စီစဉ်ထားခဲ့သည့် ယမ်းထုပ်များ ပေါက်ကွဲမှုကြောင့် အတော်ပင် အထိနာသွားခဲ့ကြလေသည်။

သို့သော် ခေါင်းဆောင်လာကြသည့် ဝမ်းဖုံး၊ ကျိုယန်ဝိုးနှင့် ကွမ်းကြိုးယန်တို့က ချက်ချင်းပင် ပြန်လည်စုစည်းနိုင်ခဲ့ကြသည်။ ထို့နောက် ရှေ့သို့ လျင်မြန်စွာ တက်စေသည်။

ကြေးစားများသည် ဆိပ်ကမ်းဝယ် ချောင်ပိတ်မိနေကြပြီ ဖြစ်သည်။ ကြေးစားများအား ခေါ်ဆောင်သွားမည့် ရွက်လှေကြီးသည် ရောက်ရှိလာပြီးမှ ကြေးစားများကို လျစ်လျူရှုကာ ကျောခိုင်းထွက်ခွာသွားပြီဖြစ်၏။

နန်းကုန်းသက်သည် သူ၏ကတိအတိုင်း ဆောင်ရွက်လိုက်ပြီ ဖြစ်လေသည်။

အကြံအစည်ကို ဖော်ထုတ်နိုင်မည့်သူ ရှိတော့မည် မပေါ်တော့ပါ။ မိုးမြေဂိုဏ်းသည် ကြူဟွီးနယ်၌ စီးပွားရေးလုပ်ငန်းများ ပြန်လည် ဖြစ်ထွန်းလာသည်နှင့် လက်မထောင်နိုင်တော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြေးစားတစ်စုအား သုတ်သင်ရှင်းလင်းရန် အရေးကြီးဆုံးဖြစ်သည်ဟု ကွမ်းကြိုးယန် နားလည်ထား၏။ ထို့ကြောင့် …

"မြန်မြန်သွားကြစမ်း၊ ကြေးစားတစ်ယောက်ကို သုတ်သင်နိုင်ရင် ဆုငွေတစ်သောင်း ချီးမြှင့်မယ်"

မိုးမြေဂိုဏ်းသားများ အားတက်လာကြသည်။ မြှားသံများပေးရင်း ရှေ့သို့ တရကြမ်း တက်ကြလေသည်။ မိုးမြေဂိုဏ်းမှ ရှိသမျှလူ အကုန်ဓော်လာခဲ့ခြင်း ဖြစ်သည်။

ဝမ်းဖုံး၊ ကွမ်းကြိုးယန်နှင့် ကိုယ်ရံတော်ကိုယ်ပိုင်းတို့လည်း မြင်းကိုယ်စီဖြင့် တရကြမ်း နှင်သွားလေသည်။ တဖြည်းဖြည်း ဆိပ်ကမ်းအနီးသို့ ချဉ်းကပ်မိသွားပြီဖြစ်၏။

ထိုစဉ် ကျင်းရှောင်တို့၏ ခုခံတိုက်ခိုက်မှုကို ခံလိုက်ရလေတော့သည်။

"ပစ်"

စန့်ကွမ်းဖုံး၏ အမိန့်ပေးသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ သူတို့သည် မီးရှို့ထားသော ယမ်းထုပ်များဖြင့် တအား ပစ်ပေါက်လိုက်ကြလေသည်။

'ဝုန်း ဝုန်း ဝုန်း'

"ဟီး ဟီး ဟီး"



"အား"

"အောင်မယ်လေး"

မြင်းဟီသံ၊ စူးရှသော အော်ဟစ်သံများ မိုးပြိုသည့်အလား ထွက်ပေါ်လာလေသည်။ ရှေ့ဆုံးမှ တက်လာကြသည့် မိုးမြေဂိုဏ်းသားများသည် ယမ်းထုပ်များ ပေါက်ကွဲမှုကြောင့် သေသူသေ၊ ဒဏ်ရာရသူရကာ ဖရိုဖရဲ ဖြစ်သွားကြလေသည်။ သို့တိုင် …

"တက်ကြ"

"ရန်သူတွေသုတ်သင်ကြ"

"မိုးမြေဂိုဏ်းရဲ့သတ္တိကိုပြကြ"

ခေါင်းဆောင်များ၏ အမိန့်ပေးသံကြောင့် မိုးမြေဂိုဏ်းသားများသည် အသက်ကိုပင် အရေးမစိုက်ကြဘဲ ရှေ့သို့တရကြမ်း တက်လာကြပြန်လေတော့သည်။

ယခုတစ်ကြိမ် မိုးမြေဂိုဏ်းသားများသည် လေးမြှားများဖြင့် တရကြမ်း ပစ်ခတ်ကာ တက်လာကြခြင်းဖြစ်၏။ မြှားတံများသည် မိုးသီးမိုးပေါက်များသဖွယ် တဖွဲဖွဲကျဆင်းလာလေတော့သည်။

ကျင်းရှောင်နှင့် စန့်ကွမ်းဖုံးတို့ကား သတိကောင်းသူများဖြစ်ကြလေရာ ဓားများဖြင့် ဝှေ့ယမ်းပြီး ကာကွယ်လိုက်၏။ အနက်ရောင် ဝတ်ဆင်ထားသူများကား ယမ်းထုပ်များဖြင့် ပစ်ပေါက်ရန်

www.burmeseclassic.com

www.burmeseclassic.com



*သာ အာရုံစိုက်နေကြ၏။*

ယမ်းထုပ်များ ပေါက်ကွဲမှုဒဏ်ကြောင့် မိုးမြေဂိုဏ်းသားများ မရှုမလှခံနေရသည်ကို တွေ့ရသဖြင့် ဝမ်းသာပျော်ရွှင်နေကြ၏။

ထိုအချိန်တွင် မြားတံများ တဖွဲဖွဲ ကျဆင်းလာသည်ဖြစ်ရာ ကမန်းကတမ်း ရှောင်တိမ်းလိုက်ကြပါသော်လည်း ...

"အား"

"အွန့်"

"အောင်မယ်လေး"

စူးရှသောအော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာလေသည်။ အနက်ရောင် ဝတ်ဆင်ထားသူများသည် တစ်ယောက်ပြီး တစ်ယောက် မြားချက်ထိမှန်ကာ လဲကျကုန်၏။

ပို၍ဆိုးသည်မှာ မီးရှို့ထားသော ယမ်းထုပ်များအား ကိုင်ဆောင်ထားသူများအား မြားချက်ထိမှန်သွားခြင်းဟည်း။ ထိုလူများ လဲကျသွားသောအခါ ယမ်းထုပ်များသည် ပေါက်ကွဲကုန်တော့သည်။

ယမ်းထုပ်များသည် မိုးမြေဂိုဏ်းသားများအား ထိမှန်ခြင်း မရှိတော့ဘဲ ကိုယ့်အချင်းချင်း ထိမှန်သွားလေတော့သည်။

'ဝုန်း'

"အား"



"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာ၏။ အနက်ရောင် ဝတ်ဆင်ထားသူများကား အခြေအနေမဟန်တော့ချေ။ ကျင်းရှောင်က အားထုံရှိရာသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ အားလုံသည် တောအုပ်ဆီသို့ မြင်းလှည့်းဒုန်းစိုင်း မောင်းနှင်သွားနေသည်ကို တွေ့လိုက်ရလေသည်။ ကျင်းရှောင်က စန့်ကွမ်းဖုံးဘက်သို့ ပြန်လှည့်ကြည့်လိုက်၏။ စန့်ကွမ်းဖုံး ပြုံးလိုက်သည်။

"ကျင်းရှောင် ... ခင်ဗျားသွားနှင့်၊ ကျုပ် သူတို့ကို ဟန့်တားထားလိုက်မယ်"

ဟု ပြောလိုက်လေသည်။ ကျင်းရှောင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

"မင်း"

စန့်ကွမ်းဖုံးက လက်ဝှေ့ယမ်းပြလိုက်သည်။

"သွားမှာသာ သွားစမ်းပါဗျာ၊ ကျုပ်လိုက်လာခဲ့ပါ့မယ်"

ထိုအချိန်ဝယ် မိုးမြေဂိုဏ်းသားများသည် ကြွေးကြော်သံပေးကာ တက်လာကြပြီဖြစ်လေသည်။ ယမ်းထုပ်များ ပေါက်ကွဲမှုကြောင့် မီးခိုးလုံးများ နေရာအနှံ့ ဖြစ်ပေါ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး မီးခိုးငွေ့များ ဖုံးလွှမ်းနေပြီး မပီပိုးတဝါး ဖြစ်နေ၏။ မိုးမြေဂိုဏ်းသားများသည် ဟိုမှသည်မှ ဘွားခနဲ ဘွားခနဲ ထွက်ပေါ်လာကြသည်။ စန္ဒကွမ်းဖုံးက ...

"ကျင်းရှောင် ... ခင်ဗျားဘာလုပ်နေတာလဲ၊ သွားပါတော့လား၊ မာထင်းကိုခေါ်ထုတ်သွားဖို့ ခင်ဗျားမရှိလို့ မဖြစ်ဘူး၊ ပြီးတော့ နန်းကုန်းသက်"

သူက စကားဆုံးအောင် မပြောနိုင်ပါတော့ချေ။ အနီးသို့ ရောက်ရှိလာပြီဖြစ်သော မိုးမြေဂိုဏ်းသားအား ရင်ဆိုင်တိုက်ခိုက် လိုက်ရလေသည်။

ကျင်းရှောင်လည်း မြားနှင့်တရစပ်ပစ်ဝော်နေရာမှ မြားတံကုန်သွားလျှင် ဓားဆွဲထုတ်ကာ တိုက်ခိုက်နေရပြီဖြစ်သည်။ စန္ဒကွမ်းဖုံးဆိုလိုသည့် စကားအဓိပ္ပာယ်ကို ကျင်းရှောင် ကောင်းစွာ နားလည်မိလေသည်။

မိုးမြေဂိုဏ်းသားများ အလုံးအရင်းဖြင့် တိုက်ခိုက်လာသည် ဖြစ်ရာ အနိုင်တိုက်ခိုက်နိုင်ဖို့ ဆိုသည်မှာ အိပ်မက်မျှသာ ဖြစ်ပေမည်။ သူတို့လူစုသည် မိုးမြေဂိုဏ်း၏ လူလှိုင်းအောက်ဝယ် တဖြည်းဖြည်း နစ်မြုပ်သွားရမည်ဖြစ်၏။

ခုခံတိုက်ခိုက်နေလျှင်လည်း အကျိုးရှိမည် မဟုတ်ကြောင်း



တွေးမိသည်။ ထို့ကြောင့် ...

"စန္ဒကွမ်းဖုံး ... မင်း လိုက်ခဲ့"

ဟု အော်ပြောလိုက်သည်။ ထို့နောက် မိုးမြေဂိုဏ်းသားများကြားမှ ထိုးဖောက်ကာ ပြေးထွက်သွားလေသည်။ မိုးမြေဂိုဏ်းသားများသည် အင်အားအလုံးအရင်းဖြင့် ရောက်ရှိလာကြပြီး အနီးကပ်ရင်ဆိုင်တိုက်ခိုက်နေရပြီ ဖြစ်၏။

အနက်ရောင်ဝတ်ဆင်ထားသူများသည် သိုင်းပညာမခေ ကြပါသော်လည်း များပြားလှသည့် မိုးမြေဂိုဏ်းသားများနှင့် ရင်ဆိုင်ရသောအခါ တဖြည်းဖြည်း ခြေကုန်လက်ပန်းကျလာကြသည်။

မိုးမြေဂိုဏ်းသားများ၏လက်ချက်ဖြင့် တစ်ယောက်ပြီး တစ်ယောက် လဲကျသွားလေတော့သည်။

❒

ဆူဆူညံညံ အော်ဟစ်သံများသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။ ကျင်းရှောင်က တရကြမ်း ပြေးလွှားလာခဲ့သည်။

သူ့အတွက် မြင်းတစ်ကောင် ရယူဖို့ပင် အချိန်မရှိတော့ချေ။ ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးသွားရာ အတန်ကြာလျှင် တော

www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆီသို့ ရောက်ရှိသွားလေသည်။

သူ့အား လှူုခြင်းနှင့် စီမင်းယုတို့က ဆီးကြိုလိုက်ကြလေသည်။ လှူုခြင်းက ...

"စန့်ကွမ်းဖုံးကော"

ဟု မေး၏။ ကျောင်းရှောင်က ...

"သူလိုက်လာလိမ့်မယ်"

ဟုသာ ပြောနိုင်တော့၏။ နန်းကုန်းသက်၏ သစ္စာဖောက်ခြင်း ခံလိုက်ရပြီးနောက် သူတို့အခြေအနေ မဟန်တော့သည်ကို အားလုံး နားလည်သဘောပေါက်မိကြ၏။

မိုးမြေဂိုဏ်းသည် ကြူုဖွီးနယ်တွင် တန်ခိုးထွားလှပေသည်။ ကြူုဖွီးနယ်ကား ကျယ်ဝန်းလှသည်။

ထို့ကြောင့် ကြူုဖွီးနယ်မှ လွတ်မြောက်သွားရန်ဆိုသည်ကို စဉ်းပင်မစဉ်းစားဝံ့ကြချေ။ အားထုံက သူတို့အနီးသို့ ရောက်လာသည်။

"မြင်းလှည်းနဲ့ဆက်သွားနေလို့ကတော့ အကြောင်းထူးမှာ မဟုတ်ဘူး၊ သူ့ကိုထမ်းပြီးခေါ်သွားတာ ကောင်းမယ်"

ဟု ပြောလိုက်၏။ မှန်ပေသည်၊ တောအုပ်ထဲဝယ် မြင်းလှည်းနှင့် ခြေရာဖျောက်သွားဖို့ လွယ်မည်မဟုတ်ပါ။ မြင်းလှည်း



သည် သူတို့သွားရာလမ်းကို ဖော်ပြနေပေလိမ့်မည်။

ကျောင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ သူ့ကို ခင်ဗျားပဲတာဝန်ယူလိုက်ပါ"

ဟု ပြောလိုက်သည်။ အားထုံ ပြန်လှည့်ထွက်သွား၏။ ထိုစဉ် ပြေးလွှားသွားကြသည့် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောင်းရှောင်တို့ လှမ်းကြည့်လိုက်ကြသည်။ ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက် ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူသုံးယောက်စလုံး သွေးအလူးလူး ပေကျံနေသည်။ လက်ချည်းဗလာ ထွက်ပြေးလာခဲ့ကြပုံရ၏။ ကျောင်းရှောင် မျက်နှာ ပျက်သွား၏။

"စန့်ကွမ်းဖုံးကော"

ဟု မေးလိုက်သည်။ ထိုလူများက ခေါင်းယမ်းလိုက်ကြလေသည်။

"မတွေ့ဘူး"

"သူ"

ကျောင်းရှောင် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား ဆူဆူညံညံအသံများ ထွက်ပေါ်လာပြီး မိုးမြေဂိုဏ်းသားများ သူတို့ထံသို့ ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ကျင်းရှောင် သက်ပြင်းချလိုက်သည်။ သူက စန့်ကွမ်းဖုံးကို ရှော်လင့်နေသော်လည်း တကယ်တမ်း ရောက်လာသူများမှာ မိုးမြေဂိုဏ်းသားများ ဖြစ်နေ၏။

ဤသို့ဆိုစေ စန့်ကွမ်းဖုံးသည် ရုတ်တရက် ကျင်းရှောင်၏ မျက်နှာ ခက်ထန်သွားသည်။

"သွားကြမယ်"

အော်ပြောပြီး တောအုပ်ထဲသို့ ပြေးဝင်သွား၏။ လျှူခြင်း၊ စီခင်းယုနှင့်အားထုံတို့သည် သူ၏နောက်မှ ပြေးလိုက်လာကြလေသည်။

"မပြေးနဲ့"

"လိုက်ကြဟေ့"

"မလွှတ်စေနဲ့ဟေ့"

မိုးမြေဂိုဏ်းသားများကလည်း တစ်ယောက်တစ်ပေါက် အော်ပြောကာ နောက်မှတရကြမ်းလိုက်လာကြ၏။

'ဝိုး ဝိုး ဝိုး'



မြားတံများသည်လည်း တရစပ် ပစ်လွှင့်လာလေတော့သည်။ ကျင်းရှောင်တို့လူစုမှာ နောက်လှည့်မကြည့်တော့ဘဲ တအား ပြေးလွှားနေကြရလေသည်။

ပြေးရင်း ပြေးရင်း ...

"အား"

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်။ အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်မှာ မြားချက်ထိမှန်ကာ မြေပေါ်လဲကျသွားလေသည်။

သူ့အား မည်သူမျှ အရေးမစိုက်ကြဘဲ ဆက်၍ပြေးလွှားသွားကြ၏။ တစ်ခဏအကြာတွင် ...

"အောင်မယ်လေး"

အော်ဟစ်သံများနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်သည် ခလုတ်တိုက်ကာ လဲကျသွား၏။ မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေစဉ်မှာပင် မိုးမြေဂိုဏ်းသားများသည် သူ၏ အနီးသို့ ရောက်ရှိလာပြီး ဓားများဖြင့် ခုတ်ချလိုက်ကြ၏။

"အား"

အသံနက်ကြီး ထွက်ပေါ်လာသည်။ အနက်ရောင်ဝတ်ဆင်ထားသူအတွက် မျှော်လင့်ချက်မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင် ဒေါ်ပွသွား၏။

သို့သော် ခုခံတိုက်ခိုက်ခြင်းသည် အဓိပ္ပာယ်မဲ့ စွန့်စားခြင်းသာ ဖြစ်သည်ဟု ယုံကြည်ထားရကား ရပ်တန့်ခြင်းမပြုဘဲ ဆက်၍ ပြေးလွှားသွား၏။ ထိုစဉ် ...

"ကျုပ်ကို ဓားပေးပါဗျာ"

နောက်ဆုံးကျန်နေသည့် အနက်ရောင်ဝတ်ဆင်ထားသူက ဓားတောင်းနေသည်ကို ကြားလိုက်ရ၏။ ထိုလူသည် ဒဏ်ရာများ ရထားပြီး ဆက်မပြေးနိုင်တော့သဖြင့် ခုခံတိုက်ခိုက်ရန် ဓားတောင်း နေခြင်း ဖြစ်ပေသည်။

"ရော့"

စီမင်းယု၏စကားသံ ထွက်ပေါ်လာသည်။ စီမင်းယုသည် ဓားကိုပစ်ပေးလိုက်ပြီး ဆက်၍ ပြေးလွှားသွား၏။

အနက်ရောင်ဝတ်ဆင်ထားသူသည် စီမင်းယု ပစ်ပေးလိုက်သောဓားကို ဖမ်းယူလိုက်ပြီး ခြေလှမ်းရပ်လိုက်သည်။ သူ့နောက်မှ တရကြမ်းပြေးလိုက်လာသည့် မိုးမြေဂိုဏ်းသားများနှင့် ရင်ဆိုင်လိုက်၏။

မိုးမြေဂိုဏ်းသားများကလည်း သူ့အား တိုက်ခိုက်လိုက်ကြလေသည်။ ဓားရောင်များ ဝင်းလက်သွား၏။



"အား"

"အွန့်"

"အောင်မယ်လေး"

အော်ဟစ်သံများနှင့်အတူ မိုးမြေဂိုဏ်းသားသုံးယောက် လဲကျသွား၏။ မရှေးမနှောင်းမှာပင် အနက်ရောင်ဝတ်ဆင်ထားသူ လည်း မိုးမြေဂိုဏ်းသားတို့၏လက်ချက်မိကာ လဲကျသွားလေတော့ သည်။

ကျင်းရှောင်တို့လူစုကား နောက်လှည့်မကြည့်ဘဲ တအား ပြေးသွားကြ၏။ မကြာပါချေ၊ တောအုပ်တစ်ဖက်သို့ ရောက်ရှိသွား ကြ၏။

ထိုအခါ သူတို့ ဆက်၍ မပြေးနိုင်တော့ဘဲ ခြေလှမ်းရပ်လိုက် ကြရလေတော့သည်။ လေတဟူးဟူး တိုက်ခတ်နေ၏။

တောအုပ်တစ်ဖက်တွင် နက်ရှိုင်းလှသော ချောက်ကမ်းပါး ကြီးတစ်ခု တားဆီးနေလေသည်။ ချောက်ကမ်းပါးအား ဖြတ်ကျော် ကာ တစ်ဖက်သို့ကူးရန် ကြိုးတံတားတစ်ခု ရှိနေလေသည်။

ကြိုးတံတားမှာ လေထဲတွင် ယိမ်းနွဲ့နေ၏။ တကျွိကျွိမြည် သံများလည်း ထွက်ပေါ်နေသည်။

"ကြိုးတံတားက ဖြတ်သွားဖို့ပဲ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



လှူခြင်းက အက်ကွဲသောလေသံဖြင့် ပြောလိုက်၏။ ကြိုးတံတားသည် သူတို့အတွက် ချောက်ကမ်းပါးကို ဖြတ်ပြေးနိုင်ရန် တည်ရှိနေခြင်းကြောင့် ဝမ်းသာဖွယ်ရာဟု ဆိုရပေမည်။

သို့သော် မည်သူမျှ ဝမ်းမသာကြပါ။ ကြိုးတံတားကို ဖြတ်ကူးခြင်းဖြင့် ဒုက္ခရောက်နိုင်ကြောင်း နားလည်ထားကြသည် မဟုတ်ပါလား။

ကြိုးတံတားမှ ဖြတ်ကူးရန်မှလွဲပြီး အခြားနည်းလမ်း မရှိတော့ပါချေ။ ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကဲ ... သွားကြတော့"

"ခင်ဗျားကော"

"ကျုပ်က သူတို့ကိုတားထားမယ်"

"ဟုတ်တယ် ... ကျုပ်လည်း နေခဲ့မယ်"

စီမင်းယုကလည်း ပြောလေသည်။ ကျင်းရှောင် ပြုံးလိုက်သည်။

"လှူခြင်း ... မင်းရဲ့သမီးအတွက် ဆေးကုရဦးမယ်၊ စီမင်းယု ... မင်းကိုလည်း မင်းရဲ့သတို့သမီးက စောင့်နေလိမ့်မယ်၊ သွားကြပေတော့၊ မင်းတို့ ဟိုဘက်ကိုရောက်ရင် ငါလိုက်ခဲ့မယ်"

စီမင်းယုနှင့်လှူခြင်းတို့ ငိုင်သွားကြ၏။ လှူခြင်းသည် သမီးကလေး လှူဟုန်၏မျက်နှာကို ပြန်လည်မြင်ယောင်လာ၏။



စီမင်းယုသည်လည်း ချစ်ရသော ယဥ်ယဥ်၏မျက်နှာကို ပြန်လည် မြင်ယောင်လာသည်။ ကျင်းရှောင်က ...

"အချိန်မရှိဘူး၊ သွားကြတော့"

ဟု အော်ပြောလိုက်၏။ လှူခြင်းက ...

"ခင်ဗျားမြန်မြန်လိုက်ခဲ့၊ ကျုပ်တို့စောင့်နေမယ်"

ပြောပြီး ချာခနဲလှည့်ကာ ပြေးထွက်သွား၏။ စီမင်းယုကလည်း ...

"ဟုတ်တယ် ... မြန်မြန်သာလိုက်ခဲ့"

ဟုဆိုကာ လှူခြင်း၏နောက်သို့ ပြေးလိုက်သွား၏။ အားထုံက မာထင်းအား ပခုံးပေါ်ထမ်းကာ ကြိုးတံတားကို စတင်ဖြတ်ကူးနေပြီဖြစ်လေသည်။

အားထုံ ကြိုးတံတားအလယ်သို့ ရောက်သွားသည်နှင့် ကြိုးတံတားမှာ သွက်သွက်ခါအောင် လှုပ်ယမ်းသွားတော့၏။

"သတိထား"

လှူခြင်းက အော်ပြောလိုက်၏။ အားထုံက ကြိုးတံတားဘေးမှ ကြိုးဖြင့်ဆက်သွယ်ထားသည့် တံတားလက်ရမ်းကိုကိုင်ကာ ရှေ့သို့ ခပ်မှန်မှန်လှမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှုခြင်းနှင့် စီးမင်းယုတို့ ကြိုးတံတားပေါ် လှမ်းတက်လိုက်ကြ၏။ ထိုအချိန်ဝယ် မိုးမြေဂိုဏ်းသားများ ရောက်ရှိလာကြပြီဖြစ်လေသည်။

ကျင်းရှောင် အံတင်းတင်းကြိတ်လိုက်သည်။ ဓာကို ဝှေ့ယမ်းကာ ပြေးဝင်လာသူများအား ခုခံတိုက်ခိုက်လိုက်လေသည်။ မိုးမြေဂိုဏ်းသားများမှာ များပြားလွန်းလှပေသည်။

ကျင်းရှောင် တားဆီးထားသည့်ကြားမှပင် အချို့သည် ကြိုးတံတားပေါ်သို့ ရောက်ရှိသွားကြ၏။ အားထုံနှင့် မာထင်းကား ကြိုးတံတားတစ်ဖက်သို့ ရောက်လုရောက်ခင် ဖြစ်နေ၏။

လျှုခြင်းနှင့်စီမင်းယုတို့မှာ ကြိုးတံတားလယ်၌ ရှိနေကြပြီး ကျင်းရှောင်က ကြိုးတံတားတစ်ဖက်ထိပ်တွင် မိုးမြေဂိုဏ်းသားများကို ခုခံတားဆီးနေသည်။

ကျိုယန်ပိုး၊ ဝမ်းဖုံးနှင့် ကွမ်းကြုံးယန်တို့မှာ မြင်းကိုယ်စီဖြင့် ရောက်ရှိလာကြပြီဖြစ်သည်။ ကျိုယန်ပိုးက ...

"မာထင်း လွတ်သွားတော့မယ်"

ဟု ပြောလိုက်၏။ ဝမ်းဖုံးက ...

"မြားနဲ့ပစ်ကြစမ်း"

ဟု အော်ဟစ်အမိန့်ပေးလိုက်လေသည်။ ထိုအခါ မိုးမြေ



ဂိုဏ်းသားများသည် လေးမြားများဖြင့် တရစပ်ပစ်ခတ်ကြလေတော့သည်။

'ဝို ဝို ဝို'

မြားတံများ တရစပ်ပစ်လွှင့်သွား၏။ အကာအကွယ် ကင်းမဲ့နေသည့်အပြင် လှုပ်ယမ်းနေသော ကြိုးတံတားပေါ်သို့ ရောက်နေကြသည့် လျှုမြင်းကို့လူစု အခက်ကြုံသွားရလေတော့သည်။

အားထုံသည် ကြိုးတံတားပေါ်မှ ပြုတ်ကျမသွားရလေအောင် ထိန်းရင်း ရှေ့သို့ ခပ်သွက်သွက်လှမ်းသွားနေ၏။ ထိုစဉ် ...

"အင့်"

မသဲမကွဲ ညည်းညူသံနှင့်အတူ သူ၏ပခုံး၌ ထမ်းထားသည့် မာထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်ကို သတိပြုမိလိုက်လေသည်။

"ဘယ်လိုဖြစ်တာလဲ"

အားထုံက မာထင်းကို မေးလိုက်သည်။ မာထင်းမှာ တုံ့ပြန်သော စကားသံ ထွက်ပေါ်လာခြင်း မရှိပါချေ။ အားထုံ ထပ်မေးမည်အပြုတွင် သူ၏နောက်ကျော၌ ပူနွေးမှုတစ်ခု ဖြစ်ပေါ်လာသည်ကို သတိပြုမိလိုက်၏။

"ဟင် ... သွေးတွေပါလား"

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။ ဓားကပ်ကပ် သွေးများ သူ၏လက်ဖဝါးပြင်ဝယ် ပေကျံသွား၏။ အားထုံ ရင်ထိတ်သွား၏။ ချက်ချင်းပင် မာထင်းအား ကျောပေါ်မှ ချလိုက်သည်။

ထိုအခါမှ မာထင်း၏ကျောပြင်ပေါ်ဝယ် မြားတစ်စင်း စိုက်ဝင်ကာ မာထင်းသေဆုံးသွားပြီဖြစ်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။ ထိုအချိန်မှာပင် ...

"အား"

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာ၏။ အားထုံ လှမ်းကြည့်လိုက်သောအခါ ကျင်းရှောင် မြေပေါ်သို့ လဲကျသွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

"ကျင်းရှောင်"

အားထုံ၊ လှူုခင်းနှင့် စီမင်းယတို့ အထိတ်တလန့် အော်ဟစ်လိုက်ကြ၏။ ထို့နောက် ကျင်းရှောင်ထံသို့ တစ်ဟုန်ထိုး ပြေးသွားကြလေတော့သည်။

❒

ကျင်းရှောင်၏ဘေးပတ်လည်တွင် မိုးမြေဂိုဏ်းသားများ အတုံးအရုန်း လဲကျနေကြလေသည်။ မိုးမြေဂိုဏ်းသားများ၏ တိုက်



ခိုက်မှုကြောင့် ကျင်းရှောင်၏ခန္ဓာကိုယ်ပေါ်၌လည်း ဒဏ်ရာဒဏ်ချက်များ ရရှိနေပြီဖြစ်လေသည်။

ရုတ်တရက် မြားတံများ ပစ်လွှင့်လာသောအခါ ဝဲဘက်ပေါင်၌ မြားထိကာ လဲကျသွားခြင်းဖြစ်၏။ မိုးမြေဂိုဏ်းသားများက သူ့အားသုတ်သင်ရန် ဝိုင်းရံလာစဉ် လှူုခင်း၊ စီမင်းယုနှင့် အားထုံတို့ တစ်ဟုန်ထိုးရောက်ရှိလာပြီး တိုက်ခိုက်လိုက်ကြလေသည်။

အားထုံက ...

"လှူုခင်း ... ကျင်းရှောင်ကို ခေါ်သွား"

ဟု အော်ပြောလိုက်၏။

"ကောင်းပြီ"

လှူုခင်းက ကျင်းရှောင်အား ပခုံးပေါ်ထမ်းလိုက်ပြီး တစ်ဖက်သို့ ပြေးထွက်သွား၏။ အားထုံနှင့်စီမင်းယုတို့က ကြိုးတံတားထိပ်ဝယ် လမ်းပိတ်ကာ မိုးမြေဂိုဏ်းသားများကို ရင်ဆိုင်လိုက်ကြလေသည်။ ကျိုယန်စိုး ပြုံးလိုက်သည်။

"သူတို့ ဘယ်လိုမှ မထွက်နိုင်တော့ဘူး"

ဟု ပြောလိုက်လေသည်။ ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ကြိုးတံတားကို ဖြတ်ပစ်လိုက်ရင် အားလုံးပြုတ်သွားမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးယန် ရယ်မောလိုက်လေသည်။

"ကြိုးတံတားပြတ်သွားရင်း ဘယ်လိုဖြစ်မယ်ဆိုတာ ကြည့်ကြရအောင်"

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြကာ ...

"ကြိုးတံတားကို ခုတ်ဖြတ်လိုက်ဟေ့"

ဟု အမိန့်ပေးလိုက်လေသည်။ ထိုအချိန်ဝယ် လျှူခင်းသည် ကျင်းရှောင်အား ပခုံးပေါ်ထမ်းကာ တစ်ဖက်ထိပ်သို့ ရောက်လုရောက်ခင် ဖြစ်နေပြီတည်း။

အားထုံနှင့်စီမင်းယုတို့က တရွေ့ရွေ့ နောက်ဆုတ်သွားကြရာ ကြိုးတံတားအလယ်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ မိုးမြေဂိုဏ်းသားများသည် ကြိုးတံတားပေါ်သို့ အလုံးအရင်းဖြင့် တက်၍ မရနိုင်ကြချေ။

တက်သွားသူများမှာလည်း အားထုံတို့လက်ချက် မိသွားလေသည်။ ကွမ်းကြိုးယန်အမိန့်ပေးလိုက်သည်နှင့် မိုးမြေဂိုဏ်းသားများသည် ကြိုးတံတားအား ဆိုင်းထားသည့် ကြိုးများကို ဓားဖြင့် ခုတ်ဖြတ်ပစ်လိုက်ကြလေတော့သည်။

ကြိုးတံတားအား ခုတ်ဖြတ်နေသည်ကို တွေ့ရလျှင် အားထုံတို့ ထိတ်လန့်သွားကြလေသည်။



"မြန်မြန်ပြေးဟေ့"

အားထုံက အော်ပြောလိုက်သည်။ စီမင်းယု ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။ အားထုံလည်း နောက်မှ ပြေးလိုက်သွား၏။

ထိုအခိုက်မှာပင် မိုးမြေဂိုဏ်းသားများက မြားများဖြင့် တရစပ် ပစ်ခတ်နေကြလေရာ ...

"အား"

အားထုံမှာ မြားချက်ထိကာ လဲကျသွားလေသည်။ စီမင်းယု ခြေလှမ်းရပ်သွား၏။

"အားထုံ"

အော်ခေါ်ရင်း နောက်လှည့်ပြီး အားထုံအား ဖေးမလိုက်လေသည်။ အားထုံက သူ့အား တွန်းထုတ်လိုက်သည်။

"သွား ... မင်း မြန်မြန်ပြေး"

စီမင်းယု ခေါင်းယမ်းလိုက်၏။ ထိုစဉ် ...

'ထောင်း'

ကြိုးပြတ်သံကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကြိုးတံတားအား ဆိုင်းထားသည့် ကြိုးနှစ်ချောင်းအနက် တစ်ချောင်းပြတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးတံတားမှာ ချက်ချင်းပင် ယိမ်းနွဲ့လှုပ်ရှားသွားတော့၏။

အားထုံ၏ခန္ဓာကိုယ်သည် ဘေးသို့လိမ့်ထွက်သွားပြီး ချောက်ကမ်းပါးအတွင်းသို့ ပြုတ်ကျသွားလေတော့သည်။

"အားထုံ"

စီမင်းယု တအားကြိုးခေါ်လိုက်၏။ ချောက်ကမ်းပါးကြီးကား နက်ရှိုင်းလှသည်ဖြစ်ရာ အောက်ခြေသို့ တွေ့မြင်ရခြင်း မရှိချေ။

အားထုံမှာ အရုပ်ကလေးတစ်ခုပမာ အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားလေတော့သည်။ မိုးမြေဂိုဏ်းသားများက ကျန်ရှိနေသေးသော ကြိုးတစ်ချောင်းကို ခုတ်ဖြတ်နေကြ၏။

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက် ဖြစ်ပေါ်လာလေသည်။ လူတစ်ယောက်က ရုတ်တရက် ခုန်ထွက်လာပြီး ကြိုးတံတားမှ ဆိုင်းကြိုးအား ခုတ်ဖြတ်နေသူများကို တိုက်ခိုက်လိုက်လေသည်။ ထိုလူမှာ ယိုယွဲ့ဖြစ်လေသည်။

ကျင်းရှောင်တို့လူစု လွတ်မြောက်သွားမှသာလျှင် စုအိမ်း၏ မတရားမှုကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ထား၏။ သူက အိမ်ယောင်း၌ တိုက်ပွဲဖြစ်ချိန်ဝယ် ဝင်မပါဘဲ ရှောင်တိမ်းနေခဲ့ ဖြစ်၏။

မိုးမြေဂိုဏ်းသားများနှင့် ရောနှောကာ ကျင်းရှောင်တို့အား ကူညီရန် အခွင့်အရေးစောင့်မျှော်နေသူ ဖြစ်လေသည်။



ယခု ကြိုးတံတား ပြတ်ကျသွားပါက ကျင်းရှောင်တို့ မလွဲမသွေ သေဆုံးသွားရတော့မည်ဖြစ်သည်ကို ရိပ်မိလျှင် အသက်စွန့်ကာ ကူညီလိုက်ခြင်း ဖြစ်လေသည်။

ကွမ်းကြိုးယန် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ချက်ချင်းပင် မြင်းပေါ်မှခုန်ထွက်လိုက်ပြီး ယိုယွဲ့အား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း'

ယိုယွဲ့ အဝေးသို့ လွင့်စဉ်သွား၏။ သို့သော် သူက ချက်ချင်း ခုန်ထလိုက်လေသည်။ ကွမ်းကြိုးယန်က ...

"မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

ဟု မေးလိုက်လေသည်။ ယိုယွဲ့ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ကျုပ်က ခင်ဗျားတို့ရဲ့ ယုတ်မာတဲ့ အကြံအစည်တွေကို ဖော်ထုတ်ဖို့ တမင် မိုးမြေဂိုဏ်းသားအသွင် ဆောင်နေခဲ့တာဗျ"

စကားဆုံးလျှင် သူက ကွမ်းကြိုးယန်အား တိုက်ခိုက်လိုက်လေသည်။ ဝမ်းဖုံးနှင့် ကျိုယန်ပိုးတို့လည်း ချက်ချင်း ရောက်ရှိလာကြ၏။

ထိုအခိုက်ဝယ် မိုးမြေဂိုဏ်းသားများသည် ကြိုးတံတားမှ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းကြိုးကို ဝိုင်းဝန်းခုတ်ဖြတ်လိုက်ကြလေတော့သည်။

❒

လှျူခင်းက အားကုန်ပြေးနေ၏။ ဆိုင်းကြိုးတစ်ချောင်း ပြတ်သွားပြီဖြစ်ရာ ကြိုးတံတားမှာ တစ်ဖက်စောင်းသွားပြီဖြစ်၏။

နောက်ထပ် ဆိုင်းကြိုးတစ်ချောင်းပြတ်သွားလျှင် အားလုံး ချောက်ထဲ ပြုတ်ကျသွားတော့မည် ဖြစ်ပေသည်။ ထို့ကြောင့် စီမင်းယုကလည်း တစ်ဖက်သို့ရောက်အောင် အသက်လုကာ ပြေးသွားလေသည်။

လှျူစင်းကား ကျင်းရှောင်ကိုထမ်းကာ တစ်ဖက်ထိပ်သို့ ရောက်လုရောက်ခင် ဖြစ်နေပြီတည်း။ ထိုစဉ် ...

"အား"

ရူးရှသော အော်ဟစ်သံနှင့်အတူ ယိုယွဲ့မှာ ဝမ်းဖုံးတို့၏ ဝိုင်းရံတိုက်ခိုက်မှုကြောင့် မြေပေါ် လဲကျသွား၏။

မိုးမြေဂိုဏ်းသားများ၏လက်ချက်ကြောင့် ကျန်ရှိသေးသော ဆိုင်းကြိုးတစ်ချောင်းမှာလည်း ပြတ်သွားလေတော့သည်။

"ထောင်း"

'ဝုန်း'



ကျယ်လောင်သောမြည်ဟည်းသံကြီး ထွက်ပေါ်လာသည်။

ကြိုးတံတားမှာ လေထဲယိမ်းလိုက်သလိုဖြစ်ကာ ချောက်ထဲသို့ ထိုးကျသွားလေသည်။

ရုတ်တရက် အရှိန်ပြင်းစွာ ယိမ်းနွဲ့သွားပြီး ခါချသလို ဖြစ်သွားခြင်းကြောင့် ကြိုးတံကားအလယ်တွင် ရောက်ရှိနေသည့် စီမင်းယုသည် လက်နှစ်ဖက်ဆန့်တန်းကာ ကြိုးတစ်စကို ဖမ်းဆွဲလိုက်၏။

သို့ပါသော်လည်း သူ၏ခန္ဓာကိုယ်မှာ အရှိန်ဖြင့် လွင့်ထွက်သွားကာ ချောက်ကမ်းပါးအတွင်းသို့ ကျသွားလေတော့သည်။

"အား"

စီမင်းယု၏ ရူးရှသောအော်ဟစ်သံကို ကောင်းစွာကြားလိုက်ရပါ၏။ သို့သော် လှည့်မကြည့်အားပါချေ။

ကြိုးတံတားတစ်ဖက်သို့ ရောက်အောင် အသက်လုပြေးနေရသည် မဟုတ်ပါလား။

ကြိုးတံတားပြတ်သွားသည်ကို သိလိုက်သည်နှင့် ပခုံးပေါ်တွင် ထမ်းထားသည့် ကျင်းရှောင်အား တစ်ဖက်ကမ်းပေါ်သို့ တအားလွှဲပစ်လိုက်သည်။

ကျင်းရှောင်၏ခန္ဓာကိုယ်သည် အပေါ်သို့ မြောက်တက်သွားပြီး တစ်ဖက်ကမ်းပေါ်သို့ ကျရောက်သွား၏။ လှျူခင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်၏။

သူရောက်နေသည့်နေရာနှင့် တစ်ဖက်ကမ်းမှာ ဝေးကွာလှသည် မဟုတ်ပါ။ တစ်ဖက်ကမ်းသို့ ကောင်းစွာခုန်ကူးသွားနိုင်မည်ဟု ယုံကြည်ထားလေသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သော ပြောင်းလဲမှု ဖြစ်ပေါ်လာတော့သည်။ ပြတ်သွားသော ကြိုးတံတားမှ ကြိုးတစ်စသည် ရုတ်တရက် အပေါ်သို့ လွင့်ကာက်လာပြီး သူ၏ခြေထောက်တွင် ရစ်ပတ်သွားမိ၏။

လှချုံခင်း ရင်ထိတ်သွား၏။ ကပျာကယာ ရုန်းကန်လိုက်၏။ သို့သော် ကြိုးစသည် ခြေထောက်ကို နစ်ပတ်ကာ အောက်သို့ ဆောင့်ဆွဲချလိုက်သလို ဖြစ်သွား၏။

"အား"

လှချုံခင်း အထိတ်တလန့် အော်လိုက်၏။ လေထဲဝယ် ခြေလက်ဆန့်တန်းကာ ရုန်းကန်လိုက်ပါသော်လည်း အပိုင်းပိုင်းပြတ်သွားသော ကြိုးစများ၊ သစ်သားကြမ်းခင်းများနှင့်အတူ ချောက်ကမ်းပါးအတွင်းသို့ ဖောက်ထိုးမိုးမျှော် ပြုတ်ကျသွားလေတော့သည်။

❒❒❒



### ဒဏ်ခတ်ခြင်း

လေပြည်လေညင်း ငွေယမ်းတိုက်ခတ်လာသည်။ စုအိမ်းက ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်၏။ ကြူဟွီးမြို့ကား ခါတိုင်းနှင့်မတူအောင် လွန်စွာမှပင် စည်ကားသိုက်မြိုက်နေပြီဖြစ်လေသည်။

လွန်ခဲ့သော ဘစ်နှစ်ခန့်မှစ၍ ကြူဟွီးအကျိုးဆောင်အဖွဲ့သည် ကြူဟွီးမြို့သို့ ပြန်လည်ရောက်ရှိပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့၏။

ကြူဟွီးနယ်၏စီးပွားရေးမှာ အလျှင်အမြန်တိုးတက်လာ၏။ စီးပွားရေးဖွံ့ဖြိုးမှုကြောင့် လူတိုင်းလူတိုင်း ငွေရှင်လာကြလေသည်။

ကြူဟွီးနယ်သည် မာထင်းလက်ထက်ကကဲ့သို့ပင် ပြန်လည် စည်ကားသိုက်မြိုက်လာတော့သည်။ စုအိမ်း ပြုံးလိုက်သည်။

"မိုးမြေဂိုဏ်းဟာ ကြူဟွီးနယ်မှာ အမြစ်တွယ်သွားပြီလေ၊ တို့ရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေလည်း ရှိနေပြီဆိုတော့ ငွေရေး

www.burmeseclassic.com

www.burmeseclassic.com



ကြေးရေးအတွက် ပူစရာမလိုတော့ဘူး၊ မကြာခင် ကြူပွှီးအကျိုးဆောင်အဖွဲ့ကို မောင်းထုတ်ပစ်လိုက်မယ်၊ ကြူပွှီးနယ်သူနယ်သားတွေကို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင်စေမယ်၊ မုန်တိုင်းဂိုဏ်းနဲ့လည်း သင့်မြတ်အောင် ပြန်ပြီးဆက်ဆံမယ်၊ ငါက မိုးမြေဂိုဏ်း တိုးတက်ကြီးပွားဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးစားပြီးပြီ၊ ငါ့ကြိုးပမ်းချက်အတိုင်း အောင်မြင်ခဲ့ပြီ၊ မိုးမြေဂိုဏ်းရဲ့ အများအကျိုးဆောင်ရွက်တဲ့အစဉ်အလာကို ဆက်ပြီးထိန်းသိမ်းဖို့ပဲကျန်တော့တယ်"

ဟု စိတ်ထဲ ကျိတ်တွေးလိုက်၏။ တစ်ဆက်တည်းပင် ...

"ကျိုယန်ပိုး၊ ဝမ်းဖုံးနဲ့ ကွမ်းကြိုးယန်ကို ရှင်းပစ်ရမယ်၊ သူတို့မရှိတော့ဘူးဆိုရင် ငါ့လုပ်ရပ်တွေကို ဘယ်သူမှ ဖော်ထုတ်နိုင်မှာမဟုတ်တော့ဘူး။ ငါက လူကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားပြီး နေပြရတော့မှာပဲ"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

❐

နန်းကုန်းသက်က စာအိတ်ကိုဖွင့်ကာ ဖောက်ဖတ်လိုက်လေသည်။ လီဆင်းထံမှ စာရောက်လာခြင်းဖြစ်ပေသည်။

၊စာထဲတွင် ...



*သူဌေးကြီးနန်းကုန်းသက် ...*

*စုအိမ်းက သဘောထားပြောင်းလဲသွားပြီး လောင်းကစားဝိုင်းတွေ၊ အပျော်ဂေဟာတွေကို ဖွင့်ခွင့်မပေးတော့ဘူး။ ဘယ်လိုဆက်ပြီး ဆောင်ရွက်ရမယ်ဆိုတာ ညွှန်ကြားပေးစေလိုပါတယ်။*

*လီဆင်း*

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

"တောက်"

နန်းကုန်းသက် ဂုဏ်ခေါက်လိုက်သည်။ စုအိမ်းသည် ယုံကြည်ရသူမဟုတ်ဟု ကောင်းစွာနားလည်သဘောပေါက်ထားသည်။

စုအိမ်းသည် ကြူပွှီးအကျိုးဆောင်အဖွဲ့က မြေတောင်မြှောက်ပေးလိုက်သည်နှင့် သူတို့အား အာခံလာပြန်ပြီဖြစ်သည်။

"စုအိမ်း ... ဒီတစ်ခါတော့ ကြေးစားကွေ့ဘွားပြီး မင်းကို သုတ်သင်နိုင်းဖို့ပဲ ရှိတော့တယ်"

ဟု ရေရွတ်လိုက်လေသည်။ ကြေးစားဟူသော စကားလုံးကို ရေရွတ်လိုက်သည်နှင့် အားထုံအား ပြန်လည်သတိရလာသည်။ တစ်ဆက်တည်းမှာပင် ကျင်းရှောင်ကို သတိရလာ၏။

"ကျင်းရှောင်သေသွားတာ အတော်ကို နှမြောဖို့ကောင်းတယ်၊ သူက ခိုင်းတဲ့အတိုင်း လုပ်နိုင်တဲ့လူပဲ၊ ငါကသာ ကျွန်မင်းရဲ့

www.burmeseclassic.com



လှေကို ပြန်မလှည့်နိုင်းဘူးဆိုရင် သူတို့တစ်တွေ မာထင်းကို ကယ် တင်ပြီး လွတ်မြောက်လာကြမှာပဲ”

ဟု ညည်းညူလိုက်သည်။ ထိုစဉ် ...

“မှန်တာပေါ့ဗျာ”

အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။ နန်းကုန်းသက် ရင်ထိတ်သွား၏။ ချာခနဲ လှည့် ကြည့်လိုက်သည်။ ထိုအခါ ပြတင်းပေါက်တစ်ခု၏ ဘောင်ပေါ်၌ လူ တစ်ဦးထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

“ဟင် ... ကျင်းရှောင်”

နန်းကုန်းသက် လွှတ်ခနဲ ခေါ်လိုက်သည်။ မှန်ပေသည်။ ပြတင်းပေါက်၌ ထိုင်နေသူမှာ ကျင်းရှောင် ဖြစ်လေသည်။ ကျင်း ရှောင်သည် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် နန်းကုန်း သက်အနီးသို့ ရောက်ရှိလာလေသည်။

ဓားရှောင် ဝင်းခနဲလက်သွား၏။ ကျင်းရှောင်၏ လက်ထဲ၌ ထက်မြက်သော ဓားတစ်လက်ပါလာပြီး နန်းကုန်းသက်၏လည်ပင်း ၌ ထောက်ထားလိုက်၏။

“မ မလုပ်ပါနဲ့ ...ကျုပ်ကိုမသတ်ပါနဲ့”

နန်းကုန်းသက် ကယောင်ကယာ တောင်းပန်လိုက်လေသည်။



ကျင်းရှောင်ပြုံးလိုက်သည်။

“ခင်ဗျား သေရမှာတော့ ကြောက်တယ်၊ သူများတွေကို စတေးတာကျတော့ ပျော်ပျော်ကြီးလုပ်ခဲ့တယ်ပေါ့ ... ဟုတ်လား”

“ကျုပ် ကျုပ်”

“ခင်ဗျားသေရမယ်၊ ကျုပ်မိတ်ဆွေတွေအတွက် ခင်ဗျားရဲ့ အသက်ကို အလျော်ပေးရမယ်”

ကျင်းရှောင်က လက်ကို အနည်းငယ် လှုပ်ရှားလိုက်၏။ ဓားဦးသည် စပါးလုံးတစ်ထောက်ခန့် နန်းကုန်းသက်၏ အရေပြားကို ထိုးဖောက်သွားရာ နာကျင်မှုနှင့်တကွ သွေးများစီးကျလာလေသည်။

“အောင်မယ်လေး ... မလုပ်ပါနဲ့၊ ကျုပ် အသက်ကို ချမ်း သာပေးပါ”

နန်းကုန်းသက်က ပျာပျာသလဲ တောင်းပန်လိုက်လေ သည်။ ကျင်းရှောင် ပြုံးလိုက်သည်။

“ခင်ဗျားက ဘာကြောင့် ကျုပ်တို့ကို စတေးလိုက်ရတာလဲ ... ပြောစမ်း”

“ကျုပ် ကျုပ်ရဲ့စီးပွားရေး”

“သြော် ... ခင်ဗျားအတွက် ငွေပိုရနိုင်တဲ့အခွင့်အရေး ကြောင့်ပေါ့ ... ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ပါတယ်၊ ကျုပ်ကို မသတ်ပါနဲ့၊ မင်းလိုချင်သလောက် ကျုပ်ပေးပါ့မယ်"

"ဟား ဟား ဟား"

ကျင်းရှောင် သဘောကျစွာ ရယ်မောလိုက်လေသည်။ နန်းကုန်းသက်သည် သူ၏အစောင့်များကို အကူအညီတောင်းရန် ကြိုးစားလိုပေသည်။ သို့သော်လည်း အကူအညီတောင်းလိုက်သည်နှင့် ကျင်းရှောင်က သူ့အားသတ်ပစ်မည်ဆိုသည်ကို နားလည်ထားသဖြင့် မလုပ်ရဲချေ။ ကျင်းရှောင်က ...

"ကျုပ်ကိုငွေပေးမယ် ... ဟုတ်လား"

"ဟုတ် ဟုတ်တယ်၊ မင်းလိုချင်သလောက် ပေးပါ့မယ်"

"ကောင်းပြီ ... ဟောဒီအိတ်ထဲထည့်ပါ"

ကျင်းရှောင်က အသင့်ယူလာသောအိတ်ကို ပစ်ချရင်း ပြောလိုက်၏။ နန်းကုန်းသက် ဝမ်းသာသွား၏။

ကျင်းရှောင်အား ငွေပေးလိုက်လျှင် သူ့အား ဒုက္ခပေးမည်မဟုတ်။ စုအိမ်းအားလုပ်ကြံရန်ပင် ငှားရမ်း၍ ရနိုင်သေးသည်ဟု တွက်ဆမိ၏။ ထို့ကြောင့် ငွေသေတ္တာကိုဖွင့်ကာ ငွေများအထုပ်လိုက်ထည့်ပေးလိုက်လေသည်။ ကျင်းရှောင်က ငွေအိတ်ကို ပခုံးပေါ်ထမ်းလိုက်သည်။ နန်းကုန်းသက်က ...



"မင်းကို နောက်ထပ်ငွေပေးချင်သေးတယ်၊ ကျုပ်အတွက် အလုပ်တစ်ခု လုပ်ပေးမယ်ဆိုရင်ပေါ့လေ"

"ဘာလဲ"

"စုအိမ်းကို ရှင်းပစ်ပေးပါ၊ မင်းကို ငွေငါးသိန်းပေးမယ်"

ကျင်းရှောင် ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အသုံးချချင်သေးတယ်ပေါ့ ... ဟုတ်လား"

"ငါးသိန်းနည်းရင် ထပ်တိုးပေးမယ်လေ"

ကျင်းရှောင် ခေါင်းယမ်းလိုက်သည်။

"ကျုပ်လိုချင်တာ ခင်ဗျားပေးနိုင်မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့ မပေးနိုင်ရမှာလဲ ... ကျုပ်ပေးမယ်"

"ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပေါ့ ... မင်း ဘာလိုချင်သလဲပြောပါ"

"ခင်ဗျားရဲ့အသက်"

"ဘာ"

"ကျုပ်မိတ်ဆွေတွေအတွက် ခင်ဗျားအသက် လိုချင်တယ်"

စကားဆုံးလျှင် ကျင်းရှောင်၏လက်တစ်ဖက် ဖျတ်ခနဲလှုပ်ရှားသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်"

မသဲမကွဲ ညည်းညူသံနှင့်အတူ နန်းကုန်းသက် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။ သူ၏ရင်ဝ၌ ကျင်းရှောင်၏ ဓားစိုက်ဝင်နေပြီ မဟုတ်ပါလား။

"မင်း မင်း"

ကျင်းရှောင်ကိုကြည့်ကာ စကားအထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။ ကျင်းရှောင် ပြုံးလိုက်သည်။

"သစ္စာမရှိ ကတိမတည်တဲ့လူတွေအတွက် ကျုပ်က ဘယ်တော့မှ ကြေးစားမလုပ်တော့ဘူးဆိုတာ မှတ်ထားပါ"

စကားဆုံးလျှင် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်သွား၏။ ဆူဆူညံညံအသံများကြောင့် အစောင့်အကြပ်များပြေးဝင်လာကြသောအခါ သေဆုံးနေပြီဖြစ်သော နန်းကုန်းသက်ကိုသာလျှင် တွေ့ကြရ၏။

မကြာမီ ကြူဟွီးနယ်မှ လီဆင်းနှင့် မိုးမြေဂိုဏ်း ဂိုဏ်းချုပ်စုအိမ်းတို့သည် အမည်မသိသူတစ်ယောက်၏ လုပ်ကြံမှုခံရကာ သေဆုံးသွားကြသည့်သတင်းများ ထွက်ပေါ်လာလေတော့သည်။

ဝဏ္ဏအောင်

www.burmeseclassic.com